www.burmeseclassic.com

# မဟာဗောဓိမဏ္ဍိုင်ခန်းဝါပိုင်ဝယ်

နှင့်

## ဂယာအနား ဗုဒ္ဓနေရာတော်သမိုင်းရုပ်ကြွင်းများ

## အရှင်ဝံသပါလ

စာပေ အမှတ် (၂)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်— ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ—— (    )

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်

ထုတ်ဝေသူ

အရှင်ဝံသပါလ ၊မဟာဗောဓိမွေ့ရိပ်သာကျောင်းတိုက်

မျက်နှာဖုံးဒီဇိုင်းနှင့် စာအုပ်အပြင်အဆင်

ဦးဝရမေဓာ (မာဂဓတက္ကသိုလ်)

ကွန်ပျူတာစာစီ

အရှင်ဝံသပါလ (ဤကျမ်းစာရှင်)

မူပိုင်

စာရေးသူ၏မူပိုင်ဖြစ်သည်

တန်ဖိုး (    ) ကျပ်

BURMESE CLASSIC .com

## မာတိကာ


| စဉ်။ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒမုနိ(Ph-D)၏အမှာစာ | ၉ |
| ၂။ | စာရေးသူ၏မိတ်ဆက်နိဒါန်း | ၁၁ |
| ၃။ | ကျေးဇူးစကား | ၁၆ |
| | **အခန်း (၁)** | |
| ၄။ | သမိုင်းဦးလူသားနှင့်ဘာသာရေးကိုးကွယ်မှု | ၁၇ |
| ၅။ | ကိုးကွယ်ယုံကြည်မှု | ၂၀ |
| ၆။ | ဘာသာရေးစံ | ၂၁ |
| | **အခန်း (၂)** | |
| ၇။ | ဘာ့ကြောင့်ဘာသာရေးကိုကိုးကွယ်ကြသလဲ | ၂၄ |
| | **အခန်း (၃)** | |
| ၈။ | ဗုဒ္ဓခေတ်မတိုင်မီ ကိုးကွယ်ယုံကြည်မှုများ | ၂၇ |
| ၉။ | ဝေဒခေတ် | ၂၇ |
| ၁၀။ | ဗြဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုများ | ၂၆ |
| ၁၁။ | အာရညခေတ်နှင့် ဥပနိသျှဒ်ခေတ် ကိုးကွယ်ယုံကြည်မှုများ | ၃၂ |
| | **အခန်း (၄)** | |
| ၁၂။ | ဘာသာရေးကိုးကွယ်မှု၊ တူညီသောရည်ရွယ်ချက်များ အဆင့်ဆင့်ပြောင်းလဲကိုးကွယ်လာပုံ | ၃၅ |
| ၁၃။ | တိတ္ထိယခေတ် | ၃၉ |
| ၁၄။ | ငြင်းခုံရခြင်းအကြောင်းရင်း | ၄၄ |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)


၁၅။ ဗုဒ္ဓနှင့်ခေတ်ပြိုင် တိတ္ထိကြီးများ --------------- ၄၅
၁၆။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဝါဒ --------------- ၄၆
၁၇။ (၁) ပုဗ္ဗန္တကပ္ပိက(ပုဗ္ဗန္တာနုဒိဋ္ဌိ) ဝါဒ–၁၈ မျိုး ------- ၄၆
(က) သဿတ ဝါဒ–၄ မျိုး --------------- ၄၇
(ခ) ဧကစ္စသဿတ ဝါဒ–၄ မျိုး --------------- ၄၇
(ဂ) အန္တာနန္တ ဝါဒ–၄ မျိုး --------------- ၄၇
(ဃ) အမရာဝိက္ခေပ ဝါဒ–၄ မျိုး--------------- ၄၈
(င) အဓိစ္စ သမုပ္ပန္န ၂ မျိုး --------------- ၄၈
၁၈။ (၂) အပရန္တကပ္ပိက (အပရန္တာနုဒိဋ္ဌိ) ဝါဒ–၄၄ မျိုး --- ၄၉
(က) ဥဒ္ဓမာဃာတနိက သညီ ဝါဒ–၁၆ မျိုး------- ၄၉
(ခ) ဥဒ္ဓမာဃာတနိက အသညီ ဝါဒ–၈ မျိုး------- ၄၉
(ဂ) ဥဒ္ဓမာဃာတနိက နေဝသညီနာသညီ ဝါဒ–၈မျိုး ၅၀
(ဃ) ဥစ္ဆေဒ ဝါဒ–၇ မျိုး --------------- ၅၀
(င) ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒ–၅ မျိုး --------------- ၅၀
၁၉။ တိတ္ထိဆရာကြီးများ--------------- ၅၁
(၁) ပူရဏကဿပ --------------- ၅၂
(၂) မက္ခလိဂေါသာလ --------------- ၅၄
(၃) အဇိတကေသကမ္ဗလ --------------- ၅၅
(၄) ပကုဓကစ္စာယန --------------- ၅၇
(၅) သဉ္စယဗေလဋ္ဌပုတ္တ --------------- ၅၉
(၆) နိဂဏ္ဌနာဋပုတ္တ --------------- ၅၉


## အခန်း (၆)


၂၀။ ဘီစီ–၆ ရာစုခေတ် --------------- ၆၁
၂၁။ သတ္တဝါတို့ခံစားရသော ဆင်းရဲဒုက္ခ–၄ မျိုး ------- ၆၃
၂၂။ ခေတ်အဆက်ဆက်ဘဝလွတ်မြောက်မှုကိုရှာဖွေလာကြ ၆၄
၂၃။ ထူးခြားသော ဗုဒ္ဓကောလာဟာလခေတ် --------- ၆၉


## အခန်း (၇)


၂၄။ အလောင်းတော်သိဒ္ဓတ္ထမင်းသား --------------- ၇၁
၂၅။ ကာဠုဒေဝီလရသေ့ ရည်ခြင်း၊ ငိုခြင်းနှင့် သုဒ္ဓေါဒနမင်းကြီး
သားတော်ကို ရှိခိုးခြင်း --------------- ၇၃
၂၆။ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်--------------- ၇၄
၂၇။ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးမမြင်ရအောင်
စီမံတော်မူခြင်း --------------- ၇၆
၂၈။ အာနာပါန ပဌမဈာန်၏ အစွမ်း --------------- ၇၇
၂၉။ အနန္တ ကံများ --------------- ၇၉
၃၀။ သိဒ္ဓတ္ထမင်းသားလေးအတတ်ကိုပြတော်မူခြင်း ------ ၈၂
၃၁။ သိဒ္ဓတ္ထမင်းသား ထီးနန်းစိုးစံတော်မူခြင်း ---------- ၈၄
၃၂။ သိဒ္ဓတ္ထမင်းသားနိမိတ်ကြီးလေးပါးကိုမြင်၍
တောထွက်တော်မူခြင်း --------------- ၈၄
၃၃။ ကိသာဂေါတမီ၏ နိဗ္ဗုတိ ဥဒါန်း--------------- ၈၉


## အခန်း (၈)


၃၄။ အလောင်းတော်သိဒ္ဓတ္ထမင်းသားတောထွက်တော်မူခြင်း ၉၁
၃၅။ အနော်မာသောင်ယံဝယ် --------------- ၉၃
၃၆။ ဗိမ္ဗိသာရမင်းကြီးနှင့် အလောင်းတော်ရဟန်း --- ၉၄


## အခန်း (၉)


၃၇။ ဥရုဝေလာ တောဝနာဝယ်--------------- ၉၈
၃၈။ အလောင်းတော်အရှင်မြတ်ဉာဏ်၌ ဥပမာသုံးမျိုးထင်ပုံ ၁၀၀
၃၉။ တပ (သို့မဟုတ်) ရှေးခေတ်အိန္ဒိယယောဂီတို့၏ကျင့်စဉ် ၁၀၂
၄၀။ တပ အကျင့်–၂ မျိုး--------------- ၁၀၄


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၄၁။ သမဏာဂိုဏ်း၏ တပ အကျင့် ---------- ၁၀၆
၄၂။ အိပ်မက်ကြီး ငါးပါး ---------- ၁၁၄


**အခန်း (၁၀)**


၄၃။ မဟာဗောဓိမဏ္ဍိုင်ခန်းဝါပိုင်ဝယ် မနသာ ဥဒါန်း ---------- ၁၂၀
၄၄။ သုဇာတာရှင်ရသေ့၏ ဖျာဒိတ်ပန်း ---------- ၁၂၂
၄၅။ ပါရမီအဟုန် စုပုံ၍ အကျိုးပေးပြီ ---------- ၁၂၅


**အခန်း (၁၁)**


၄၆။ ဓမ္မဒီပ မဏ္ဍိုမ ---------- ၁၂၇
၄၇။ ဓမ္မဒီပါ ကျွန်းစတင်ဖြစ်ပေါ်ရာနေရာ ---------- ၁၂၈
၄၈။ ကြာငါးပွင့် အမှတ်အသား ---------- ၁၂၈
၄၉။ ဒေဝပုတ္တမာရ်ကိုအောင်မြင်တော်မူခြင်း ---------- ၁၃၀
၅၀။ ပုဗ္ဗေနိဝါသနုဿတိဉာဏ်ကို ရရှိတော်မူခြင်း ---------- ၁၃၆
၅၁။ ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိတော်မူခြင်း ---------- ၁၄၁
၅၂။ အာသဝက္ခယဉာဏ်ကို ရ၍ ဘုရားအဖြစ်သို့
ရောက်ရှိတော်မူခြင်း ---------- ၁၄၄
၅၃။ ကုဋေသုံးသန်းခြောက်သိန်း မဟာဝဇီရ
ဝိပဿနာဉာဏ်တော် ---------- ၁၄၆
၅၄။ အာနာပါန စတုတ္ထဈာန်သမာဓိ ---------- ၁၄၇
၅၅။ ဝေါဒြဘူစိတ် ဟူသည် ---------- ၁၅၃
၅၆။ မဂ်စိတ်ပေါ်လာပုံနှင့် သစ္စာကို တပြိုင်နက် ထိုးထွင်း၍သိပုံ ---------- ၁၅၄
၅၇။ ပစ္စဝေက္ခဏာ-၅ ဝီထိ ဖြစ်ပုံ ---------- ၁၅၅


**အခန်း (၁၂)**


၅၈။ ဗုဒ္ဓမြတ်စွာပွင့်ပေါ်တော်မူလေပြီ ---------- ၁၅၈
၅၉။ ပွင့်တော်မူခါစ မြတ်စွာဘုရားအား စကြာဝဠာတိုက်
တစ်သောင်းလုံးက ထူးထူးခြားခြားကြိုဆိုပူဇော် ---------- ၁၅၉
၆၀။ ဗုဒ္ဓပွင့်တော်မူခါစ ထူးကဲသော နိမိတ်ကြီးများ ---------- ၁၆၁
၆၁။ သတ္တဋ္ဌာန စံနေတော်မူခြင်း ---------- ၁၆၄
(၁) ပထမ ပလ္လင်္ကိ သတ္တာဟ ---------- ၁၆၄
(၂) ဒုတိယ အနိမိသ သတ္တာဟ ---------- ၁၆၆
(၃) တတိယ စင်္ကမ သတ္တာဟ ---------- ၁၆၆
(၄) စတုတ္ထ ရတနာဃရ သတ္တာဟ ---------- ၁၆၇
(၅) ပဉ္စမ အဇပါလ သတ္တာဟ ---------- ၁၆၈
၆၂။ မာရ်နတ်နှင့် သမီးများ ---------- ၁၆၉
၆၃။ မာရ်နတ်သမီးတို့ လာရောက်ဖြားယောင်းခြင်း ---------- ၁၇၂
၆၄။ တရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူခြင်း ---------- ၁၇၃
(၆) ဆဋ္ဌမ မုစလိန္ဒ သတ္တာဟ ---------- ၁၇၅
(၇) သတ္တမ ရာဇာယတန သတ္တာဟ ---------- ၁၇၅
၆၅။ နတ်မင်းကြီးလေးပါးသပိတ်ဆက်ကပ်လှူဒါန်း ---------- ၁၇၇


**အခန်း (၁၃)**


၆၆။ ဂယာအနား ဗုဒ္ဓနေရာတော် သမိုင်းရုပ်ကြွင်းများ ---------- ၁၇၉
၆၇။ ဗုဒ္ဓဂယာ ---------- ၁၇၉
၆၈။ မဟာဗောဓိစေတီတော် ---------- ၁၇၉
၆၉။ မဟာဗောဓိစေတီတော် အတွင်းရှိဗုဒ္ဓရုပ်ပွားတော် ---------- ၁၈၁
၇၀။ မဟာဗောဓိပင် ---------- ၁၈၂
၇၁။ မဟာဗောဓိပင်ကို ခုတ်ဖြတ်ခဲ့သူများ ---------- ၁၈၄
၇၂။ မဟာဗောဓိပင် မျိုးပွါးများ ---------- ၁၈၅
၇၃။ အာနန္ဒာဗောဓိ ---------- ၁၈၆
၇၄။ သီရိလင်္ကာရှိ မဟာဗောဓိပင် ---------- ၁၈၇
၇၅။ အပရာဇိတ ပလ္လင်တော် ---------- ၁၈၈
၇၆။ ဒုတိယ သတ္တာဟ အနိမိသ စေတီ ---------- ၁၉၁


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၇၇။ တတိယ သတ္တဟ ရတနာ စင်္ကြံတော် ------------ ၁၉၁
၇၈။ စတုတ္ထ သတ္တဟ ရတနာဃရ ရွှေအိမ် ------------ ၁၉၂
၇၉။ ပဉ္စမ သတ္တဟ ဆိတ်ကျောင်းညောင်ပင် ------------ ၁၉၂
၈၀။ ဆဋ္ဌမ သတ္တဟ မုစလိန္ဒာ ရေကန် ------------ ၁၉၂
၈၁။ ရာဇာယတန (လင်လွန်းပင်) ------------ ၁၉၃
၈၂။ ကျောက်လက်ရန်းများ ------------ ၁၉၃
၈၃။ စေတီငယ်များ ------------ ၁၉၃
၈၄။ ပဉ္စပဏ္ဍာဝဘုရားကျောင်း ------------ ၁၉၄
၈၅။ ဂူ ------------ ၁၉၄
၈၆။ ဘုန်းကြီးကျောင်းအုတ်ခုံ ------------ ၁၉၄
၈၇။ သီပေါမင်းဇရပ်နှင့် မင်းတုန်းမင်းဇရပ် ------------ ၁၉၅
၈၈။ မဟာန့်နန်းတော် ------------ ၁၉၅
၈၉။ နေရဉ္ဇရာမြစ် ------------ ၁၉၆
၉၀။ သုဇာတာအိမ်နေရာ ------------ ၁၉၆
၉၁။ သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်း ကပ်သည့်နေရာ -- ၁၉၇
၉၂။ ဘုရားအလောင်းဆွမ်းဘုဉ်းပေးသည့်နေရာ ------------ ၁၉၇
၉၃။ ရွှေခွက်မျှောရာနေရာ ------------ ၁၉၈
၉၄။ ဥရုဝေလကဿပ ရသေ့သခ်ိမ်းကျောင်း ------------ ၁၉၈
၉၅။ အာဒိတ္တပရိယာယ ဓမ္မဒေသနာ ------------ ၂၀၂
၉၆။ ဗုဒ္ဓလက်ထက်တော်က ဥရုဝေလတော ------------ ၂၀၃
၉၇။ မျက်မှောက်ခေတ် ဥရုဝေလ ------------ ၂၀၅
၉၈။ ဒုက္ကရစရိယာကျင့်ရာ လိုဏ်ဂူ ------------ ၂၀၉
၉၉။ ဂယာသီသတောင် ------------ ၂၀၉
၁၀၀။ ကျမ်းကိုးစာရင်း ------------ ၂၁၁



## ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ[illegible] ( Ph-D) ၏
## အမှာစာ

ဘဝဟူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူ သော ခန္ဓါငါးပါးတို့၏ အပေါင်းအစု တစ်ခုဖြစ်ပါ၏ ။ ဤသို့ ခန္ဓါငါးပါးတို့ကို ပေါင်းစု ထားသောကြောင့် "ဘဝ" ဟု ခေါ်ဆိုသမုတ်ကြလေရာ ဘဝ၏ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာတောင်းဆိုမှုဆန္ဒအရ ကောင်းကောင်းစား၊ ကောင်း ကောင်းဝတ်ချင်ကြ၏။ ဝေဒနက္ခန္ဓာ တောင်းဆိုမှု ဆန္ဒအရ ပျော်ချင် ပါးချင်၊ စိတ်ချမ်းသာချင်ကြ၏ ။ သညာက္ခန္ဓာ တောင်းဆိုမှုဆန္ဒအရ အတတ်ပညာ၊ အသိပညာရှင်များ ဖြစ်လိုချင်ကြ၏ ။ သင်္ခါရက္ခန္ဓာ တောင်ဆိုမှုဆန္ဒအရ သူ များထက်သာအောင် တီထွင်ကြံဆချင်၊ အသစ်အသစ်များ တည်ဆောက် ပြုပြင်၊ ဖန်တီးချင်ကြ၏ ။ ဝိညာနက္ခန္ဓာ တောင်ဆိုမှုဆန္ဒအရ ကိုယ့်ကျင့် သိက္ခာ၊ တရားဓမ္မနှင့်အညီ နေလိုချင်ကြ၏ ။ ဤသည်တို့ကား လူသား ဘဝ၏ ပင်ကိုယ်တောင်းဆိုမှု ဆန္ဒ တို့ပင်တည်း။ ဤသို့ဆိုလျှင် သညာ က္ခန္ဓာ၊ ဝိညာနက္ခန္ဓာ စသည်တို့၏ အလို ဆန္ဒများကို ဖြည့်ဆည်းပေးကြ လိုပါလျှင်–

ဆရာတော်ဦးဝံသပါလရေးသားသော "မဟာဗောဓိမဏ္ဍိုင်ခန်းဝါပိုင် ဝယ် နှင့် ဂယာအနား ဗုဒ္ဓနေရာတော် သမိုင်း ရုပ်ကြွင်းများ" စာအုပ် သည် ဗုဒ္ဓဘာသာဝင်တိုင်းတို့၏ "ဖတ်" ရမည်၊ "မှတ်" ရမည်၊ "ဆောင်" ရမည်၊ စာအုပ်တစ်အုပ်ဖြစ်ပါ၏။ ပညာရှိသုခမိန်များ အဆိုအရ "ကုန်ရှုံး လျှင် တစ်ခေါက်၊ လင်ရှုံးလျှင် တစ်သက်လုံမှောက်၊ ကိုးကွယ်မှုရှုံးလျှင် တစ်သံသ ရာလုံး ဒုက္ခရောက်" ဟူ၍ဖြစ်လေရာ ဤစာအုပ်ကို ဖတ်ရှုလေ့လာ ပါက မိမိတို့ ကိုးကွယ်နေသော မြတ်ဗုဒ္ဓ၏ အကြောင်းများ၊ မြတ်ဗုဒ္ဓ၏ အ တိတ်ဘဝ ပါရမီအကြောင်းများ၊ ဗုဒ္ဓမတိုင်မီ မဇ္ဈိမဒေသ၌ ကိုးကွယ်ဆည်း ကပ်မှုများ၊

www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမဒေသ၌ ခေတ်အဆက်ဆက်များ နှင့် ထိုခေတ်တို့တွင် ထင် ပေါ်ကျော်ကြား တိတ္ထိယများ၊ ဘာသာရေး ပါရဂူ မဟာဂုရုအကြောင်းများ နှင့် ၎င်းပုဂ္ဂိုလ်ကြီး များ၏ အယူဝါဒများအပြင် ဘာသန္တရ၊ ဒေသန္တရ ဗဟု သုတများကိုလည်း စုံစုံလင်လင် ခြေခြေမြစ်မြစ် သိရှိကြရမည်ဖြစ်၏ ။

အချုပ်ဆိုရသော် ဆရာတော်သည် ဘာသာကိုးကွယ်မှု စတင်ဖြစ်ပေါ်လာသည့် အချိန်မှစ၍ ဗုဒ္ဓပေါ်ထွန်းလာသည်အထိ ဖြစ်ကြောင်းကုန်စင်များကို ကွင်းကွင်းကွက်ကွက် ဖေါ်ပြထားပြီး၊ မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်အကြောင်းကိုလည်း နားလည်လွယ်အောင် ရှင်းပြထားကား ဗုဒ္ဓဘာသာဝင် တိုင်းတို့၏ အဓိက နေရာတစ်ခုဖြစ်သော ဗုဒ္ဓဂယာနှင့် ၎င်း၏ အနီးတစ် ဝိုက်အကြောင်းကိုလည်း ရှင်းလင်းဖေါ်ပြရေးသား တင်ပြထားလေရာ ဤ စာအုပ်သည် ဗုဒ္ဓဘာသာဝင် တိုင်းတို့၏ လက်စွဲထားသင့်သော စာအုပ်တစ်အုပ် ဖြစ်ပါကြောင်း------

ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒမုနိ
မဟာဗောဓိမွေရိပ်သာကျောင်းတိုက်
ဗုဒ္ဓဂယာ



## စာရေးသူ၏ မိတ်ဆက်နိဒါန်း

အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဗုဒ္ဓဂယာရှိ မြတ်စွာဘုရားပွင့်တော်မူရာ "မဟာဗောဓိပင်" သည် ဗုဒ္ဓဘာသာဝင်များအတွက် အထူးပင် တန်ဖိုးထားအပ်၊ အလေးအမြတ်ပြုအပ်သော နေရာတစ်ခု ဖြစ်သည်။ ထို မဟာ ဗောဓိပင်ပေါက်ရာ နေရာ၌ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာ ဘုရားသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်ကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ထိုနေရာ ထိုဒေသသို့ မြန်မာနိုင်ငံ အပါအဝင် ဗုဒ္ဓဘာသာ နိုင်ငံများမှ ဘုရားဖူးပရိတ်သတ်များ၊ ကမ္ဘာ့နိုင်ငံ အသီးသီးတို့မှ သုတေသီများ နေ့စဉ်နေ့တိုင်း လာရောက်ဖူးမျှော် လေ့လာနေကြသည်။

ဤအရှင်သည် ဗုဒ္ဓဂယာ၌ ရှိနေစဉ် အားသည့်အခါ၌ မြတ်ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိသို့ သွားရောက်ကာ ဖူးမျှော်နေလေ့ရှိသည်။ မဟာဗောဓိပင်အောက်၌ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ တရားထိုင်ခြင်း စသည်တို့ကို အချိန်ရပါက ရသလို ပြုလုပ်လေ့ ရှိသည်။

မြတ်ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိရင်ပြင်တွင်မိုးတွင်း ကာလ၌ ဘုရားဖူးပရိတ်သတ်များ နည်းပါးတက်သော်လည်း ဆောင်းဦးပေါက်ရာသီ၊ စက်တင်ဘာလ အစပိုင်းလောက်ကစ၍ ဧပြီလအကုန်လောက်ထိ အတွင်း၌ ဘုရားဖူးပရိတ်သတ်များနှင့် တိုးမပေါက်အောင် စည်ကားနေတက်သည်။

ထိုအချိန်တွင် ဗုဒ္ဓဘာသာနိုင်ငံများမှဘုရားဖူးအဖွဲ့များ သည်လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့လာရောက်ဖူးမျှော်တက်ကြသည်။ ဘုရားဖူးအဖွဲ့ကို ဦးဆောင်လာသူတို့ကဘုရားသမိုင်းကို ရှင်းပြတတ်ကြသည်။ မြန်မာဘုရားဖူးအဖွဲ့တို့တွင်လည်းဦးဆောင်သောပုဂ္ဂိုလ်များက ဘုရားသမိုင်းကို ရှင်းပြတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် ဤအရှင်သည် မဟာဗောဓိရင်ပြင်၌ ရှိနေစဉ် မြန်မာဘုရားဖူးအဖွဲ့ကိုဦးဆောင်သူက ဘုရားဖူးပရိတ်သတ်များအား ဘုရားသမိုင်းကို ရှင်းပြနေသည်နှင့် ကြုံတွေ့ရသည်။ ထို ဦးဆောင်သူ၏ ရှင်းပြချက်ကို ကြားရသည်မှာ ဤအရှင်၏ စိတ်ထဲ၌ အားမလို အားမရဖြစ်မိသည်။ ဦးဆောင်သူသည် သာမန်ကာမျှသာရှင်းပြသည်။ ဤနေရာတွင် မြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်သည်။ မာရ်ငါးပါးကို အောင်မြင်ခဲ့သည်။ ထိုမျှလောက်နှင့်ပင် ရှင်းပြချက် ပြီးဆုံးသွားသည်။

ဤအရှင်သည် ထိုရှင်းပြချက်များကို အားမလိုအားမရ ဖြစ်မိသော်လည်း ဘုရားဖူးပရိတ်သတ်များအား ဘာမှအကူအညီ မပေးနိုင်ခဲ့ပေ။ ကိုယ်တိုင်ဝင်ရှင်းပြ၍လည်း မသင့်တော်ပေ။

ဘုရားဖူး ပရိတ်သတ်များသည် များသောအားဖြင့် အသက်အရွယ်ကြီးရင့်ကြသူများဖြစ်သည်။ သူတို့သည် ဗုဒ္ဓဘာသာပီပီ ဗုဒ္ဓပွင့်တော်မူရာသို့ တစ်ကြိမ်တစ်ခါက် မရောက်ရောက်အောင်ဖွဲတင်းပြီး လာရောက် ဖူးမျှော်ကြသူများလည်းပါရှိသည်။ ထို ဘုရားဖူးပရိတ်သတ်များထဲတွင် ခရီးစရိတ် မတတ်နိုင်သူများလည်းပါသည်။ သားသမီးများ၊ သို့မဟုတ် မိတ်ဆွေသင်္ဂဟများ၏ အကူအညီနှင့် ရောက်လာကြသူများလည်းရှိသည်။ သူတို့သည် ဆယ်သိန်းနီးပါးမျှသော မြန်မာကျပ်ငွေများကို အကုန်အကျခံကာ ဘုရားကို ကြည်ညို၍ လာရောက်ဖူးမျှော်ခြင်းဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် ဘုရားဖူး တစ်ခေါက် လာရောက်သူများလည်းရှိသည်။ သို့သော် ဦးဆောင်သူများက စနစ်တကျ မရှင်းပြဘဲသာမန်မျှသာ ရှင်းပြခြင်းသည် မဖြစ်သင့်သော အရာတစ်ခုပင်ဖြစ်သည်။ ဘုရားဖူး ပရိတ်သတ်များ၏ စေတနာကိုလေးစား ငဲ့ညှာသင့်သည်။



ဤအရှင်သည် ထိုကဲ့သို့သောဖြစ်စဉ်များကို တွေ့ကြုံရစဉ် ကတည်းကပင် ဗုဒ္ဓဂယာ ဘုရားဖူးပရိတ်သတ်များအတွက် စာအုပ်တစ်အုပ်ရေးရင်ကောင်းမှာဘဲဟု စိတ်ကူးပေါက်ခဲ့သည်။ သို့သော် ထိုစိတ်ကူးသည် တော်တော်နှင့် အကောင်အထည် မပေါ်ဖြစ်နိုင်ခဲ့။ အဓိက အခက်အခဲမှာ ဤအရှင်၌ ဗုဒ္ဓဝင်ဆိုင်ရာ စာအုပ်စာတမ်း တစ်အုပ်တစ်လေမျှပင် အိန္ဒိယသို့ ပါမလာခြင်းဖြစ်သည်။ ထိုအခက်အခဲများသည် ဤစာအုပ်ကို ရေးသားရာ၌ အဟန့်အတားတစ်ခု ဖြစ်နေခဲ့သည်။ ကြန့်ကြာစေခဲ့သည်။ သို့သော် ဖြစ်သည့်နည်းဖြင့် မဖြစ်ဖြစ်အောင်ရေးမည်ဟု ဆုံးဖြတ်ချက်ချကာ ဤစာအုပ်ကို စတင်ရေးသားတော်မူခဲ့သည်။

ဤစာအုပ်ကို ရေးသားရာ၌ လိုအပ်သော စာအုပ်စာတမ်းအချို့ကို မဟာဗောဓိဓမ္မရိပ်သာ ဆရာတော်ထံက ငှါးရသည်။ အချက်အလက်များ ထုတ်နှုတ်ရေးသား စုဆောင်းရသည်။ သို့သော် အချက်အလက်အချို့ မပြည့်စုံသဖြင့် ဆရာတော်ထံမှ စာအုပ်စာတမ်းအချို့ကို ထပ်မံ၍ ဒုတိယအကြိမ်၊ တတိယအကြိမ်စသည်ဖြင့် ငှါးရပြန်သည်။ သို့သော် လိုချင်သော အချက်အလက်အချို့ကား ရှိလျက်ပင်။ မဟာဗောဓိဓမ္မရိပ်သာဆရာတော်သည် အင်မတန်အလုပ်များသော ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာတော်ထံမှ ခဏခဏ စာအုပ်ငှါးရသည်မှာ ကြာတော့ အားနာလာသည်။ ရန်ကုန်သို့မှာထားသော စာအုပ်များလည်း အချိန်မီ ရောက်မလာပေ။

ကျမ်းတစ်စောင်ပေတဖွဲ့ ပြုစုသူများသည် မိမိရေးသာသည့် ကျမ်းစာအုပ်၌ အကိုးအကား နိုင်လုံစေရန် ကျမ်းဂန်ပေါင်းများစွာကို မွှေနှောက်ဖတ်ရှုကြရသည်။ သို့သော် ဤအရှင်သည် ဤစာအုပ်ကိုရေးသားရာ၌ ထိုအနေအရေးကို ပြည့်စုံစွာမရခဲ့ပါ။ ထို့ကြောင့် ဤစာအုပ်၌ အားနည်းချက်အချို့ ပါကောင်းပါနိုင်မည်ဖြစ်သည်။ ထိုအားနည်းချက်အချို့ကို တွေ့ရှိပါက စာဖတ်

www.burmeseclassic.com

www.burmeseclassic.com



ပရိတ်သတ် များအနေဖြင့် နားလည်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရပါသည်။ ထို့အပြင် ဤစာအုပ်နှင့် ပတ်သတ်၍ အားနည်းချက်အချို့ကို ထောက်ပြဝေဖန် အကြံပေးမှုများကိုလည်း အထူးပင်ကြိုဆိုလျက်ရှိပါသည်။

ဤစာအုပ်ကို ရေးသားရာ၌ တစ်ခုတည်းသောရည်ရွယ်ချက်မှာ ဗုဒ္ဓဂယာ မြန်မာဘုရားဖူးပရိတ်သတ်များကို ရည်ရွယ်သည်။ ဗုဒ္ဓဂယာ မြန်မာဘုရားဖူးပရိတ်သတ်များသည် ဤစာအုပ်ကိုဖတ်၍ ဗုဒ္ဓအား ရေးကထက်ပို၍ ကြည်ညိုသဒ္ဓါပိုမည်ဆိုလျှင်ဤအရှင်အနေဖြင့် ဝမ်းမြောက်ပျော်ရွှင်နေမည်ဖြစ်သည်။

ဤစာအုပ်၌ သတိထားသင့်သော အချက်အချို့ကို ကြိုတင်၍ အသိပေးချင်သည်။ ဤစာအုပ်တွင် အခန်းပေါင်း (၁၃)ခန်းတို့ ပါရှိရာ၊ အခန်း(၁)မှ အခန်း(၆) အထိ၊ ရှေးဦးလူသားတို့ ဘာသာရေးကိုးကွယ်လာပုံများ၊ ခေတ်အဆက်ဆက် ပြောင်းလဲ၍ ဘာသာရေး ကိုးကွယ်လာကြပုံများ၊ တိတ္ထိဆရာကြီးများနှင့် ယင်းတို့၏ ကျင့်စဉ်များကို ဖော်ပြထားသည်။ ထိုသို့တင်ပြရာတွင် ၆၂-ပါးသော ဒိဋ္ဌိဝါဒတို့ကိုလည်း ဖော်ပြထားရာ၊ ယင်း ၆၂-ါးသော ဒိဋ္ဌိဝါဒတို့တွင် ရှေးအတိတ်အကြောင်းအရာနှင့် ဆိုင်သော ဒိဋ္ဌိဝါဒ ၁၈-မျိုးကိုသာ တစ်ပါးချင်းဖော်ပြလိုက်ပြီး၊ နောင်အနာဂတ်အကြောင်းအရာနှင့်ဆိုင်သော ဒိဋ္ဌိဝါဒ ၄၄-မျိုးကိုမူ စာဖတ်ပရိတ်သတ်များ ငြီးငွေ့မည်ကိုစိုး၍ ဤ၌တစ်ပါးချင်း မဖော်ပြလိုက်တော့ပဲ အကျဉ်းအားဖြင့်သာ ဖော်ပြလိုက်ပါသည်။ မြတ်စွာဘုရားပွင့်တော်မမူမီက တိတ္ထိတို့၏ ဝါများကို သိစေနိုင်ရုံမျှလောက်သာ ရည်ရွယ်သည်။ အခန်း (၇)မှ အခန်း(၁၃) အထိတွင်မူ မြတ်စွာဘုရားအလောင်းတော် တောထွက်လာသည်မှစ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်အထိ အကြောင်းအရာများနှင့် ယနေ့ ဗုဒ္ဓဂယာတွင် တွေ့မြင်နေရသော ဗုဒ္ဓနှင့် ပတ်သတ်သည့်



သမိုင်းရုပ်ကြွင်းများကို ပိဋကတ်တော်အမြင်၊ သမိုင်းသုတေသီတို့၏ အမြင်တို့ဖြင့် ရေးသားတင်ပြထားသည်။

ဤစာအုပ်၏ မိတ်ဆက်နိဒါန်းကို ရေးသားနေသည့်အချိန်တွင် ကွယ်လွန်သွားလေပြီးဖြစ်သော ရဟန်းဒါယိကာမကြီး ဒေါ်နှင်းညွန့်ကို ခဏခဏ သတိရစိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဤကျမ်းစာကို ရေးသားရသည့် ကောင်းမှုကုသိုလ်တို့ကို ကွယ်လွန်သွားလေပြီးဖြစ်သော ရဟန်းဒါယိကာမကြီး ဒေါ်နှင်းညွန့်အား ရည်စူးပါသည်။ ဒါ့အပြင် ရဟန်းဒါယိကာမကြီး မရှိတော့သော်လည်း ပစ္စည်းလေးပါးတို့ဖြင့် ဆက်လက်ထောက်ပံ့လျက်ရှိကြသည့်ဒေါ်ဆွေဆွေအမှူးရှိသော ရဟန်းဒါယိကာမကြီး၏ သားသမီးများကိုလည်း ဤကျမ်းစာရေးသားခြင်းဖြင့် သူတို့၏ ကျေးဇူးတရားကို ပြန်လည်တုန့်ပြန်ပါသည်။

**အရှင်ဝံသပါလ**

G-mail; wonthapala@gmail.com

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးစကား

ဤစာအုပ်ကို ရေးသားရာ၌ စာအုပ်စာတမ်းအချို့ကို ငှါးရမ်းပေးပြီး အမှာစာ ရေးသားချီးမြှင့်ပေးကာ၊ စာအုပ်ရိုက်နှိပ်ရာတွင် ကုန်ကျငွေများကို ခေတ္တ စိုက်ထုတ်ပေးသော မဟာဗောဓိဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အားလည်းကောင်း။

စာအုပ်စာတမ်းအချို့ကို ငှါးရမ်းပေးသော ဦးပညာဓဇ၊ မဟာဗောဓိ ဓမ္မရိပ်သာကျောင်းတိုက် အားလည်းကောင်း။

စာအုပ်တစ်အုပ်လုံးကို စနစ်တကျဖြစ်အောင် ပုံစံချပေးပြီး မျက်နှာဖုံး ဒီဇိုင်းကိုရေးဆွဲပေးကာ စာအုပ်ပြီးသည်အထိ မေတ္တာဖြင့် အစအဆုံး ကူညီပေး သော ဦးဝရမေဓာ (မဂဓ တက္ကသိုလ်) အားလည်းကောင်း။

ဤစာအုပ်ကို ရိုက်နှိပ်ရာ၌ ကွန်ပြူတာနည်းပညာဖြင့် အကူအညီပေး ကြသော ဦးပညာဒီပ (နယူးဒေလီ)၊ ရှင်သုမန မဟာဗောဓိ ဓမ္မရိပ်သာ ကျောင်းတိုက်၊ ကိုညီလင်း နှင့် ကိုထိန်အောင်လင်း (နယူးဒေလီ) တို့အား လည်းကောင်း။

ဤစာအုပ်ကိုရေးသားရာ၌ လိုအပ်သော စာအုပ်များကို ဝယ်ယူ လှူဒါန်းပေးပို့သော ရန်ကုန်မြို့၊ကမ္ဘာ့စိုးဝန်ဆောင်မှုကုမ္ပဏီလီမိတက် မန်းနေးဂျင်း ဒါရိုက်တာ ဦးစိုးလှ+ဇနီးဒေါ်ခင်ဝင်းမြင့်မိသားစုတို့အား လည်းကောင်း၊ ဤစာအုပ်နှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း အထူးပင် ကျေးဇူးတင် ရှိပါကြောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

အရှင်ဝံသပါလ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### အခန်း(၁)

### သမိုင်းဦး လူသားနှင့်ဘာသာရေး ထိုးထွင်းမှု

#### လူသား

လူဟူသော သတ္တဝါသည်မည်သည့် နေ့ရက်က စတင်ပြီး ဤကမ္ဘာ မြေပြင်ပေါ်တွင် စတင် အခြေချ နေထိုင်ခဲ့ ကြသည်ကိုကား မည်သူကမျှ အတိ အကျမသိနိုင်ကြပေ။ သို့သော် လူဟူသော သတ္တဝါသည် ဤကမ္ဘာမြေပြင် ပေါ်တွင် တစ်နေ့နေ့တစ်ချိန်ချိန် အခါက အမှန်ပင် စတင်အခြေချ နေထိုင်ခဲ့ သည်မှာကား မည်သူကမျှ ငြင်းနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့ လူဟူသော သတ္တဝါသည် တစ်နေ့နေ့ တစ်ချိန်ချိန်က ဤကမ္ဘာမြေပြင်ပေါ် အမှန်ပင် စတင် အခြေချ နေထိုင်ခဲ့သောကြောင့် ယနေ့ကမ္ဘာ့၌ လူဦးရေသည် သန်းခြောက် ထောင်ကျော်မျှ ရှိနေပြီးသည်က သက်သေခံနေပါသည်။

ထိုမျှလောက် များပြားလှသော သန်းခြောက်ထောင်ကျော်မျှ ရှိနေ ပြီးဖြစ်သော လူတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်၊ ရုပ်ဆင်းအင်္ဂါ၊ အသွင်သဏ္ဌာန် စသည်အားဖြင့်မတူကြပေ။ အချို့ကား ရုပ်ရည် ချောမောလှပကြသည်။ အချို့ကား အကျည်းတန်ကြသည်။ အချို့ကား အသားဖြူကြသည်။ အချို့ကား အသားမဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကား အရပ်ပုကြသည်။ အချို့ကား အရပ်ရှည်ကြသည်။ အချို့ကား ဝကြသည်။ အချို့ကား ပိန်ကြသည်။ အောက်ထစ်ဆုံးအားဖြင့် "ရုပ်ရည်အသွင် ခွဲခြားလို့မရဘူး" ဟု ဆိုကြသော အမွှာညီအစ်ကိုယ် မောင်နှမများသည်ပင် ကြည့်ဟန် ရှုဟန် စကားပြောဟန် ပြုံးရည်ဟန် သွားလာဟန်စသည်ဖြင့် ကွဲပြားခြားနားကြသည်။ ဤကား တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် မတူတက်ကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူ တို့၏အကြောင်းသည် အထူးပင်စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ အထူး ပင်လေ့လာကြည့်သင့်သော အရာတစ်ခု ဖြစ်ပေသည်။

ဘာသာရေးကျမ်းဂန်တို့၌ လူကိုပြဟ္မာမှဆင်းသက်လာသည်ဟု ဆိုကြ သည်။ ကမ္ဘာကြီးသည် မီး(၇)ကြိမ်၊ ရေ(၁)ကြိမ်တို့ဖျက်၍ ပျက်ပြီးနောက် ဤ ကမ္ဘာသစ် စတင်ဖြစ်ပေါ်လာသည်။ ထိုကမ္ဘာသစ် စတင်ဖြစ်ခါစတွင် အထက် ပြဟ္မာဘုံမှ ကံကုန်၍သော်လည်းကောင်း၊ အသက်တမ်းစေ့၍ သော် လည်းကောင်း အချို့သောပြဟ္မာများ စုတေကြ၏။ ထိုစုတေကြသော ပြဟ္မာ အချို့သည် အောက်ပြဟ္မာဘုံသို့ရောက်ကြလေရာ အချို့မှာလူ့ပြည်၌ ပဋိ သန္ဓေတည်၍ လူလာဖြစ်ကြသည်။ ထို့ကြောင့် လူကိုဘာသာရေးကျမ်းဂန် တို့၌ ပြဟ္မာပြည်မှဆင်းသက်လာသည်ဟု ဆိုကြခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များကမူ လူသည်မျောက်မှ ဆင်းသက်လာသည်ဟု ဆို ကြသည်။

လူသားဟူ၍ ခေါ်ဆိုနိုင်သောသက်ရှိသတ္တဝါတို့သည် သမိုင်း မှတ်တမ်းမတင်မီ လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၂၀၊ သို့မဟုတ် ၃၀၊ ခန့်ကပေါ် ပေါက်လာသည်ဟု ခန့်မှန်းကြသည်။



သို့သော်ယနေ့တူးဖော်တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်း ဦးခေါင်း ခွံများအရ နှစ်ငါးသိန်းသက်တမ်းသာ ရှိသေးသည်ဟု ယူဆကြပြန်သည်။ မည်သို့ပင် ဆိုကြပါစေ ထိုအဆို နှစ်ရပ်လုံးအဆိုအရ ဆိုရပါမူ လူသည် ပြဟ္မာ က ဆင်းသက်လာသည်လည်းဟုတ်နိုင်သည်။ မျောက်က ဆင်းသက် လာသည်လည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့် ဆိုသော် လူသည် မြင့်မြတ် သော ပြဟ္မာစိတ် ရှိသူလည်းရှိသည်။ ယုတ်ညံ့သော တိရိစ္ဆာန်စိတ်ရှိသူလည်း ရှိပါသည်။ ထို့ကြောင့် လူသည် ပြဟ္မာကဆင်းသက်လာသည်လည်း ဟုတ်နိုင်သည်။ မျောက်ကဆင်းသက်လာသည်လည်း ဖြစ်နိုင်ပါသည်။

လူကို ပါဠိဝေါဟာရအားဖြင့် "မနုဿ"ဟုခေါ်သည်။ မကောင်းမှု လုပ်ငန်း၌ အာနန္တရိယကံ(မိဘ သတ်မှု စသည်) တိုင်အောင်ပင် ပြုနိုင်ကြ၍၊ ကောင်းမှုအရာဝယ် ဘုရားဖြစ်သည့်တိုင်အောင်ပင် စွမ်းနိုင်ကြသဖြင့် ထက် မြက်သောစိတ်ရှိရကား ဇမ္ဗူဒိပ်ကျွန်းသားများကို မုချ "မနုဿ"ဟုခေါ်၏။ တစ်နည်းအားဖြင့် ကမ္ဘာဦးက မဟာသမ္မတမင်းသည် "မနု"မည်၏။ ထိုမနု မင်း၏ အစဉ်အဆက်ကိုလည်း "မနုဿ"ဟုပင်ခေါ်သေးသည်။

သို့သော်ဗုဒ္ဓအဘိဓမ္မာဝေါဟာရဖြင့်ဆိုရလျှင် လူသည် ကုသိုလ်နှင့် အကုသိုလ်တို့၏ စုပေါင်းရာဌာနဖြစ်သည်။ ကုသိုလ်စိတ်နှင့်အကုသိုလ်စိတ် တို့သည်လူတို့၏သန္တာန်၌သင့်သလို ဖြစ်ပေါ်နေကြပါသည်။ နှလုံးသွင်း ကောင်းလျှင် ကုသိုလ်စိတ်ဖြစ်၍ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်စိတ်များ ဖြစ်ကြပါသည်။ ကုသိုလ်စိတ်ဟူသည် ကောင်းသောစိတ်ပင်ဖြစ်သည်။ အကု သိုလ်စိတ်ဟူသည် မကောင်းသောစိတ်ပင်ဖြစ်သည်။ ကုသိုလ်နှင့်အကုသိုလ် တို့၏ သဘာဝသည် အချင်းချင်းဆန့်ကျင်ဘက်ဖြစ်သည်။ ကုသိုလ်က ပယ် သတ်တတ်သော ပဟာယကတရား၊ အကုသိုလ်က ပယ်သတ်အပ်သော

www.burmeseclassic.com

www.burmeseclassic.com



ပဟာတဗ္ဗတရားဖြစ်၍ အချင်းချင်းမတည့်ကြ။ ပဋိပက္ခဖြစ်နေကြသည်။ တစ်နည်းအားဖြင့် ကုသိုလ်စိတ်က အဆန်တရား၊ အကုသိုလ်စိတ်က အစုန်တရားဖြစ်သည်။ အဆန်တရားသည်ခက်ခဲသော သဘောရှိသည်။ နိမ့်ရာမှ မြင့်ရာသို့ တက်ရသောသဘော ရှိသည်။ အစုန်တရားသည် လွယ်ကူသော သဘောရှိပါသည်။ မြင့်ရာမှနိမ့်ရာသို့ သက်သောသဘောရှိပါသည်။ လူ့ဘဝ ဟူသည်မှာလည်း ကုသိုလ်နှင့်အကုသိုလ်တည်းဟူသော ဆန့်ကျင်ဘက်အား တစ်စုံတို့၏အပြိုင် သက်ရောက်ရာဌာနဖြစ်သည်။ ထို့ကြောင့်လူသည် နိမ့်ရာမှ အောက်အဝီစိသို့လည်း ဆင်းနိုင်ပါသည်။ မြင့်ရာ အထက်ဘဝဂ်သို့လည်း တက်နိုင်ပါသည်။ အနိမ့်နှင့် အမြင့်တို့မှ လွတ်ရာနိဗ္ဗာန်သို့လည်း သွားနိုင်ပါသည်။ ကြိုက်ရာလမ်းအတိုင်း ကြိုက်သလိုသွားနိုင်ပါသည်။ ဤသည်တို့မှာ လူဟုခေါ်ဆိုသည့် သတ္တဝါနှင့် ထိုလူတို့က ပြုလုပ်ကြသော ကုသိုလ် အကုသိုလ်တို့၏ စွမ်းဆောင်ချက်များကို နှိုင်းယှဉ်ပြခြင်းပင်ဖြစ်ပါသည်။

## ကိုးကွယ်ယုံကြည်မှု

လူဟူသော သတ္တဝါသည် ဘာသာရေးကို အသွင်တစ်မျိုးမျိုးဖြင့် ကိုးကွယ်တက်ကြသောသတ္တဝါဖြစ်သည်။ လူဟူသောသတ္တဝါ၌ ဘာသာရေးကို မကိုးကွယ်ဘဲမနေနိုင်သော ဗီဇဓာတ်ပါရှိသည့်သတ္တဝါတစ်မျိုး ဖြစ်သည်ဟုလည်း ဆိုကြသည်။ မည်သည့်ဘာသာကိုမှ မကိုးကွယ်သော "ဘာသာမဲ့" သူများပင် ဘာသာတစ်မျိုးမျိုးကို မသိမသာ သော်လည်းကောင်း၊ သိသိသာသာ သော်လည်းကောင်း ကိုးကွယ်တတ်သည်ဟု အဆိုရှိသည်။

ပါဠိစာပေများ၌ ကိုးကွယ်ရာဟူသောအနက်ကို "နာထ" ဟူသောပုဒ်ဖြင့် ဖွင့်ပြကြသည်။ ယင်းတို့မှာ–



လောကနာထ – လူ့အပေါင်းတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား။

ဂဇနာထ – ဆင်တို့၏ ကိုးကွယ်ရာဖြစ်သော မဟာပိန္နဲနတ်မင်း။

ဂေါရီနာထ – စန္ဒီနတ်သမီး၏ ကိုးကွယ်ရာဖြစ်သော ပရမိသွာနတ်မင်း။

ဥစ္စာနာထ – မြတ်သောသူတို့၏ ကိုးကွယ်ရာဖြစ်သော မင်းကြီး ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

ဘာသာရေးဟူသည် အဘယ်နည်း။ ဤကဲ့သို့သော မေးခွန်းမျိုးကို ဘာသာပေါင်းစုံက မေးတက်ကြသည်။ ဘာသာအားလုံးတို့၏ အနီးစပ်ဆုံး အဖြေသည် များများစားစားမရှိနိုင်၊ တစ်ခုတည်းသာ ရှိနိုင်သည်။ ယင်းမှာ ဘာသာရေးဟူသည် "ကိုးကွယ်ယုံကြည်မှု" ပင်ဖြစ်သည်ဟု ဖြေဆိုကြရမည်သာဖြစ်သည်။ မိမိတို့ ယုံကြည်အားကိုးလို့ကိုးကွယ်နေကြခြင်းသည် ဘာသာရေးပင်ဖြစ်သည်။ ထိုသို့ ကိုးကွယ်ယုံကြည်ရာ၌ အကိုးကွယ်ခံ ဘာသာရေး ခေါင်းဆောင်များရှိကြသည်။ ဥပမာ ဘုရားရှင်၊ ခရစ်တော်၊ တန်ခိုးရှင်၊ ယင်းတို့၏ အဆုံးအမနှင့် တပည့်သာဝကများဖြစ်ပါသည်။

## ဘာသာရေး "၆"

ဘာသာရေးကို ကိုးကွယ်ယုံကြည်ရာ၌ ဘာသာတိုင်းတွင် သဘောတရားသုံးမျိုးတို့ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ ယင်းတို့မှာ–

စေတနာ = စေဆော်တိုက်တွန်းမှု။

သဒ္ဓါ = ယုံကြည်မှု။

www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိ = အမြင် တို့ပင်ဖြစ်သည်။

ဤတရားသုံးမျိုးသည် ဘာသာရေးကို ကိုးကွယ်ယုံကြည်ရာ၌ အခြေခံ သဘောတရားများအဖြစ် ဦးဆောင်ပါဝင်လျက်ရှိနေလေသည်။ ထို့ကြောင့် ဘာသာရေးဟူသည် (ဒိဋ္ဌိ ) အမြင်အပေါ် ၌ အခြေခံသော (သဒ္ဓါ) ယုံကြည်မှုကို (စေတနာ) စနစ်တကျ စေ့ဆော်တိုက်တွန်းမှုပင်ဖြစ်သည်။

ကိုးကွယ်ယုံကြည်မှုအားလုံးတို့၏ အမည်သည် ဘာသာတရား ဖြစ်သည်။ ဤလောကတွင် ဘာသာရှိ အမည်ခံသူများလည်းရှိသည်။ ဘာသာမဲ့ အမည်ခံသူများလည်းရှိသည်။ ထိုသူနှစ်မျိုးစလုံးတို့ပင် မိမိတို့၏အမြင်(ဒိဋ္ဌိ) ပေါ် ၌ အခြေခံသော မိမိတို့၏ယုံကြည်မှု (သဒ္ဓါ) အလိုက် မိမိတို့၏ စေ့ဆော်မှု (စေတနာ) ဖြင့်အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး တို့ကိုသတ်မှတ်ကြ သည်ချည်းဖြစ်သည်။ လူမှန်သမျှသည် ဘာသာရေးကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ယုံကြည်သက်ဝင်သူများသာ ဖြစ်သည်ဟုဆိုအပ်ပါသည်။ ထို့ကြောင့် အမှန်နှင့်အမှား ကိုဖြစ်စေ၊ အကောင်းနှင့်အဆိုး ကိုဖြစ်စေ သတ်မှတ်ကြ ပါသည်။ ထိုသို့ သတ်မှတ်ကြရာ၌ မိမိတို့၏ယုံကြည်မှု ဘာသာရေး “စံ” ဖြင့်သာ တိုင်းတာသတ်မှတ်နေကြခြင်းဖြစ်ကြောင်း နားလည်အပ်ပါသည်။





## အခန်း(၂)

## ဘာကြောင့် ဘာသာရေးကို ကိုးကွယ်ကြသလဲ

လူသားတို့သည် ဘာကြောင့် ဘာသာရေးကို ကိုးကွယ်ဆည်းကပ်ကြသလဲ။ ထိုမေးခွန်းမျိုးကို ဘာသာအားလုံးက မေးတက်ကြသည်။ ဘာသာအားလုံးတို့၏အဖြေသည် များများစားစားမရှိနိုင်၊ တစ်မျိုးတည်းသာရှိနိုင်မည်ထင်ပါသည်။ ယင်းမှာ–“အားကိုးလို့” ကိုးကွယ်ကြခြင်း ဖြစ်သည်ဟုသာ ဖြေဆိုကြရမည်ဖြစ်သည်။

ပုထုဇဉ်လူသားတို့၏ ပင်ကိုယ်ဗီဇသည် အားငယ်တက်၊ ကြောက်လန့်တတ်သော သတ္တဝါတစ်မျိုးဖြစ်ပါသည်။ အားငယ်ခြင်း၊ ကြောက်လန့်ခြင်းဆိုသည်မှာ ရာဂမကင်းမှု၊ ဒေါသမကင်းမှု၊ မောဟမကင်းမှုကြောင့် ဖြစ်ပေါ်ရကား အကုသိုလ်သဘောဖြစ်ပါသည်။ အကုသိုလ်သဘောဟူသည် ပုထုဇဉ်လူသားတို့၏သန္တာန်၌ ကိန်းအောင်းနေသော သဘာဝတရားပင်ဖြစ်သည်။ အရိယာမဖြစ်သရွေ့ ကာလပတ်လုံး လူသားတို့၏သန္တာန်မှာ ကိန်းနေမည်သာဖြစ်သည်။ လူသားတို့သည် မိမိတို့၏သန္တာန်၌ အားငယ်မှု၊ ကြောက်လန့်မှုတို့ကို ပယ်ဖျောက်ရန်၊ ပျောက်ကွယ်ရန်အတွက် မိမိတို့ ကိုယ်တိုင်ပင်အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးအားထားရာကို မိမိတို့ဉာဏ်၌ သက်ဝင်ယုံကြည်သလို ရှာဖွေလာခဲ့ကြသည်။ သမုဒ္ဒရာအနီးအနား၌ နေထိုင်ကြကုန်သော သူတို့သည် သမုဒ္ဒရာ၏ ကြောက်မက်ဖွယ်ရာ ဘေးအန္တရာယ် အမျိုးမျိုးတို့ကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခံစားကြရသည်။ သမုဒ္ဒရာ၏ ပင်ကိုယ်သဘာဝသည် တဖြည်းဖြည်း နက်ရှိုင်းပြီး ကမ်းမမြင်လမ်းမမြင်အောင် အပြောကျယ်လှပါသည်။ ပြင်းထန်သော လှိုင်းတံပိုး၊ ဝဲဂယက်တို့ဖြင့် ပြည့်နှက်နေပြီး ငါးမန်းစသည့် ငါးအမျိုးမျိုးတို့ဖြင့် ပင်ကိုယ်သဘာဝအလျောက်ပင် ကြောက်စရာကောင်းလှပါသည်။ မိုးရွာခြင်း၊ လေတိုက်ခြင်းစသည့် ရာသီဥတုဆိုးရွားသည့်အချိန် အခါတွင် ပတ်ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းလာပြီး မြင်ကွင်း မသဲမကွဲဖြစ်လာတတ်သည်။ တစ်ခါတရံ မှောင်အတိကျသကဲ့သို့ဖြစ်လာသည်။ ပြင်းထန်သော လှိုင်းလုံးကြီးများ ဆူညံစွာ တလိမ့်လိမ့်တက်လာကြသည်။ ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာ တတ်ကြသည်။

သမုဒ္ဒရာ အနီးအနား၌ နေထိုင်ကြသော သူတို့သည် ထိုကဲ့သို့ သမုဒ္ဒရာ၏ ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို တွေ့မြင်ရသောအခါ ပုထုဇဉ်လူသားပီပီ အားငယ်စိတ်ဖြစ်ပေါ်လာကြသည်၊ ကြောက်လန့်လာကြသည်။ ထိုအခါ လူသားတို့သည် မိမိတို့၏စိတ်အားငယ်မှု၊ ကြောက်လန့်မှုတို့ကို ပယ်ဖျောက်ဖို့ရန်အတွက် အားကိုးရာကို ရှာဖွေလာကြသည်။ သမုဒ္ဒရာ အနီးအနား၌ နေထိုင်ကြကုန်သော အချို့သော သူတို့သည် သမုဒ္ဒရာ၏ ကြောက်မက်ဖွယ်ရာများကို တွေ့မြင်ကြရသောအခါ သမုဒ္ဒရာအတွင်း၌ တန်ခိုးရှင်၊ နတ်၊ နဂါးစသည်တို့ရှိမှာဘဲဟု ယူဆလာကြ၏။ ထိုတန်ခိုးရှင်၊ နတ်၊ နဂါးစသည်တို့ ဖန်တီးပြုလုပ် တန်ခိုးပြမှုကြောင့် မိုးရွာခြင်း၊ လေတိုက်ခြင်း၊ မှောင်အတိ



ကျခြင်း၊ ပြင်းထန်သော လှိုင်းလုံးကြီးများ ဖြစ်ပေါ်ခြင်း၊ ဆူနာမီကဲ့သို့ အင်မတန် ဆိုးဝါးလှသော သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း ဖြစ်သည်ဟု ယူဆလာကြ၏။ ထိုအခါ ထိုသဘာဝဘေးအန္တရာယ်ကို ကြောက်ကြသောကြောင့် အားကိုးရာကိုရှာဖွေလာကြ၏။ အားထားကိုးကွယ်ယုံကြည်ရာကို ချဉ်းကပ်လာကြ၏။

ဤသို့အားဖြင့် မိမိတို့၏ အားငယ်စိတ်၊ ကြောက်လန့်စိတ်များကို ပယ်ဖျောက်ရန်အတွက် သမုဒ္ဒရာအနီးအနား၌ နေထိုင်ကြကုန်သော သူတို့သည် သမုဒ္ဒရာကို အားကိုးအားထား ပြုလာကြသည်၊ ရှိခိုးလာကြသည်၊ ပူဇော်ပသလာကြသည်၊ ကိုးကွယ်ဆည်းကပ်လာကြလေသည်။

ထို့အတူ တောတောင်အနီးအနား၌ နေထိုင်ကြကုန်သော ရှေးဦးလူတို့သည် တောတောင်တို့၏ ကြောက်လန့်ဖွယ်ရာ ဘေးအန္တရာယ်များကို တွေ့မြင်ကြရလေသည်။ တောတောင်တို့သည် သဘာဝအားဖြင့် စိမ်းစိုနေပြီး၊ သစ်ပင်ကြီးငယ်များ၊ တောစိုးသစ်ပင်ကြီးများတို့ဖြင့် အုံ့မှိုင်းအုပ်ဆိုင်း နေကြသည်။ တောတောင်အနီးအနား၌ နေထိုင်ကြသူ အချို့တို့သည် တစ်ခါတရံ သစ်ပင်ကြီးငယ်များ၊ တောစိုးသစ်ပင်ကြီးများတို့၏အနီးအနားသို့ချဉ်းကပ်မိပြီး တစိမ့်စိမ့်ကြည့်မိပါက အားငယ်စိတ်၊ ကြောက်လန့်စိတ်များ ဖြစ်ပေါ်လာတတ်ကြသည်။ ရာသီဥတု ဆိုးရွားသောအခါ၊ မိုးရိုန်းသံ၊ လေပြင်းတိုက်ခတ်သံတို့ကြောင့် တောတောင်တို့၏သဘာဝအတိုင်းထွက်ပေါ်လာသော အော်ခေါ်သံ၊ ညီးညူးသံ၊ ငိုကြွေးသံကဲ့သို့ ပဲ့တင်သံများကို ကြားမိသောအခါ တောတောင်အနီးအနား နေထိုင်ကြသူ အချို့တို့သည်အားငယ်စိတ်၊ ကြောက်လန့်စိတ်များဖြစ်ပေါ်လာကြသည်။ ဤတော၊ ဤတောင်၊ ဤတောစိုးသစ်ပင်ကြီးတို့၌ တန်ခိုးရှင်ကေန်ရှိမှာဘဲဟု ယုံကြည်လာကြသည်။ ထိုတန်ခိုးရှင်တို့က

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထား၍ မိုးရိန်းသံ၊ လေပြင်းတိုက်ခတ်သံ၊ အော်ခေါ်သံ၊ ညီးညူးသံ၊ ငိုကြွေးသံတို့ ဖြစ်ပေါ်လာသည်ဟုယူဆကြ၏


ထိုအခါ လူသားများသည် မိမိတို့၏ ကြောက်လန့်စိတ်များကို ပယ်ဖျောက်ဖို့ရန်အတွက် တောတောင်များ၊ တောစိုးသစ်ပင်ကြီးများ၊ အာရာမ်များ၊ ဥယျာဉ်များကို ကိုးကွယ်လာကြသည်။ လူသားတို့သည် လူ့သမိုင်းကနဦး အစ၌ သဘာဝရေမြေ တော တောင်တို့ကို ကိုးကွယ်ခဲ့ကြကြောင်း ခိုင်လုံသော အထောက်အထားများကို တွေ့ရသည်။ ဤသဘောကို ပိဋကတ်တော်၌ ဤသို့ဖော်ပြထားသည်။

ဗဟုံဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။

အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

( ဓမ္မပဒ၊၁၄၊၁၁၈ )

ဘယတဇ္ဇိတာ၊ ဘေးဘျမ်းတို့၏ ခြောက်လှန့်ခြင်းကို ခံရကုန်သော။ မနုဿာ၊ လူတို့သည်။ ဝေ၊ စင်စစ်အားဖြင့်။ ဗဟုံ၊ များစွာသော။ သရဏံ၊ ကိုးကွယ်ယုံကြည်မှုကို။ ယန္တိ၊ ရောက်ကြကုန်၏။ ပဗ္ဗတာနိစ၊ တောင်တို့ကိုလည်းကောင်း။ အာရာမရုက္ခ စေတျာနိစ၊ အာရာမ်များ သစ်ပင်များ စေတီများကိုလည်းကောင်း။ ဝနာနိစ၊ တောတို့ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။





အခန်း(၃)

## ဗုဒ္ဓဝါဒမတိုင်မီ ကိုးကွယ် ယုံကြည်မှုများ
## ဝေဒခေတ်

ဗုဒ္ဓဝါဒသည် ယနေ့ကမ္ဘာ့လူသားငါးပုံတစ်ပုံခန့် ကိုးကွယ်နေသော ဝါဒဖြစ်သည်။ ဗုဒ္ဓဝါဒမတိုင်မီ မဇ္ဈိမဒေသခေါ် ရှေးခေတ်အိန္ဒိယတွင် မူရင်းကိုးကွယ်ယုံကြည်မှု ဆိုင်ရာဝါဒများ ရှိနှင့်ပြီးဖြစ်ပါသည်။ ထို ရှိနှင့်ပြီး ဝါဒများထဲမှ တစ်မူထူးခြားသော ဝါဒတစ်ရပ်အနေဖြင့် ဗုဒ္ဓဝါဒပေါ်ထွန်းလာခြင်းဖြစ်ရာ ဗုဒ္ဓဝါဒနောက်ခံအနေဖြင့် ရှိနှင်းပြီး အိန္ဒိယရှေးဦးလူတို့၏ကိုးကွယ်သော ဘာသာဝါဒကို လေ့လာဖို့လိုအပ်ပါသည်။ သို့မှသာ ဗုဒ္ဓဝါဒကို ပြည့်ပြည့်စုံစုံ နားလည်နိုင်ဖွယ်ရှိပါသည်။

ဓမ္မတာအားဖြင့် ဝါဒသည်အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းမှု သဘောကိုဆောင်ပါသည်။ ထိုသို့ဆောင်ရာတွင် ရှိနှင့်ပြီးသောဝါဒများ မှားယွင်းသဖြင့် မကျေနပ်၍ ဆောင်ခြင်းမျိုးလည်းရှိနိုင်ပါသည်။သို့မဟုတ် ရှိနှင်းပြီးသော ဝါဒများ မပြည့်စုံသဖြင့် ပြည့်စုံအောင်အထွက်တင်သောအားဖြင့် ဆောင်ခြင်းမျိုးလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်ပါသည်။ သို့မဟုတ် နှစ်မျိုးလုံးကိုလိုအပ်သလို အသုံးပြုခြင်းအားဖြင့် ဆောင်ခြင်းမျိုးလည်းရှိနိုင်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒဖြစ်ထွန်း ပေါ်ပေါက်မှုကို လေ့လာရာ၌ ရှိနှင့်ပြီးသားဝါဒများနှင့် မည်သို့ဆက်နွယ်သည်ကို နှိုင်းယှဉ်လေ့လာ သုံးသပ်အပ်ပါသည်။

မဇ္ဈိမဒေသခေါ် ရှေးခေတ်အိန္ဒိယတွင် ရှေးအကျဆုံးသော ကိုးကွယ်ယုံကြည်မှုဘာသာဝါဒပေါင်း များစွာတို့ရှိသည်။ ထိုဘာသာဝါဒ ပေါင်းများစွာအနက် ဗုဒ္ဓဝါဒနှင့်ဆက်နွယ်သော ကိုးကွယ်ယုံကြည်မှုများကို တင်ပြလိုပါသည်။ ဗုဒ္ဓဝါဒနှင့်ဆက်နွယ်သော ရှေးခေတ်အိန္ဒိယ၏ ကိုးကွယ်ယုံကြည်မှုများမှာ နတ်ကို ကိုးကွယ်ယုံကြည် မှုပင်ဖြစ်သည်။

ရှေးခေတ်အိန္ဒိယနတ်များကို ဝေဒခေတ်နတ်များဟုခေါ်သည်။ ထိုနတ်များကို ကိုးကွယ်သောအခါ ဘုန်းတော်ဘွဲ့များကိုရွက်ဆိုကြရသည်။ နောက်ပိုင်းတွင် ဘုန်းတော်ဘွဲ့ဆိုရုံနှင့် မပြီးတော့ဘဲ လူ့ဒါန်းပူဇော်ဖွယ်ဝတ္ထုပစ္စည်းများ ခြိမ့်၍ရွက်ဆိုကာ ပူဇော်ကြရသည်။ ဤသည်မှာ ဝေဒခေတ်၌စွန့်ကြလှူဒါန်းမှု သဘောပင်ဖြစ်သည်။

ပူဇော်သည့်အခါ၌လည်း စနစ်တကျသတ်မှတ်၍ ပူဇော်ရပါသည်။ နတ်အလိုက်၊ အခမ်းအနားအလိုက် ပူဇော်ပုံ၊ ပူဇော်နည်းများသည် ကွဲပြားခြားနားမှု ရှိလာပါသည်။ ထိုကဲ့သို့ ဝေဒခေတ်၌နတ်များကို ကိုးကွယ်ယုံကြည်မှုများကို "ဗဟုဒေဝဝါဒ"ဟုခေါ်ကြပါသည်။

ဝေဒခေတ်၌ အတွေးအခေါ်တို့၏ အဆင့်ဆင့်ဖြစ်ထွန်းတိုးတက်မှုတို့ကိုလည်းတွေ့ရသည်။ လောကဖြစ်ပေါ်မှုနှင့်ပတ်သတ်၍ တွေးခေါ်မှုပင်ဖြစ်သည်။ လောကသည် ကာလသုံးပါး၌ အမြဲတည်ရှိနေသည့် ဗြဟ္မာမှ ဖြစ်ပေါ်လာကြောင်း တွေးခေါ်ယူဆကြသည်။ သို့သော် ထိုအတွေးအခေါ်သည်



ဝေဒခေတ်၏ အစပိုင်းလောက်တွင် မဟုတ်ဘဲ နောက်ပိုင်းကျမှသာ တွေးခေါ်ယူဆကြခြင်းဖြစ်သည်။

## ဗြဟ္မဏခေတ် ကိုးကွယ် ယုံကြည်မှုများ

ဗြဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုများကို ယဇ်ပူဇော် ကိုးကွယ်ယုံကြည်မှုဟုခေါ်သည်။ ထိုယဇ်ပူဇော် ကိုးကွယ်ယုံကြည်မှုသည် ဗုဒ္ဓဝါဒမပေါ်ထွန်းမီ နှစ်ရာပေါင်းများစွာတိုင်တိုင် အိန္ဒိယပြည်၌အခြေစိုက်ခဲ့သည်။ ဝေဒခေတ်တွင် ယဇ်ပူဇော်မှုများရှိခဲ့သည်။ သို့ရာတွင် ဝေဒခေတ်ယဇ်ပူဇော်မှုသည် ဗြဟ္မဏခေတ် ယဇ်ပူဇော်မှုနှင့်စာလျှင် ပြောပလောက်သည့် ယဇ်ပူဇော်မှုမျိုး မဟုတ်ပါ။ ခမ်းနားကြီးကျယ်မှုမရှိပါ။ သာမန်ရိုးရိုး ပူဇော်မှု အဆင့်အတန်းမျိုးသာရှိပါသည်။ ပူဇော်နည်း ပူဇော်ဟန်မှာလည်းလူတိုင်းပူဇော်နိုင်သည့် သာမန်နည်းစနစ်မျိုးသာဖြစ်ပါသည်။ ဗြဟ္မဏခေတ်တွင်မှ ယဇ်ပူဇော်မှုကို ခမ်းနားသည်ထက် ခမ်းနားအောင်၊ ကြီးကျယ်သည်ထက် ကြီးကျယ်အောင်စီစဉ်လာကြသည်။ စည်းကမ်းချက်များကိုသတ်မှတ်လာကြသည်။ ထိုကဲ့သို့ စည်းကမ်းသတ်မှတ်ချက်များကြောင့် သာမန်လူတန်းစားများအတွက် ယဇ်ပူဇော်မှုကို မပြုလုပ်နိုင်ဘဲ တိုင်းပြည်အုပ်ချုပ်သူရှင်ဘုရင်များ၊ မင်းညီမင်းသားများ၊ သူဌေးသူကြွယ်များနှင့် အထက်တန်းလွှာ များတို့သည်သာပူဇော်လာကြသည်။ သာမန်ဆင်းရဲသားတို့မှာ အနည်းအကျဉ်းမျှသာ ပူဇော်နိုင်ကြသည်။

ယဇ်ပူဇော်မှုကို ပြုသည့်အခါ ယဇ်ပူဇော်မှုအလိုက် ရွက်ဆိုရမည့် မန္တန်အမျိုးအစား၊ အသံထွက်ပုံထွက်နည်း၊ ဆောင်ရွက်ရမဲ့ ရှေ့နောက် အစီအစဉ်၊ အချိန်ကာလတို့မှစ၍ တစ်သဝေမတိမ်း မလွဲမှားရလေအောင် ယဇ်ကို ပူဇော်နိုင်မှ လိုအပ်သော အကျိုးကျေးဇူးကိုရပါသည်။ အကယ်၍ အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



လွှဲမှားသွားလျှင် အကျိုးမရသည်သာမက ဒုက္ခကိုပင်တွေ့နိုင်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ယဇ်ပူဇော်မှု အတတ်သည် အလွန်ပင် ရှုပ်ထွေးခက်ခဲ့သော အတတ်ပညာတစ်ရပ် ဖြစ်ခဲ့ပါသည်။

သို့ဖြစ်၍ ယဇ်ပူဇော်မှုအတတ်ကိုတတ်မြောက်နိုင်ရန် ဗြဟ္မဏတို့သည် အချိန်များစွာ၊ စဉ်းစားဉာဏ်များစွာကို အသုံးပြုခဲ့ကြရပါသည်။ ဗြဟ္မဏလူမျိုးတို့သည် မိမိတို့၏သက်တမ်းတစ်လျှောက်လုံးတွင် ယဇ်ပူဇော်မှုအတတ်ပညာတစ်ခုတည်းကိုသာလေ့လာသင်ယူရင်၊ လုပ်ကိုင်ဆောင်ရွက်ရင်း တန်ဖိုးကြီးလှသည့် အချိန်ကာလများကို ကုန်ဆုံးစေခဲ့သည်။

အရာရာတိုင်းကို ယဇ်ပူဇော်မှုဖြင့်သာ ဖြစ်ပေါ်စေနိုင်သည်ဟု ဗြဟ္မဏတို့ယုံကြည်ကြသည်။ နတ်များသည်ပင် ယဇ်ပူဇော်မှုကြောင့် ထင်ရှားကျော်ကြားလာရခြင်းဖြစ်သည်။ ယဇ်ပူဇော်မှုကို ကျမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်လျှင် လိုအပ်သောအကျိုးဟူသမျှကို မုချမသွေရနိုင်သည်။ ဤသည်မှာ ယဇ်ပူဇော်မှုနှင့် ပတ်သတ်၍ ဗြဟ္မဏခေတ်၏ယုံကြည်မှုပင်ဖြစ်ပါသည်။

ဝေဒခေတ်တွင် ယဇ်ပူဇော်မှုသည် ရိုးရိုးပင်ဖြစ်ခဲ့ပါသည်။ မုန့်များ၊ သောမရည်များ၊ ထောပတ်များနှင့် အခြားသက်မဲ့ပစ္စည်းများ ဖြစ်ကြပါသည်။ တိရိစ္ဆာန်များကို သတ်ဖြတ်၍ယဇ်ပူဇော်မှုများ မပေါ်ပေါက်ခဲ့သေးပေ။ သို့ရာတွင် ဗြဟ္မဏခေတ်၌မူ တိရစ္ဆာန်များကိုသတ်ဖြတ်၍ ယဇ်ပူဇော်မှုများ ပေါ်ပေါက်လာပေတော့သည်။ ပေါ်ပေါက်ရုံသာမက ခေတ်လည်းခေတ်စားလာပါသည်။ ယဇ်ပူဇော်ပွဲတစ်ခု၌ ရာပေါင်းများစွာသော တိရစ္ဆာန်များကို သတ်ဖြတ်၍ပူဇော်ကြကြောင်း ဗုဒ္ဓစာပေကျမ်းဂန်များ၌ ဖော်ပြကြပါသည်။ တိရစ္ဆာန်များကိုသတ်ဖြတ်၍ ယဇ်ပူဇော်သည့်အမှုကို ဗုဒ္ဓနှင့်သိကျွမ်းရင်းနှီးခဲ့သူ ကောသလ



မင်းကြီးကိုယ်ပြုလုပ်ခဲ့ကြောင်း သံယုတ္တနိကာယ်၊ ကောသလသံယုတ်၊ ယညသုတ်၌ ဤသို့တွေ့ရသည်။

"ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ကြီးစွာသော ယဇ်ပူဇော် ပသခြင်းကို ရှေ့ရှုစီရင်အပ်၏။ ဥသဘငါးရာတို့ကိုလည်းကောင်း၊ နွားထီးငယ်ငါးရာတို့ကိုလည်းကောင်း၊ နွားမငယ်ငါးရာတို့ကိုလည်းကောင်း၊ ဆိတ်ငါးရာတို့ကိုလည်းကောင်း၊ သိုးငါးရာတို့ကိုလည်းကောင်း ယဇ်ပူဇော်ပသခြင်းအလို့ငှါ ယဇ်တိုင်၌ ချည်ဖွဲ့ဆောင်ထားအပ်ကုန်၏။ ထိုမင်း၏ ကျွန်ယောက်ျား၊ ကျွန်မိန်းမ အစေအပါး အလုပ်သမားတို့သည်လည်း၊ ဒဏ်ဖြင့်ခြိမ်းခြောက်အပ်ကုန်သည်၊ ဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကုန်လျက် ယဇ်အမှုတို့ကိုပြုကုန်၏။"

ဤသည်တို့ကိုထောက်၍ ဗြဟ္မဏခေတ်၌ ယဇ်ပူဇော်မှုသည် တိုင်းပြည်ကို အုပ်ချုပ်သည့်မင်းများမှစ၍ အထက်တန်းလွှာ လူကုံထံတို့ဦးဆောင်ပြုလုပ်နေကြသည်ကိုသိသာနိုင်သည်။

ဗြဟ္မဏခေတ်တွင် ယဇ်ပူဇော်ကိုးကွယ်မှုသည် များစွာအရှိန်အဝါကြီးခဲ့သည်ကားမှန်၏။ သို့ရာတွင် အခြားသောဘာသာရေး ယုံကြည်မှုများသည်လည်း ယဇ်ပူဇော်ကိုးကွယ်မှုလောက် မထွန်းကားစေကာမူ ထိုခေတ်၌ ရှိကြပါသေးသည်။ ဘာသာရေး ယုံကြည်မှုများသာမက အတွေးအခေါ်ဂိုဏ်းများသည်လည်း ထိုခေတ်၌ ရှိကြပါသေးသည်။ သို့ဖြစ်၍ ဗြဟ္မဏခေတ်တွင် ယဇ်ပူဇော်ကိုးကွယ်မှုသာမက အခြား၊ အခြားသော နတ်ဒေဝများ၊ ယုံကြည်ကိုးကွယ်မှုများ၊ အယူသီးမှုများ၊ စွဲလမ်းမှုများလည်းပေါ်ပေါက်လာကြခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီယနိကာယ်၊ ဗြဟ္မဇာလသုတ်၌ ထိုခေတ် ဗြဟ္မဏလောကတွင် ထွန်းကားလျက်ရှိသော၊ ကိုးကွယ်မှုများ၊ ယုံကြည်မှုများ၊ အယူသီးမှုများ၊ ဓွဲလမ်းမှုများကို တစွန်းတစအနေဖြင့် ဖေါ်ပြထားကြောင်းတွေ့မြင်ရပါသည်။ နတ်များနှင့် ပတ်သတ်၍လည်း ဝေဒခေတ်၌မပေါ်ပေါက်သေးသော နတ်ပေါင်းများစွာကို မဟာသမယသုတ်၌ ဖေါ်ပြထားကြောင်း တွေ့မြင်ရပါသည်။

ဤသို့လျှင် ဗြဟ္မဏခေတ်၌ လူကုန်ထံတို့သည်ယဇ်ပူဇော်မှုကို ပြုလုပ်ကိုးကွယ်နေကြစဉ်သာမန်လူတန်းစားတို့သည် အသစ်အသစ်သော နတ်များကို ကိုးကွယ်မှု၊ အယူသီးမှု၊ ဓွဲလမ်းမှု၊ တွေးခေါ်မြော်မြင်မှုတို့ကို ပြုလုပ်လာကြပါသည်။ အမှန်အားဖြင့်ယဇ်ပူဇော်မှုသည်စရိတ်စကလည်း များပြားသည့်အပြင် ကရိကထလည်း အလွန်များပြားသည်။

ဥစ္စာဓနနည်းပါးကြသော သာမန်လူတန်းစားတို့သည် ဘာသာရေးထွက်ပေါက်အနေဖြင့် ဘာသာရေးထွက်ပေါက်အသစ်များကို တီထွင်ကြံဆကာ ကိုးကွယ်ယုံကြည်လာကြသည်မှာ အံ့သြစရာမဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် လူဟူသည် ဘာသာရေးကိုအသွင် တစ်မျိုးမျိုးဖြင့် မကိုးကွယ်ဘဲ မနေနိုင်သော ဗီဇဓာတ်ပါရှိသည့် သတ္တဝါတစ်မျိုး ဖြစ်သောကြောင့်ပင်ဖြစ်သည်။

## အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ် ကိုးကွယ်ယုံကြည်မှု

အာရညကခေတ် ဆိုသည်မှာ တောပျော်ခေတ်ဖြစ်သည်။ ဗြဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုကိုသာ ဦးစားပေးပါသည်။ ယဇ်ပူဇော်မှုဖြင့် အချိန်ကုန်လွန်ပြီး လူ့ဘဝ၏နေဝင်ချိန်သို့ ရောက်ကုန်သောသူတို့သည် တောအရပ်သို့ချဉ်းကပ်လာကြပါသည်။ တောအရပ်တွင် ယဇ်ကိုလည်း ပူဇော်ပါသည်။



သမထဘာဝနာကိုလည်း ပွါးများအားထုတ်သည်။ သမထဘာဝနာပွါးများမှုသည် တော၌ယဇ်ပူဇော်ရန် ပစ္စည်းဝတ္ထုနှင့် ငွေကြေးအင်အား နည်းပါးမှုကို အကြောင်းပြု၍ ပြတီကခေါ် ရည်ညွှန်းပူဇော်ရာမှရရှိသော နည်းသစ်ဖြစ်ပါသည်။ အသြမေခေါ် မြင်းယဇ်ကိုအမှန်အတိုင်း ပူဇော်လိုသော်လည်း မြင်းမရှိသဖြင့် အာကာသကို မြင်းအဖြစ် သဘောထား၍ ပူဇော်ရပါသည်။ ထိုအခါ မြင်းနှင့်အာကာသကို မတူတူအောင်စဉ်းစားလာရသည်။ အာကာသကို မြင်းခေါင်း၊ နေနှင့်လကို မြင်း၏မျက်လုံး၊ လေကို မြင်း၏အသက်၊ မြေကို မြင်း၏ ခန္ဓာကိုယ်စသည်ဖြင့် မြင်းနှင့်အာကာသကိုမတူ တူအောင်စဉ်းစားရာမှ ကသိုဏ်းပေါက်ပြီး သမာဓိအားကောင်းလာပါသည်။ သမာဓိသည် အပ္ပနာအဆင့်သို့ရောက်၍ ဈာန်အဘိညာဉ်အဖြစ်သို့ တိုးတက်လာပါသည်။

ဤသို့လျှင် အာရညကခေတ်၌ ဈာန်သမာပတ်များကိုရရှိပြီး ဗြဟ္မာသဘောကို သိခဲ့ကြပါသည်။ ထို့ကြောင့် အာရညကခေတ်သည် တောပျော်ရသေ့တို့၏ ဈာန်သမာပတ်ခေတ်ဖြစ်ပါသည်။ ဗြဟ္မာကိုတွေ့ရှိသော ခေတ်လည်းဖြစ်သည်။ အမှန်အားဖြင့် အရညကခေတ်သည် ယစ်ပူဇော်မှုမှ သမထဘာဝနာကို တွေ့ကြုံလာရသည့်ခေတ်ဖြစ်ပါသည်။

ဥပနိသျှဒ်ခေတ်တွင်မူ ထိုကဲ့သို့သော ယုံကြည်မှုမျိုး မရှိတော့ဘဲ လောကတွင် ဗြဟ္မာ သို့မဟုတ် အတ္တကိုသိသည့် အသိဉာဏ်သည်သာ အရာရာတိုင်းကို အဆုံးအဖြတ်ပေးသည်ဟု ယုံကြည်လာကြသည်။ ဥပနိသျှဒ်၏ အဓိပ္ပါယ်ရင်းမှာ "အနီးအပါး၌ ထိုင်ခြင်း" ဖြစ်ပါသည်။ အသိဉာဏ်ရလိုသူသည် ကလျာဏမိတ္တဖြစ်သည့်ဆရာသမား အနီးအပါး၌ ထိုင်နေရပါသည်။ ဆရာသမားအနီးအပါး၌ထိုင်နေရခြင်းသည်ပင် ဆရာသမားထံမှ

www.burmeseclassic.com

မြင့်မြတ် စင်ကြည်သောဉာဏ်အား၊ ကိုယ်အားများကို ခံယူနေခြင်း၊ သို့မဟုတ် ကူးလူးဆက်သွယ်နေခြင်း သို့မဟုတ် ဓာတ်ကူးနေခြင်းမည်ပါသည်။ ထိုနည်းဖြင့်လောက၏လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သတ်သည့် ဉာဏ်ပညာများကို ရရှိနိုင်သည်ဟု ယုံကြည်ကြသည်။

ဥပနိသျှဒ်ကျမ်းများ အလိုအရ ဆရာသမားမရှိဘဲ တရားစာအုပ်များကို မိမိဘာသာ ဖတ်ခြင်းအားဖြင့် နာကြားခြင်း အသိဉာဏ်ကို မရနိုင်ပါ။ ဥပနိသျှဒ်ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်အတိုင်း ဆရာသမား၏အနီး၌ထိုင်၍ တရားကိုနာကြားမှသာ ပထမအဆင့် နာကြားခြင်း အသိဉာဏ်ကို ရနိုင်ပါသည်။ နာကြားခြင်း အသိဉာဏ်အပေါ် ၌ စဉ်းစားရပါသည်။ သဘောပေါက်အောင်ကြိုးစဉ်ရပါသည်။ ထိုအခါမှ ဒုတိယအဆင့် စဉ်းစာခြင်း အသိဉာဏ်ကို ရပါသည်။ စဉ်းစာခြင်းအသိဉာဏ်ကိုလည်းတရားထိုင်ကြည့်ရပါသည်။ ထိုအခါမှ တတိယအဆင့် တရားထိုင်ခြင်းအသိဉာဏ်ကို ရပါသည်။ တရားထိုင်ခြင်း အသိဉာဏ်ကိုရသောအခါ ဗြဟ္မာကိုမြင်၍ အတ္တကိုသိသူ သို့မဟုတ် ဗြဟ္မာကိုသိသူ ဖြစ်သွားပြီး အသိဉာဏ်ကိစ္စပြီးဆုံးသွားပါတော့သည်။ ဤသည်မှာ ဥပနိသျှဒ်ခေတ်၏ ယူဆချက်များပင် ဖြစ်လေတော့သည်။





အခန်း(၄)

# ဘာသာရေး ထိုးထွင်းမှု၊ တူညီသော ရည်ရွယ်ချက်များ အဆင့်ဆင့် ပြောင်းလဲ ထိုးထွင်းလာပုံ

ဗုဒ္ဓမြတ်စွာပွင့်ပေါ်တော်မမူမီ အင်မတန်ရှေးကျသော အိန္ဒိယ၏ ရှေးဦးလူတို့သည် ခေတ်အဆက်ဆက် မိမိတို့၏ ယုံကြည်ရာရာ ဘာသာများကို ကိုးကွယ်လာခဲ့ကြ၏။ ထိုဘာသာများသည် ရှည်လျားလှသော အိန္ဒိယ၏ သမိုင်းရေစီးကြောင်းများကို ဖြတ်သန်း၍ မိဘဘိုးဘွား အစဉ်အဆက်တို့က ကိုးကွယ်လာခဲ့ကြသော ဘာသာများဖြစ်သည်။ ထိုဘာသာများမှာ ဝေဒခေတ် နတ်ကိုးကွယ်မှု၊ ဗြဟ္မဏခေတ် ဗြဟ္မာကိုးကွယ်မှု၊ အာရညကခေတ် တောတောင်အနီးအနားချဉ်းကပ်၍ သမထဘာဝနာပွါးများ အားထုတ်မှု၊ ဥပနိသျှဒ်ခေတ် ဆရာသမား အနီးအပါးချဉ်းကပ်၍ သမထဘာဝနာပွါးများ အားထုတ်မှု တို့ပင်ဖြစ်ပါသည်။

ထိုဝေဒခေတ်၊ ဗြဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှခေတ် ဟူသည့် အဆက်ဆက်သော ခေတ်တို့၏ကိုးကွယ်မှု ရည်ရွယ်ချက်မှာ တစ်ခုတည်းပင်ဖြစ်သည်။ ယင်းတစ်ခုတည်းသော ရည်ရွယ်ချက်မှာ အဆုံးစွန်သော

www.burmeseclassic.com



အကျိုးတရားကိုရရှိရေးဖြစ်သည်။ အဆုံးစွန်သော အကျိုးတရားကို ရရှိရေး ဆိုသည်မှာ နတ်ကိုသိမှုဖြစ်သည်။ **“ဆေဒ”** ဟူသော ဝေါဟာရသည် သိခြင်း အနက်ရှိသော **“ဝဒ်”** ဓာတ်မှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်ပါသည်။ ဝေဒခေတ်တွင် မန္တန်များကို ရွက်ဖတ်ပူဇော်ခြင်းအားဖြင့် နတ်များနှင့် ရင်းနှီး ကာ နတ်များကိုသိလာရသည်။ နတ်များကို သိလာရသော်လည်း အဆုံးစွန် သော အကျိုးတရားများကို မရရှိကြပါချေ။

သို့ဖြစ်၍ ဝေဒများ၏ မန္တန်များကိုရွက်ဖတ်ကာ လွယ်ကူသော ပူဇော် နည်းများဖြင့် ပူဇော်ခြင်းသည် သူတို့၏လိုအင်ဆန္ဒဖြစ်သော အဆုံးစွန်သော အရာကို သူတို့မျှော်မှန်းကြသလို ရရှိမလာကြပေ။ ထိုအခါ မိမိတို့ ကိုးကွယ် ယုံကြည်နေသော ဘာသာတရားအပေါ် အားမလိုအားမရ ဖြစ်လာသည်။ မကျေမနပ် ဖြစ်လာသည်။ ထိုမကျေနပ်ချက်အပေါ်အခြေခံ၍ တစ်ဆင့် တက်ကာ ဘာသာတရားတို့ကို ချဲ့ထွင်၍ ကိုးကွယ်လာခဲ့ကြ ပြန်သည်။

နတ်ဒေဝတာများကို ကိုးကွယ်၍ မိမိတို့ ရည်မှန်းထားသော အဆုံးစွန်သော အကျိုးတရားကို မရသောအခါ ရှေးဦးလူတို့သည် ထိုမှ တစ်ဆင့်တက်ကာ ဗြဟ္မာကို ကိုးကွယ်လာကြပြန်၏။ ထိုဗြဟ္မာကို ကိုးကွယ် သောခေတ်၊ ဗြဟ္မဏခေတ်သည်လည်း အိန္ဒိယ၏သမိုင်းရင်ပြင်မှာ နှစ်ပေါင်း ရာထောင်ချီ၍ ရှည်လျားလှသော မြစ်ရေစီးကြောင်းတစ်ခုပမာ စီးဆင်းဖြတ် သန်းသွားခဲ့လေသည်။

ဝေဒခေတ်တွင် ယဇ်ပူဇော်မှုများရှိခဲ့ပါသည်။ သို့သော် ဗြဟ္မဏခေတ် လောက် ခမ်းနားကြီးကျယ်မှုမရှိခဲ့ပါ။ ဗြဟ္မဏခေတ်တွင်မူ ကြီးကျယ်ခမ်းနား သော ယဇ်ပူဇော်ပွဲသဘင်ကို အကြီးအကျယ်ဆုံးဖြစ်အောင် ကျင်းပပူဇော် ခဲ့ ကြ၏။ သို့သော် ဗြဟ္မဏခေတ်လူတို့သည် သူတို့မျှော်မှန်းထားသော အဆုံး



စွန်သော အကျိုးတရားကိုမူ မျှော်မှန်းသလိုမရရှိကြပါချေ။ ထိုအခါ လူတို့သည် ဗြဟ္မဏတို့၏ယဇ်ပူဇော်မှုကို သံသယဖြစ်လာကြသည်။ မကျေမနပ် ဖြစ်လာ ကြသည်။ ထိုကဲ့သို့ သံသယဖြစ်မှု၊ မကျေနပ်မှုတို့ကြောင့် ထိုမှတဆင့် တက်ကာ အဆုံးစွန်သော အကျိုးတရားကိုရရန် ဘာသာအသစ် တစ်မျိုးမျိုး ကို ချဲ့ထွင်ကိုးကွယ်ကြပြန်သည်။

ဤသို့အားဖြင့် အာရညကနှင့် ဥပနိသျှဒ်ခေတ်ဆီသို့ ကူးပြောင်း ကာ ကိုးကွယ်ကြပြန်၏။ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့မှာ အနှစ် သာရအားဖြင့် တရားဘာဝနာ ပွါးများအားထုတ်သော ခေတ်ပင်ဖြစ်၏။ တစ် နည်းအားဖြင့် တောပျော်ခေတ်ပင်ဖြစ်သည်။ သို့သော် အာရညကခေတ် ယုံကြည်မှုများမှာ ကျင့်ဝတ်ဖြည့်မှု အပိုင်းနှင့်ပိုမိုသက်ဆိုင်ပြီး ဥပနိသျှဒ်ခေတ် ယုံကြည်မှုမှာ အတ္တကို ရှာဖွေမှုအပိုင်းနှင့် ပိုမိုသက်ဆိုင်ပါသည်။ ထို့ကြောင့် အာရညကခေတ် ယုံကြည်မှုများမှာ ဥပနိသျှဒ်ခေတ်ယုံကြည်မှု၏ အရှေ့ဦး ဖြစ်ပြီး တစ်ဖန် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည်ဝေဒနှင့် ဗြဟ္မဏခေတ် ယုံကြည်မှုတို့၏ နိဂုံးဖြစ်ပါသည်။

အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့တွင် သစ်တစ်ပင်ရိပ်၊ ဝါးတစ် ပင်ရိပ်အောက်၊ မြစ်ကမ်းပါးတို့၌ သင်္ခမ်းကျောင်းဆောက်ကာ တရားဘာဝနာ များကို မိမိစိတ်တိုင်းကျ ပွါးများအားထုတ်နိုင်ပါသည်။ ဗြဟ္မဏခေတ်၌ကဲ့သို့ ငွေကုန်ကြေးကျခံပြီး ဗြဟ္မာကိုယဇ်ပူဇော်ရန်မလိုတော့။ သို့ဖြစ်၍ ဗြဟ္မဏ ခေတ်နှင့် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ဗြဟ္မဏခေတ် ယုံကြည်မှုထက် ပို၍လွတ်လပ်သည်။ ပို၍လွယ်ကူသည်။ ထို့ကြောင့် ဗြဟ္မဏခေတ် ယုံကြည် မှုသည် ပို၍ပို၍မှေးမှိန်လာစဉ် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ပို၍ပို၍ထွန်းပ လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးအမြင်အရ ဗြဟ္မဏခေတ်၌ အထွက်အထိပ်ထား၍ သတ်မှတ်ခဲ့သည့်"သုခ"အမည်များသည် ဥပနိသျှဒ်ခေတ်၌ "ဒုက္ခ"အမည်များဖြစ်လာကြသည်။ ဗြဟ္မဏခေတ်၌ မမြင်ခဲ့သည့် မသေမှု (အမတ) တရားကိုဥပနိသျှဒ်ခေတ်၌ မြင်လာကြသည်။ သို့ဖြစ်၍ ယုံကြည်မှု အဆင့်အတန်းအရ ဥပနိသျှဒ်ခေတ်သည် ဗြဟ္မဏခေတ်ထက် များစွာပိုမို မြင့်မားခဲ့သည်။ ထိုအပြင် လူတန်းစားအမြင် အရလည်း ဗြဟ္မဏခေတ်၌ ဗြဟ္မဏတို့သာ ယဇ်ပူဇော်မှုကို ဆောင်ရွက်နိုင်ခွင့် ရှိခဲ့ပါသည်။ ဥပနိသျှဒ်ခေတ်၌မူ မင်းများနှင့် ကုန်သွယ်လယ်လုပ်သမားများပင် တောရိပ်မှီခို၍ တရားဘာဝနာများ ပွါးများအားထုတ်နိုင်ကြသည်။ ထိုကြောင့် လူတန်းစားအမြင်အရလည်း ဥပနိသျှဒ်ခေတ်သည် ဗြဟ္မဏခေတ်ထက် ပို၍တရားမျှတမှု ရှိလာသည်။ ပိုမိုတိုးတက်လာသည်။

ဥပနိသျှဒ်ခေတ်တွင် အတ္တ သို့မဟုတ် ဗြဟ္မာကို ရှာဖွေကြသည်။ အတ္တ သို့မဟုတ် ဗြဟ္မာကိုတွေ့မြင်လျှင် မသေမှု (အမတ) ကို ရရှိသည်ဟု ဆိုပါသည်။ သို့ရာတွင် တကယ်လက်တွေ့၌ကား မသေမှု (အမတ) ကို မရရှိဘဲ ရရှိသည်ဟု အထင်မှားခြင်းသာဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ်၌ အမြင့်ဆုံး ရရှိနိုင်သည့်တရားမှာ မသေမှု ( အမတ) မဟုတ်ဘဲ လောကီဈာန် သမာပတ်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဥပနိသျှဒ်ခေတ်လာ တရားဘာဝနာ အားထုတ်မှုကို အယုံအကြည်နည်းပါးစ ပြုလာသည်။ မသေမှု (အမတ) အစစ်အမှန်ကို လိုလားရှာဖွေသူများသည် ဥပနိသျှဒ်ခေတ်လာ တရားဘာဝနာ အားထုတ်နည်းများမှတစ်ပါး အခြားသော တရားဘာဝနာအားထုတ်နည်းများကို ကြံစည်ကြိုးစားလာကြပါသည်။ ဤသို့ ကြံစည်ကြိုးစားလာကြသောအခါ



တရားဘာဝနာအားထုတ်နည်းသစ်တစ်မျိုးကို တွေ့မြင်သိရှိ လာကြပါသည်။ ထိုနည်းသစ်မှာ "**တပ**"ခေါ် ပြင်းထန်သော ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်ပါသည်။

## မဇ္ဈိမဒေသ

ဗုဒ္ဓမပွင့်မီ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်လောက်က ဤလောက၌ ဗုဒ္ဓပွင့်တော့မည်ဟူသော ဗုဒ္ဓကောလာဟလဖြစ်ပေါ်ခဲ့၏။ လောကဗျူဟာနတ်များက လူ့လောကအတွင်းဆင်း၍ ကြွေးကြော်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လောကဗျူဟာနတ်များက လူ့လောကအတွင်းသို့ဆင်း၍ ဗုဒ္ဓပွင့်တော့မည်ဟူသော ကြွေးကြော်သောအသံသည် လူ့လောကအတွင်း ပျံ့နှံ့လျက်ရှိနေလေသည်။ အထူးသဖြင့် မဇ္ဈိမဒေသတွင် ပို၍ပင် ပျံ့နှံ့လျက် တည်ရှိနေလေတော့သည်။

ထိုကဲ့သို့ လောကဗျူဟာနတ်များက လောကအတွင်းသို့ဆင်း၍ ကြွေးကြော်ကြသောအသံကို အချို့သောလူတို့က ကြားသိကြရသောအခါ ဒီနေ့နက်ဖန်ပင် ဗုဒ္ဓပွင့်တော့မည်ဟုထင်ကြ၏။ ထိုအထင်ကြောင့်ပင် အချို့အချို့သော ပုဂ္ဂိုလ်တို့သည် ဘုရားပွင့်လာပါက ဘုရားဖူး တရားနာရန်အတွက် တောတောင်အနီးအနား၊ လိုဏ်ဂူ၊ သိမ်ကျောင်း၊ သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်ရိပ်တို့သို့ ချည်းကပ်၍လည်းကောင်း၊ မြစ်ချောင်း၊ သမုဒ္ဒရာ အနီးအနား၌ သိမ်ကျောင်းများ ဆောက်၍လည်းကောင်း၊ သမထဘာဝနာ တရားများကို ပွါးများကျင့်ကြံ အားထုတ်၍နေကြသော ရသေ့၊ ရဟန်း၊ ပရိဗိုဇ်၊ ဆာဓု၊ ယောဂီသူတော်စင်ပုဂ္ဂိုလ်များသည် မဇ္ဈိမဒေသတစ်ဝှန်းလုံး၌ အထူးပင်များပြားလျက်ရှိသော ခေတ်တစ်ခေတ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်၌ လူတို့၏ အသိဉာဏ်သည် အထူးဖွံ့ဖြိုးတိုးတက် မြင့်မားလာသော ခေတ်လည်းဖြစ်၏။ ပြောတိုင်းမယုံကြတော့ပေ။ အမှားနှင့်အမှန်ကိုလည်းကောင်း၊ အဆိုးနှင့်အကောင်းကိုလည်းကောင်း၊ အကျိုးနှင့်အကြောင်းကိုလည်းကောင်း၊ ဟုတ်၏ မဟုတ်၏၊ မှန်၏ မမှန်၏၊ အကြောင်းအကျိုး သင့် မသင့်တို့ကို သူတို့၏ကိုယ်ပိုင်အသိဉာဏ်နှင့်သူတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်ကြသောခေတ်ဖြစ်သည်။ သူများပြောတိုင်း ဇွတ်မှိတ်၍ မယုံကြည်တော့။ လူတို့၏အသိဉာဏ်များ အထူးမြင့်မား နေကြလေပြီ။

သမိုင်းသုတေသီများက ထိုခေတ်လူတို့၏ အသိဉာဏ်ကို "ကလေး၏ အသိဉာဏ်က လူကြီး၏အသိဉာဏ်သို့ ကူးပြောင်းသောခေတ်"ဟု ဆိုကြပါသည်။ ကလေး၏ အသိဉာဏ်နှင့် လူကြီး၏ အသိဉာဏ်သည် အစစ အရာရာ ကွာခြားလှသည်။ လူကြီး၏ အသိဉာဏ်သည် အဆိုးအကောင်း၊ အကျိုးအကြောင်းကိုလည်းကောင်း၊ အမှား အမှန်ကိုလည်းကောင်း၊ ဟုတ်၏ မဟုတ်၏ကိုလည်ကောင်း ကလေးထက် ဘဝအတွေ့အကြုံအရ ပိုမိုဝေဖန်ပိုင်းခြား၍ ခွဲခြားသိနိုင်စွမ်းရှိသည်။ ကလေး၏ အသိဉာဏ်သည် နုနယ်လှသေးသည်။ လူကြီး၏ အသိဉာဏ်ကဲ့သို့ ဝေဘန်ပိုင်းခြားနိုင်စွမ်း မရှိနိုင်သေးပေ။ ထို့ကြောင့် ခေတ်အဆက်ဆက်တို့ကို ဖြတ်သန်းလာခဲ့ကြရာ၌ အသိဉာဏ်အားနည်းမှုကြောင့် အဆိုးအကောင်း အကျိုးအကြောင်း ကိုခွဲခြား၍ မသိနိုင်ခဲ့ကြပေ။ ပြောသလိုသာ ယုံကြည်လက်ခံလာကြသည်။ ကိုယ်ပိုင် အသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားမှု မပြုလုပ်နိုင်ခဲ့ကြပေ။ ထို့ကြောင့် ထိုခေတ်၌ လူတို့၏အသိဉာဏ်သည် ကလေး၏အသိဉာဏ်က လူကြီး၏အသိဉာဏ်သို့ ကူးပြောင်းသောခေတ်ဟု သမိုင်းသုတေသီတို့က ဆိုခဲ့ကြခြင်းဖြစ်သည်။



ထိုခေတ်၌ လူတို့၏ အသိဉာဏ်သည် အဖွံ့ဖြိုးဆုံးနှင့် အမြင့်ဆုံး အချိန်သို့ ရောက်နေလေပြီ။ အရာရာတိုင်းကို (သူများပြောတိုင်းကို မယုံကြည်ဘဲ) သူတို့၏ ကိုယ်ပိုင် အသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်လေသည်။ လူတို့၏ အသိဉာဏ်သည် အမြင့်မားဆုံးသော အခြေအနေသို့ ရောက်ရှိနေလေသည်။

ထိုခေတ် ထိုအခါက မဇ္ဈိမဒေသတွင် အတွေးအခေါ် အယူအဆနှင့် ပတ်သတ်၍ ဒဿနပညာရှင်ပေါင်းများစွာတို့ ပေါ်ထွက်လာသော ခေတ်အခါလည်း ဖြစ်ပေသည်။ ထိုဒဿနပညာရှင်ပေါင်း များစွာတို့သည် မိမိတို့၏ မျက်မှောက်၌ တွေ့မြင်သိရှိနေကြရသည့် လောကအကြောင်းကိုလည်း တွေးခေါ်ကြ၏။ အတ္တအကြောင်းကိုလည်း တွေးခေါ်ကြ၏။ သူသူ ငါငါ သတ္တဝါအကြောင်းကိုလည်း တွေးခေါ်ကြ၏။ မိမိတို့ ရရှိပိုင်ဆိုင်ထားသော ခန္ဓာကိုအကြောင်းကိုလည်း တွေးခေါ်ကြ၏။ အမှန်အားဖြင့် လောက၊ အသက်၊ ခန္ဓာကိုယ်၊ သတ္တဝါ၊ သေခြင်း ဤတရားများသည် အမှန်ပင် တွေ့ကြုံနေရသော တရားများဖြစ်ကြသည်။ ထို့ကြောင့် ထိုခေတ် ဒဿနပညာရှင်များသည် အဆိုပါတရားများနှင့် ပတ်သတ်၍ တွေးခေါ်ကြခြင်းဖြစ်သည်။

ထိုခေတ်၌ အတွေးအခေါ် ဒဿနပညာရှင်များ တွေးခေါ်ခဲ့ကြသော ထိုတွေးခေါ်ချက် အချို့ကို ဒဿနပညာရှင်များ အချင်းချင်း အပြန်အလှန် မေးခွန်းထုတ်ကာ မေးခွန်းပေါင်းများစွာတို့ကို မေးမြန်းခဲ့ကြ၏။ ယင်းတို့မှာ–

**(က) ကာလနှင့် ပတ်သတ်၍**

(၁) လောကသည် အမြဲ ရှိနေသလား၊

(၂) အမြဲ မရှိဘဲ တစ်နေ့နေ့တွင် ပျက်စီးသွားမှာလား၊

(၃) အချို့သည်အမြဲရှိ၍ အချို့သည် ပျက်စီးသွားမှာလား၊

(၄) မြဲသည်ဟူ၍လည်းကောင်း၊ ပျက်သွားသည် ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



**(ခ) အေသနှင့်ပတ်သတ်၍**

(၁) လောကသည် အဆုံးအပိုင်းခြားရှိသလား၊

(၂) အဆုံးအပိုင်းခြား မဲ့လား၊

(၃) အချို့ အဆုံးအပိုင်းခြားရှိ၍ အချို့အဆုံးအပိုင်းခြားမဲ့လား၊

(၄) အဆုံးအပိုင်းအခြား ရှိဟူ၍လည်းကောင်း၊ မဲ့ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

**(ဂ) သေခြင်းနှင့် ပတ်သတ်၍**

(၁) သတ္တဝါသည် သေပြီးနောက် ရှိသေးသလား၊

(၂) သတ္တဝါသည် သေပြီးနောက် ပြတ်သွားပြီလား၊

(၃) အချို့သည် သေပြီးနောက် ရှိသေး၍ အချို့သည် သေပြီးနောက် ပြတ်သွားပြီလား၊

(၄) ရှိသေးသည် ဟူ၍လည်းကောင်း၊ ပြတ်သွားသည်ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလာ။

**(ဃ) ခန္ဓာကိုယ်နှင့် ပတ်သတ်၍**

(၁) အသက်ဇီဝသည် ခန္ဓာကိုယ် ဖြစ်သလား၊

(၂) အသက်ဇီဝသည် ခန္ဓာကိုယ်မှ တခြားလား။

ဤမေးခွန်း (၁၄) ခုသည် အလွန်ခေတ်စားသော မေးခွန်းများ ဖြစ်ခဲ့ကြသည်။ ထိုခေတ် ထိုအခါက ဒဿနပညာရှင်ပေါင်းစွာတို့သည် အချင်းချင်း မေးမြန်း၊ မေးခွန်းထုက်ခဲ့ကြသော မေးခွန်းများလည်း ဖြစ်ခဲ့ကြသည်။ ထိုမေးခွန်းများတို့သည် မြတ်စွာဘုရား လက်ထက်တော်ထိ တိုင်အောင်ပင် ခေတ်စားလာသော မေးခွန်များလည်းဖြစ်သည်။ ထိုမေးခွန်းများကို မြတ်စွာဘုရားအားလည်း မေးမြန်းခဲ့ကြသည်။ သို့ရာတွင် မြတ်စွာဘုရားက ထိုမေးခွန်း



(၁၄) ခုကို ဖြေကြားခြင်းမပြုခဲ့ပါ။ ဖြေကြားခြင်း မပြုခဲ့ခြင်းမှာလည်း "ယုံ၏ ဦးချိုသည် ရှည်သလော၊ တိုသလော" ဟူသော မေးခွန်းမျိုးကဲ့သို့ ဖြေရန်မလို အပ်သောကြောင့်ပင်ဖြစ်ပါသည်။ ထိုခေတ် ဒဿနပညာရှင်များကို အုပ်စုခွဲပါက လေးမျိုး လေးစားတွေ့ရသည်။ ယင်းတို့မှာ–

(၁) အရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၂) မရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၃) ရှိ၊ မရှိ နှစ်မျိုးလုံး တစ်ပေါင်းတည်းပြု၍ စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၄) ရှိ၊ မရှိ နှစ်မျိုးလုံး တစ်ပေါင်းတည်း ပြုထားသည်ကို ငြင်းပယ်သည့် ဒဿနဂိုဏ်းတို့ပင် ဖြစ်သည်။

ထိုဒဿနဂိုဏ်း လေးဂိုဏ်းတို့အနက် "အရှိဝါဒ" ကိုစွဲကိုင်သော ဂိုဏ်းမှာ သချိဒဿနဂိုဏ်းဖြစ်ပါသည်။ အာဠာရရသေ့နှင့်ဥဒကရသေ့တို့သည် သချိဒဿနဝါဒီများ ဖြစ်ကြသည်ဟုဆိုကြပါသည်။ ထိုဂိုဏ်းသည် များစွာရှေးကျသော ဂိုဏ်းတစ်ဂိုဏ်းလည်းဖြစ်သည်။

"မရှိဝါဒ" ကို စွဲကိုင်သောဂိုဏ်းမှာ အဇိတကေသကမ္ဗလဂိုဏ်း ဖြစ်ပါသည်။ ထိုဂိုဏ်းသည် ရုပ်ဝါဒီတို့၏ ရှေ့ဆောင်ဂိုဏ်းလည်းဖြစ်သည်။

"အရှိဝါဒ" နှင့် "မရှိဝါဒ" နှစ်မျိုးလုံးကို တစ်ပေါင်းတည်းပြု၍ စွဲကိုင်သော ဂိုဏ်းမှာ နိဂဏ္ဌနာဋပုတ္တဂိုဏ်းဖြစ်ပါသည်။ ရှိ၊ မရှိ နှစ်မျိုးလုံး တပေါင်းတည်း ပြုထားသည်ကို ငြင်းပယ်သည့် ဒဿနဂိုဏ်မှာ သဉ္စယဗေလဋ္ဌပုတ္တဂိုဏ်း ဖြစ်ပါသည်။ ထိုဂိုဏ်းကို သံသယဝါဒ ဟူ၍လည်းခေါ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီ ဒဿနပညာရှင်များ၏ ဝါဒများကို အုပ်စုခွဲလိုက်လျှင် အထက်ဖော်ပြပါအတိုင်း အမျိုးအစားလေးမျိုးသာရှိပြီး မည်သည့်တွေးခေါ်ရှင်၏ ဝါဒမဆိုထိုလေးမျိုးတို့တွင်တစ်ခုခု၌ ပါဝင်နေမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ငြင်းခုံရခြင်း အကြောင်းရင်း

ဗုဒ္ဓက လောကတွင် အယူဝါဒများနှင့် ပတ်သတ်၍ ငြင်းခုံမှု မှန်သမျှသည် "အရှိ"နှင့် "မရှိ"ကို အခြေတည်၍ ငြင်းခုံခြင်းဖြစ်ကြောင်း၊ "အရှိ" ဟူသည် သဿတဝါဒဆိုင်ရာ အစွန်းတစ်စွန်းဖြစ်၍ "မရှိ"ဟူသည် ဥစ္ဆေဒဝါဒဆိုင်ရာ အစွန်းတစ်စွန်းပင်ဖြစ်ကြောင်း၊ သမ္မာဒိဋ္ဌိဖြင့် ထိုအစွန်း နှစ်စွန်းကို ပယ်သတ်ရမည်ဖြစ်ကြောင်း၊ မဇ္ဈိမပဋိပဒါဟူသည် ထိုအစွန်းနှစ်စွန်းကို ပယ်သတ်ခြင်းပင် ဖြစ်ကြောင်းဖြင့် ကစ္စာယနဂေါတ္တပရိဗိုဇ်အား ဟောကြားတော်မူထားသည်ကို တွေ့ရှိရသည်။





# အခန်း(၅)

## ဗုဒ္ဓနှင့်ခေတ်ပြိုင် တိတ္ထိကြီးများ

သမိုင်းဦး မတိုင်မီကာလက လူတို့သည် ဘေးကိုကြောက်ရွံ့ ထိတ်လန့်ကြ သောကြောင့် ကိုးကွယ်မှု စတင်လာခဲ့ကြသည်။ ထိုသို့ကိုးကွယ်မှု စတင်လာခဲ့ရာ၌ လူတို့သည် တောတောင်တို့ကိုလည်းကောင်း၊ နေရာ အရံတို့ကိုလည်းကောင်း၊ တောစိုးသစ်ပင်ကြီးများကိုလည်းကောင်း မြစ်ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာများကိုလည်းကောင်း ဘေးမှလွတ်ရန် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ ဤသည်မှာ သမိုင်းမတိုင်မီမှသည် ယနေ့ခေတ် တိုင်အောင်ပင် အစဉ်အဆက်ရှိခဲ့ပြီး၊ ရှိနေဆဲဖြစ်သည်။

လူတို့သည် ဘေးကိုကြောက်ရွံ့ကြသောကြောင့် ထိုဘေးအန္တရာယ်များမှ လွတ်မြောက်ရန်အတွက် ရေနစ်သူသည် ဆွဲမိဆွဲရာကို ဆွဲကိုင်တတ် သကဲ့သို့၊ တွေ့ရာကြုံရာ၊ နီးနွယ်ပတ်သတ်ရာကို၊ ကောင်းလိမ့်နိုးနိုး အားကိုးဖြော်လင့်လျက် ကိုးကွယ်လာခဲ့ကြသည်။ ထိုသို့ ကိုးကွယ်လာခဲ့မှုတို့သည် သမိုင်းဦး မတိုင်မီခေတ်မှသည် ဝေဒခေတ်၊ ဗြဟ္မဏခေတ်၊ အာရဉ္ဉကခေတ်၊ ဥပနိ

www.burmeseclassic.com

www.burmeseclassic.com



သျှဒ်ခေတ်ဟူသည့် ရှည်လျားလှသည့် သမိုင်းရင်ပြင်ကို ခေတ်အဆက်ဆက် ဖြတ်သန်းစီးဆင်း ကျော်လွှား လာခဲ့ကြသည်။ ရှည်လျားလှသည့် မြစ်ရေစီးကြောင်းတစ်ခုပမာ နှစ်ပေါင်းရာထောင်ချီအောင် ကြာညောင်းစီးဆင်းနေခဲ့လေသည်။

ထိုကဲ့သို့ ခေတ်အဆက်ဆက် သမိုင်းရင်ပြင်ကို စီးဆင်းဖြတ်သန်းခဲ့သော ခေတ်တို့၌ အမျိုးမျိုးအထွေထွေသော ဝါဒပေါင်းများစွာတို့သည်လည်း မြစ်ရေစီးကြောင်းတစ်ခုပမာ ရှည်လျားလှစွာရှိနေခဲ့သည်။ ထိုအမျိုးမျိုး အထွေထွေသော ဝါဒများကိုအုပ်စုခွဲပါက (၄)မျိုးသာရှိကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။

အရှိဝါဒကို စွဲကိုင်သည့် ဂိုဏ်း၏ အယူဝါဒမှာ "အတ္တ ရှိသည်"ဟူ၍ ဖြစ်သည်။ မရှိဝါဒကို စွဲကိုင်သည့် ဂိုဏ်း၏ အယူဝါဒမှာ "အတ္တ မရှိ"ဟူ၍ ဖြစ်သည်။ ရှိ, မရှိ နှစ်မျိုးလုံးကို တပေါင်းတည်းပြု၍ စွဲကိုင်သည့် ဂိုဏ်း၏ အယူဝါဒမှာ "အတ္တ ရှိသည်လည်းဟုတ်သည်၊ မရှိသည်လည်း ဟုတ်သည်"ဟူ၍ ဖြစ်သည်။ ရှိ, မရှိနှစ်မျိုးစလုံးကို တစ်ပေါင်းတည်းပြုထားသည်ကိုငြင်းပယ်သည့် ဂိုဏ်းသားတို့၏ အယူဝါဒမှာ "အတ္တ ရှိသည်ဟူ၍လည်း မဆိုအပ်၊ မရှိဟူ၍လည်း မဆိုအပ်" ဟူသည်တို့ပင် ဖြစ်ပါသည်။ ထိုအယူဝါဒလေးရပ်ကို အကျယ်ချဲ့လိုက်လျှင် ၆၂–ပါးသော အယူဝါဒများ ဖြစ်လာကြောင်း ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ ဤသို့ဟောထားသည်ကို တွေ့ရသည်။

## ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဝါဒ

**၁။ ပုဗ္ဗန္တ ကပ္ပိက (ပုဗ္ဗန္တာနု ဒိဋ္ဌိ) ဝါဒ ၁၈ မျိုး။**

[ပုဗ္ဗ + အန္တ = ရှေးအတိတ်က ဖြစ်ခဲ့သော တရားစု (အကြောင်းအရာ)ကို+ ကပ္ပိက = ကြံစည်စဉ်းစားသူ တို့၏ + ဝါဒ = အပြောအဆို အယူအဆ။]



**၁—က။ သဿတဝါဒ ၄ မျိုး။**

(က) ဘဝပေါင်းများစွာကို ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ခ) ဆယ်ကမ္ဘာအထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဂ) ကမ္ဘာလေးဆယ်အထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဃ) ကိုယ်တိုင်မသိ၊ တွေးတောကြံဆ၍ အတ္တသည် မြဲ၏။ (တက္ကီပုဂ္ဂိုလ်)

[ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာဖြစ်ရာဝယ် ခန္ဓာအိမ်သာ တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲရ၏။ အတ္တ (ငါ) ကား မပြောင်းလဲ။ ခန္ဓာအိမ်၌ မပျက်မစဲ အမြဲတည်သောအတ္တသည် ကေန်ရှိ၏။ ဤသို့ ယူဆသူများဖြစ်သည်။]

**၁—ခ။ ဧကစ္စသဿတဝါဒ ၄— မျိုး**

(က) လောကဖန်ဆင်းသော ဗြဟ္မာကြီးသည်မြဲ၏။ မိမိတို့ကား မမြဲ။

[ဣဿရနိမ္မာနဝါဒ = ဖန်ဆင်းရှင်ဝါဒ]

(ခ) အပျော်အပါးများသော နတ်တို့သည် မမြဲ။ အပျော်အပါး မများသော နတ်တို့သည် မြဲ၏။

(ဂ) ဒေါသကြီးသော နတ်တို့သည် မမြဲ။ ဒေါသ မကြီးသော နတ်တို့သည် မြဲ၏။

(ဃ) ရုပ်သည် မမြဲ၊ စိတ်သည် မြဲ၏။

[သူကား လွန်လေပြီးသော အတိတ် ဘဝကို မမြင်။ ပစ္စုပ္ပန် ဘဝပေါ်တွင် အချို့မြဲ၍ အချို့မမြဲဟု စဉ်းစားသူ ဖြစ်သည်။ ]

**၁—ဂ။ အန္တာနန္တဝါဒ ၄ မျိုး**

(က) လောကကြီး အဆုံးရှိ၏။

(ခ) လောကကြီး အဆုံး မရှိ။

(ဂ) လောကကြီး အဆုံးလည်းရှိ၊ အဆုံးလည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) လောကကြီး အဆုံးလည်းမဟုတ်၊ အဆုံး မရှိလည်းမဟုတ်။
[ မိမိတို့၏ ပထဝီကသိုဏ်း အားလျော်စွာ ထင်မြင်ယူဆချက်များဖြစ်၏။ ]

**၁-ဃ။ အမရာဝိက္ခေပဝါဒ ၄ မျိုး**

(က) မုသားကြောက်၍ စကားကို ဖယ်ရှားတိမ်းရှောင်၏။
(ခ) စွဲလမ်းမှုဥပါဒါန်ကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။
(ဂ) ပညာရှိများ စစ်ဆေးမည်ကိုကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။
(ဃ) ညံ့ဖျင်း, ထုံအခြင်းကြောင့် ဖယ်ရှားတိမ်းရှာင်၏။

[ အမရာဝိက္ခေပ လေးမျိုးလုံး၌ သူတစ်ပါးကမေးသည်ကိုမသိ၍ ရှောင်လွှဲနေရခြင်းသာဖြစ်၍ ဘယ်နည်းဖြင့် မိစ္ဆာအယူ ဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိ၏။ ရှောင်လွှဲနေရုံမျှဖြင့် မိစ္ဆာအယူ မဖြစ်ချေ။ "ငါမှာ မုသားဖြစ်လိမ့်မည်။ ငါမှာ ဥပါဒါန်ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်" ဟု ငါဟူသော အတ္တစွဲရှိ၏။ ထိုသို့ အတ္တစွဲအရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ်သုံးမျိုးကို မိစ္ဆာဒိဋ္ဌိအယူရှိသူဟု ဆိုရမည်။ စတုတ္ထပုဂ္ဂိုလ်ကား မောဟကြီးသဖြင့် ကုသိုလ် အကုသိုလ်မှန်း လုံးဝမသိ။ ထိုသို့ မသိသည်ကို မသိရိုးရိုး မနေဘဲ ရှောင်လွှဲ၍ ဖြေဆိုမှုကိုပင် အကောင်းဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုးဖြစ်၏။ ထို အယူကိုပင် မှားသောအယူ (မိစ္ဆာဒိဋ္ဌိ) တစ်မျိုးဟု ဆိုရမည်။ ]

**၁-င။ အဓိစ္စသမုပ္ပန္န ၂ မျိုး**

(က) အသညသတ်ဘုံမှ စုတေခဲ့သူ၏ အယူဝါဒ။

[သညာ(ဝါ) စိတ်မရှိသော သတ္တဝါတို့နေရာဘုံမှ ရောက်လာသူဖြစ်သည်။ သူသည် လူ့ဘုံရောက်မှ သညာကို စတွေ့ရသည်။ သို့ကြောင့် အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏ဟု ယူဆ၏။ ]



(ခ) တက္ကီပုဂ္ဂိုလ်၏ အယူအဆ။

[ ထိုသူကား လောကသည်လည်ကောင်း၊ အတ္တသည်လည်းကောင်း အကြောင်းမရှိဘဲ သူဖြစ်ချင်သလို ဖြစ်၏ဟုကြံဆ ပြောပြသူဖြစ်သည်။ ]

ရှေးအတိတ် အကြောင်းအရာအစုကို ကြံစည်တတ်၊ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သူတို့သည် ရှေးအတတ်အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း ၁၈ မျိုးတို့ဖြင့် စွဲမြဲစွာပြောဆိုတတ်ကြ၏။

**၂။ အပရန္တ ကပ္ပိက (အပရန္တာနု ဒိဋ္ဌိ) ဝါဒ ၄၄ မျိုး။**

အပရ+အန္တ၊ နောက်အနာဂတ်+တရားစုကို။ ကပ္ပိက၊ကြံစည်လေ့၊ စဉ်းစားလေ့၊ တွေးတောလေ့ရှိသူ။

**၂-က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-မျိုး။**

[ အာဃာတန၊ သေခြင်း။ (သေရာကာလ) + ဥဒ္ဓ၊ အထက် (နောက်) သေပြီးနောက် အတ္တအကြောင်းအရာကို ပြောဆိုလေ့ ရှိသူများကို " ဥဒ္ဓမာဃာတနိက" ဟုခေါ်၏။ ထို အယူအဆ သညီဝါဒရှိကုန်သော သူတို့သည် ၁၆-ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိသည်ဟု ယူဆကြလေသည်။]

**၂-ခ။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈-မျိုး။**

[ ဥဒ္ဓမာဃာတနိက အသညီဝါဒရှိသော သူတို့သည် ၈-ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာမရှိဟု ယူဆကြသော အယူဝါဒ ဖြစ်သည်။ ]

www.burmeseclassic.com

www.burmeseclassic.com



**၂၈-ဂ။ ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ ၈-မျိုး။**

[ ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ ရှိသူတို့သည် ရှစ်ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိသည်မဟုတ်၊ သညာမရှိသည်လည်း မဟုတ်ဟုယူဆကြ၏။ ]

**၂၈-ဃ။ ဥစ္ဆေဒဝါဒ ၇-မျိုး**

[သတ္တဝါသည် သေလျှင်အသက်မရှိ၊ ပြတ်စဲတော့၏ဟူသော အယူကို ဥစ္ဆေဒဝါဒဟု ခေါ်သည်။ ဥစ္ဆေဒဝါဒ အယူရှိကုန်သော သူတို့သည် ၇-မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုကြ၏။]

**၂၈-င။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-မျိုး**

[လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာနေရခြင်းကို ဒိဋ္ဌဓမ္မနိဗ္ဗာန၊ လောကီ နိဗ္ဗာန်ဟုခေါ်သည်။ ငါးမျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပြောဆိုယူဆကြသည်။]

နောင်အနာဂတ် အကြောင်းအရာစုကိုကြံစည်တတ်၊ ယူဆတတ်သော သူတို့သည် ဤပြဆိုခဲ့သော အကြောင်း ၄၄ မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြ၏။

ဤသို့လျှင် ရှေးအတိတ်ကဖြစ်ခဲ့သော အကြောင်းအရာများကို ကြံစည်စဉ်းစားသူတို့၏ အယူအဆ ဝါဒ ၁၈-မျိုးနှင့် နောင်အနာဂတ် အကြောင်းအရာကို ကြံစည်စဉ်းစားသူတို့၏ အယူအဆဝါဒ ၄၄-မျိုးအားဖြင့် (၆၂) ပါးသော ဒိဋ္ဌိဝါဒတို့ ဖြစ်ကြသည်။ ထို(၆၂)ပါးသော ကျင့်စဉ်များသည် တိတ္ထိယတို့၏ကျင့်စဉ်များနှင့် တစ်နည်းတစ်ဖုံ အကျုံးဝင်နေလေသည်။



တိတ္ထိယဟူသောပုဒ်ကို သဒ္ဒါနည်းအရ ပုဒ်ခွဲပါက တိတ္ထ + ဣယ ဖြစ်၏။ တိတ္ထ ၊ အယူဝါဒ။ ဣယ၊ ရှိသူ၊ ဖြစ်ပါသည်။ ထို့ကြောင့် တိတ္ထိယဆိုသည်မှာ အယူဝါဒ ရှိသူဖြစ်ပါသည်။ မိမိတို့၏ ကျင့်စဉ်များနှင့် အယူဝါဒများကို လွတ်လပ်စွာ ထူထောင်ကြသူများကို ဆိုလိုသည်။

## တိတ္ထိဆရာကြီးများ

လူမှန်သမျှ အသက်ရှည်စွာ နေထိုင်လိုကြသည်။ အေးချမ်းပျော်ရွှင်စွာ နေထိုင်လိုသည်။ စီးပွါးဥစ္စာ ပရိသတ် အခြံအရံများနှင့် ပြည့်စုံစွာ နေထိုင်လိုသည်။ ဤသည်တို့မှာ ပုထုဇဉ်လူသားတို့၏လိုလား တောင်းတချက်များပင်ဖြစ်သည်။ ဤတောင်းတချက်များကို ဝေဒခေတ်နှင့် ဗြဟ္မဏခေတ်တွင် အထွဋ်အထိပ် ပန်းတိုင်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် အသေမှု (အမတ) အထွဋ်အထိပ် ပန်းတိုင်အဖြစ်သတ်မှတ်ခဲ့ကြသည်။ ဤသို့အားဖြင့် ခေတ်တို့သည် တစ်ခေတ်ပြီး တစ်ခေတ် ကျော်ဖြတ် စီးဆင်းလာခဲ့ရာ ဘီစီ ၆-ရာစု ခေတ်တွင်မူ လူတို့၏ အသိဉာဏ်သည် အထွဋ်အထိပ်သို့ ရောက်ရှိနေလေသည်။

ထိုခေတ်အခါ၌ တရားဓမ္မကျင့်ကြံအားထုတ်နေကြသော ရသေ့၊ ပုရိဗိုဇ်၊ ဆာဒူးယောဂီ သူတော်စင်များနှင့် ဒဿနပညာရှင်များတို့ဖြင့် အကျင့်တရားတို့အပေါ်၌ လေ့လာလိုက်စားသောပုဂ္ဂိုလ်များ အင်မတန် များပြားသော ခေတ်လည်းဖြစ်သည်။ ဒါ့အပြင် ထိုခေတ်၌မိမိကိုယ်ကို ဘုရားဟု အမည်ခံသော ပုဂ္ဂိုလ်များလည်းရှိနေလေသည်။ ထိုပုဂ္ဂိုလ်များမှာ ၆၂-ပါးသော အယူဝါဒများကို တည်ထောင်သူ ဂိုဏ်းဆရာကြီးများအနက် ထင်ရှားသော တိတ္ထိဆရာကြီးခြောက်ဦးပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို တိတ္ထိဆရာကြီးခြောက်ဦးတို့ကို ဗုဒ္ဓစာပေများ၌ အတိအကျ ဖေါ်ပြထားသည်ကိုတွေ့ရသည်။ ဂျိန်းစာပေများ၌လည်း ဖေါ်ပြထားသည်ဟု ဆိုပါသည်။ ထိုဂိုဏ်းဆရာကြီး ခြောက်ယောက်တို့မှာ (၁) ပူရဏကဿပ (၂) မက္ခလိ ဂေါသာလ (၃) အဇိတ ကေသကမ္ဗလ (၄) ပကုဓ ကစ္စာယန (၅) သဉ္စယ ဗေလဋ္ဌပုတ္တ (၆) နိဂဏ္ဌနာဋပုတ္တတို့ဖြစ်သည်။

## (၁) ပူရဏ ကဿပ

ပူရဏ ကဿပသည် ထင်ရှားသော ဂိုဏ်းဆရာကြီးတစ်ဦးဖြစ်သည်။ သို့သော် သူ့၏ဝါဒဆိုင်ရာ စာပေများကို သီးခြားမတွေ့ မမြင်ရပါ။ သူ့၏ဝါဒ အချို့ကို ဗုဒ္ဓစာပေများမှာတွေ့ရသည်။ ဂျိန်းစာပေများ၌လည်း တွေ့ရသည်ဟု ဆိုကြသည်။ ပူရဏ ကဿပသ၏ဝါဒမှာ အကြောင်းကံကို တားမြစ်သော ဝါဒဖြစ်သည်။ "**အကိရိယဒိဋ္ဌိ**" ဟု ပါဠိလိုခေါ်သည်၊ ဤလောကဖြစ်စဉ်များ၌ အကြောင်းကံနှင့် ပတ်သတ်၍ ကောင်း–မကောင်းဟူသော သတ်မှတ်ချက် တိတိကျကျ မရှိ၊ "အကုသိုလ်ကံက မကောင်းကျိုးကို ပေးသည်၊ ကုသိုလ်ကံက ကောင်းကျိုးကို ပေးသည်"ဟူသော အယူမှာ မှားသော အယူသာဖြစ်သည်။ လောလောဆယ် လက်တွေ့ခံစားရသော အကျိုးများကိုကြည့်လျှင် မကောင်းသောလုပ်ငန်းဖြင့် ချမ်းသာနေသူများကို တွေ့နိုင်၏။ ကောင်းသောလုပ်ငန်းဖြင့် ဆင်းရဲမွဲတေနေသူများကိုလည်း တွေ့နိုင်၏။ ထို့ကြောင့် မိမိအတွက် ချမ်းသာဖို့သာ ပဓါနဖြစ်၏။ ချမ်းသာမည်ဆိုလျှင် မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ရမည်ဖြစ်၏။ အကုသိုလ်နှင့် ကုသိုလ်ကိုထည့်တွက်ဖို့မလို၊ အမှန်အားဖြင့် ပရမတ္ထသစ္စာအရ အကုသိုလ်လည်းမရှိ၊ ကုသိုလ်လည်းမရှိ။ လူတို့က မိမိတို့ဆန္ဒအတိုင်း သတ်မှတ်ချက်သာရှိသည်။



တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ခြင်းများကို ပြုလုပ်ကြ၏။ ထိုသို့ တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ခြင်းကို "ကုသိုလ်"ဟူ၍လည်းကောင်း၊ "ကောင်းမှု" ဟူ၍လည်းကောင်း အချို့ကဆိုကြ၏။ ထိုသို့ ဆိုသည့်အတိုင်း တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ခြင်းသည် တကယ်ပင် ကောင်းမှုဖြစ်ပါသလား။ တစ်ချို့ကမူ သူတစ်ပါး၏အသက်ကို သတ်ခြင်းဟူသမျှသည် မကောင်းမှုဖြစ်၏။ အကုသိုလ်ဖြစ်၏။ ဤသို့ ဆိုကြပြန်၏။ တစ်ဦးနှင့်တစ်ဦး အယူအဆမတူကြပေ။ ထို့ကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံသည် သမုတိသစ္စာသာဖြစ်၏။

လက်တွေ့အားဖြင့် "လုပ်ငန်းတစ်ခုသည် မိမိချမ်းသာရန်အတွက် အထောက်အကူပြု–မပြု"ဟူသော အချက်ပင်ဖြစ်၏။ ဒဿနဆရာများကမူ ပူရဏကဿပကို "သချ်ိဒဿနဝါဒီ"သတ်မှတ်ကြသည်။ သချ်ိဒဿန၌ "ပုရိသ" နှင့် "ပကတိ" ဟူ၍ အခြေခံပရမတ္ထတရားနှစ်ပါး ရှိလေရာ "ပုရိသ" မပြောင်းလဲသော ပရမတ္ထသစ္စာဖြစ်၍ "ပကတိ"သည် ပြောင်းလဲသော သမ္မုတိသစ္စာ ဖြစ်သည်။

ပုရိသ သည်၊ အတ္တ ဖြစ်သည်။ ပကတိ သည် အနတ္တ ဖြစ်သည်။ ကြာပန်းသည် နောက်ကျုသော ရွှံ့ နွံ ရေထဲ၌ ရှိသော်လည်း နောက်ကျုသော ရွှံ့ နွံ ရေသည် ကြာပန်းကို ညစ်ပေအောင် မစွမ်းဆောင်နိုင်သကဲ့သို့ အတ္တသည် ကုသိုလ်နှင့် အကုသိုလ်တည်းဟူသော အနတ္တထဲ၌ ရှိနေသော်လည်း ထိုကုသိုလ်နှင့် အကုသိုလ်သည် ပရမတ္ထသစ္စာအရ အတ္တကို ညစ်နွမ်းအောင် မလုပ်နိုင်ချေ။

ထို့ကြောင့် ကုသိုလ်လုပ်သော်လည်း အတ္တအတွက် အကျိုးမထူး။ အကုသိုလ်လုပ်သော်လည်း အတ္တအတွက် အကျိုးမထူး။ အကျိုးမထူးချင်း

www.burmeseclassic.com

www.burmeseclassic.com



အတူတူ သမ္မုတိသစ္စာအရ အတ္တတည်းဟူသော မိမိအတွက် လောလော ဆယ် ချမ်းသာသုခကိုရနိုင်သော လုပ်ငန်းကိုသာ လုပ်သင့်၏။ ထိုလုပ်ငန်း သည် ကုသိုလ်လုပ်ငန်းလည်း ဖြစ်ချင်ဖြစ်နိုင်၏။ အကုသိုလ် လုပ်ငန်းလည်းဖြစ် ချင်ဖြစ်နိုင်၏။ ဘာပဲဖြစ်ဖြစ်၊ အတ္တတည်းဟူသော မိမိအတွက် အနောက် အယှက်တစ်စုံတစ်ရာ ဖြစ်မလာနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အတ္တသည် ကြာပန်းသဖွယ်ဖြစ်၍ ကုသိုလ်နှင့် အကုသိုလ်သည် ရွံ့နွံ ရေသဖွယ်ဖြစ်သော ကြောင့်ပင်ဖြစ်၏။ ဤသို့ ပူရဏကဿပက သင်ကြားပေးလေ၏။

## (၂) မက္ခလိဂေါသာလ

မက္ခလိဂေါသာလသည် "အာဇီဝကတက္ကတွန်းဂိုဏ်းကို တည်ထောင် သူ" ဖြစ်သည်။ ထိုဂိုဏ်းသည် မြတ်စွာဘုရား ပွင့်တော်မမူမီ အချိန်ကာလမှ စ၍ အေဒီ ၁၂-ရာစုတိုင်အောင် မဇ္ဈိမဒေသ၌ တည်ရှိခဲ့သော တိတ္ထိဂိုဏ်း တစ်ဂိုဏ်းဖြစ်သည်။ မက္ခလိဂေါသာလ၏ ဝါဒသည် "**အဟေတုကဝါဒ**" ဖြစ်သည်။ အဟေတုကဝါဒ ဟူသည်မှာ-အကြောင်းနှင့်အကျိုး နှစ်မျိုးစုံကို ပယ်သောဝါဒဖြစ်သည်။ လောက၌ ဖြစ်သမျှ အားလုံးတို့သည် အကြောင်း နှင့် အကျိုးအနေဖြင့် ဖြစ်ခြင်းမဟုတ်ဘဲ မူလသတ်မှတ်ချက်အတိုင်းသာ ဖြစ် ကြသော ဖြစ်ရပ်များဖြစ်ကြသည်။ ထိုသတ်မှတ်ချက်များမှာလည်း မဟာကပ် ရှစ်သန်းလေးသိန်းကာလအထိဖြစ်၏။ သတ္တဝါသည် မဟာကပ် ရှစ်သန်း လေးသိန်းတိုင်တိုင် သံသရာ၌ ကျင်လည်ရပြီး မဟာကပ် ရှစ်သန်းလေးသိန်း ပြည့်သည်နှင့် တစ်ပြိုင်နက် သံသရာမှ လွတ်မြောက်မည်ဖြစ်၏။ ထိုကာလ အတွင်း သတ္တဝါတို့ခံစားရန် သုခနှင့်ဒုက္ခကို တင်းတောင်းဖြင့် ခြင်တွယ်ထား ဘိသကဲ့သို့ ဖြစ်လေသည်။ ထိုကဲ့သို့ ခြင်တွယ်ထားသည့်အတိုင်းပင်



သုခကိုလည်းခံစားရ၏။ ဒုက္ခကိုလည်းခံစားရ၏။ ဒုက္ခကိုခံစားရမည့် အခြင် အတွယ်အတိုင်း ခံစားပြီးသောအခါ သုခကိုခံစားရမည်ဖြစ်၏။ ထို့ကြောင့် ဒုက္ခ မြန်မြန်ကုန်ဖို့ အရေးကြီး၏ ဒုက္ခမြန်မြန်ကုန်စေရန် အာဇီဝက တက္ကတွန်းတို့ သည်"တပ"အကျင့်ကို အပြင်းအထန်ဆုံးကျင့်ကြလေ၏။ ရေချိုး မီးလှုံစသော အကျင့်များသည် အာဇီဝက တက္ကတွန်းတို့၏အကျင့်များ ဖြစ်ကြလေသည်။

အာဇီဝကတို့၏ အယူအဆအရ ဤလောက၌ ဖြစ်ပျက်သမျှတို့ သည် အကြောင်းတရားတို့ကြောင့် ဖြစ်ကြသည် မဟုတ်။ မူလသတ်မှတ်ချက် ကြောင့်သာ ဖြစ်ကြရခြင်းဖြစ်၏။ ရှင်ဘုရင်ဖြစ်ရန် သတ်မှတ်ထားလျှင် ရှင်ဘုရင် ဖြစ်ကြရ၏။ ခွေးဖြစ်ရန်သတ်မှတ်ထားလျှင် ခွေးဖြစ်ကြရ၏။ အားလုံးမူလ သတ်မှတ်ချက်အတိုင်းသာဖြစ်ကြရ၏။ ဤအယူအဆများသည် မက္ခလိ ဂေါသာလ၏ အယူအဆများဖြစ်သည်။

## (၃) အဇိတကေသကမ္ဗလ

အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီ တစ်ဦးဖြစ်သည်။ ဥစ္ဆေဒ ဝါဒီလည်းဖြစ်သည်။ နတ္ထိကဒိဋ္ဌိအယူရှိသူလည်းဖြစ်သည်။ ရုပ်ဝါဒီဖြစ် သည့်အလျောက် အဇိတကေသကမ္ဗလသည် ရုပ်ပိုင်းဆိုင်ရာ ကြီးပွါးချမ်းသာ ရေးအတွက်သာ အာရုံစိုက်ရန် သွန်သင်သည်။ မိမိတို့၏ ပတ်ဝန်းကျင်၌ တွေ့မြင်နေရသည်ကား ရုပ်ပတ်ဝန်းကျင်ပင်ဖြစ်သည်။ စိတ်ဆိုသည်မှာ မှန်း ဆ၍သာ သိရသည့် ဓမ္မတစ်မျိုးဖြစ်သည်။ တကယ်တမ်း တိတိကျကျ မြင် ကောင်သော ဓမ္မမဟုတ်။ ထို့ကြောင့် မြင်ကောင်းသော ဓမ္မများ အပေါ်သာ အလေးအမြတ်ပြုသင့်၏။ မိမိတို့၏မျက်မြင် ကိုယ်တွေ့အရ ပတ်ဝန်းကျင် ရုပ် လောကသည် အမြဲတမ်း ဖြစ်ပျက် ပြု ပြင်ပြောင်းလဲနေသည်။ သာယာဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ပတ်ဝန်းကျင်နှင့်နေရလျှင် မိမိတို့အနေဖြင့် သာယာမှုကို ခံစားရသည်။ သာယာဖွယ်မကောင်းသော ပတ်ဝန်းကျင်၌နေရလျှင် မိမိတို့ အနေဖြင့် မသာယာဖွယ်ကို ခံစားရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် မိမိတို့၏အတွေးအမြင်နှင့် မိမိတို့၏ခံစားမှုကို ဖန်တီးနေကြောင်း အထူးပြောဖွယ်မလို။ သို့ဖြစ်၍ အမြဲတမ်း ပြုပြင်ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို မိမိတို့ကြိုက်သည့် ပုံစံအတိုင်း ပြောင်းလဲအောင်အားထုတ်အပ်သည်။ မိမိတို့ ပတ်ဝန်းကျင် ပြောင်းလဲသည်နှင့်အမျှ မိမိတို့လည်းပြောင်းလဲပြီးဖြစ်သည်။ အဇိတကေသကမ္ဗလသည် ဥစ္ဆေဒဝါဒီ ဖြစ်သည့်အလျောက် လူတို့အနေဖြင့် မွေးသည်မှ သေသည်အထိသာ တကယ်တမ်းရှိသည်။ သေပြီးနောက် တစ်စုံတစ်ခု အနေဖြင့် ရှိသေးသည်ဆိုလျှင် ထိုအဆိုသည် စိတ်ကူးယဉ်အဆိုသာဖြစ်သည်။ တကယ်တမ်း မှန်ကန်သောအဆိုမဟုတ်။ အကယ်၍ သေပြီးနောက် တစ်စုံတစ်ခု ရှိသေးသည်ဟုဆိုပါလျှင်ထိုသို့ရှိကြောင်း လက်တွေ့အားဖြင့် မည်သူပြနိုင်ပါမည်နည်း။ ထို့ကြောင့် အတိတ်ကို မြင်နိုင်သူဟူ၍လည်းကောင်း၊ အနာဂတ်ကို မြင်နိုင်သူဟူ၍လည်းကောင်း သမုတ်ခံရသူများသည် တကယ်တမ်း ရှိကြသူများမဟုတ်။ မိမိတို့အနေဖြင့် ပုဂ္ဂိုလ်အပေါ် အထင်ကြီး၍ ပြောခြင်းမျှသာဖြစ်သည်။ ထိုပုဂ္ဂိုလ်များကလည်း တကယ်တမ်း ယုံကြည်နိုင်အောင် လက်တွေ့အားဖြင့် သက်သေပြနိုင်ဖြင်းမရှိ။ ထို့ကြောင့် အတိတ်နှင့် အနာဂတ်ကို တကယ်တမ်းပြောဆိုနိုင်သော တန်ခိုးရှင်ဟူ၍လည်း မရှိ။ သံသရာလည်း မရှိ။ နောက်ဘဝလည်း မရှိ။ သို့ဖြစ်၍ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခကိုရရှိအောင် အားထုတ်သင့်သည်။ အကယ်၍ အနာဂက်ဘဝ၌ ချမ်းသာသုခကို ရရှိရေးအတွက် ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲဒုက္ခခံရမည် ဆိုပါလျှင်



သဘာဝမကျပေ။ ထို့ကြောင့် ပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခရအောင် ရည်မှန်းအပ်သည်။ အဇိတကေသကမ္ဗလက ဤသို့လည်း သင်ကြားပေးသည်။

အဇိတကေသကမ္ဗလသည် "နတ္ထိကဒိဋ္ဌိ"အယူရှိသူလည်း ဖြစ်သည်။ နတ္ထိကဒိဋ္ဌိဟူသည်မှာ အကျိုးကိုပယ်သော ဝါဒဖြစ်သည်။ ထို့ကြောင့် လက်ရှိလုပ်ငန်း၌ ချမ်းသာကို မရှာဘဲ အနာဂတ်၌ရနိုင်မည့် ချမ်းသာကို ရှာခြင်းသည် မိုက်မဲခြင်းသာဖြစ်သည်။ မိမိတို့၏ ဘဝအတွက် အနာဂတ်ကာလ၏အတိုင်းအတာ ပမာဏသည် မည်မျှရှိသည်ကို မည်သူသိနိုင်ပါသနည်း။ အမှန်အားဖြင့် မိမိတို့၏ဘဝအတွက် အနာဂတ်ရှိသည်ဟူ၍လည်းကောင်း၊ နောက်ဘဝ ရှိသည်ဟူ၍လည်းကောင်း ပြောကြသူများသည် မိမိတို့အား ပစ္စက္ခပမာဏဖြင့် သက်သေပြနိုင်သူများ မဟုတ်ကြ။ အသိဟူသမျှတွင်လည်း မျက်မှောက်အသိသာလျှင် ယုံကြည်ထိုက်သော အသိဖြစ်၏။ အခြားအသိများကား ခိုင်မာသော အသိဖြစ်ကြောင်း ပြသရန်ခက်ပါသည်။ ထို့ကြောင့် မရေရာသော အနာဂတ်ကို ထည့်တွက်ရန်မလို။ ထို့ကြောင့် မိမိတို့၏ လက်တွေ့ ဆောင်ရွက်ချက်၌သာ စိတ်ဝင်စားရမည်ဟူ၍ အဇိတကေသ ကမ္ဗလက သင်ကြားပေးသည်။

## (၄) ပကုဓကစ္စာယန

ပကုဓကစ္စာယနသည် သဿတဝါဒီ တစ်ဦးဖြစ်သည်။ သာမညဖလသုတ်လာ ပကုဓကစ္စာယန၏ဝါဒအရ ဤလောက၌ မပျက်မစီးဘဲ အမြဲတမ်းရှိနေသော အရာဝတ္ထု ခုနစ်ခုရှိသည်။ ယင်းတို့မှာ– ရေ၊ မြေ၊ လေ၊ မီး၊ သုခ၊ ဒုက္ခ၊ ဇီဝ တို့ဖြစ်ကြပါသည်။ ထို ခုနစ်မျိုးတို့သည် မပျက်စီးဘဲ အမြဲတည်ရှိကြသည်။ ယင်းတို့သည် အကြောင်းတရားလည်းမဟုတ်၊ အကျိုးတရား

www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်။ အမှန်အားဖြင့် ဤလောက၌ အကြောင်းတရားလည်းမရှိ။ အကျိုးတရားလည်းမရှိ။ မိမိတို့၏ မသိမှု အဝိဇ္ဇာကြောင့်သာ ဤတရားခုနစ်ပါးက အကြောင်းနှင့်အကျိုးအဖြစ် ဆောင်ရွက်နေသည်ဟု ထင်ရခြင်းဖြစ်သည်။ ထိုတရား ခုနစ်ပါးတို့တွင် သုခသည် အရာဝတ္ထုများကို ပူးပေါင်းမိအောင် ဆောင်ရွက်ပေးသည်။ ဒုက္ခက အရာဝတ္ထုများကို ကွဲသွားအောင် ဆောင်ရွက်ပေးသည်။ ဇီဝ–က သုခနှင့်ဒုက္ခကို ခံစားသည်။ အကယ်၍ သုခ–က ခါတ်ကြီးလေးပါးကို သာယာဖွယ်အနေဖြင့် ပေါင်းမိအောင် ဆောင်ရွက်ပေးလျှင် ချမ်းသာသည်။ မသာယာဖွယ်အနေဖြင့် ပေါင်းမိအောင် ဆောင်ရွက်ပေးလျှင် ဆင်းရဲသည်။ ဒုက္ခကလည်း ထိုနည်းအတူ ချမ်းသာနှင့် ဆင်းရဲကို ဖြစ်စေသည်။ ထို့ကြောင့် ဒုက္ခနှင့်သုခ ပေါ်မလာအောင် ဇီဝ–က ဆောင်ရွက်ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အရာဝတ္ထုများသည် ပူးပေါင်းခြင်းနှင့် ကွဲသွားခြင်းမရှိဘဲ မူလသဘာဝအတိုင်း ငြိမ်သက်နေပါက အမတ ဖြစ်ပေါ်လာသည်။ အမတဟူသည် လောကုတ္တရာဖြစ်သည်။ အရာဝတ္ထုများ ပူးပေါင်းလျှင်ဖြစ်စေ၊ ကွဲသွားလျှင်ဖြစ်စေ၊ ထိုအခါ လောကဖြစ်သည်။ လောကနှင့် လောကုတ္တရာဟူ၍ တရားကိုယ်ဓမ္မအားဖြင့် သီးခြားမရှိ။ ထိုတရား ခုနစ်မျိုးတို့လှုပ်ရှားလျှင် လောက၊ မလှုပ်ရှားလျှင် လောကုတ္တရာ။

ကြည့်သူ ဇီဝများကိုလိုက်၍ လောကနှင့် လောကုတ္တရာတို့ အချင်းချင်း ကွဲပြားသွားခြင်းဖြစ်သည်။ အမှန်ကတော့ လောကဟူသည်မှာလည်း ဤတရားခုနစ်ပါးပင်ဖြစ်သည်။ လောကုတ္တရာဟူသည်မှာလည်းဤတရား ခုနစ်ပါးပင်ဖြစ်သည်။ ဤသည်တို့ကား ပကုဓကစ္စာယန၏ သွန်သင်ချက်များပင် ဖြစ်သည်။



## (၅) သဉ္စယဗေလဋ္ဌပုတ္တ

သဉ္စယဗေလဋ္ဌပုတ္တသည် သံသယဝါဒီလည်းဖြစ်သည်။ အညာဏဝါဒီလည်းဖြစ်သည်။ အမရာဝိက္ခေပ ဝါဒီ ဟူ၍လည်းထင်ရှားသည်။ သဉ္စယတို့ ခေတ်တွင် တွေးခေါ်မှော် မြင်ခြင်းသည် အထွက်အထိပ်သို့ ရောက်လျက်ရှိသည်။ သို့ရာတွင် သူတို့၏အတွေးအခေါ်သည် မှန်ကန်သော အကျင့်စရဏနှင့် မရောနှောနိုင်သဖြင့် လိုအပ်သော ပန်းတိုင်သို့ မရောက်ဘဲရှိနေသည်။ ထိုအခါ သူတို့၏ အတွေးအခေါ်တို့သည် စိတ်ချလက်ချ ယုံကြည်နိုင်လောက်သော သဘောကိုမဆောင်တော့။ အသိ ဝိဇ္ဇာနှင့် အကျင့် စရဏတို့သည် တစ်သားတည်း မရောနိုင်သမျှ ကာလပတ်လုံး တွေးခေါ်သည့်မှန်သမျှသည် ဤနည်းအတိုင်းပင် ဖြစ်နေမည်ဖြစ်၏။ တစ်ဦး၏အယူကို သူ့ထက်သာသော အခြားတစ်ဦးက ပယ်ဖျက်နိုင်သည်။ ထိုအခါ တွေးခေါ်သိမှ ထွက်ပေါ်လာသော ဝါဒအားလုံးအပေါ် သဉ္စယသည် သံသယရှိလာသည်။ ထို့ကြောင့် လောကနှင့်ပတ်သက်၍လည်းကောင်း၊ ဘဝနှင့်ပတ်သက်၍လည်းကောင်း၊ လွတ်မြောက်မှုမောက္ခနှင့်ပတ်သက်၍လည်းကောင်း အတိအကျ မဆုံးဖြတ်နိုင်တော့သဖြင့် သူသည်သံသယဝါဒကိုဏ်းကို တည်ထောင်ခြင်းဖြစ်သည်။ အယူအဆရေးရာနှင့်ပတ်သက်၍ သံသယဝါဒကိုဏ်းကို ထောင်ခြင်းဖြစ်သည်။

## (၆) နိဂဏ္ဌနာဋပုတ္တ

နိဂဏ္ဌနာဋပုတ္တသည် တိတ္ထိဆရာကြီးတစ်ဦးပင်ဖြစ်သည်။ သူ့ခေါ်ဝါဒသည် မြတ်စွာဘုရား ပွင့်တော်မမူမီကလည်းကောင်း၊ မြတ်စွာဘုရားနှင့် ခေတ်ပြိုင်အနေဖြင့်လည်းကောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ယနေ့တိုင်အောင်လည်းကောင်း မဖျိုမဒေသ၌ အထိုက်အလျောက် ခေတ်စားသော ဝါဒဖြစ်သည်။

နိဂဏ္ဌနာဋပုတ္တသည် ဒသနစာပေ၌ မဟာဝီရ အမည်ဖြင့်လည်းကောင်း၊ ဇိန အမည်ဖြင့်လည်းကောင်း ထင်ရှားသည်။ သူ၏စာပေများမှာ အဒ္ဓမာဂဓီ ဘာသာဖြင့်ရှိသည်။ နိဂဏ္ဌနာဋပုတ္တသည် တိတ္ထိဆရာကြီးများတွင် ပရိတ်သတ် လက်အခံဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏အကျင့်မှာ အဟိံသာ (သူတပါးကို မညှင်းဆဲခြင်း) အကျင့်သည် ထင်ရှားသည်။ လောကီအကျိုးစီးပွါးဘက်တွင်လည်း အဟိံသာသည် အခြေခံအကျဆုံးဖြစ်၍ လောကုတ္တရာအကျိုးစီးပွါးဘက်တွင် နိဗ္ဗာန်သည် အခြေခံအကျ ဆုံးဖြစ်သည်ဟုဆိုသည်။





အခန်း(၆)

## ဘီစီ ၆–ရာစုခေတ်

ဘီစီ ၆–ရာစုခေတ်သည် ထူးဆန်းသော ခေတ်တစ်ခေတ်ဖြစ်သည်။ ထိုခေတ်မတိုင်မီ လူတို့၏ အသိဉာဏ်သည် သာမန်အဆင့်သာရှိသည်။ ဘီစီ ၆–ရာစုမှစ၍ လူတို့၏အသိဉာဏ်သည် တစ်စတစ်စ ဉာဏ်ရည်ဉာဏ်သွေးမြင့်မား တိုးတက်လာသည်။ တစ်ဆင့်ပြီးတစ်ဆင့်တွေးခေါ် မြော်မြင်တတ်လာကြသည်။ ထိုခေတ်အခါက လူတို့သည် အကြောင်းအရာ တစ်ခုခုနှင့်ပတ်သက်၍ သူများပြောတိုင်းမယုံကြတော့ပေ၊ ထိုပြောသောအကြောင်းအရာသည် ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊ မမှန်၏ စသည်ဖြင့် အပြန်ပြန်အလှန်လှန် ကိုယ်ပိုင်အသိဉာဏ်ဖြင့် အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ဆုံးဖြတ်တက်လာကြသည်။ သမိုင်းသုတေသီတို့၏အဆိုအရ ဘီစီ ၆–ရာစုဝန်းကျင်သည် မိမိတို့ လက်ခံကျင့်သုံးနေသည့် ဘဝလွတ်မြောက်မှု အကျင့်စရဏအပေါ် မကျေနပ်၍ ထိုမှတဆင့်တက်ကာ အကျင့်စရဏတို့ဖြင့် ဘဝလွတ်မြောက်မှုကို ရှာမှီးကြသူများကြီးစိုးသော ခေတ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်မတိုင်မီက လူတို့သည် ဘဝလွတ်မြောက်မှုအတွက် စစ်မှန်သောချမ်းသာကို ရှာဖွေကြရာ၌ ကိုးကွယ်မှု အမျိုးမျိုးတို့ကို ပြောင်းလဲကိုးကွယ်လာခဲ့ကြသည်။ ဝေဒခေတ်တွင် နတ်များကို ကိုးကွယ်ခဲ့ကြပါသည်။ ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်ကြပြီး ဗြဟ္မာကို ကိုးကွယ်ခဲ့ကြပါသည်။ အာရညကခေတ်တွင်မူ တောတောင်အနီးအနားသို့ ချဉ်းကပ်၍ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်တို့၌ တရားဓမ္မကိုကျင့်ခဲ့ကြသည်။ ဥပနိသျှဒ်ခေတ်တွင်မူ ဆရာသမား အနီးအပါး၌ ချဉ်းကပ်နေထိုင်၍ တရားဓမ္မကို ကျင့်ကြံခဲ့ရသော ခေတ်ပင်ဖြစ်ပါသည်။

ထိုခေတ်အဆက်ဆက်တို့၌ လူတို့သည် မိမိဘဝ လွတ်မြောက်မှုအတွက် ဘာသာတရားကို ကိုးကွယ်လာခဲ့ကြသည်။ ထိုသို့ လူတို့သည် ဘဝလွတ်မြောက်မှုအတွက် ဘာသာတရားကို ကိုးကွယ်လာခဲ့ကြရာ၌ အားလုံးသော သူတို့၏တူညီကြသော ရည်ရွယ်ချက်မှာ တစ်ခုတည်း တစ်မျိုးတည်းပင်ဖြစ်သည်။ ယင်းတစ်ခုတည်း၊ တစ်မျိုးတည်းသော ရည်ရွယ်ချက်မှာ မိမိတို့၏ဘဝ လွတ်မြောက်ရေးပင်ဖြစ်သည်။

ပညာရှင်များ မှတ်တမ်းအရဆိုရပါလျှင် လူတို့သည် ဗုဒ္ဓခေတ်မပေါ်မီ ရှေးနှစ်ပေါင်းများစွာကပင် မိမိတို့၏ဘဝလွတ်မြောက်ရေးကိုရှာဖွေလာကြသည်မှာ ခေတ်အဆက်ဆက်ပင် ရှိခဲ့ကြသည်။ သမိုင်းဦးမ တိုင်မီခေတ်၊ ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်၊ ဥပနိသျှဒ်ခေတ်၊ တိတ္ထိယခေတ်၊ သမဏခေတ် တို့သည် ထင်ရှားသော ခေတ်တို့ပင်ဖြစ်သည်။ သို့သော် အထက်ဖော်ပြပါခေတ်တို့၌ မိမိတို့၏ ဘဝလွတ်မြောက်မှုအတွက် တကယ့်စစ်မှန်သော ချမ်းသာကို ရှာမတွေ့ခဲ့ကြပေ။ မိမိတို့၏ဘဝတကယ်တမ်း မလွတ်မြောက် နိုင်ခဲ့ကြပေ။



## သတ္တဝါတို့ ခံစားရသော ဆင်းရဲဒုက္ခ ၄-မျိုး

သတ္တဝါတို့ တွေ့ကြုံခံစားကြရသော ဒုက္ခဆင်းရဲသည် အမျိုးမျိုးရှိသည်။ ထိုဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို သတ္တဝါတို့သည် သမိုင်းဦးခေတ်မှသည် ယနေ့မျက်မှောက် ခေတ်အထိ နေ့စဉ်နေ့တိုင်းပင် ခံစားနေကြရလေသည်။ ထိုကဲ့သို့ သတ္တဝါအများခံစားနေကြရသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို အုပ်စုခွဲပါက (၄)မျိုး၊ (၄)စားရှိသည်ကို ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာတော်၌ မြတ်စွာဘုရားရှင် ဟောတော်မူချက်အရ သိရှိရပါသည်။ ထို(၄)မျိုး (၄)စားတို့တွင် ပထမ ဆင်းရဲဒုက္ခအမျိုးအစားမှာ–“**ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ**”ဟူ၍ပင်ဖြစ်ပါသည်။ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။ အိုခြင်းသည် ဆင်းရဲ၏။ နာခြင်းသည် ဆင်းရဲ၏။ သေခြင်းသည် ဆင်းရဲ၏။ ဤသည်တို့ကား ခန္ဓာကိုယ်နှင့် ပတ်သက်သော ဆင်းရဲဒုက္ခ အမျိုးအစားဖြစ်သည်။ ဤဆင်းရဲဒုက္ခ အမျိုးအစားကို “**အဇ္ဈတ္တိကဒုက္ခ**” ဟုလည်း ခေါ်ပါသည်။

ဒုတိယ ဆင်းရဲဒုက္ခကား“**အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော**” ဟူ၍ပင်ဖြစ်ပါသည်။ မချစ်မနှက်သက်သော သူတို့နှင့်ပေါင်းသင်းဆက်ဆံရခြင်းသည် ဆင်းရဲ၏။ ချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် ကွေကွင်းရခြင်းသည် ဆင်ရဲ၏။ ဤဒုက္ခမျိုးသည် ပတ်ဝန်းကျင်ကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ အမျိုးအစားဖြစ်သည်။

တတိယ ဆင်းရဲဒုက္ခကား“**ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ**” ဟူ၍ဖြစ်သည်။ လိုချင်ပါလျက် မရခြင်းသည် ဆင်းရဲ၏။ ဤဒုက္ခမျိုးသည် ကံကြမ္မာနှင့် ပတ်သက်သော ဆင်းရဲဒုက္ခ အမျိုးအစားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထ ဆင်းရဲဒုက္ခကား "**သံမိတ္တေန ပဋိပ္ပဒါနကဗွန္မာ ဒုက္ခာ**" ဟူ၍ ဖြစ် သည်။ ခန္ဓာငါးပါးကို ရရှိလာခြင်းသည် ဆင်းရဲ၏။ ဤဒုက္ခမျိုးသည် သခါရဒုက္ခနှင့်ပတ်သက်သော ဆင်းရဲဒုက္ခ အမျိုးအစားဖြစ်သည်။

## ခေတ်အဆက်ဆက် ဘဝလွတ်မြောက်မှုကို ရှာဖွေလာကြ

ဆိုအပ်ခဲ့ပြီးသော ဒုက္ခလေးမျိုးတို့တွင် ရှေ့သုံးမျိုးကား ဗုဒ္ဓမပွင့်မီ ခေတ်အဆက်ဆက်၌ လူသားတို့ တွေ့ကြုံခဲ့ရသော ဆင်းရဲဒုက္ခ အမျိုးအစားများဖြစ်ကြသည်။ စတုတ္ထ အမျိုးအစား သခါရဒုက္ခနှင့် ပတ်သက်သော ဆင်းရဲဒုက္ခ အမျိုးအစားကိုကား လူသားတို့ မတွေ့ခဲ့ကြ၊ မသိခဲ့ကြရပေ။

ဤကမ္ဘာမြေပြင်ပေါ်တွင် လူသားတို့သည် လူဟူ၍စတင် ဖြစ်ပေါ်လာသော အချိန်မှစ၍ ချမ်းသာခြင်းအကြောင်းတရားကို ရှာဖွေလာကြသည်။ ယနေ့ ရှာဖွေ၍မတွေ့သေးလျှင် နက်ဖန်တွေ့နိုးနိုးဖြင့် မျှော်လင့်စောင့်စားခဲ့ကြသည်။ ဆင်းရဲဒုက္ခကိုကား အဘယ်သူကမှ အလိုမရှိကြပေ။ ဆင်ရဲဒုက္ခနှင့် ကြုံတွေ့ရမည်ကို လူသားတိုင်း ကြောက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပုထုဇဉ်လူသားတို့၏ပင်ကိုယ်သဘာဝသည် ကြောက်လန့်တတ်သော ဗီဇစိတ်များကိန်းနေသောကြောင့် ဖြစ်ပါသည်။ လူသားတို့သည် ကြောက်လန့်တတ်သောစိတ်ကို ပယ်ဖျောက်ဖို့ရန်အတွက် အားကိုးရာကိုရှာဖွေလာကြသည်။ ထိုအခါ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာစသည်တို့ကို ကိုးကွယ်လာခဲ့ကြသည်။ ဤသို့အားဖြင့်လူသားတို့သည် ခေတ်အဆက်ဆက် ဘဝလွတ်မြောက်မှုအတွက် အားကိုးရာကိုရှာဖွေရင်း ဘာသာရေးကို ကိုးကွယ်လာခဲ့ကြခြင်းဖြစ်သည်။



မဇ္ဈိမဒေသခေါ် ရှေးခေတ်အိန္ဒိယတွင် ရှေးအကျဆုံး ကိုးကွယ်ယုံကြည်မှုများအနက် ဗုဒ္ဓဝါဒနှင့် ဆက်နွယ်သော ကိုးကွယ်ယုံကြည်မှုမှာ နတ်ကိုကိုးကွယ်မှုပင် ဖြစ်ပါသည်။ သမိုင်းပညာရှင်များက နတ်ဒေဝတာ အမျိုးမျိုးကို ကိုးကွယ်သောခေတ်ကို "ဝေဒခေတ်" ဟု သတ်မှတ်ကြသည်။ ထိုဝေဒခေတ်သည် အိန္ဒိယ၏သမိုင်းရင်ပြင်မှာ ရှည်လျားလှသော ရေစီးကြောင်းတစ်ခုပမာ နှစ်ပေါင်းရာထောင်ချီကြာအောင် စီးဆင်း ဖြတ်သန်းသွားခဲ့သည်။ ရှည်လျားလှသော ခရီးခဲတစ်ခုလည်း ဖြစ်ခဲ့သည်။

ထိုဝေဒခေတ်၌ လူတို့သည် မိမိတို့၏ဘဝလွတ်မြောက်မှုအတွက် နတ်ဒေဝတာ အမျိုးမျိုးကို အားကိုးတကြီး ကိုးကွယ်ဆည်းကပ်ကြသည်။ ပူဇော်ပသကြသည်။ သို့သော် သူတို့က အားကိုးတကြီး ကိုးကွယ်ဆည်းကပ်ပူဇော်ကြသော နတ်ဒေဝတာများသည် သူတို့အားကိုးသလို တကယ်တမ်းမှာ အားကိုးအားထားကို မရခဲ့ကြပေ။ ထိုအခါ လူတို့သည် နတ်ဒေဝတာများကို ကိုးကွယ်ပူဇော်၍ သူတို့အတွက် အားကိုးအားထားမရသည့်အတွက် ထိုမှ တစ်ဆင့်တက်ကာ အားကိုးရာအသစ်များကို ဘဝလွတ် မြောက်မှုအတွက် ရှာကြံ ချဲ့ထွင်ကြံဆ၍ ကိုးကွယ်လာကြရပြန်သည်။ ဤသို့အားဖြင့် လူတို့သည် ဗြာဟ္မဏခေတ် ဆီသို့ ကူးပြောင်းရောက်ရှိလာပါသည်။

ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုကို ယဇ်ပူဇော်ကိုးကွယ်မှု ဟုခေါ်ကြသည်။ ဝေဒခေတ်၌နတ်အမျိုးမျိုးကို ကိုးကွယ်ပူဇော်မှုဖြင့် မိမိတို့တောင်းတအပ်သော ဘဝလွတ်မြောက်မှုကို မရနိုင်ကြောင်း တွေ့လာရသောအခါ ဗြာဟ္မဏခေတ်ဟု သတ်မှတ်ခဲ့သောအချိန်သို့ ရောက်ရှိလာ ခဲ့ကြပြန်သည်။ ထိုအချိန်၌ လူတို့သည်ပို၍ ခန်းနားကြီးကျယ်သော ယဇ်ပူဇော်မှု အမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြုလုပ်၍ ကိုးကွယ်ဆည်းကပ်ပူဇော်လာကြပြန်သည်။ ထိုယဇ်ပူဇော် ကိုးကွယ်မှုသည် ဗုဒ္ဓဝါဒ မပေါ်ထွန်းမီ နှစ်ရာပေါင်းများစွာတိုင် အိန္ဒိယပြည်၌ အခြေစိုက်ခဲ့သည်။ အိန္ဒိယသမိုင်း၌ အင်မတန် ရှည်လျားခဲ့သော ခရီးရှည်ကြီး တစ်ခုပမာပင်ကြာညောင်းလှစွာ ဖြတ်သန်းလာခဲ့သော ဘာသာရေးကိုးကွယ်မှု ဖြစ်ရပ်မှန်တစ်ခု အမှန်ပင်ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် လူတို့သည် ဗြာဟ္မဏခေတ်၌ဘဝလွတ်မြောက်မှု အတွက် ယဇ်ကိုပူဇော်ရင်း အားကိုးယုံစားခဲ့ကြသော်လည်း မိမိတို့ထင်သလို ဖြစ်မလာကြပေ။ ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် အို နာ သေ ဘေးတို့မှလည်း မလွတ် ကင်းခဲ့ကြပေ။ ထိုအခါ လူတို့သည် မိမိတို့၏ မိဘဘိုးဘွား အစဉ်ဆက်ဆက် တို့ အားကိုးတကြီးဖြင့်ကိုးကွယ်လာသော ဘာသာရေးအပေါ် အားမလို အားမရ ဖြစ်လာကြသည်။ မကျေမနပ် ဖြစ်လာကြသည်။ ထိုအခါ လူတို့ သည် ထိုမှတဆင့်တက်၍ ဘာသာရေးကိုးကွယ် ဆည်းကပ်မှုတို့ကို ချဲ့ထွင်၍ ကိုးကွယ်ဆည်းကပ်လာ ခဲ့ကြပြန်သည်။

အာရညကခေတ်ကို တောပျော်ခေတ်ဟု ခေါ်ကြသည်။ ဤအာရည ကခေတ်သည်လည်း အိန္ဒိယ၏ သမိုင်းစာမျက်နှာပေါ်တွင် ရှည်လျားစွာ နေရာ ယူ ထားခဲ့သော ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။ ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော် မှု သက်သက်ကိုသာ ဦးစားပေးပါသည်။ အာရညကခေတ်တွင်မူ မိရိုးဖလာ ယဇ်ပူဇော်သည့် အလုပ်ကို မစွန့်လွှတ်နိုင်သေးဘဲ ယဇ်ပူဇော်၍ အသက် အရွယ်ကြီးရင့်ပြီး လူ့ဘဝ၏ နေဝင်ချိန်သို့ ရောက်လာသောအခါ တောအရပ် သို့ ချည်းကပ်၍ သမထဘာဝနာကို ပွါးများပါသည်။ ထိုအခါ သမထအဆင့်ဆင့် တိုးပွါးမှုကြောင့် ဈာန်အဘိဉာဏ် အဆင့်အထိ



ရရှိခဲ့ကြသည်။ သမာဓိအစွမ်းကြောင့် အရာရာတိုင်းကို မိမိအလိုရှိရာအာရုံ နှင့် တသားတည်းပြုလုပ်နိုင်သောအခါ ဗြာဟ္မာကိုတွေ့သည်ဟု ဆိုကြသည်။ နောက်ဆုံး အရှိတရားမှာ ဗြာဟ္မာဖြစ်သည်ဟု ယူဆကြသည်။

သို့သော် သူတို့လိုလားအပ်သော ဆင်းရဲအပေါင်းတို့မှ လွတ်မြောက် မှုကိုကား မရရှိခဲ့ကြပေ။ အိုမှု၊ နာမှု၊ သေမှုတို့မှလည်း မလွတ်မြောက်ကြရ ပေ။ ထိုအခါ လူတို့သည် မိမိတို့ ကိုးကွယ်နေသော ဘာသာတရားအပေါ် မှာ သို့လော၊ သို့လော သံသယစိတ်များ ဖြစ်ပေါ်လာကြပြန်သည်။ မိမိတို့ ကိုးကွယ်နေသော ဘာသာတရားသည် မိမိတို့အား ဆင်းရဲဒုက္ခ ဘေးအပေါင်း တို့မှ မလွတ်မြောက်နိုင်ဟု သိမြင်လာပြီး မိဘဘိုးဘွားများ အစဉ်အဆက် ဆက်တို့ကိုးကွယ်လာသော ဘာသာတရားအပေါ်မှာ ဘဝင်မကျဖြစ်လာကြ ပြန်သည်။ မကျေမနပ်ဖြစ် လာကြပြန်သည်။ ထိုအခါ လူတို့သည် ဘဝလွတ် မြောက်ရေးအတွက် လူတို့၏ဇီဇအတိုင်း ဘာသာတရားတစ်ခုခုကို ချဲ့ထွင် ကိုးကွယ် လာကြပြန်သည်။ ဤသို့အားဖြင့် လူတို့သည် အာရညကခေတ် မှသည် ဥပနိသျှဒ်ခေတ်ဆီသို့ ကူးပြောင်းကိုးကွယ်လာကြပြန်သည်။

ဥပနိသျှဒ်၏ အဓိပ္ပါယ်မှာ အနီးအပါး၌ ထိုင်ခြင်းဖြစ်သည်။ အသိ ဉာဏ်ရလိုသူသည် ဆရာသမားအနီးအပါး၌ ထိုင်နေရပါသည်။ ထိုကဲ့သို့ ဆရာသမားအနီးအပါး၌ ထိုင်ခြင်းသည်ပင်ဆရာသမားထံမှ မြင့်မြတ်စင်ကြယ် သော ဉာဏ်ပညာကို ရယူနေခြင်းဖြစ်သည်ဟု ယုံကြည်ကြပါသည်။

ဤဥပနိသျှဒ်ခေတ်တွင်မူ အာရညကခေတ်ကဲ့သို့ ယုံကြည်မှုမျိုး မရှိတော့ဘဲ လောကတွင် ဗြာဟ္မာ သို့မဟုတ် အတ္တကိုသိသည့် အသိဉာဏ် သည်သာ အထွတ်အမြတ်ဖြစ်သည်။ အရာရာတိုင်းကို အဆုံးအဖြတ်ပေး သည်ဟု ယုံကြည်လာကြသည်။ ထိုကြောင့် အရာရာကို အာရုံမပြုတော့ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို အရှိတရားအဖြစ် မသတ်မှတ်တော့ဘဲ မိမိတို့၏ အဈွတ္တကိုသာ အာရုံပြုလာကြသည်။ ထိုအခါ အတ္တကိုတွေ့လာပြီး အတ္တသည် ဗြာဟ္မာ ဗြာဟ္မာသည် အတ္တဟု ဗြာဟ္မာနှင့်အတ္တကို တထပ်တည်း၊ တစ်ခုတည်းအဖြစ် တွေးယူလာကြပါသည်။ ဤဥပနိသျှဒ်ခေတ်၌လည်း လူတို့သည် ဆင်းရဲဒုက္ခ အပေါင်းမှလည်းကောင်း၊ အိုမှု၊ နာမှု၊ သေမှုဟူသော ဘေးဒုက္ခ အပေါင်းတို့မှ လည်းကောင်း မလွတ်မြောက်နိုင်ခဲ့ကြပေ။ ထိုအခါ လူတို့သည် ဘဝလွတ်မြောက်မှုအတွက် "တပ" အကျင့်ကို ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်တော်မူလာကြသည်။ သို့သော် သူတို့လိုချင်သော အိုမှု၊ နာမှု၊ သေမှုဟူသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်အောင်ကား မဆောင်ကျေးနိုင်ခဲ့ကြပေ။

ဤခေတ်သည်လည်း အိန္ဒိယသမိုင်း၌ နှစ်ပေါင်းရာထောင်ကြာအောင် ရှည်လျားခဲ့ပြီး ထူးဆန်းသော ခေတ်တစ်ခေတ်အဖြစ် မှတ်တမ်းတင်ထား လျက်ရှိပါသည်။ ဤခေတ်ကို ပညာရှင်များက "တိတ္ထိယခေတ်" ဟူ၍လည်းကောင်း၊ "သမဏခေတ်" ဟူ၍လည်းကောင်း သတ်မှတ်ခဲ့ကြပါသည်။ ဤခေတ်တွင် လူတို့၏ အသိဉာဏ်သည် အမြင့်မားဆုံးကို ရောက်ရှိလာနေပြီး အသိဉာဏ်အထူးမြင့်မားသောခေတ်ဖြစ်သည်။ ပြောတိုင်းမယုံကြတော့ပေ။ ဘာသာရေးနှင့် ပတ်သတ်၍သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ပတ်သတ်၍သော်လည်းကောင်း မိမိတို့၏ကိုယ်ပိုင် အသိဉာဏ်ဖြင့် စဉ်းစားဝေဖန်နိုင်သော အသိဉာဏ် ရှိနေကြပြီးဖြစ်သည်။ ဤခေတ်ကို သမိုင်းသုတေသီတို့က လူတို့၏အသိဉာဏ် အဖွံ့ဖြိုးဆုံးသော ခေတ်ဟု သတ်မှတ်ခဲ့ကြသည်။



## ထူးခြားသော ဗုဒ္ဓကောလာဟာလခေတ်

မြတ်စွာဘုရား ပွင့်တော်မမူမီ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်လောက်က ဤလောကတွင် ဗုဒ္ဓပွင့်တော့မည်ဟူသော ဗုဒ္ဓကောလာဟာလသည် ဖြစ်ပေါ်ခဲ့သည်။ လောကဗျူဟာနတ်များက လောကအတွင်း သို့ဆင်း၍ ကြွေးကြော်ကြခြင်းဖြစ်သည်။ ထိုကြွေးကြော်သံသည် လူ့လောက၊ နတ်လောကတို့၌ ပျံ့နှံ့နေလေသည်။ အထူးသဖြင့် မဇ္ဈိမဒေသ၌ ပို၍ပင်ပျံ့နှံ့နေမည်သာဖြစ်သည်။ တစ်ချို့သောလူတို့သည် ဗုဒ္ဓပွင့်တော့မည်ဟူသောဟူသော အသံကိုကြားရ၍ ယနေ့၊ နက်ဖန်ပင် ဘုရားပွင့်တော့မည်ဟုထင်ခဲ့ကြသည်။ ထိုထင်မြင်ချက်အတိုင်းပင် ဘုရားပွင့်က၊ ဘုရားဖူး၊ တရားနာရန်အတွက် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက်သို့လည်းကောင်း၊ တောတောင် အနီးအနားသို့ ချဉ်းကပ်၍ လည်းကောင်း၊ မြစ်ချောင်း သမုဒ္ဒရာ အနီးအနား သိမ်းကျောင်းဆောက်၍လည်းကောင်း သမထဘာဝနာကို ကျင့်ကြံပွါးများ အားထုတ်ကြလေသည်။

ဗုဒ္ဓကောလာဟာလခေတ်ကား တကယ်ထူးခြားသော ခေတ်တစ်ခေတ်ဖြစ်သည်။ ထိုခေတ်ထိုအခါ၌ သမထဘာဝနာကို ကျင့်ကြံပွါးများအားထုတ်ကြကုန်သော သူတို့တွင် ဒုက္ခ ဒုက္ခနှင့် ဝိပရိဏာမဒုက္ခကို မြင်စွမ်းနိုင်သော ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာခဲ့ကြသည်။ ထိုပုဂ္ဂိုလ် ထူးများသည် လောက ရေးရာအဖြာဖြာကို ကြည့်ပြီးမှ ကြီးစွာသော သံဝေဂများဖြစ်ကြရသည်။ "ပဋိသန္ဓေနေရခြင်း ဆင်းရဲဒုက္ခ၊ အိုရခြင်း ဆင်းရဲဒုက္ခ၊ နာရခြင်း ဆင်းရဲဒုက္ခ၊ သေရခြင်း ဆင်းရဲဒုက္ခ၊" ဟူသော ခန္ဓာကိုယ်နှင့် ပတ်သက်သော ဆင်ရဲဒုက္ခအမျိုးမျိုးတို့ကိုလည်းကောင်း၊ "မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်း ဆင်းရဲ၊ ချစ်ခင်နှစ်သက်မြတ်နိုးသောသူတို့နှင့် ကွေကွင်းရခြင်း

www.burmeseclassic.com



ဆင်းရဲ"ဟူသော ပတ်ဝန်းကျင် ဆင်းရဲဒုက္ခကိုလည်းကောင်း၊ "လိုချင်ပါလျက် မရခြင်းဆင်းရဲ"ဟူသော ကံကြမ္မာနှင့်ပတ်သက်သော ဆင်းရဲဒုက္ခကို လည်းကောင်း တွေ့မြင်ကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များမှာ သမဏများ၊ ဗြာဟ္မဏများ၊ တိတ္ထိယများ၊ ရသေ့ ပရိဗိုဇ် ဆာဓူး ယောဂီ သူတော်စင်များနှင့် အတွေးအခေါ်ဒဿနပညာရှင်များပင်ဖြစ်သည်။

ထိုပုဂ္ဂိုလ်များမှာ ဗုဒ္ဓကောလာဟလဖြစ်ပေါ်ပြီးနောက်ပိုင်း မဇ္ဈိမ ဒေသ၊ အိန္ဒိယနိုင်ငံတစ်ဝှန်းလုံးတွင် အကျင့်စရဏတို့ဖြင့် ဘဝလွတ်မြောက်မှုကို ရှာဖွေနေကြသော သူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ထိုခေတ် ထိုအခါက ရှုပ်ယှက်ခတ်နေပြီး ပျားပန်းခတ်တမျှ များပြားလျက် ရှိနေ လေသည်။ ထိုအထဲတွင် မိမိကိုယ်ကို ဘုရားဟူ၍ အမည်ခံထားသော ပုဂ္ဂိုလ် များလည်း ရှိနေလေသည်။ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓ ကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ ဟူ သော တိတ္ထိဆရာကြီး ခြောက်ဦးတို့ပင်ဖြစ်သည်။ ထိုတိတ္ထိဆရာကြီးခြောက် ဦးတို့သည် ဘုရားဟု အမည်ခံထားကြသော ပုဂ္ဂိုလ်များဖြစ်သည်။ ဘုရား တွေမှိုလိုပေါက်နေသောခေတ်ဟု ပြောဆိုလိုက ပြောနိုင်သော ခေတ်လည်း ဖြစ်သည်။ ထိုခေတ်ကို သမိုင်းသုတေသီများက ဘီစီ ၆–ရာစုခေတ်ဟု မှတ် တမ်းတင်ထားကြလေသည်။ ထိုဘီစီ ၆–ရာစုသည် ကမ္ဘာ့သမိုင်း၌ တကယ် ပင်ထူးခြားသော ခေတ်တစ်ခေတ်ပင် ဖြစ်ခဲ့လေသည်။





## အခန်း(၇)

### ဗေဒသောင်းတော်သိမ္ဗူစင်းသား

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာ ပွင့် ပေါ်တော်မူလာသောနေ့ဖြစ်သည်။ ဘုရားမပွင့်မီ လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်လောက်ကပင် ဗုဒ္ဓပွင့်တော့မည်ဟူသော "ဗုဒ္ဓကောလာဟလ" သည် ဤလောကဌ် ဖြစ်ပေါ်ခဲ့ဖူး၏။ လောကဗျူဟာနတ်များက ကြွေးကြော် ခဲ့ကြခြင်းဖြစ်သည်။ ထိုကြွေးကြော်သံတို့ကြောင့်ပင် ဗုဒ္ဓပွင့်တော့မည်ဟူသော ဗုဒ္ဓကောလာဟလ သတင်းသည် လောကတွင် ပျံ့နှံ့နေလေသည်။

ဘီစီ ၆–ရာစု ဝန်းကျင်သည် ဒဿနပညာရှင်များပေါ်များသော ခေတ်ပင်ဖြစ်သည်။ ထိုခေတ်မတိုင်မီ လူတို့၏ အသိဉာဏ်သည် သာမန်အဆင့် သာဖြစ်သည်။ ဘီစီ ၆–ရာစုမှစ၍ လူတို့၏အသိဉာဏ်သည် မြင့်မားလာ သည်။ တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ တွေးခေါ်မြော်မြင်တက်လာကြသည်။ သမိုင်းသုတေသီတို့၏အဆိုအရ ဘီစီ ၆–ရာစု ဝန်းကျင်သည် မိမိတို့ လက်ရှိ ကျင့်သုံးနေသည့် ဘဝလွတ်မြောက်မှု အကျင့်စရဏအပေါ် မကျေနပ်၍ ထိုမှ တစ်ဆင့်တက်ကာ အကျင့်စရဏတို့ဖြင့် ဘဝလွတ်မြောက်မှုကို ရှာမှီးကြသူ

www.burmeseclassic.com

www.burmeseclassic.com



များ ကြီးစိုးသောခေတ်ပင်ဖြစ်သည်။ ထိုခေတ်၌ ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်လာပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀–ကျော်က၊ အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောင်ခြေတွင် သကျအနွယ်ဝင်မင်းများ အုပ်ချုပ်သော ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယတို့ဟူ၍ တိုင်းကြီးသုံးတိုင်းရှိခဲ့သည်။ သုဒ္ဓေါဓနမင်းကြီးသည် ဒေဝဒဟတိုင်းပြည်မှ မဟာမာယာဒေဝီ မင်းသမီးကို ရွေးလက်တွဲ၍ ကပိလဝတ် ရွှေနန်းမှာ စိုးစံတော်မူခဲ့သည်။ မဟာမာယာဒေဝီသည် ကိုယ်ဝန်အရင့်အမာနှင့် ကပိလဝတ်မှ ဒေဝဒဟတိုင်းပြည်သို့အသွား လမ်းခရီးအကြားတွင် သာယာလှပသော လုမ္ဗိနီသာမော အင်ကြင်းတောသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်၌ ရာသီဥတုမှာ ကဆုန်လရာသီ၊ နွေမှမိုးသို့အကူး အချိန်အခါပင်ဖြစ်သည်။ ဥယျာဉ်ထဲရှိ သစ်ပင်များသည် ထွက်ပြူစရွက်ဖု၊ ရွက်နုများဖြင့် မုတ်သုံရာသီဦးကို ကြိုဆိုနေလေဘိ သကဲ့သို့ပင်ဖြစ်သည်။ ပန်းမျိုးစုံတို့ သည်လည်း ပင်လုံးကျွတ်ပွင့်နေကြသည်။ ဝတ်ရည်စားသုံး ပျားပိတုန်းတို့သည်လည်း တရှုန်းရှုန်း ဝဲပျံနေကြသည်။ ကျေးငှက်သာလိကာ အပေါင်းတို့မှာလည်း သာယာရင့်ကျူး၊ တေးသီမြူးလျက်၊ တစ်ပင်မှသည် တစ်ပင်ဆီသို့၊ တစ်ကိုင်းမှသည် တစ်ကိုင်းဆီသို့ ခုန်ပျံဝဲကာ ပျော်မြူးနေကြသည်။ မဟာမာယာဒေဝီသည် သာယာဖွယ်ရာ အင်ကြင်း ဥယျာဉ်မှာပင် အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပါသည်။ အချိန်ကား မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ (ဘီစီ–၅၆၃)၊ ကဆုန်လပြည့်၊ သောကြာနေ့ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်ပြီးသည်နှင့် တစ်ပြိုင်နက် မြောက်သို့ခုနစ်ဖဝါး လှမ်းကာ– (၁) ငါသည် လောကတွင် အမြတ်ဆုံး၊

(၂) ငါသည် လောကတွင် အကြီးဆုံး၊



(၃) ငါသည် လောကတွင် အချီးမွမ်းအပ်ဆုံး၊

(၄) ဤဘဝသည် နောက်ဆုံးဘဝ ဖြစ်သည်၊

(၅) ယခုငါ့အတွက် ဘဝဟူ၍မရှိတော့–ဟု ကြွေးကြော်လေသည်။

ထို့အပြင် အလောင်းတော်ကို ဖွားမြင်ခါစ၌လည်း အံ့ဖွယ်ကောင်းလှသော ပုဗ္ဗနိမိတ်ကြီးများ ဖြစ်ပေါ်ခဲ့သည်။ ထိုအပြင် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ကိုယ်ခန္ဓာတော်၌ ၃၂–ပါးသော လက္ခဏာတော်ကြီး ၈၀–သော လက္ခဏာတော်ငယ်တို့နှင့်လည်း ပြည့်စုံသည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်စဉ် အလောင်းတော်နှင့်အတူ ဖွားမြင်ကြသော ဖွားဖက်တော် ၇–ယောက် ရှိသည်။ ယင်းတို့မှာ (၁) ယသော်ဓရာမင်းသမီး၊ (၂) အာနန္ဒာမင်းသား၊ (၃) ဆန္နအမတ်၊ (၄) ကာဠုဒါယီအမတ်၊ (၅)ကဏ္ဍကမြင်း၊ (၆) မဟာဗောဓိပင်၊ (၇) ရွှေအိုးကြီးလေးလုံးတို့ဖြစ်သည်။

## ကာဠဒေဝီလရသေ့ ရယ်ခြင်း ငိုခြင်းနှင့် သုဒ္ဓေါဒနမင်းကြီး သားတော်ကို ရှိခိုးခြင်း

အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသောအခါ မဟာမာယာဒေဝီသည် ရှေ့ဆက်ပြီး ဒေဝဒဟသို့ မသွားတော့ဘဲ ကပိလဝတ်နေပြည်တော်သို့ ပြန်လာခဲ့သည်။

ကာဠဒေဝီလရသေ့သည် သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်သော ဈာန်အဘိဉာဏ်ရ ရသေ့တစ်ပါးဖြစ်သည်။ ရှေးကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်ကို မြင်စွမ်းနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ကြောင်း သတင်းစကားကြောင့် နန်းတော်ထဲသို့ကြွလာပြီး သတင်းမေးသည်။ သုဒ္ဓေါဒနမင်းကြီးသည် သိဒ္ဓတ္ထမင်းသားလေးအား ယူဆောင်ပြီး မိမိ၏ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကာဠုဒေဝီလရသေ့အား ရှိခိုးစေသည်။ ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ရသေ့အား ရှိမခိုးဘဲ ရသေ့၏ ဦးခေါင်းပေါ်၌ ထူးဆန်းစွာရပ်တည်နေလေသည်။ ထိုထူးဆန်းသော အခြင်းအရာကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသော ကာဠုဒေဝီလရသေ့သည် ထိုင်ရာမှထကာ သိဒ္ဓတ္ထမင်းသားအား လက်အုပ်ချီလေသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည်လည်း ထိုကဲ့သို့သော အံ့သြထူးဆန်းဘွယ်ရာကိုမြင်၍ မိမိ၏သားတော်ကို ရှိခိုးလေသည်။ ထိုကဲ့သို့ ရှိခိုးခြင်းသည် သုဒ္ဓေါဒနမင်းကြီးအတွက် ပထမအကြိမ် ရှိခိုးခြင်းပင် ဖြစ်လေသည်။

ထိုနောက် ကာဠုဒေဝီလရသေ့သည် သိဒ္ဓတ္ထမင်းသား၏ လက္ခဏာကြီးငယ်ကို ကြည့်ရှု၍ ဘုရားဧကန်ဖြစ်မည်ကိုသိ၍ အားရဝမ်းသာ ပြုံးတော်မူသည်။ ထိုအပြင် မိမိသက်တမ်းကို ကြည့်ရှုတော်မူသော် သိဒ္ဓတ္ထမင်းသား ဘုရားမဖြစ်မီ သေလွန်ရမည်ကိုသိ၍ ဘုရားအလောင်းတော်အား ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရပါလျက် ဘုရားပွင့်အောင်အထိ သက်တမ်းမရှည်၍ ဘုရားကို ဖူးမြင်ရမည် မဟုတ်ဟုဆိုကာ ငိုကြွေးလေသည်။

## ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်

ကပိလဝတ်နေပြည်တော်တွင် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် ပဥ္စမမြောက်နေ့၌ ဦးခေါင်းဆေးမင်္ဂလာ၊ အမည်ပေးမင်္ဂလာနှင့် လက္ခဏာတော်ကိုဖတ်စေသော မင်္ဂလာအခမ်းအနားကျင်းပသည်။ ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် သူ၏နန်းတော်၌ အစဉ်အလာ ဘာသာရေးယုံကြည်မှုအရ ဗေဒင်သုံးပုံတို့ကို ကမ်းတစ်ဖက်ရောက် တတ်မြောက်ကြကုန်သော ကပိလဝတ်ပြည်၌ အကျော်ကြားဆုံး ပြာဟ္မဏ ၁၀၈–ယောက်တို့အား ပင့်ဖိတ်၍



နို့ဃနာဘောဇဉ်ဖြင့် လုပ်ကျွေးသည်။ ပူဇော်ဖွယ်ရာ အမျိုးမျိုးတို့ဖြင့်လည်း ပူဇော်သည်။ ထို့နောက် သိဒ္ဓတ္ထမင်းသားအား ဦးခေါင်းဆေး မင်္ဂလာ၊ အမည်ပေး မင်္ဂလာ၊ လက္ခဏာတော်ကိုဖတ်စေသည့် မင်္ဂလာကို ပြုလုပ်စေသည်။ မင်္ဂလာ အခမ်းအနား၌ ပင့်ဖိတ်ထားသော ပြာဟ္မဏ ၁၀၈–ယောက်တို့ အထဲက အတော်ဆုံး ၈–ယောက်ကို ရွေးထုတ်လိုက်သည်။ ယင်းပြာဟ္မဏ ၈–ယောက်မှာ–ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဘောဇ၊ သုယာမ ဟူသော ပြာဟ္မဏဆရာကြီး ၇–ယောက်တို့ ဖြစ်ကြသည်။

ထိုပြာဟ္မဏ ဆရာကြီး ၇–ယောက်တို့သည် အသက်အရွယ်ကြီးရင့်ကြပြီး ထိုခေတ်အခါက ကပိလဝတ်နိုင်ငံတွင် ဝေဒပညာအရာ၌ အကျော်ကြားဆုံး၊ အတော်ဆုံးသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုအထဲတွင် သုဒတ္တမည်သော သက်တော်နုစ်ဆယ်ကျော်အရွယ် ပြာဟ္မဏလုလင်ငယ် တစ်ဦးသည်လည်း ထိုခေတ်က ပြာဟ္မဏတို့ တတ်အပ်သော အတတ်ပညာတို့ဖြင့် ပြီးပြည့်စုံနေပြီး အထူးပင် နာမည်ကျော် ကြားလျက်ရှိသည်။ ထိုသုဒတ္တ ပြာဟ္မဏလုလင်ငယ်ကိုလည်း နိမိတ်ဖတ်ရန် ၈–ယောက်မြောက်အဖြစ် ရွေးချယ်လိုက်ကြသည်။

ထိုအခမ်းအနားတွင် အလောင်းတော်၏ အမည်ကို "သိဒ္ဓတ္ထ"ဟူ၍ အမည်မှည့်ကြသည်။ အသက်အရွယ် ကြီးရင့်ကြပြီးဖြစ်သော ပြာဟ္မဏ ဆရာကြီး ၇–ယောက်တို့က "မင်းသားသည် လူ့ဘောင်၌နေပါကစကြာဝတေးမင်းဖြစ်မည်၊ ရဟန်းပြုပါက ဘုရားဖြစ်လိမ့်မည်"ဟု လက်နှစ်ချောင်းထိုထောင်ကာ ဟောကြသည်။ သုဒတ္တမည်သော သက်တော်နှစ်ဆယ်ကျော်အရွယ် ပြာဟ္မဏလုလင်ကမူ "သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်" ဟူ၍ လက်ညှိုးတစ်ချောင်းကိုထောင်ကာ ဟောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါး မမြင်ရစေအောင် စီမံတော်မူခြင်း

ဘဝဟူသည် ရုပ်နာမ်တို့၏ အစဉ်အတန်း တစ်ခုပင်ဖြစ်သည်။ ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် မဆုံးနိုင်အောင် စဉ်တန်းဖြစ်ပျက်နေကြသည်။ ဘဝဖြစ်စဉ်များကို ပါဠိလို "ပဋိစ္စသမုပ္ပါဒ အနုလောမ"ဟူ၍ ခေါ်ပါသည်။ ဘဝ၏ ချုပ်စဉ်များကိုမူ ပါဠိလို "ပဋိစ္စသမုပ္ပါဒ ပဋိလောမ" ဟူ၍ ခေါ်ကြသည်။ အရာရာတိုင်းသည် အဖြစ်အပျက် နှစ်မျိုးတို့ဖြင့် ဆက်စပ်နေကြသည်။ ထိုဖြစ်စဉ် နှစ်မျိုးထဲမှ ကင်းလွတ်သည့် အရာဟူ၍ကား လောကမှာ ဘယ်အရာမှ ရှိကောင်းမည် မထင်ပေ။

မြတ်စွာဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သူဖြစ်သည်။ ပါရမီတော်ပြည့်စုံ၍ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားအဖြစ် မွေးဖွားလာပါသည်။ သိဒ္ဓတ္ထမင်းသားကို မွေးဖွားပြီးနောက်ပဥ္စမမြောက်နေ့တွင် ကျင်းပသော မင်္ဂလာသဘင်၌ "သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ ဤနိမိတ်ကြီး လေးပါးကိုမြင်၍ သိဒ္ဓတ္ထမင်းသား တောထွက်လိမ့်မည်"ဟူ၍ ပြာဟ္မဏများက ဟောကြားထားသဖြင့် ထိုနေ့ထိုအချိန်မှစ၍ သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားတော်အား နိမိတ်ကြီးလေးပါးကို မမြင်ရအောင် စီမံတော်မူလေသည်။ သုဒ္ဓေါဒနမင်းကြီး၏ ရည်ရွယ်ချက်မှာ မိမိ၏သားတော်ကို စကြာဝတေးမင်းသားဖြစ်စေလိုသောဆန္ဒရှိသည်။ စကြာဝတေးမင်းဖြစ်မှသာလျှင် ကြီးကျယ်သော ကပိလဝတ်နိုင်ငံတော်ကြီး ဖြစ်လာမည်ဖြစ်ပြီး လောကအလည်တွင် ဝင့်ထည်နိုင်မည်ဖြစ်သည်။



ထိုခေတ်အခြေအနေအရ ကပိလဝတ်ပြည်သည် နိုင်ငံငယ်တစ်ခုသာဖြစ်သည်။ မဂဓတိုင်း၊ ကောသလတိုင်းတို့လောက်ကြီးကျယ်ခမ်းနားခြင်း မရှိလှပေ။ "စကြာဝတေးမင်း" ဟူသည် လေးကျွန်းလုံးကို အစိုးရသော သူဖြစ်သည်။ ထို့ကြောင့် မိမိသား စကြာဝတေးမင်းဖြစ်ပါက ကပိလဝတ်နိုင်ငံသည်လည်း လောကအလည်တွင် ဂုဏ်ယူဖွယ်ရာ ဖြစ်နေလိမ့်မည်။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို သူ၏သားတော် မြင်လောက်သည့် အရပ်အတွင်းသို့ မလာရောက်နိုင်ရန် အရပ်လေးမျက်နှာ လုံးတွင်အစောင့်ခန့်အပ် စီမံထားခြင်းဖြစ်လေသည်။

## ဗုဒ္ဓခေတ်နှင့် ဒေသရာဇ်၏ စွမ်း

မြတ်စွာဘုရား ပွင့်တော်မမူမီက မဇ္ဈိမဒေသ၌ တိုင်းကြီး ၁၆ တိုင်း ရှိခဲ့သည်။ ထိုတိုင်းကြီး ၁၆ တိုင်းတို့မှာ–(၁) ကာသိ (၂) ကောသလ (၃) အင်္ဂ (၄) မဂဓ (၅) ဝဇ္ဇီ (၆)မလ္လ (၇) စေတီယ (၈) ဝံသ (၉) ကုရု (၁၀) ပဉ္စာလ (၁၁) မစ္ဆ (၁၂) သူရသေန (၁၃) အဿက (၁၄) အဝန္တီ (၁၅) ဂန္ဓာရ (၁၆) ကမ္ဘောဇတိုင်းတို့ ဖြစ်ကြသည်။ သက္ကတိုင်းကိုမူ သီးခြားဖော်ပြခြင်းမပြုဘဲ ကောသလတိုင်း၌သွင်း၍ ဖော်ပြသည်။

ထိုတိုင်းကြီး ၁၆ တိုင်းတို့၌ အုပ်ချုပ်ရေးစနစ်မှာ ပဒေသရာဇ်စနစ်အရ အုပ်ချုပ်မှုနှင့် သမ္မတစနစ်အရ အုပ်ချုပ်မှုတို့ ရှိကြသည်။ ပညာရေးနှင့် ပတ်သတ်လျှင်မူ မင်းညီ မင်းသားများနှင့် အထက်တန်းလွှာတို့၏ သားသမီးများက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံတွင်ပညာ သင်ယူသူများကြသည်။ စီးပွါးရေးနှင့် ပတ်သက်၍လည်း လယ်ယာလုပ်ငန်း၊

www.burmeseclassic.com

www.burmeseclassic.com



ကုန်ထုတ်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဟူ၍ လုပ်ငန်းကြီး သုံးခုရှိကြောင်း တွေ့ရသည်။ ထိုလုပ်ငန်းသုံးမျိုးတို့တွင် လယ်ယာလုပ်ငန်း သည်နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည်။ ထိုခေတ်သည် စိုက်ပျိုးရေးခေတ် ဖြစ် သဖြင့် လယ်ယာလုပ်ငန်းကို တိုင်းပြည်ကို အုပ်ချုပ်သူ ရှင်ဘုရင်ကအစ တစ်တိုင်းပြည်လုံးက အထူးတန်ဖိုးထားသော ခေတ်လည်းဖြစ်သည်။ ရှင်ဘုရင် ကိုယ်တိုင်ပင် စိုက်ပျိုးရေးလုပ်ငန်း အခမ်းအနားများ၌ ဦးဆောင်ပါဝင် တက်သော ခေတ်ဖြစ်သည်။

သက္ကတိုင်း ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် ထိုခေတ် ဓလေ့အတိုင်း လယ်ထွန်မင်္ဂလာသဘင်ကို ကျင်းပလေ့ရှိရာ နှစ်စဉ် နှစ်တိုင်းပင်ဖြစ်သည်။ ယခုနှစ်တွင်လည်း ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်နေပြည်တော်၌ လယ်ထွန်မင်္ဂလာကို ကျင်းပနေလေသည်။ ဘုရင် သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏မှူးမတ်ဗိုလ်ပါများနှင့် လယ်ထွန်မင်္ဂလာပွဲတော် ကို ကျင်းပခြင်းဖြစ်သည်။ လယ်ထွန်မင်္ဂလာပွဲတော် ကျင်းပရာသို့ မိမိ၏ သားတော်သိဒ္ဓတ္ထမင်းသားကိုလည်း ခေါ်ဆောင်သွားသည်။ လယ်ထွန်မင်္ဂလာ ပွဲတော်ကို ကျင်းပချိန်တွင် အထိန်းတော်များက သိဒ္ဓတ္ထမင်းသားကို သပြေပင် ရိပ်၌ သိပ်ထားကြသည်။

မွန်းလွဲချိန်တွင် ဖြာကျနေသော နေရောင်ခြည်များကြောင့် အခြား သော သစ်ပင်ရိပ်များ ပြောင်းရွှေ့သွားကြသော်လည်း သိဒ္ဓတ္ထမင်းသားစံရာ သပြေပင်ရိပ်ကား မပြောင်း။ မူလအတိုင်းပင်ရှိသည်။ အမှန်အားဖြင့် သိဒ္ဓတ္ထ မင်းသားသည် သပြေပင်ရိပ်၌ အာနာပါန ပဋ္ဌမဈာန်ကိုဝင်စား နေလေရာ ယင်း၏အာနုဘော်ကြောင့် သပြေပင်ရိပ်မပြောင်းခြင်းဖြစ်သည်။ ထိုအကြောင်း



ကို အထိန်းတော်များက သုဒ္ဓေါဒနမင်းကြီးအား သွားရောက် လျှောက်တင် ကြသောအခါ မင်းကြီးသည်ကိုယ်တိုင် လာရောက်ဖူးမျှော်ပြီးလျှင် ဒုတိယ အကြိမ်အနေဖြင့် သားတော်သိဒ္ဓတ္ထမင်းသားအား ရှိခိုးလေသည်။ ထိုသို့ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သားတော်အား ရှိခိုးခြင်းသည် သိဒ္ဓတ္ထမင်းသား ၏အာနာပါန ပဋ္ဌမဈာန်အစွမ်းသတ္တိကြောင့်ပင် ဖြစ်လေသည်။

## ဓမ္မတာများ

သံသရာကား ရှည်လျားလှသော ခရီးတစ်ခုဖြစ်သည်။ မရပ်မနား သွားလာနေရသည်။ ခန္ဓာ၊ အာယတန၊ ဓါတ်တို့ဖြင့် ဆက်ကာဆက်ကာ "ဒလစပ်"လည်ပတ်နေသည်။ ခန္ဓာတစ်ခုမှ တစ်ခုသို့လည်းကောင်း၊ ဘုံဘဝတစ်ခုမှ တစ်ခုသို့လည်းကောင်း စုံဆန်ကာလည်ပတ်နေလေသည်။ ခန္ဓာကိုရရှိသူ သတ္တဝါအားလုံးတို့သည် ထိုရှည်လျားလှသော သံသရာခရီးခဲ၌ အတောမသတ်နိုင်အောင် ဒလစပ် လည်ပတ်နေရမည်သာဖြစ်သည်။

ထိုသံသရာခရီးသွားသတ္တဝါများ ရရှိထားသော ဘဝဟူသည် ကံ အပေါ်တွင် အခြေတည်သည်။ မိမိတို့က ကောင်းသောကံများကို ပြုလုပ်ခဲ့ပါ က ကောင်းကျိုးကို ခံစားရမည်ဖြစ်သည်။ မကောင်းသောကံများကို ပြုလုပ်ခဲ့ ပါက မကောင်းကျိုးကို ခံစားရမည်ဖြစ်သည်။ မိမိတို့ရရှိထားသော ဘဝဟူသည် မိမိတို့ကိုယ်တိုင် ဖန်တီးထားသော ကံ၏စွမ်းအားများပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ရရှိထားသောဘဝ၌ ကံစွမ်းအား မည်မျှရှိကြောင်း ဆင်ခြင်၍ မိမိတို့၏ အတိုင်းအတာကို သိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတစ်ဦးတစ်ယောက်သည်ကံစွမ်းအား အားကြီးသည်နှင့် အမျှ ထိုကံကြောင့်ဖြစ်ရသော ဘဝခန္ဓာစွမ်းအားသည်လည်း အားကြီးမည် မှာပင် ဖြစ်သည်။ အကြောင်းအားကောင်းလျှင် အကျိုးအားကောင်းမည်မှာ နိယာမ တစ်ခုပင်ဖြစ်သည်။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ရန်အတွက် လေး သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ သူဖြစ် သည်။ ထိုပါရမီကံအဟုန်သည် သိဒ္ဓတ္ထမင်းသားပြုလုပ်ထားခဲ့သော အနန္တ ကံ များပင်ဖြစ်သည်။ အနန္တ ကံများသည် အကျိုးပေးလာသည့်အခါ အနန္တ ပင် အကျိုးပေးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘဝဟူသည် ကံတရား၏ အခြေတည်ရာ ဖြစ်သောကြောင့်ပင်ဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် ပဋိသန္ဓေနေချိန်မှာပင် ထူးဆန်းသူဖြစ်သည်။ မွေးဖွားချိန်မှာလည်း ထူးဆန်းသောသူတစ်ယောက်ဖြစ်သည်။ မွေးဖွားပြီးလျှင် ပြီးချင်း စကားပြောသည်။ ခုနစ်ဖဝါးလှမ်းကြွသည်။ ဈာန်အဘိညာဏ်ရ ရသေ့ ကြီးကာဠဒေဝိလ ဦးခေါင်းပေါ်ရပ်ပြခဲ့သည်။ တစ်လသားအရွယ် အာနာပါန ပဥ္စမဈာန်ကို ဝင်စားမှုကြောင့် သပြေပင်ရိပ်မရွေ့ဘဲ လူအများကိုအံ့သြစေ ခဲ့သည်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့ဘူးသော ပါရမီအဟုန် သည် အကျိုးပေးလာသည့်အခါ မည်သည့်အရာကမှ တားဆီးနိုင်စွမ်း မရှိ နိုင်ပေ။

သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသည့်နေ့မှ ပဥ္စမမြောက်နေ့တွင် ကျင်းပသော မင်္ဂလာသဘင်၌ သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးကို တွေ့မြင်၍ တောထွက်လိမ့်မည်ဟု ဗြာဟ္မဏများဟောကြားထားသည်။ ထို အချိန်မှစ၍ သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားတော်အား နိမိတ်ကြီးလေးပါး



မမြင်ရအောင် စီမံတော်မူခဲ့သည်။ ယခုသိဒ္ဓတ္ထမင်းသားသည် အသက်ခုနစ် နှစ်အရွယ်သို့ ရောက်ရှိလာပြီးဖြစ်သည်။ မင်းကြီးသည် အသက်ခုနစ်နှစ် အရွယ်သူငယ်တို့အကြိုက်ကို အမတ်တို့အားမေးသည်။ အမတ်များက ရေ ကစားခြင်းကို လူငယ်တို့ကြိုက်နှစ်သက်ကြကြောင်း လျှောက်ကြသည်။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော်မင်းသားအတွက် ရေကန် တူးရန် အမတ်များနှင့်တိုင်ပင်ပြီး နေရာသတ်မှတ်ကြသည်။ သို့သော် ထိုသတ် မှတ်သော နေရာမှာပင် ရေကန်သည် အံ့ဘနန်း ဖြစ်ပေါ်လာသည်။ ဝိသကြုံ နတ်သားက ဖန်ဆင်းပေးခြင်းဖြစ်သည်။ ဆောင်း၊ နွေ၊ မိုး အတွက် စံနန်းဆောင် များ ဆောက်လုပ်သော်လည်း စံနန်းဆောင်များသည် အံ့ဘနန်းပင် ပြီးမြောက် လာကြပြန်သည်။

အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားအတွက် ရည်ရွယ်၍သာလုပ်ဆောင် ပါက ထိုလုပ်ဆောင်ချက်များအားလုံးသည် စိတ်ကူးတိုင်း၊ ကြံစည်တိုင်း ဖြစ်ပေါ်လာကြ သည်ချည်းဖြစ်သည်။ အနန္တ ကံများကို ပြုလုပ်ခဲ့သူအတွက် အနန္တ အကျိုးတရားသည် နေရာဒေသမရွေးပင် အကျိုး ပေးနေခြင်း ဖြစ်နိုင် ပါသည်။

သိဒ္ဓတ္ထမင်းသားသည် သက်တော် ၁၆ နှစ်အရွယ်သို့ပင် ရောက်လာ ပြီးဖြစ်သည်။ သူ၏ ဘုန်းရှိန် ကံရှိန် သမ္ဘာရှိန်တို့ဖြင့်မွေးဖွားတော် မူချိန်က ပင်စ၍ သူ၏ ခမည်းတော်နှင့် ဆွေတော်မျိုးတော်များ၊ နိုင်ငံသူ နိုင်ငံသားများကို လောကအလယ်၌ မျက်နှာပန်းပွင့်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သိဒ္ဓတ္ထမင်းသား လေးအတတ်ထိုပြတော်မူခြင်း

မြတ်စွာဘုရားပွင့်တော်မမူမီက မဇ္ဈိမဒေသမှာ ခေတ်စားနေသော ပညာရေးမှာ အဋ္ဌာရသ ခေါ် ၁၈ ရပ်သော ဘာသာရပ်များဖြစ်သည်။ ထို ၁၈ ရပ်သော ဘာသာရပ်များကို အရွယ်ရောက်သူ မင်းညီမင်းသားများနှင့် သူဌေးသူကြွယ်သားများ၊ ပုဏ္ဏားများသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံမှာ သွားရောက်သင်ယူကြရသည်။ ထိုသို့ပညာသင်ယူကြခြင်းသည် ရှေးခေတ်က ပညာရေးအစဉ်အလာ တစ်ရပ်ပင်ဖြစ်သည်။ သို့သော် သိဒ္ဓတ္ထမင်းသားသည် ပညာသင်ကြားချိန် ရောက်သော်လည်း ပညာသင်ယူခြင်း မပြုလုပ်ခဲ့ပေ။

သုဒ္ဓေါဒနမင်းကြီးသည် မိမိသားတော် သိဒ္ဓတ္ထမင်းသား အရွယ်ရောက်လာပြီးဖြစ်၍ ထီးနန်းအပ်ရန် စီစဉ်သည်။ သမီးကညာများကို ဆက်သကြရန် သာကီဝင်မင်းများထံ သဝဏ်လွှာပို့သည်။ သို့သော် သာကီဝင်မင်းများက သိဒ္ဓတ္ထမင်းသားသည် ပညာမတတ်၍ သမီးကညာများကို ဆက်သရန်ငြင်းဆန်ကြသည်။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် မင်းသာတစ်ပါး အနေဖြင့် တတ်သင့်သော ပညာရပ်များကို သင်ယူခြင်း မရှိသော်လည်း တတ်မြောက်ပြီးဖြစ်သည်။ လေးသချီနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သော ပါရမီအဟုန်သည် အထွတ်အထိပ်သို့ရောက်နေပြီးဖြစ်ကြောင်း သာကီဝင်မင်းတို့ သဘောမပေါက်ကြဟန်တူသည်။

သိဒ္ဓတ္ထမင်းသားသည် သံသရာအဆက်ဆက်က သင်ယူတတ်မြောက်ခဲ့သော ပညာရပ်များကို အားလုံးမှတ်မိနေသည်။ သူ၏ စိတ်အာရုံတွင် ထင်ဟပ်ပေါ်လွင်နေသည်။ ထို့ကြောင့် သူသည် မင်းသားတို့ တတ်အပ်သော



၁၈ ရပ်သော ဘာသာရပ်များကို ဆရာသမားများထံမှ သင်ယူခြင်းမရှိဘဲ တတ်မြောက်နေခြင်းဖြစ်သည်။

ဘဝဟူသည် ကံအပေါ်မှာ အခြေတည်သည်။ ကံဟူသည် မိမိပြုလုပ်ထားသော အလုပ်ပင်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားဘဝကို ဖြစ်စေသော ကံသည် မရေမတွက်နိုင်အောင် ဖြည့်ကျင့်တော်မူထားခဲ့ရသည်။ ထိုကံများ၏ အထောက်အပံ့ကြောင့်ပင် သိဒ္ဓတ္ထမင်းသားသည် အတတ်ပညာကို မသင်ကြားဘဲ ၁၈ ရပ်သော ဘာသာရပ်များကို တတ်မြောက်နေခြင်းဖြစ်သည်။ သို့သော် ခမည်းတော်မင်းကြီးမှအပ မည်သူကမျှ မယုံကြည်ကြပေ။ ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ယောကျ်ားတို့တတ်အပ်သော ပညာရပ်များအနက် ခက်ခဲသော လေးအတတ်တော်ကို ပြသရလေသည်။

လေးအတက်တော်ကို မပြသမီ ဆွေတော်မျိုးတော်တို့အား ခုနစ်ရက်ကြိုတင်၍ ဖိတ်ကြားထားသည်။ ခုနစ်ရက်မြောက်ရောက်သောနေ့တွင် လေးအတတ်ပြပွဲကို ကျင်းပသည်။ သိဒ္ဓတ္ထမင်းသားသည် ဆွေတော်မျိုးတော်တို့အား မိမိ၏လေးအတတ်ကိုပြသရာ၌ ဗိုလ်ခြေတစ်ထောင် တင်မှရသော လေးဖြင့် မိမိ၏လေးအတတ်ပညာကို ပြသလေသည်။ ထိုလေးအတတ်ပြပွဲတွင် သိဒ္ဓတ္ထမင်းသားသည် သာကီဝင်မင်းတို့ တစ်ခါမျှမမြင်ဖူး၊ မကြားဖူးသော လေးအတတ်များကို ပြသလေသည်။ ထိုလေးအတက်များမှာ မြားရေးကြီး ၄ ပါးနှင့် မြားရေးငယ် ၁၂-ပါးတို့ ဖြစ်ကြသည်။ ဤလေးအတက်များကို သာကီဝင်မင်းများသည် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မကြားဖူးကြပေ။ သိဒ္ဓတ္ထမင်းသား ပြသော လေးအတက်ကို ကြည့်ယင်း၊ ကြည့်ယင်း အံ့သြမဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သိဒ္ဓတ္ထမင်းသား ထီးနန်းစိုးစံတော်မူခြင်း

သိဒ္ဓတ္ထမင်းသားသည် အရွယ်ရောက်လေပြီ။ အတတ်ပညာများလည်း ပြည့်စုံပြီးဖြစ်သည်။ ထို့ကြောင့် သာကီဝင်မင်းတို့သည် သိဒ္ဓတ္ထမင်းသားကို ထီးနန်းအပ်ရန် စီစဉ်ကြသည်။ ဘုရင်အဖြစ်ရွေးချယ်၍ နန်းတင်ကြသည်။

သိဒ္ဓတ္ထမင်းသားကို နန်းတင်သောအခါ သာကီဝင်မင်းတို့သည် မိမိတို့၏ သမီးကညာများကို ဆက်ကြသည်။ ထိုသမီးကညာများထဲတွင် ယသော်ဓရာမင်းသမီးသည် အဂ္ဂမဟေသီဖြစ်သည်။ ယသော်ဓရာမင်းသမီးကား ပါရမီဖြည့်ဖက်ဖြစ်သည်။ သုမေဓာရှင်ရသေ့ဘဝတွင် သုမိတ္တာသည် ယသော်ဓရာ အလောင်းပင်ဖြစ်သည်။

အချိန်ရာသီစက်ရဟတ်သည် ဒလစပ် လည်ပတ်နေလေသည်။ နွေမှ မိုးသို့လည်းကောင်း၊ မိုးမှ ဆောင်းသို့လည်းကောင်း၊ ဆောင်းမှ နွေသို့ လည်းကောင်း ရာသီစက်ဝန်းတို့၏ လည်ပတ်မြဲဓမ္မတာအတိုင်း လည်ပတ်နေကြလေသည်။ ဤသို့အားဖြင့် သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နိုင်ငံတော်ကို မင်းကျင့်တရားနှင့်အညီ ရှင်ဘုရင်အဖြစ် အုပ်ချုပ်နေသည် မှာ ၁၃–နှစ်တိုင်တိုင်ကြာညောင်းလာခဲ့ပြီးဖြစ်သည်။ ကပိလဝတ်နိုင်ငံတော်သည် မင်းကောင်းမင်းမြတ်၏အုပ်ချုပ်မှုကို ခံရသောကြောင့် အေးချမ်းသာယာပြီး တိုင်းသူပြည်သားများမှာလည်း အထူးပင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရလေသည်။

## သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးတို့မြင်၍ တောထွက်တော်မူခြင်း

တစ်ခုသောနေ့တွင် သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်သို့ ထွက်ကြွတော်မူလာသည်။ လမ်းတွင် “သူအို” ကို တွေ့မြင်လေသည်။ ယခင်က



သူသည် သူအိုကိုတွေ့မြင်ဖူးပါသည်။ သို့သော် ယခုကဲ့သို့ အိုသောသူအိုကိုကား မတွေ့ဘူးသေး။ ဤသူအိုကား ရိုးရိုးသူအိုမဟုတ် နတ် ဗြဟ္မာ များက ဖန်ဆင်းပြသော သူအိုပင်ဖြစ်သည်။ ထို့ကြောင့် ဤသူအိုသည် သူမြင် ဖူးသော သူအိုနှင့် မတူခြင်းဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ယခု သူအိုကိုတွေ့ လေပြီ။ သူသည်လည်း ယခုကဲ့သို့ အိုရမည်ကို ယခင်က မစဉ်းစားခဲ့ဖူးပေ။ ယခု သူ၏စိတ်သည် သူအိုကို မြင်တွေ့ချိန်မှစပြီး ပျော်ရွှင်မှုမဖြစ်တော့။ ငါသည်လည်း အိုရမှာပါတကားဟု ဓမ္မသံဝေဂစိတ် ကြီးစွာဖြစ်ကာ ဥယျာဉ်တော်သို့ မသွားတော့ဘဲ လမ်းတစ်ဝက်က နန်းတော်သို့ပြန်လာခဲ့လေသည်။

ထိုသတင်းသည် သာကီဝင်မင်းများအကြားတွင် တမုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ သာကီဝင်မင်းတို့သည် အလောင်းတော် နောက်ထပ်နိမိတ်များ မမြင်ရအောင် လုံးလစိုက်ကြသည်။ နန်းတော်ထဲတွင် သိဒ္ဓတ္ထမင်းသားအတွက် ကာမဂုဏ်အာရုံများ ပို၍ခံစားနိုင်ရန် စီစဉ်ကြသည်။

သိဒ္ဓတ္ထမင်းသားသည် လေးလခန့်အထိ နန်းတော်ထဲမှာ စံမြန်းပြန်သည်။ ထိုလေးလအကြာတွင် သိဒ္ဓတ္ထမင်းသားသည် ယခင်နှင့် မတူတော့ပေ။ ဘဝနှင့်ပတ်သက်သော တွေးခေါ်မြော်မြင်စရာများသည် ပို၍ပင် အမြင်ထူးလာသည်။ ယခင်က နိုင်ငံကို အုပ်ချုပ်နေသူအနေဖြင့် နိုင်ငံတော် စည်ပင်ဖွံ့ဖြိုးရေးကိုသာ စဉ်းစားရသည်။ အခုတော့ ပထမအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ထွက်ရာမှ သူအိုကို တွေ့မြင်ပြီးနောက် သူ၏ ဘဝအမြင်သည် သံဝေဂများနှင့် ပြည့်နေလေသည်။ ငါသည်လည်း ဤကဲ့သို့ အိုရမှာပါတကား ဟူ၍ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းသားသည် သူအိုကို မြင်ပြီးနောက် လေးလအလွန်တွင် ဒုတိယအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ မိမိ၏ရထားထိန်းနှင့်အတူ ပြန်ထွက်ပြန်သည်။ ထိုသို့ မင်္ဂလာဥယျာဉ်တော်သို့ မိမိ၏ရထားထိန်းနှင့်အတူ ပြန်ထွက်လာသောအခါ နတ်ပြဟ္မာများက သိဒ္ဓတ္ထမင်းသား သံဝေဂရ၍ တောထွက်ရန် "သူနာနိမိတ်" ကို ပြသကြပြန်သည်။

နတ်ပြဟ္မာများပြသော ဤသူနာမျိုးသည် သိဒ္ဓတ္ထမင်းသား မြင်ဘူးသော သူနာမျိုးမဟုတ်။ ဘဝနှင့်ပတ်သက်၍ သံဝေဂဖြစ်စေသော သူနာမျိုးဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် သူနာကိုမြင်သောအခါ မင်္ဂလာဥယျာဉ်တော်သို့ ဆက်မသွားတော့ဘဲ ပြန်လှည့်လာပြန်သည်။ နန်းတော်ထဲသို့ ပြန်ရောက်သော် သိဒ္ဓတ္ထမင်းသား၏ စိတ်အစဉ်သည် သူနာနှင့်ပတ်သက်၍ ထူးခြားသော ခံစားမှုမျိုးကို ခံစားနေရသည်။ ငါသည်လည်း တစ်နေ့ ဤကဲ့သို့ပင် နာရမှာပါတကားဟူ၍ပင် ဖြစ်လေသည်။

သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူရာတွင် သူနာကိုတွေ့၍ လမ်းခုလပ်က ပြန်လာသည်ဟူသော သတင်းသည် ကပိလဝတ်နန်းတွင်း၌ ပျံ့နှံ့သွားပြန်သည်။ ထိုသတင်းကို ကြားရသော သုဒ္ဓေါဒနမင်းကြီးနှင့်တကွ သာကီဝင်မင်းတို့သည် စိုးရိမ်လာကြသည်။ ထို့ကြောင့် အစောင့် အကြပ်များကို ရေးကထက်ပို၍ ထူထပ်စွာချထားကြသည်။ သိဒ္ဓတ္ထမင်းသားသည် လေးလတိုင်တိုင် နန်းတော်ထဲမှာ စံမြန်းတော်မူပြီးနောက် တတိယအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ထွက်လာပြန်သည်။ ဤတစ်ကြိမ်ထွက်လာရာတွင် သိဒ္ဓတ္ထမင်းသားသည် "သူသေ" ကို တွေ့ပြန်သည်။ ထိုအခါ သိဒ္ဓတ္ထမင်းသားသည် သူသေကိုတွေ့ရာအရပ်မှ ရှေ့ဆက်မသွားတော့ဘဲ နန်းတော်သို့ ပြန်လာခဲ့လေသည်။



ဤသူသေနိမိတ်သည် သိဒ္ဓတ္ထမင်းသားအတွက် အထူးထိပ်လန့်ဖွယ်ရာ သံဝေဂနိမိတ်ဖြစ်သည်။ သူသူငါငါ သတ္တဝါတို့ ရရှိထားသော ခန္ဓာသည် တစ်နေ့တွင် သေခြင်းတရားဖြင့် နိဂုံးချုပ်ကြရမည်ဖြစ်ကြောင်းကို သိမြင်၍ ကြီးစွာသော သံဝေဂဉာဏ်များ တဖွားဖွားဖြစ်ပေါ်နေလေသည်။

သုဒ္ဓေါဒနမင်းကြီးနှင့် သာကီဝင်မင်းတို့မှာကား သိဒ္ဓတ္ထမင်းသားသည် သူသေနိမိတ်ကို တွေ့မြင်၍ နန်းတော်သို့ ပြန်လာသည်ဟု ကြားရ၍ ဆောက်တည် ရာမရနိုင်အောင် စိတ်သောက ခံစားရကာ အစောင့်အကြပ်များကို ပို၍ပင် ချထားလေသည်။

သူသေကိုမြင်ပြီးနောက် လေးလလွန်မြောက်သောအခါ သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူပြန်သည်။ ဤတစ်ကြိမ်ထွက်တော်မူလာခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်သည်။ လမ်းတစ်နေရာတွင် သင်္ကန်းကို သပ္ပါယ်စွာဝတ်ရုံပြီး ဦးခေါင်းကဆံပင်ကို ပြောင်လဲ့အောင် ရိတ်ထားသော "ရဟန်းတော်" တစ်ပါးကို ကိုတွေ့မြင်လေသည်။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းကို တွေ့မြင်သောအခါ အထူးစိတ်ဝင်စားသွားသည်။ ရထားထိန်းအား ရဟန်းပြုခြင်း၏ အဓိပ္ပါယ်ကိုမေးသည်။ ရထားထိန်းက "ရဟန်းဟူသည် လောက၏ အကျိုးစီးပွါးကို ဆောင်ရွက်နိုင်ရန်အတွက် အကျင့်မြတ်ကို ကျင့်သူဖြစ်ကြောင်း" လျှောက်တင်သည်။ သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုခြင်း၏ အဓိပ္ပါယ်ကို ရထားထိန်းထံမှ ကြားသိရသောအခါ ရဟန်းအကြောင်းကို ပို၍ပင် စိတ်ဝင်စားသွားပြန်သည်။

သိဒ္ဓတ္ထမင်းသားသည် ယခင်က ရဟန်းကို မြင်ဖူးသူမဟုတ်ပေ။ ကာဠုဒေဝီလကဲ့သို့ ရသေ့မျိုးကိုကား တွေ့ဖူးပါသည်။ သို့သော် ယခုတွေ့မြင်

www.burmeseclassic.com



နေရသော ရဟန်းသည် ကာဠုဒေဝီလရသေ့နှင့်မတူ တမူထူးခြားနေသည်။ သင်္ကန်းကို သပ္ပါယ်စွာ ဝတ်ရုံထားသည်။ ဦးခေါင်းကဆံပင်ကို ပြောင်လှဲအောင် ရိတ်ထားသည်။ ရဟန်းဟူသည် အမှန်ပင် လောကအကျိုးစီးပွါးကို ဆောင်ရွက်ရန် ကျင့်သူဖြစ်နိုင်သည်ဟု သိဒ္ဓတ္ထမင်းသား၏ ဉာဏ်အာရုံတွင် ထင်ရှားစွာ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ရဟန်းကိုတွေ့သောအခါ ရဟန်းထံသို့ ချဉ်းကပ်သွား၍ ရဟန်းဝတ်ရခြင်း၏ အဓိပ္ပါယ်ကိုမေးသည်။ ရဟန်းထံမှ ရဟန်းဝတ်ရခြင်း၏အဓိပ္ပါယ်ကို ကြားသိရသောအခါ သိဒ္ဓတ္ထမင်းသားသည် ရဟန်းဝတ်၍ တောထွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

သိဒ္ဓတ္ထမင်းသားသည် အိုမှု၊ နာမှု၊ သေမှု တို့ကင်းလွတ်ရာကို ရှာမည်ဆိုလျှင် ရဟန်းဝတ်ဖြင့်ရှာမှသာ ရနိုင်မည်ဖြစ်ကြောင်း သဘောပေါက်သွားသည်။ ထို့ကြောင့် သူသည် ရဟန်းဝတ်၍ တောထွက်ရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းဝတ်၍ တောထွက်ရန် ဆုံးဖြတ်ပြီး နောက် ဥယျာဉ်တော်သို့ ကြွသွားတော်မူသည်။ ဥယျာဉ်တော်၌ တစ်နေ့လုံး စံနေတော်မူသည်။ ထိုအချိန်တွင် ယသော်ဓရာမိဘုရားမှ သားတော်ကို ဖွား မြင်ပြီးဖြစ်ကြောင်းဖြင့် မင်းချင်းတစ်ယောက်မှတဆင့် ခမည်းတော်မင်းကြီး အမိန့်တော်ဖြင့်သတင်းစကား လျှောက်တင်လာသည်။ ထိုအခါ သိဒ္ဓတ္ထ မင်းသားသည် သားတော်ကို ဖွါးမြင်ကြောင်းသတင်းကို ကြားရသောကြောင့် "ရာဟု" လို့ပါတကား ဟူ၍ ရေရွတ်လိုက်မိသည်။ ထို့ကြောင့် သားတော် နာမည်ကို "ရာဟုလာ" ဟုအမည်ပေးထားခြင်းဖြစ်သည်။



## ကိသာဂေါတမီ၏ နိဗ္ဗုတဥဒါန်း

သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်မှ ကပိလဝတ်နန်းတော်သို့ ပြန်လာခဲ့သည်။ နန်းမြို့တွင်းသို့ရောက်သောအခါ ကိသာဂေါတမီ မည်သော သာကီဝင်မင်းသမီး၏ ချီးမွမ်းသံကို ကြားလိုက်ရသည်။

နိဗ္ဗုတာ နူန သာ မာတာ၊
နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊
ယဿာယံ ဤဒိသော ပတိ။

ဤသို့သောသားကို ဖွားမြင်ပေးရသော မိခင်သည် အဘယ်မျှ အေးချမ်းလေမည်နည်း။ ဤသို့သောသားကို ဖွားမြင်ပေးရသော ဘခင်သည် အဘယ်မျှ အေးချမ်းလေမည်နည်း။ ဤသို့သော ယောက်ျားကို ခင်ပွန်းပြုရသော အမျိုးသမီးသည် အဘယ်မျှ အေးချမ်းလေမည်နည်း။

ကိသာဂေါတမီ၏ ချီးကျူးသံပင်ဖြစ်သည်။ ကိသာဂေါတမီသည် လောကီငြိမ်းချမ်းမှုကို ရည်ရွယ်၍ ချီးကျူးသည်။ သိဒ္ဓတ္ထမင်းသားက ထိုအသံကို လောကုတ္တရာ ငြိမ်းချမ်းမှုအတွက် နားလည်လိုက်သည်။ သိဒ္ဓတ္ထမင်းသား နားလည်လိုက်သည်မှာ မိခင်၊ ဘခင်၊ အိမ်ရှင် ဇနီးတို့၏ စိတ်နှလုံးကို ငြိမ်းအေးနိုင်သောတရားသည် နိဗ္ဗာန်ချမ်းသာပင်ဖြစ်ကြောင်း နားလည် သဘောပေါက်လေသည်။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ကိသာဂေါတမီအား ကျေးဇူးတင်သော အနေအားဖြင့် မိမိ၏လည်၌ ဆွဲထားသော တစ်သိန်းတန် ပုလဲလည်ဆွဲကိုချွတ်၍ ကိသာဂေါတမီထံ လက်ဆောင်အဖြစ် ပို့လိုက်လေသည်။

သိဒ္ဓတ္ထမင်းသားသည် သူရှာဖွေရမည့် နိဗ္ဗာန်ချမ်းသာကို သူသိသည်။ နိဗ္ဗာန်ချမ်းသာဟူသည် ကိလေသာအားလုံး ကင်းငြိမ်းရာဖြစ်သည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာအားလုံး ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ တကယ်ရောက်လိုလျှင် သာမန်ကာ၊ ချန်ကာ ရှာဖွေ၍မရ။ လေးလေးနက်နက် ရှာဖွေရမည်ဖြစ်ကြောင်း သူသဘောပေါက်သည်။ ထိုသို့ရှာဖွေရာ၌ လောကီလူသားတို့ ဝတ်ရုံသော အဝတ်တန်ဆာများကို ပယ်စွန့်၍ ရဟန်းသမဏတို့၏ ဝတ်ရုံသော ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ရှာဖွေရမည်ကိုလည်း သူသည် ကောင်းကောင်းကြီး နားလည်သည်။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ယနေ့ညဉ့်ပင် တောထွက်၍ ရဟန်းဝတ်ရန်ဆုံးဖြတ်လိုက် လေတော့သည်။





အခန်း(၈)

## စာလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း

အချိန်ကား မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်ရွှေနန်းမှာ ဘုရင်အဖြစ်အုပ်ချုပ်လာသည်မှာ သက်တော် ၁၆–နှစ်အရွယ်မှသည် သက်တော် ၂၉–နှစ် အရွယ်ထိပင်ဖြစ်သည်။ ၁၃–နှစ်ပင် ကြာညောင်းလာနေပြီးဖြစ်သည်။ ထိုမျှလောက်သော ကာလပတ်လုံး တိုင်းပြည်ကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။

အခုတစ်လော သိဒ္ဓတ္ထမင်းသားသည် အရာရာတိုင်းကိုသံဝေဂမျက်လုံးဖြင့်သာရှုမြင်နေလေသည်။ သတ္တဝါတို့သည် ခန္ဓာကိုယ်ကို ရလာကြသည်။ ခန္ဓာကိုယ်ကိုရလာကြ၍ အိုကြရ၊ နာကြရ၊ သေကြရသည်။ ခန္ဓာ၏ကုန်ရာ နိဗ္ဗာန်ကိုရမှသာ ထိုဒုက္ခအပေါင်းတို့မှ လွတ်မြောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာချုပ်ရာနိဗ္ဗာန်ကို ရှာဖို့အတွက် စိတ်ကို ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ် နန်းတော်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ် သက်နေလေသည်။ ထိုနေ့ညဉ့် သန်ခေါင်ယံအချိန်သည် အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်သောအချိန်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် နတ်ဗြဟ္မာတို့ ဖန်ဆင်းပြသော သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးတို့ကိုတွေ့မြင်ရာမှ သံဝေဂကြီးစွာရကာ တောထွက်လာခြင်းဖြစ်သည်။ ထိုသို့ တောထွက်လာခြင်းသည် မမ္မတာတရားတို့၏ နှိုးဆော်ချက်အရလည်းဖြစ်သည်။

ထိုနေ့ညဉ့်သန်ခေါင်ယံအချိန်တွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဖွားဖက်တော်ဆန္နအမတ်နှင့်အတူ ကဏ္ဍကမြင်းကိုစီးလျက် ကပိလဝတ်နေပြည်တော်မှသည် ယူဇနာ ၃၀–ဝေးကွာသော အနော်မာမြစ်ကမ်းသို့ ထွက်တော်မူလာခဲ့သည်။ လမ်းတွင် မာရ်နတ်က တောမထွက်ဖြစ်အောင် အကျိုးလိုလားဟန်ဖြင့် လာတားသည်။ သို့သော် သိဒ္ဓတ္ထမင်းသားသည် မာရ်နတ်လာတားသည်ကို ရဲရဲတောက် ပယ်ချနိုင်ခဲ့သည်။ နံနက်မိုးလင်းလျှင် အနော်မာမြစ်၏ ကမ်းတစ်ဖက်သို့ ရောက်တော်မူလေသည်။

သိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်ကမ်း၏ သဲသောင်ပြင်ပေါ်၌ ရဟန်းဝတ်ရန် ဆံတော်ကိုပယ်သည်။ ထို့နောက် "ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည်မှန်ပါက ဤဆံထုံးတော်သည် ကောင်းကင်၌ တည်ပါစေသတည်း။ အကယ်စင်စစ် ဘုရားမဖြစ်ငြားအံ့ ဤဆံထုံးတော်သည် မြေ၌ကျပါစေသတည်း။" ဟူ၍ အဓိဋ္ဌာန်ပြီး ကောင်းကင်သို့ ပစ်မြှောက်လိုက်ရာ ဆံထုံးတော်သည် မကိုဋ်တော်နှင့်တကွ ကောင်းကင်၌ တည်နေလေသည်။ ထို့နောက် သိကြားမင်းကြီးသည် ဆံထုံးတော်နှင့် မကိုဋ်တော်တို့ကို ယူဆောင်



၍ တာဝတိံသာနတ်ပြည်၌ "စူဠာမဏိစေတီတော်" ကို တည်ထားပြီး ဌာပနာ၍ ကိုးကွယ်လေသည်။

## အနော်မာသောင်ယံဝယ်

သိဒ္ဓတ္ထမင်းသားသည် အနော်မာသောင်ယံဝယ် ဃဋိကာရဗြဟ္မာမင်း ဆက်ကပ်လှူဒါန်းအပ်သော သင်္ကန်းနှင့် ပရိက္ခရာများကိုယူ၍ ကိုယ်တိုင်ဆင်မြန်းကာ ရဟန်းပြုလိုက်သည်။ ဝတ်လဲတော်များကို ဃဋိကာရဗြဟ္မာမင်းက ယူဆောင်သွားပြီး အကနိဋ္ဌဗြဟ္မာဘုံ၌ "ဒုဿစေတီတော်"တည်ထားပြီး ဌာပနာ၍ ကိုးကွယ်လေသည်။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုပြီးနောက် ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်ကို နေပြည်တော်သို့ ပြန်လွှတ်လိုက်သည်။ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်တို့ နေပြည်တော်သို့ ပြန်လာကြရာလမ်းတွင် ကဏ္ဍကမြင်း ကွယ်လွန်သွားဖြင့် ဆန္နအမတ်တစ်ယောက်တည်းသာ ပြန်လာခဲ့ရသည်။ နေပြည်တော်သို့ရောက်လျှင် ဆန္နအမတ်သည် သုဒ္ဓေါဒနမင်းကြီးအား အကြောင်းစုံကို တင်လျှောက်ပြလေသည်။

ယသော်ဓရာမင်းသမီးသည် သိဒ္ဓတ္ထမင်းသား ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ရဟန်းပြုသွားပြီဟူသော သတင်းကို ကြားကတည်းက သူမသည်လည်း သိဒ္ဓတ္ထမင်းသားနည်းတူ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ဆင်လေတော့သည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အနုပိယသရက်တော၌ တစ်ပတ်မျှနေတော်မူပြီးနောက် ဘုရားဖြစ်ကြောင်း အကျင့်မြတ်တရားကို ရှာဖွေဖို့ရန် တစ်တောဝင်တစ်တောထွက်ဖြင့် ခရီးဆက်လက် ထွက်ခွါလာရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ် ထိုအခါက ရသေ့၊ ရဟန်းတို့ ပေါများပြီး အကျင့်တရားကျင့်ကြံရာ၌ နာမည်ကျော်ကြားသော မာဂဓတိုင်း ရာဇဂြိုလ်မြို့ဆီသို့ ရောက်ရှိလာသည်။

## ဗိမ္ဗိသာရမင်းကြီးနှင့်ဗေဠုဝန်ကျောင်းတော်ရတနာ

မာဂဓတိုင်း ရာဇဂြိုလ်မြို့သည် ဗိမ္ဗိသာရမင်းကြီး၏ ထီးနန်းစိုက်ရာမြို့ဖြစ်သည်။ ထိုဗိမ္ဗိသာရမင်းကြီး၏ ထီးနန်းစိုက်ရာ ရာဇဂြိုလ်မြို့သည် တိုင်းကြီး (၁၆) တိုင်းထဲတွင် ထိုခေတ်အခါက အထူးပင် နာမည်ကျော်သော မြို့တစ်မြို့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုမြို့၌ ဘဝလွတ်မြောက်မှုအတွက် မိမိတို့ ယုံကြည်ရာရာ အကျင့်တရားတို့ကို ကျင့်နေကြသော ရသေ့၊ ရဟန်း၊ ဆာဒူး ပရိဗိုဇ်၊ ယောဂီ သူတော်စင်များ၊ ဒဿနပညာရှင်များ၊ ဘုရားအမည်ခံ တိတ္ထိဆရာကြီးများနှင့် ဂိုဏ်းအသီးသီး ဝါဒအဖုံဖုံတို့မှပုဂ္ဂိုလ်များတို့ဖြင့် အမျိုးစုံအောင် ရှိနေကြသောပင်ဖြစ်သည်။

ဗုဒ္ဓမပွင့်မီ လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်လောက်က ဗုဒ္ဓပွင့်တော့မည်ဟူသော ဗုဒ္ဓကောလာဟလသည် လောက၌ဖြစ်ပေါ်ခဲ့သည်။ ထိုဗုဒ္ဓကောလာဟလကြောင့်ပင်လူတို့သည် ဘုရားပွင့်ကဘုရားဖူး တရားနာရန်အတွက် မိမိတို့နှင့် လက်လှမ်းမီရာ နီးစပ်ရာ အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်လာကြသည်။ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ် အစဉ်အဆက်များတို့သည် မာဂဓတိုင်း၊ ရာဇဂြိုလ်မြို့ဝန်းကျင်တစ်ခွင်မှာ အထူးပင်စည်ကား များပြားလျက် ရှိနေလေသည်။

အလောင်းတော်သိဒ္ဓတ္ထရဟန်းသည် အနုပိယသရက်တောမှ ယူဇနာ ၃၀–ကွာဝေးသော မာဂဓတိုင်း၊ ရာဇဂြိုလ်မြို့ဆီသို့ တစ်တောဝင်တစ်တောထွက်ဖြင့် ကြွရောက်လာခဲ့သည်။ ရာဇဂြိုလ်မြို့သို့ ရောက်သောအခါ



မြို့တွင်းသို့ဆွမ်းခံဝင်လေသည်။ ရာဇဂြိုလ်မြို့တွင် လွန်ခဲ့သော ခုနစ်ရက်ခန့်က ကြီးကျယ်ခမ်းနားသော ပွဲလမ်းသဘင်ကြီးများ ကျင်းပခဲ့သည်။ ထိုပွဲအပြီးတွင် လူတို့သည် ပွဲချိန်ကြောင့် အလုပ်မလုပ်ဘဲ နေကြလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် လူအပေါင်းတို့ကို မိမိတို့၏ အလုပ်များကို လုပ်ကြရန် စေလည်စေပြီး အသိပေးအပ်သော အချိန်ပင်ဖြစ်သည်။

ထိုအချိန်၌ အသက်အရွယ် ငယ်ရွယ်သပွါယ်ပြီး အလွန်ငြိမ်သက်သော ဣန္ဒြေတို့ဖြင့် ကြည်ညိုစဖွယ်ရဟန်းတော်တစ်ပါး ရာဇဂြိုလ်မြို့တွင်း ဆွမ်းခံကြွတော်မူနေသည်ကို ဗိမ္ဗိသာရမင်းကြီး မြင်တော်မူလေသည်။ မြို့သူမြို့သားတို့မှာလည်း အလောင်းတော် မြို့တွင်းသို့ ဆွမ်းခံကြွလာသည်ကို မြင်တော်မူ၍ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အသက်အရွယ် ငယ်ရွယ်နုပျိုပြီး အင်မတန် ချောမောလှပသော အလောင်းတော်အရှင်မြတ်၏ ရုပ်အဆင်းအင်္ဂါတို့ကို တွေ့မြင်ရသောကြောင့်ပင်ဖြစ်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ပုဂ္ဂိုလ်ထူးအကြောင်းကို စုံစမ်းစေသည်။ ရာဇဂြိုလ်မြို့၏အရှေ့ဘက် ပဏ္ဍဝတောင်ခြေရင်း၌ ဆွမ်းဘုဉ်းပေးနေကြောင်းသိရ၍ ဗိမ္ဗိသာရမင်းကြီးသည် ပဏ္ဍဝတောင်ခြေရင်းသို့ ကိုယ်တိုင်လိုက်သွားသည်။ ထိုအခါ အလောင်းတော်ရဟန်းနှင့် စကားပြောသည်။ မာဂဓထီးနန်းကို တစ်ဝက်ခွဲပေးလှူဒါန်းသည်။ သို့သော် အလောင်းတော်အရှင်မြတ်က လက်မခံပေ။ သူသည် ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ သားဖြစ်ကြောင်း။ လောကသုံးပါးတွင် ဘုရားဖြစ်လို၍ မင်းစည်းစိမ်ကိုစွန့်ကာ တောထွက်လာခြင်းဖြစ်ကြောင်း ဗိမ္ဗိသာရမင်းကြီးအား ပြန်ပြောပြသည်။ ထိုစဉ် ဗိမ္ဗိသာရမင်းကြီးက အကယ်၍ ဘုရားဖြစ်တော်မူပါလျှင် ပထမဦးဆုံး ရာဇဂြိုလ်မြို့ ကြွရောက်ပါရန် လျှောက်ထားသည်။ အလောင်းတော်ရဟန်းကလည်း ဗိမ္ဗိ

www.burmeseclassic.com

www.burmeseclassic.com



သာရမင်းကြီး လျှောက်ထားချက်ကို လက်ခံတော် မူလေသည်။ ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုလ်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်သွားသည်။ အလောင်းတော်အရှင်မြတ်သည် "သန္တိဝရ"မည်သော နိဗ္ဗာန်ချမ်းသာကို ရှာဖွေရေးအတွက် ခရီးဒေသစာရီကို ဆက်ကြွသည်။ အလောင်းတော် အရှင်မြတ်သည် အကျင့်မြတ် ကျင့်ကြံမှုနှင့် ပတ်သက်၍ နည်းခံရန်အတွက် ဆရာရှာရင်း အာဠာရ–ရသေ့နှင့် ဥဒက–ရသေ့တို့ထံ ရောက်သွားသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်လောက်ကဖြစ်ပေါ်ခဲ့သော ဗုဒ္ဓကောလာဟာလကို အကြောင်းပြု၍ ပုဂ္ဂိုလ်အသီးသီး၊ အယူဝါဒ အဖုံဖုံတို့ကို ဆရာအစဉ်အဆက်တို့ လက်ခံယုံကြည်လာကြသည်။ ထိုအစဉ်အဆက်တို့သည် မိမိကိုယ်ကို ဘုရားဖြစ်ရန်အတွက် ကျင့်ကြံလာကြသူများလည်းရှိကြလေသည်။ ထိုအထဲတွင် အာဠာရ–ရသေ့နှင့် ဥဒက–ရသေ့တို့သည်လည်း ပါဝင်လျက် ရှိနေလေသည်။ ထိုရသေ့ နှစ်ဦးစလုံးသည် သချိဒဿနဂိုဏ်းဝင်များဖြစ်ကြသည်ဟု အဆိုရှိသည်။ သချိဒဿနဂိုဏ်းသည် ဝေဒဂိုဏ်းကို မကျေနပ်၍ ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်သည်။ သူတို့၏ ကျင့်စဉ်သည်လည်း သမဏ ကျင့်စဉ်ပင်ဖြစ်သည်။

အလောင်းတော်အရှင်မြတ်သည် အာဠာရရသေ့ထံမှ လောကီသမာပတ်ခုနစ်ပါး အားထုတ်နည်းကိုနည်းခံသည်။ ကိုယ်တိုင် ထိုနည်းအတိုင်း အားထုတ်သောအခါ လောကီသမာပတ်ခုနစ်ပါးကိုရသည်။ သို့သော်ထို လောကီသမာပတ်ခုနစ်ပါး အားထုတ်နည်းသည် သံသရာမှလွတ်မြောက်ကြောင်း တရားမဟုတ်သည်ကို သိတော်မူ၍ အာဠာရရသေ့ထံမှ ဖဲ့ခွါတော်မူခဲ့သည်။

တစ်ဖန်ဆက်လက်၍ ဥဒကရသေ့ထံ နည်းခံပြန်သည်။ ဥဒကရသေ့ထံမှလည်း လောကီသမာပတ်ရှစ်ပါး အားထုတ်နည်းများကို နည်းခံသည်။



ကိုယ်တိုင်အားထုတ်သောအခါ၌လည်း လောကီသမာပတ်ရှစ်ပါးလုံးကိုပင် ရလေသည်။ အမှန်အားဖြင့် အလောင်းတော် အရှင်မြတ်သည် ဥဒကရသေ့ကြီးနှင့် တွေ့ဆုံစဉ်အခါက ဥဒကရသေ့ကြီးသည် သမာပတ်၏ နောက်ဆုံးအဆင့် နေဝသညာ နာသညာယတနစျာန်ကို မရသေးပေ။ သို့သော် သူ့ဘခင်ရာမရသေ့ကြီး၏ လမ်းစဉ်အတိုင်းလိုက်၍ ဥဒကရသေ့ကြီးက အလောင်းတော်အရှင်မြတ်အား ပြောကြားခြင်းဖြစ်သည်။ လက်တွေ့အားထုတ်သောအခါ အလောင်းတော်အရှင်မြတ်က နေဝသညာ နာသညာယတနစျာန်ကို အလျင်ရ၍ ဥဒကရသေ့ကြီးက နောက်မှရသည်။

သို့ရာတွင် အလောင်းတော်အရှင်မြတ်သည် လောကီသမာပတ်ရှစ်ပါးတို့သည်လည်း သံသရာမှ လွတ်ကြောင်းမဟုတ်။ သူရှာဖွေနေသော "သန္တိဝရ" မည်သော နိဗ္ဗာန်ကိုမရနိုင်ဟု သိမြင်၍ ယင်းတို့ကို စွန့်လိုက်ပြန်လေသည်။ ထိုမှတစ်ဖန် အလောင်းတော်အရှင်မြတ်သည် တရားဓမ္မ ကျင့်ကြံအားထုတ်နေကြသော ရသေ့၊ ရဟန်း၊ ဆာဒူး၊ ပရိဗိုဇ်၊ယောဂီသူတော်စင်များတို့၏ သခ်ိမ်းကျောင်းများသို့ လှည့်လည်၍ နည်းခံသည်။ တစ်ကျောင်းဝင်တစ် ကျောင်းထွက်ဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်နည်းများကို လေ့လာသည်။ ဤသို့အားဖြင့် အလောင်းတော်အရှင်မြတ်သည် မာဂဓတိုင်းတစ်ခွင်ရှိ ရသေ့၊ ရဟန်း၊ ဆာဒူး၊ ပရိဗိုဇ်၊ ယောဂီသူတော်စင်များ၏ သခ်ိမ်းကျောင်းများတို့ကို ကုန်စင်အောင် လှည့်လည်သွားလာနည်းခံရင်း နောက်ဆုံး၌ "ဥရုဝေလတော" သို့ ရောက်ရှိလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

### ဥရုဝေလာတောဝနာဝယ်

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ထူးဆန်းသော ပုဂ္ဂိုလ်ထူး တစ် ယောက်ဖြစ်သည်။ ထူးဆန်းသူဟုဆိုရာတွင် သာမန်ထူး ဆန်းနေရုံကား မဟုတ်ပေ။ အလွန့်အလွန်ပင် ထူးဆန်းသူဖြစ်သည်။ ပဋိသန္ဓေနေချိန် ထူးဆန်းသည်။ မွေးဖွားချိန်မှာ ထူးဆန်းသည်။ မွေးဖွားပြီး ချက်ချင်းစကားပြောသည်။ ခုနစ်လှမ်းလှမ်းသည်။ ကာလဒေဝီလရသေ့၏ ဦးခေါင်းပေါ်မှာရပ်သည်။ တစ်လ သားအရွယ်တွင် အာနာပါနကမ္မဋ္ဌာန်းကို ပွါးများ၍ သပြေပင်ရိပ်မရွေ့ဘဲနေသည်။ သက်တော် ၁၆–နှစ်အရွယ်မှာ လေးအတတ်ကိုပြသည်။ ၂၉–နှစ်အရွယ်မှာ နိမိတ်ကြီးလေးပါးကိုတွေ့မြင်၍ တောထွက်ကာ ကိုယ်တိုင် ရဟန်းဝတ်ခဲ့သည်။ ရဟန်းဝတ်ဖြင့် ရာဇဂြိုလ်တစ်ဝိုက်မှာ တရားဓမ္မကျင့်ကြံနေကြသော ရသေ့၊ ရဟန်း၊ ဆာဒူး၊ ပရိဗိုဇ်၊ ယောဂီသူတော်စင်များ၏ သခ်ိမ်း ကျောင်းများသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းတရားအားထုတ်နည်းများကို လေ့လာသည်။ အာဠာရနှင့် ဥဒကရသေ့ကြီးများထံမှ လောကီစျာန်သမာပတ်တရားများကိုလေ့လာဆည်းဘူးခဲသည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသား



သည် သာမန်ထူးဆန်းနေရုံမျှ မဟုတ်ပေ။ အကျင့်တရားတို့နှင့် ပတ်သတ်၍လည်း လွန်စွလွန်စွာ ထူးဆန်းသော ပုဂ္ဂိုယ်တစ်ပါးလည်း ဖြစ်လေသည်။

အလောင်းတော်အရှင်မြတ်သည် အာဠာရနှင့် ဥဒကရသေ့ကြီးများ ထံမှ လောကီစျာန်သမာပတ်တရားများကို လေ့လာဆည်းဘူးခဲ့သည်။ သို့ရာတွင် ထိုရသေ့တို့၏ လမ်းစဉ်သည် ဒုက္ခငြိမ်းရာနိဗ္ဗာန်ကို မရောက်နိုင်ဟု သိသဖြင့် ထိုဆရာကြီးများထံမှဖယ်ခွါခဲ့သည်။

ထိုမှတစ်ဖန် အမြတ်ဆုံးသော သဗ္ဗညုတဉာဏ်ကို ရရန်အတွက် ရာဇဂြိုလ်မြို့မှ တောင်ဘက်သို့ ဆက်လက် ထွက်ခွါလာရာ ဥရုဝေလတောသို့ ရောက်ရှိလာခဲ့လေသည်။ ဥရုဝေလတောင်တန်းသည် နေရဉ္ဇရာမြစ်ကမ်း နှစ်ဖက်ရှိ တောင်တန်းပင်ဖြစ်သည်။ နေရဉ္ဇရာမြစ်သည် တောင်မှ မြောက်သို့ စီးဆင်းပြီး မြစ်၏ကမ်းနှစ်ဖက်တို့တွင် သဲများဖြင့် ဖုံးအုပ်လျက်ရှိသည်။ ထို့ကြောင့် ဤဒေသ တစ်ဝိုက်ကို ဥရုဝေလ(သဲကမ်းပါး)ဟုခေါ်ကြသည်။( ဥရု–သဲ။ ဝေလ– ကမ်းပါး)။

ဘုရားအလောင်းတော်အရှင်မြတ်သည်ဥရုဝေလတောသို့ ကြွရောက် တော်မူလာချိန်တွင် နေရဉ္ဇရာမြစ်ကမ်းအနီး၌ ဥရုဝေလကဿပဦးဆောင်သည့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့သည် ယောဂအကျင့်ကိုကျင့်၍ နေထိုင်လျက်ရှိကြသည်။ သူတို့၏ ယောဂကျင့်စဉ်မှာ “ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်”အကျင့်ပင်ဖြစ်သည်။ ဤအကျင့်သည် ထိုခေတ်အခါက လူအများ၏ အံ့သြလေးစား အထင်ကြီးသောအကျင့်လည်းဖြစ်သည်။ ထိုရသေ့တို့သည် သူတို့၏စိတ်၌ ကိလေသာစိတ်များမဖြစ်ပေါ်အောင် အလွန်အေးချမ်းသော ဆောင်းရာသီ၌ ရေထဲသို့ဆင်း၍ ရေငုတ်သည်။ ပူအိုက်သော နွေရာသီ၌ မီးလှုံ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလပ်သည့် အချိန်၌ တုံးခုန်နေသည်။ ဇယ်ခတ်နေသည်။ စိတ်၌ ကိလေသာစိတ်များ ဖြစ်ပေါ်ခွင့်မရအောင် ကျင့်ခြင်းပင်ဖြစ်သည်။

ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်၏အရှေ့ဖက်ရှိ ဥရုဝေလတောအုပ်အတွင်း သခိမ်းကျောင်း၌ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံးကျင့်တော်မူသည်။ ဤဥရုဝေလတောအုပ်သည် တရားရှာသူ သူတော်စင်များအတွက် မွေ့လျော်ဖွယ်ရာ မြေအနေအထားရှိသည်။ သစ်ပင်ပန်းမာလ်တို့ဖြင့် စိမ်းစိုဝေဆာနေသော ကြည်နူးစဖွယ် တောအုပ်လည်းရှိသည်။ တသွင်သွင်စီးဆင်းပြီး သန့်ပြန့်ညီညာသော မြေအပြင်လည်းရှိသည်။ ထိုဥရုဝေလတောအုပ်၏ အရှေ့ဖက်တွင် တောင်တန်းငယ်တစ်ခုသည် နေရဉ္ဇနာမြစ်နှင့် မျည်းပြိုင်တည်ရှိလျက်ရှိသည်။ သခိမ်းကျောင်းအနီးအနား လေးမိုင်ပတ်လည်တွင် လူနေအိမ်ခြေ ကင်းရှင်းသည်။ ဥရုဝေလတော၏ တောင်ဖက်သို့ လှမ်းကြည့်ပါက ငါးမိုင်ခန့်အကွာတွင် သေနာနိဂုံးရွာကြီးကိုတွေ့မြင်နိုင်ပါသည်။ ဆွမ်းခံကြွရန်မနီးမဝေး ဟုဆိုနိုင်သည်။ ညအချိန် ဥရုဝေလပဿပရသေ့ကြီး၏ မီးတင်းကုပ်မှ ယစ်ပူဇော်သည့်မီးရောင်များ တလက်လက်ထွက် ပေါ်နေသည်ကို တွေ့မြင်နိုင်ပါသည်။ လိမ္မာသောစစ်သူကြီးသည် အောင်ပွဲခံရန်အတွက် စစ်မြေပြင်ကို ရွေးချယ်တတ်ရသည်။ သို့မှသာ စစ်ပွဲ၌ အောင်နိုင်သူဖြစ်မည်။ အလောင်းတော်အရှင်မြတ်သည် ကိလေသာရန်သူအပေါ် အောင်ပွဲခံရန်အတွက် ဥရုဝေလတောကို အောင်မြေစစ်တလင်းအဖြစ် ရွေးချယ်လိုက်လေပြီ။

အလောင်းတော်အရှင်မြတ်သည် ဥရုဝေလတောအုပ်၏ သခိမ်းကျောင်း တွင်ထိုင်လျက် ဤသို့ဆင်ခြင်စဉ်းစားဆင်တော်မူလေသည်။ ကိလေ



သာ အညစ်အကြေး အညှီအဟောက်များသည် စိတ်၌ မှိုတွယ်ကပ်ငြိနေကြသည်။ စိတ်ကို မီးတောက်လာသည်အထိ အပူတိုက်ပေးပါက ကိလေသာအညစ်အကြေး အညှီအဟောက်များ လောင်ကျွမ်းကုန်ခမ်းသွားမည်။ စိတ်ကို မီးတောက်လာအောင်၊ ပူလောင်လာအောင် အဘယ်ကဲ့သို့ ပြုရမည်နည်း။ အလောင်းတော်အရှင်မြတ် စဉ်းစားဆင်ခြင်တော်မူနေခြင်းဖြစ်သည်။

## အလောင်းတော်အရှင်မြတ်၏ဉာဏ်၌ ဥပမာသုံးမျိုး ထင်ပုံ

ထိုအခါ အလောင်းတော်အရှင်မြတ်၏ဉာဏ်၌ ဥပမာသုံးမျိုးတို့ ထင်လာလေသည်။ ထိုဥပမာ သုံးမျိုးတို့မှာ–

(၁) မီးကိုအလိုရှိသောသူသည် ရေထဲ၌စိမ်ထားသော အစိုဓာတ်မကုန်သေးသော သစ်တုံးအစိုနှစ်တုံးကို ပွတ်တိုက်ခြင်းဖြင့် ထိုသစ်တုံးမှမီးထွက် မလာနိုင်။

(၂) တစ်ဖန် မီးကိုအလိုရှိသောသူသည် ရေထဲမှ ဆယ်တင် ထားသော်လည်းအစိုဓာတ်မကုန်သေးသော သစ်တုံးနှစ်တုံးကို ပွတ်တိုက်ပါက ထိုသစ်တုံးမှ မီးကိုရရန် ခက်ခဲနိုင်သည်။

(၃) တစ်ဖန် မီးကိုအလိုရှိသောသူသည် ရေထဲမှ ဆည်တင် ထားပြီး ရေများစစ်သွားအောင် ခြောက်သွေ့သွားအောင် နေလှန်းထားသော သစ်တုံးအခြောက်နှစ်တုံးကို အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်သည် ဖွဲလုံးလကြီးစွာ ခွန်အားစိုက်ထုတ်၍ အကြိမ်ကြိမ်အခါခါ ပွတ်တိုက်ပါက ထိုသစ်တုံးမှ မီးထွက် ပေါ်လာနိုင်သည်။ မီးကိုရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဥပမာသုံးမျိုးနည်းတူ ကာမဂုဏ်စည်းစိမ် ခံစားနေကြသူများကား ရေအိုင်အတွင်းမြုပ်နေသော သစ်တုံးကြီးနှင့်တူသည်။ လူ့အသွင်ကိုစွန့်၍ ရဟန်းပြုခဲ့ငြားသော်လည်း အချို့ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို တောင်းတတွယ်တာ လျက်ရှိသည်။ အစား၌ တွယ်တာခြင်း၊ အဝတ်၌ တွယ်တာခြင်း၊ ကျောင်းအဆောက်အအုံ၌ တွယ်တာခြင်း၊ ဒါယကာ ဒါယိကာမများတို့၌ တွယ်တာခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် ရေမှဆယ်တင်ထားသော်လည်း အစိုဓာတ်မကုန်သေးသော သစ်တုံးနှင့်တူသည်။ လူ့အသွင်ကိုစွန့်၍ ရဟန်းပြုခဲ့ကြသော အချို့သော သမဏ၊ ဗြာဟ္မဏ အမည်ရသောပုဂ္ဂိုလ်တို့သည် ကာမဂုဏ်တို့မှ ဝေးစွာ ရှောင်ကြည်ခဲ့ပြီး ကာမဂုဏ်ကိုလိုလားတောင်းတမှု ကပ်ငြိမှုမရှိခြင်းသည် ခြောက်သွေ့နေသော သစ်တုံးကြီးနှင့်တူသည်။ အား စိုက်၍သာ ပွတ်တိုက်ပါက မကြာမီ မီးထွက်လာမည်။

အလောင်းတော်အရှင်မြတ်သည် ဤဥပမာသုံးမျိုးတို့တွင် တတိယဥပမာကိုယူ၍ စိတ်မှထွက်ပေါ်လာသောမီးဖြင့် ကိလေသာတွေကို လောင်ကျွမ်းရှို့မြိုက်ရန်နှင့် စိတ်ကိုစိတ်ဖြင့် ဖိနှိပ်ပွတ်တိုက်ဖို့ရန် ကမ္မဋ္ဌာန်းအလုပ်ကို စတင်လေသည်။ ဒုက္ကရစရိယာအကျင့်ကိုနောက်မဆုတ်တမ်း ကျင့်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်လေသည်။

## တပ သို့ မဟုတ် ရှေးခေတ်အိန္ဒိယယောဂီ၏ ကျင့်စဉ်

ဥရုဝေလတော၌ အလောင်းတော်အရှင်မြတ် ကျင့်ခဲ့သော ဒုက္ကရစရိယာအကျင့်သည် ရှေးခေတ် အိန္ဒိယယောဂီတို့၏ ကျင့်လေ့ရှိကြသော ကျင့်စဉ်ပင်ဖြစ်သည်။ ထိုခေတ် ထိုအချိန်အခါက အိန္ဒိယတွင် သမဏဂိုဏ်း၊ ဗြဟ္မဏဂိုဏ်းဟူ၍ ဂိုဏ်ကြီးနှစ်ဂိုဏ်းတို့ လွှမ်းမိုးကြီးစိုး၍ရှိနေခဲ့သည်။ ထိုဂိုဏ်နှစ်ဂိုဏ်းတို့၏ ကျင့်စဉ်များမှာ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မတူကြပေ။ သမဏဂိုဏ်း၏ ကျင့်စဉ်မှာ "တပ"ခေါ် ပြင်းထန်သော ကျင့်စဉ်ပင်ဖြစ်သည်။



"တပ"ကျင့်စဉ်သည် အန္ဒိယသမိုင်း၌ အင်မတန်ရှေးကျသော ကျင့်စဉ်ဖြစ်သည်။ တပကျင့်စဉ်ကို ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌လည်း ကျင့်သုံးကြကြောင်းတွေ့ရသည်။ ဗြာဟ္မဏခေတ် တိတ္ထိယခေတ်တို့၌လည်း အပြင်းအထန် ကျင့်သုံးခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် တပကျင့်စဉ်သည် ဥပနိသျှဒ်ခေတ်နှင့် ဗုဒ္ဓခေတ်အကြားကာလတွင် ဘာသာရေးနယ်ပယ်၌ လူတန်းစားမရွေး လက်ခံယုံကြည်ခြင်းခံရသည့် ကျင့်စဉ်ဖြစ်ကြောင်း ပညာရှင်များက အတည်ပြုလက်ခံထားကြသည်။ တပ–သည် တပ်–ဓာတ်၊ အ–ပစ္စည်းဖြင့်ပြီးသော ပုဒ်ဖြစ်ပါသည်။ တပပုဒ်၏ မူရင်းအနက်မှာ အပူ(ဝါ) ပူခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ ဆိုလိုရင်း အနက်မှာ မိမိကိုယ်ကို ထိန်းကွပ်ခြင်းပင်ဖြစ်သည်။ တပကျင့်စဉ်၏ မူရင်းရည်ရွယ်ချက်မှာ မိမိကိုယ်ကို ထိန်းကွပ်ခြင်း မိမိဆန္ဒကို ချုပ်ကိုင်ခြင်း၊ မိမိစိတ်ကိုဆုံးမခြင်း ပင်ဖြစ်သည်။

ခေတ်အဆက်ဆက်က တပကျင့်စဉ်ကို ပြင်းပြင်းထန်ထန် ကျင့်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ပြင်းပြင်းထန်ထန် တပကျင့်စဉ်ကို ကျင့်ရာ၌ အကျည်းချုပ်အားဖြင့် မရှိသေးသော အသစ်များကိုရယူရန် အားထုတ်ခြင်း မဟုတ်ဘဲ ရှိပြီးသားအဟောင်း အသစ်များကို စွန့်လွှတ်ရန် အားထုတ်ခြင်းသာဖြစ်သည်။ ဤသဘော ပါဝင်သော ကျင့်စဉ်အားလုံးကို ပြင်းထန်သော တပကျင့်စဉ်၌ ထည့်သွင်းဖော်ပြကြသည်။ တပကျင့်စဉ်၏ မူရင်းရည်ရွယ်ချက်မှာ မသေမှု(အမတ) သို့ ရောက်ရှိရေးအတွက် တဏှာသုံးမျိုးကို အမြစ်ဖြတ်၍သတ်ရန် မိမိကိုယ်ကို ထိန်းကွပ်ခြင်း၊ မိမိဆန္ဒကို ထိန်းချုပ်ခြင်း၊ မိမိစိတ်ကို ဆုံးမခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နောင်အဆင့်မြင့်လာသည့်အခါ တပကျင့်စဉ်ကို ခန္ဓာကိုယ်ကို ညှင်းပန်းမှု (အတ္တ ကိလမထ) အဖြစ်သို့ ပြောင်းလဲလိုက်ကြကြောင်း တွေ့ရသည်။ ဆံပင်ကို နုတ်ခြင်း၊ အပူခံခြင်း၊ ရေထဲမှာ ငုတ်နေခြင်း၊ ခုန်ဆွခုန်ဆွ သွားလာခြင်း၊ တစ်ချိန်လုံး မတ်တတ်ရပ်နေခြင်း၊ ဆူးပေါ် ၌အိပ်ခြင်း၊ အစာအာဟာရကို ဖြတ်တောက်ခြင်း စသည်ဖြင့်ကိုယ်ခန္ဓာ ညှင်းပန်းမှု ကျင့်စဉ်များကို ကျင့်သုံးကြကြောင်း တွေ့ရပါသည်။

ထိုသို့ကျင်သုံးကြရာ၌ တပကျင့်သူများမှာ အမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အတည်တကျ နေထိုင်သူရသေ့ဖြစ်ပြီး အခြားတစ်မျိုးမှာ လှည့်လည်သွားလာသူ ပရိုဗိုဇ်ဖြစ်သည်။ ရသေ့များသည် တောတောင်၌ဖြစ်စေ၊ မြစ်ကမ်းပါး၌ဖြစ်စေ သင်္ခမ်းကျောင်းဆောက်လုပ်နေထိုင်ပြီး တပကျင့်စဉ်များကို ကျင့်ကြသည်။ အစာအာဟာရနှင့် ပတ်သတ်၍ ရသေ့များသည် သစ်သီး၊ သစ်ဥများနှင့် အခြားရရာ အစားအစာများကို မှီဝဲသုံးဆောင်ကြသည်။ တစ်ခါတစ်ရံ ချဉ်၊ ဆား၊ မှီဝဲအံ့သောငှာ မင်းဥယျာဉ်နှင့် မြို့ ရွာ ဇနပုဒ်သို့လည်း ချဉ်းကပ်လာတက်ပါသည်။ ပရိုဗိုဇ်များမှာ အမြဲနေထိုင်သော သင်္ခမ်းကျောင်း မရှိဘဲ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာနေထိုင်ကာ တပအကျင့်ကို ကျင့်ကြသူများ ဖြစ်သည်။

## တပအကျင့် ၂-မျိုး

ထိုသို့ တပအကျင့်ကို ကျင့်ကြရာ၌ တပကျင့်သူတို့သည် တပအကျင့်နှစ်မျိုးကိုပင် အလေးထား ကျင့်သုံးကြသည်။ ယင်းတပအကျင့်နှစ်မျိုးမှာ–



(၁) ကာမသုခလ္လိက [ကာမသုခ၊ရလိုသောချမ်းသာ။ အလ္လိက၊ တမ်းတမ်းစွဲခြင်း] ကာမသုခလ္လိက ကျင့်စဉ်သည်ရလိုသော ချမ်းသာသုခကို မရမနေ တမ်းတမ်းစွဲ ကျင့်သည့် ကျင့်စဉ်ဖြစ်သည်။ ဤကျင့်စဉ်သည် လောကီစည်းစိမ် ချမ်းသာသုခကို ရှာဖွေရာ၌ ယနေ့ ရိုးရိုးလူသားတို့ ကျင့်သုံးသည့် ကျင့်စဉ်ပင်ဖြစ်ပါသည်။ ကာမသုခလ္လိက ကျင့်စဉ်၏ အကျဉ်းချုပ်မှာ "ရယူရေး" ကျင့်စဉ်ဖြစ်သည်။ လူတို့သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြပါသည်။ ထိုကုသိုလ်ကို ပြုလုပ်ရာ၌ ရယူလိုသော ဆုအဖြစ် လောကီချမ်းသာသုခ အမျိုးမျိုးတို့ကို တောင်းတကြသည်။ ထိုကဲသို့ လောကီချမ်းသာသုခ အမျိုးမျိုးတို့ကို တောင်းတသောကြောင့် ရလာသောအကျိုးတရားသည် သံသရာဝဋ်အတွင်း၌ ကျင်လည်နေရခြင်းအကျိုးကိုသာ ရရှိမည်ဖြစ်ပါသည်။

(၂) အတ္တကိလမထ [အတ္တ၊ ခန္ဓာကိုယ်။ ကိလမထ၊ ညှဉ်းပန်းခြင်း] အတ္တကိလမထကျင့်စဉ်ဟူသည်မှာ မိမိ၏ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် လမ်းစဉ်ဖြစ်ပါသည်။ ဤကျင့်စဉ်သည် မှန်ကန်သော ကျင့်စဉ်အဖြစ် ထိုခေတ်က တရားအားထုတ်သူများ လက်ခံထားသည့် ကျင့်စဉ်ဖြစ်ပါသည်။ အတ္တကိလမထ ကျင့်စဉ်၏ အကျဉ်းချုပ်မှာ "စွန့်လွှတ်ရေး" ကျင့်စဉ်ဖြစ်သည်။ လူတို့သည် မိမိတို့ရလိုသော ချမ်းသာသုခကို ရနိုင်ရေးအတွက် "တဏှာ" ကိုပယ်စွန့်ရန် အရေးကြီးကြောင်း သတ်မှတ်ကြပါသည်။ ထို့ကြောင့်တပကျင့်သူတို့သည် အဝတ်အထည်မှစ၍ နောက်ဆုံးအာဟာရအထိ ပယ်စွန့်ရန် ကြိုးပန်းကြခြင်းဖြစ်ပါသည်။ တဏှာကို ပယ်စွန့်ရင်း ဒုက္ခတရားအမျိုးမျိုးကိုခံယူရာမှ နောက်ဆုံး "ကံ" သစ် မဖြစ်တော့ဘဲ ကံဟောင်း၏ အကျိုးတရား

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခများအားလုံး ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် စစ်မှန်သော ချမ်းသာသုခကို ရရှိကြမည်ဟု ယုံကြည်ကြသည်။

## သမဏဂေါတမ၏ တပ စကျင့်

အလောင်းတော်ရဟန်းသည် ဥရုဝေလတော၌ ၆-နှစ်ကြာအောင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ရာ၌ ရှေးခေတ် အိန္ဒိယယောဂီတို့အကျင့်ဖြစ်သော ထိုအကျင့်နှစ်မျိုးတို့တွင် အတ္တကိလမထ "တပ" ကျင့်စဉ်ကို ကျင့်တော်မူခဲ့သည်။ ဤကျင့်စဉ်သည် သမဏဂိုဏ်းတို့၏ တပကျင့်စဉ်လည်းဖြစ်သည်။

ထို"တပ"ကျင့်စဉ်တွင်လည်း "အပ္ပါနကဈာန်"(အသက်ရှူထိန်းချုပ်မှု) ခေါ် အလွန်ပြင်းထန်သည့် သာမန်လူတို့ မကျင့်နိုင်သော"ဒုက္ကရစရိယာ" အကျင့်ကိုပင် ကျင့်ခြင်းဖြစ်သည်။ ဗြာဟ္မဏဂိုဏ်း၏ ကျင့်စဉ်မှာမူ တိရိစ္ဆာန်တို့၏ အသက်ကို သတ်ဖြတ်ပြီး သွေးတို့ဖြင့် ယဇ်ပူဇော်ခြင်းပင်ဖြစ်သည်။ ထိုဗြာဟ္မဏဂိုဏ်း၏ ကျင့်စဉ်ကိုမူ ဤ၌မဖော်ပြနိုင်တော့ပေ။

ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပဉ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်အရှင်မြတ် ဘုရားဖြစ်ပါကတရားဦးနာကြားလိုသဖြင့် ရေပူရေချမ်းကမ်းလှမ်း၍ ပြုစုလုပ်ကျွေးနေကြသည်။ တစ်နေ့နေ့တွင် ဘုရားဖြစ်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် စောင့်စားနေကြသည်။ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ကျင့်ရာ၌ အဘယ်မျှ ပြင်းပြင်းထန်ထန် ကျင့်သနည်းဟူမူကား၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ရှစ်ဝါမြောက်တွင် ဘဂ္ဂတိုင်း၊ သံသုမာဂီရိ၌ ဝါဆိုစဉ် ဗောဓိမင်းသားအား ဥရုဝေလတော၌ ဒုက္ကရစရိယာ ကျင့်ခဲ့ပုံတို့ကို ဟောပြထားသည့်ဒေသနာတော်အရ



သိရသည်။ မဇ္ဈိမပဏ္ဏာသပါဠိတော် "ဗောဓိရာဇကုမာရ"သုတ်၏ မြန်မာပြန်ကောက်နုတ်ချက် အချို့ကို ဖော်ပြအပ်ပါသည်။

မင်းသား၊ ထိုငါအား " ငါသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ရမူ၊ ဖျစ်ညှစ်ရမူ၊ ပင်ပန်းစေရမူ ကောင်းလေစွ"ဟု ဤအကြံသည် ဖြစ်၏။

မင်းသား၊ ထိုငါသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့်အာစောက် ကိုထိလျက် စိတ်ဖြင့်စိတ်ကိုဖိနှိပ်၏။ ဖျစ်ညှစ်၏။ ပင်ပန်းစေ၏။ မင်းသား ထိုငါသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့်အာစောက်ကိုထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ကုန်၏။ အားရှိသော ယောကျ်ားသည် အားနည်းသော ယောကျ်ားကို ဦးခေါင်း၌ ကိုင်၍ဖြစ်စေ၊ ပခုံး၌ကိုင်၍ဖြစ်စေ၊ ဖိနှိပ်ဖျစ်ညှစ် ပင်ပန်းစေသကဲ့သို့၊ ဤအတူသာလျှင် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် ငါ၏ လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ကုန်၏။

မင်းသား၊ ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည်ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ ကိုယ်သည် ပူလောင်ခဲ့သည်။ မငြိမ်းအေးခဲ့။

မင်းသား၊ ထိုနောက် ငါသည် အသက်မရှူဘဲ ဝါယောလေကို ချုပ်တည်း၍ နေခဲ့၏။ ထွက်လေ ဝင်လေများ မဝင်မထွက်နိုင်အောင် ပါးစပ်ရော နှာခေါင်းပါ ပိတ်ထားခဲ့၏။ ထိုအခါ ပန်းပဲသမားတို့၏ ဖားဖိုမှ ကြီးစွာသော လေသံ ထွက်လာသကဲ့သို့ နားထဲမှ ဆူညံကျယ်လောင်သော အသံများထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ ငါသည် မဆုတ်နစ်သော ဝီရိယနှင့် ကောင်းစွာ သတိထားကာ ထိုအကျင့်ကိုပင် ဆက်လက်၍ ကျင့်ခဲ့၏။ ပါးစပ်နှင့် နှာခေါင်းသာမက နားကိုပါ ပိတ်ထားလိုက်၏။ ထိုအခါ ပြင်းထန်သော လေတို့သည် ဦးခေါင်းပေါ်သို့ ထိုးတက်လာကာ ထိုးဆွကြ၏။ ထက်လှစွာသော ချွန်ဖြင့် ဦးခေါင်းကို ထိုးဆွမွှေနှောက် ဘိသကဲ့သို့ ခံစားရ၏။

မင်းသား၊ ထို့နောက် ငါသည် ထိုအကျင့်ကိုပင် မတွန့်မဆုတ် ဖွဲ့ဝီရိယကြီးစွာ ဆက်လက်ကျင့်၏။ ပါးစပ်၊ နှာခေါင်းနှင့် နားများကို ပိတ်မြဲတိုင်း ပိတ်၍ထားခဲ့၏။ ထိုအခါ အားကြီးသူတစ်ယောက်က အားနည်းသူတစ်ယောက်အား ဦးခေါင်းကို သားရေကြိုးဖြင့် တင်းကျပ်စွာ ရစ်ပတ်ချည်နှောင်သကဲ့သို့ ကြီးစွာသော ခေါင်းကိုက်ဝေဒနာကို ခံစားခဲ့ရ၏။

မင်းသား၊ ငါသည် ထိုမျှနှင့်ပင် အလျှော့မပေးသေးဘဲ ဝီရိယစိုက်ပြီး သတိကောင်းစွာထားကာ ဆက်လက်ကျင့်၏။ လေထွက်ပေါက်များကိုလည်း ပိတ်မြဲတိုင်း ပိတ်ထား၏။ ထိုအခါ အလွန်ပြင်းထန်သော လေတို့သည် ဝမ်းဗိုက်ကို ဖြတ်တောက်သည့်ပမာ အလွန်ထိုးဆွကြကုန်၏။ နွားသတ်သမားသည်လည်းကောင်း၊ နွားသတ်သမား၏တပည့်သည်လည်းကောင်း ထက်လှစွာသော ဓါးဖြင့် ဝမ်းဗိုက်ကို ဖြတ်တောက် လှီးသကဲ့သို့ ကြီးစွာသော ဆင်းရဲဝေဒနာကို ခံစားရ၏။

မင်းသား၊ ငါသည် ထိုအကျင့်ကိုပင် မဆုတ်နစ်ဘဲ ဆက်လက်ကျင့်ကြံ၏။ လေထွက်ပေါက်များကို ပိတ်မြဲပိတ်ထား၏။ ထိုအခါ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်လာသည်။ အားကောင်းမောင်းသန်လူနှစ်ဦးက ချုပ်ကိုင်၍ မီးကျီးတွင်းပေါ် လှည့်ပတ်ကင်နေ သကဲ့သို့ ပြင်းထန်စွာ ပူလောင်မှုဝေဒနာကို ခံစားရ၏။



မင်းသား၊ ငါသည် ထိုမျှဖြင့်အားမရသေးဘဲ အစာအာဟာရကို လျှော့၍ စားလာ၏။ အလိုလို ကြွေကျလာသော သစ်သီးကြီးငယ်တို့ဖြင့် မျှတစေ၏။ ထို့နောက် အလိုလိုကြွေကျလာသော သစ်သီးကြီးငယ်တို့ကို တောတောင်အနှံ့ နေ့စဉ်နေ့တိုင်း ရှာဖွေရခြင်း ပလိဗောဓသည်လည်း ကြမ်းတမ်း၏။ ထို့ကြောင့် တောတောင်အနှံ့ နေ့စဉ်နေ့တိုင်း သစ်သီးကြီးငယ်တို့ကို ရှာဖွေခြင်း မပြုတော့ဘဲ မိမိအမှီပြုနေသော သစ်ပင်မှ အလိုလိုကြွေကျလာသော သစ်သီး၊ သစ်ရွက်တို့ဖြင့် မျှတစေခဲ့၏။

ထိုအခါ အစာအာဟာရမရှိ၍ ခန္ဓာကိုယ်အားအင် ကုန်ခန်းလာ၏။ နွမ်းနွယ်လာ၏။ အလွန်ပြင်းထန်သော တပအကျင့်ဒုက္ခကြောင့် စင်္ကြံလျှောက်ရင်း စင်္ကြံဦးမှာ မှောက်လျက် လဲကျသွားခဲ့၏။

အလောင်းတော် အရှင်မြတ်ကိုကြည့်၍ အချို့သောနတ်တို့က "ရဟန်းဂေါတမသေပြီ"ဟုဆိုကြ၏။ အချို့သောနတ်တို့က "ရဟန်းဂေါတမ မသေသေး၊ သေယ်ဇောဖြင့်မျောနေခြင်း" ဖြစ်သည်ဟုဆိုကြသည်။ အချို့သောနတ်များကမူ "ရဟန်းဂေါတမ မသေသေး၊ သေခါနီးလည်းမဟုတ်၊ ရဟန္တာဖြစ်၍ နေခြင်းသာ ဖြစ်သည်" ဟုဆိုကြ၏။

သေပြီဟု ပြောဆိုသော နတ်များက သုဒ္ဓေါဒနမင်းကြီးထံ သွားရောက်၍ "အသင်မင်းကြီး၏သား သေသွားပြီ"ဟု ပြောဆိုကြလေသည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးက "ငါ့သားတော်သည် ဘုရားဖြစ်ပြီးမှ သေတာလား ဘုရားမဖြစ်သေးမှီ သေတာလား"ဟု မေး၏။ ထိုအခါနတ်များ က "ဘုရားမဖြစ်မီ သေသွားကြောင်း" ပြောကြသည်။ သို့သော် နတ်တို့ပြောဆိုသော စကားကို သုဒ္ဓေါဒနမင်းကြီးက မယုံ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



“ငါ့သားတော်သည် ဘုရားမဖြစ်ဘဲ ဘယ်တော့မှ မသေနိုင်”ဟု ခက်တင်းတင်းပင် ပြောလိုက်လေသည်။

မင်းသား၊ မူးမေ့သွားရာမှ ပြန်ထလာသော ငါသည် “အစာအာဟာရကို လုံးဝမစားဘဲ ကျင့်ရမှု ကောင်းလေစွ” ဟုအကြံဖြစ်၏။ ထိုအခါ နတ်များက ငါ့ထံသို့ ချဉ်းကပ်၍ “အို သူတော်ကောင်းရဟန်း သင်သည် အစာအာဟာရကို လုံးဝ ဖြတ်တောက်တော်မမူပါလင့်၊ အကယ်၍ အစာအာဟာရကို ဖြတ်၍ကျင့်ပါက နတ်သြဇာများကို မွေးညှင်းတွင်းတို့မှတဆင့် ထည့်သွင်းပေးမည်ဟု” ပြောဆိုကြသည်ကို လက်မခံဘဲ၊ ထိုနေ့မှစ၍ တစ်နေ့တာအတွက် တစ်ခါတစ်ရံ ပဲနောက်ပြုတ်ရည် တစ်လက်ဆွမ်း၊ တစ်ခါတစ်ရံ ပဲစိမ်းပြုတ်ရည်၊ တစ်ခါတစ်ရံ ကုလားပဲပြုတ်ရည်၊ တစ်ခါတစ်ရံ စားတော်ပဲပြုတ်ရည်၊ တစ်ခါတစ်ရံ ဟင်းနုရည်ပြုတ်ရည်စသည့် တစ်လက်ဆွမ်းစီမျှသော အာဟာရဖြင့် တစ်နေ့တာကို မျှတတင်းတိမ်ကာ ကျင့်ကြံခဲ့ရာ ငါ၏ခန္ဓာကိုယ်သည် အလွန်ပင် နွမ်းနယ် ပိန်ချုံးလာခဲ့၏။

မင်းသား၊ အစာအာဟာရ နည်းပါးမှုကြောင့်ငါ၏ အင်္ဂါကြီးငယ်တို့သည် အာသီတိကနွယ်ပင်၊ ကာဠနွယ်ပင်တို့၏ အဆစ်များကဲ့သို့ ဖုထစ်ပေါ်ထွက်နေ၏။ တင်ပါးဆုံမှာလည်း အသားလုံးဝမရှိဘဲ ကုလားအုပ်ခွာကဲ့သို့ တွန့်လိမ်ရှုံ့ခွက်နေ၏။ ကြောရိုးအဆစ်မှာလည်း ပုတီးစေ့များကို ကြိုးနှင့် သီကုံးထားသကဲ့သို့ အဖုအထစ်ဖြစ်လျက်ရှိ၏။ နံရိုးများမှာလည်း ဇရပ်အို ဇရပ်ပျက်၊ ကျောင်းအို ကျောင်းပျက်တို့၏ အခြင်ရနယ်များကဲ့သို့ ဖရိုဖရဲ ပြိုကျနေသည်နှင့်တူ၏။ မျက်လုံးများမှာလည်း နက်ရှိုင်းသော ရေတွင်းထဲရှိ ရေကို ငုံ့ကြည့်ရသကဲ့သို့ မျက်တွင်းနက်၍ နိမ့်ရှိုင်းခွက်ဝင်နေ၏။

BURMESE CLASSIC .com



ဦးခေါင်းတော်မှာလည်း ဘူးသီးနုနုကို နေလှမ်းထားသကဲ့သို့ မြင်မကောင်း ရှုမကောင်းအောင် တွန့်ရှုံ့နေ၏။

မင်းသား၊ ငါသည်သူမတူအောင် ပြင်းထန်စွာ ကျင့်ကြံအားထုတ်ထားသောကြောင့် ဝမ်းဗိုက်ကိုကိုင်လိုက်လျှင် ကျောရိုးကို ကိုင်မိ၏၊ ကျောရိုးကို ကိုင်လိုက်လျှင် ဝမ်းဗိုက်ကို ကိုင်မိ၏။ အစာအာဟာရမရှိသဖြင့် ကျင်ကြီး ကျင်ငယ်စွန့်ရန် အားယူ၍ ထလိုက်ပါက စမြင်းဖြစ်ကာ ကျင်ကြီး ကျင်ငယ်မစွန့်နိုင်ဘဲ နေရာမှာပင် မှောက်လျက်လဲလေသည်။ မိမိကိုယ်ကို အနည်းငယ် သက်သာရာ ရပါစေတော့ဟု လက်ဖြင့် ခန္ဓာကိုယ်ကို ပွတ်သပ်လိုက်သောအခါ အာဟာရနည်းပါးမှုကြောင့် အရင်းပုတ်ဆွေးနေသော မွေးညှင်းများ ကိုယ်မှ ကျွတ်ထွက်ကုန်၏။

အလောင်းတော်အရှင်မြတ်၏ ပင်ကိုယ်အဆင်းသည် သင်္ကိန်းနက်ရွှေစင်လို ဝင်းဝါနေသော်လည်း အစာအာဟာရမရှိဘဲ၊ ပြင်းထန်စွာ အားထုတ်မှုကြောင့် မြင်ရသူအချို့က ရဟန်းဂေါတမသည် အသားမဲကြီး။ အချို့ကမူ ရဟန်းဂေါတမသည် အသားမဲကြီးမဟုတ်၊ ရဟန်းဂေါတမသည် အသားညိုကြီး။ အချို့ကလည်း ရဟန်ဂေါတမသည် အသားမဲကြီးလည်းမဟုတ်၊ အသားညိုကြီး လည်းမဟုတ်၊ ရဟန်းဂေါတမသည် ငါးရှူရေကဲ့သို့ ပြာလဲ့သောအဆင်းရှိသည်ဟု ပြောဆိုကြသည်။ အလောင်းတော်အရှင်မြတ်သည် ပါရမီပြည့်လာခဲ့သူတစ်ဦး ဖြစ်လေရာ ရူပကာယတော်သည် နပ်ပြည့်ဖြိုးပြီး ရှုတိုင်းလှသည့် ပုဂ္ဂိုလ်ထူးဖြစ်သည်။ သို့သော် ဒုက္ကရစရိယာ အကျင့်ကိုကျင့်စဉ်၊ သက်တော် (၈၀) အရွယ်ရှိ အိုမင်းရင့်ရော်သော အဖိုးကြီးတစ်ဦးအသွင်သို့ပင် ပြောင်းလဲသွားခဲ့သည်။ ဤမျှလောက်အထိ ပြင်းထန်စွာ ကျင့်ကြံအားထုတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုမျှလောက်အထိ ၆–နှစ်ကြာအောင် ကျင့်ကြံအားထုတ်ခဲ့ပါသော်လည်း မိမိလိုချင်သော ပန်းတိုင်သို့ မရောက်ခဲ့။ မိမိတိုင်းပြည် ကပိလဝတ္ထုသို့ပြန်၍ ဆွေတော်မျိုးတော်များ၊ ယသော်ဓရာအမှူးရှိသော မိဖုရားအပေါင်းတို့နှင့် ပြန်နေရမူ ကောင်းလေစွဟု တွေးတောကြံစည်မှုမျိုးလည်း မြူမျှလောက်ပင် မဖြစ်ပေါ်ခဲ့။ ထို့ကြောင့် သာမန်လူတို့ ကျင့်ဖို့ရန် မဆိုထားဘိ၊ စိတ်ကူးမျှပင် မကူးဝံ့အောင် ကျင့်ရသော အကျင့်ဖြစ်သောကြောင့် " ဒုက္ကရစရိယာ" သာမန်လူတို့ကျင့်ဖို့ရန် ခဲယဉ်းသော အကျင့်မည်လေသည်။

မင်းသား၊ ငါသည် ဤမျှလောက် သာမန်လူတို့ ကျင့်ဖို့ရန် ခဲယဉ်းသော ဒုက္ကရစရိယာအကျင့်ကို (၆)နှစ်တိုင်တိုင် အပြင်းအထန် ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သော်လည်း ငြိမ်းချမ်းခြင်း၊ လွတ်မြောက်ခြင်း၊ ကိလေသာကုန်ခန်းခြင်းတို့၏ အရိပ်နိမိတ်ကိုမျှ မတွေ့ခဲ့ရချေ။

မင်းသား၊ ထို့ကြောင့် ငါသည် မိမိကျင့်နေသော အကျင့်အပေါ် သံသယ ဖြစ်လာ၏။ "အတိတ်ကာလက ဤအကျင့်ကို ကျင့်ကြံအားထုတ်ခဲ့ကြသော သမဏ၊ ဗြာဟ္မဏတို့သည် ဤမျှလောက်သာ အလွန်ဆုံး ဆင်းရဲခံကာ ကျင့်ကြံခဲ့ကြမည်။ ယခု ငါကျင့်နေသောအကျင့်ထက်ကား မပိုနိုင်ရာ။ ပစ္စုပ္ပန်၌လည်း ဤမျှလောက်သာရှိမည်ဖြစ်သည်။ အနာဂတ်ကာလ၌လည်း သည်ထက် မပိုနိုင်ရာ။ ငါသည် ထိုမျှလောက် ပြင်းပြင်းထန်ထန် ကျင့်ပါသော်လည်း ဘုရားမဖြစ်၊ သဗ္ဗညုတဉာဏ်တော်ကိုမရ၊ ထို့ကြောင့်ဤအကျင့်သည် သာမန်လူတို့၏ အသိဉာဏ်ထက် လွန်မြတ်သော အရိယာမဂ်ဉာဏ်ကို ရနိုင် မည့်လမ်းစဉ်မဟုတ်"ဟုသိ၍ဒုက္ကရစရိယာအကျင့်ကိုစွန့်လွှတ်လိုက်လေသည်။



မင်းသာ၊ ထို့နောက် ငါသည် ဘုရားဖြစ်ကြောင်း အကျင့်လမ်းကြောင်းကား တစ်မျိုးတစ်မည် ဖြစ်တန်ရာ ရှိလိမ့်မည်ဟု တွေးကြံခဲ့၏။ ထို့အခါ ယင်းစဉ်က အဖြစ်အပျက်တစ်ခုကို သတိရမိလေတော့သည်။ ယင်းစဉ်က ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ် ဇမ္ဗူသပြေပင်အရိပ်၌ အာနာပါန ပဉ္စမဈာန်ကို ဝင်စားခဲ့ဘူးသည်ကို ပြန်လည် သတိရလေ၏။ ထိုအာနာပါန ပဉ္စမဈာန်အကျင့်သည်ပင် ဘုရားဖြစ်ကြောင်း အကျင့်လမ်းကြောင်း ကေန်ဖြစ်တန်ရာ၏ဟု သိမြင်ကာ အာနာပါန ကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်လေတော့သည်။

မင်းသား၊ ထိုနောက် ငါသည် ကြံ့လှီးအားနည်းချည့်နဲ့သော ကိုယ်ကာယဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်နိုင် မည်မဟုတ်။ ခန္ဓာကိုယ်အင်အား ဖြည့်တင်းရန်အတွက် အနီးအနားရှိ ရွာများသို့ ဆွမ်းခံဝင်တော်မူ၍ အစာအာဟာရကို မှီဝဲသုံးဆောင်၏။ ထိုအခါ မကြာမီ ရက်များအတွင်းမှာပင် ခန္ဓာကိုအင်အားပြည့်ဖြိုးလာ၍ ပျောက်ကွယ်နေသော လက္ခဏာ ကြီးငယ်တို့ ပြန်လည်ပေါ်ထွန်းလာကာ သမာဓိပြန်ရလာသည်။

မင်းသား၊ ထိုစဉ်က ပဉ္စဝဂ္ဂီငါးဦးတို့သည် ငါ့ကို ဝတ်ကြီးဝတ်ငယ်များပြုစုလုပ်ကျွေးကာ ငါနှင့်အတူ တရားကျင့်ကြံနေကြ၏။ "ရဟန်းဂေါတမ တရားထူးရလျှင် ငါတို့ကို ပြောလိမ့်မည်"ဟုလည်း သူတို့မျှော်လင့်နေကြ၏။ ယခုကဲ့သို့ ဆွမ်းခံထွက်ရင်း အစာအာဟာရကို မှီဝဲသောအခါမှာကား ပဉ္စဝဂ္ဂီငါးဦးတို့က "ရဟန်းဂေါတမသည် ပစ္စည်းလာဘ်လာဘများရန် ကျင့်ကြံသူဖြစ်လေပြီ၊ ကမ္မဋ္ဌာန်းလုထွက်ကြီးဖြစ်ကာ ပစ္စည်းလာဘ်လာဘများရန်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လည်သွားလေပြီ” ဟု ပြောဆိုပြီး အလောင်းတော်အစာအာဟာရ ကိုမှီဝဲ သုံးဆောင်သည့်အတွက် ဘုရားမဖြစ်နိုင်တော့ဟု စိတ်အားလျော့ကာ အလောင်းတော်ကို စွန့်ခွါ၍ ဓမ္မတာ တရားတို့၏ နှိုးဆော်ချက်အရ မိဂဒါဝုန်တောသို့ ထွက်ခွါသွားကြလေသည်။

မင်းသား၊ ထိုစဉ်က ငါသည် အဖေါ်မပါ တစ်ကိုယ်တည်း ဥရုဝေလတော၌ပင် ဆက်လက်သီတင်းသုံးတော်မူကာ “အာနာပါန ကမ္မဋ္ဌာန်း” ကို စီးဖြန်းပွါးများ တော်မူသည်။ ဆိတ်ငြိမ်မှုကို အထူးရ၍ သမာဓိအားကောင်းလာပါသည်။ ထိုအခါ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ ချိန်ကိုက်ရလာကာ ဝိဝေကအထူးဖြစ်၍ အာနာပါနပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ထိအောင် ဝင်စားတော်မူလေသည်။ ထိုနောက် မဟာသက္ကရာဇ် ၁ဝ၃–ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ ညဉ့် မိုးသောက်ယံ၌ အိမ်မက်ကြီးငါးမျိုးကို မြင်မက်တော်မူသည်။

## အိမ်မက်ကြီးငါးမျိုး

၁။ မြေအပြင်ကို အိပ်ရာပြုလျက် ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုပြီး အရှေ့သမုဒ္ဒရာ အနောက်သမုဒ္ဒရာတို့၌ ဘယ်ညာလက်နှစ်ဖက်ကို ဆန့်တန်းထား၍ ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ထားကာ အိပ်စက်ရသည်ဟု မြင်မက်တော်မူသည်။ ဤအိမ်မက်ကို မြင်မက်တော်မူခြင်းသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူကာ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်ဖို့ရန် မြင်မက်တော်မူခြင်းဖြစ်လေသည်။



၂။ တိရိယာမည်သော မြက်တစ်မျိုးသည် ထမ်းပိုးခန့်ပမာဏရှိသည့် နီမြန်းသောရိုးတံဖြင့် ချက်တော်မှ ဖေါက်ထွက်၍ မိုးကောင်းကင်ထိအောင် တက်၍ တည်နေသည်ဟု မြင်မက်သည်။ ဤအိမ်မက်သည် မဇ္ဈိမပဋိပဒါဖြစ်သော မဂ္ဂင်ရှစ်ပါးကို လူနတ်တို့အား ဟောကြားနိုင်ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

၃။ ကိုယ်လုံးဖြူလျက် ဦးခေါင်းနက်သော ပိုးလောက်များသည် ခြေဖျားတော်မှစ၍ ဒူးဆစ်ဒူးခေါင်းတိုင်အောင် တရွရွတက်ရောက် ဖုံးလွှမ်းသည်ဟု မြင်မက်တော်မူသည်။ ဤအိမ်မက်သည် ဝတ်ဖြူစင်ကြယ်ဝတ်ကြသည့် များစွာသောလူအပေါင်းတို့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကာ မဟာ သရဏဂုံခံယူဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

၄။ ညို၊ ရွှေ၊ နီ၊ ဖျော် အဆင်းရှိကြသည့်ငှက်တို့သည် အရပ်လေးမျက်နှာမှ ပျံသန်းလာ၍ ကိုယ်တော်မြတ်၏ခြေတော်ရင်း၌ ဝပ်စင်းမိကြသောအခါ အဖြူရောင်တစ်မျိုးတည်း ဖြစ်သွားသည်ဟု မြင်မက်တော်မူလေသည်။ ဤအိမ်မက်သည် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား အမျိုးလေးပါးတို့မှ အမျိုးကောင်းသားတို့သည် မြတ်စွာဘုရားသာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြု ကြပြီးလျှင် အရဟတ္တဖိုလ်သို့ရောက်ရှိကြဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်သည်။

၅။ ကြီးစွာသော မစင်တောင်ပေါ်၍ လူးလာတုံခေါက် စင်္ကြံလျှောက်သော်လည်း ကိုယ်တော်မြတ်၌ ထိုမစင်သည် ပေကျံခြင်းမရှိဟု မြင်မက်တော်မူပါသည်။ ဤအိမ်မက်သည် ဘုရားဖြစ်တော်မူသောအခါ ပစ္စည်းလေးပါး ပေါ

www.burmeseclassic.com

www.burmeseclassic.com



များပြီး ထိုပစ္စည်းလေးပါးတို့ကို တွယ်တာတပ်မက်ခြင်း မရှိဘဲ သုံးဆောင်တော်မူဖို့ရန် မြင်မက်တော်မူသည်။

ဖော်ပြပါ အိမ်မက်ကြီးငါးမျိုးတို့ကို လောကီလူသားများ မမြင်မက်ကြ၊ မင်းများလည်း မမြင်မက်ကြ၊ စကြာမင်းများလည်း မမြင်မက်ကြ၊ အဂ္ဂသာဝကတို့လည်း မမြင်မက်ကြ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့လည်း မမြင်မက်ကြ၊ သဗ္ဗညုမြတ်စွာဘုရားတို့လည်းမြင်မက်တော်မမူကြ. သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်ပုဂ္ဂိုလ်တစ်မျိုးသာလျှင် မြင်မက်တော်မူသည်။ အလောင်းတော်အရှင်မြတ်သည် အိမ်မက်ကြီးငါးမျိုးကို မြင်မက်တော် မူပြီးနောက် ထိုအိမ်မက်ကြီးငါးပါးကို ကိုယ်တိုင်နိမိတ်ဖက်သည်။ ထိုအိမ်မက်များအရ အလောင်းတော်သည် "ကဆုန်လပြည့်နေ့ ညဉ့်၌" မိမိဘုရားဖြစ်မည်ကို သိတော်မူလေသည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အလောင်းတော်အရှင်မြတ်သည် ဥရုဝေလတောမှသေနာနိဂုံးရွာသို့ ဆွမ်းခံရန်ကြွလာသည်။ ဆွမ်းခံကြွရန် အချိန်စောသေးသဖြင့် ရွာဦးထိပ်နားရှိ ညောင်ပင်အောက်တွင် အရှေ့အရပ်သို့ မျက်နှာမူကာထိုင်လျက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ နေတော်မူလေသည်။ အလောင်းတော်အရှင်မြတ်၏ အသားအရေမှာ ဝင်းဝါလျက် ထွက်ပြူစနေရောင်ခြည် ထိုးဟပ်မှုကြောင့် တလက်လက်တဖျက်ဖျက် တောက်ပလျက် အတိုင်းမသိ ရှုချင်ဖွယ်ရာ တင့်တယ်လှပလျက်ရှိပေသည်။

ထိုညောင်ပင်တွင် သေနာနိဂုံးရွာသူ သုဇာတာသူဌေးသမီးသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့ ချဉ်းကပ်၍ "အမျိုးတူ သတိုးသားနှင့် ပေါင်းဖက်ရပြီး သားဦးရတနာရအောင် စောင်မစောင့်ရှောက်တော်မူပါ တောင်းတ



တိုင်းပြည့်စုံလျှင် နှစ်စဉ်ပူဇော်ပါမည်ဟု"ညောင်ပင်စောင့်နတ်ထံမှာ ဆုပန်ဖူး၏။ ထိုပန်ဖူးသောဆု ပြည့်စုံသောကြောင့် ကဆုန်လပြည့် နေ့ရောက်တိုင်း တစ်နှစ်တစ်ကြိမ် နှစ်စဉ် ညောင်ပင်စောင့်နတ်အား နို့ဃနာဆွမ်းဖြင့် ပူဇော်မြဲဖြစ်သည်။

ထိုနေ့နံနက်၌ကား သုဇာတာ သူဌေးသမီးသည် ညောင်ပင်စောင့်နတ်အား နို့ဃနာဆွမ်းဖြင့် ပူဇော်ရန်အတွက်ကြိုတင် ပြင်ဆင်လေသည်။ အိမ်ဖော် ဖြစ်သူ မေပုဏ္ဏာအား ညောင်ပင်ကြီးအောက်သို့ သွားရောက်စေပြီး သန့်ရှင်းရေး လုပ်ခိုင်းလိုက်သည်။ သူမကိုယ်တိုင်ကမူ ညဦးကပင် ချက်ပြုတ်စီရင်ထားသည့် နို့ဃနာဆွမ်းကို တစ်သိန်းတန်ရွှေခွက်မှာထည့်ပြီး ညောင်ပင်စောင့်နတ်အား ပူဇော်ရန်ပြင်ဆင်လေသည်။

မေပုဏ္ဏာသည် သူ့သခင်မ သုဇာတာသူဌေးသမီး စေခိုင်းချက်အရ နံနက်စောစော ညောင်ပင်ကြီးအောက်သို့ သန့်ရှင်းရေးလုပ်ရန် ရောက်ရှိလာ၏။ ထိုအခါ ညောင်ပင်ကြီးအောက်၌ အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူသော၊ ထွက်ပြူစ နေရောင်ခြည် ထိုးဟပ်မှုကြောင့် တလက်လက် တဖျတ်ဖျတ်တောက်ပလျက်"အလွန်သပ္ပါယ်လှပသော"အလောင်းတော် အရှင်မြတ်ကိုတွေ့မြင်တော်မူရာတွင် ညောင်ပင်စောင့်နတ်မင်းကြီး ကိုယ်ထင်ပြသည်ဟု ထင်မှတ်ကာ ထိပ်လန့်တုန်လှုပ်သွားသည်။ မေပုဏ္ဏာသည် ချက်ချင်း အိမ်သို့ပြန်ပြေးကာ သူ့သခင်မ သုဇာတာ သူဌေးသမီးအား ထိုအကြောင်းကို ပြောကြားလေသည်။

သုဇာတာသူဌေးသမီးသည် ထိုအကြောင်းကို ကြားသိလတ်သော် နို့ဃနာဆွမ်းအပြည့်ထည်ထားသော ရွှေခွက်ကို ကိုယ်တိုင်ရွက်ချီကာ ညောင်

www.burmeseclassic.com

www.burmeseclassic.com



ပင်အနီးသို့ သွားရောက်လေသည်။ ထိုအခါ ညောင်ပင်ကြီးအောက်၌ အရှေ့အရပ်သို့မျက်နှာမူကာ ထိုင်နေတော်မူသော၊ အလွန်သပ္ပါယ်လှပသည့် အလောင်းတော်အရှင်မြတ်ကို မြင်လျှင်၊ သူမကိုယ်စောင်မစောင့်ရှောက်သော ညောင်ပင်စောင့်နတ်မင်းကြီး ကိုယ်ထင်ပြသည်ထင်မှတ်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နို့ဃနာဆွမ်းကို လှူဒါန်းလေသည်။ သို့သော် ထိုစဉ်က အလောင်းတော်အရှင်မြတ်၌ သုဇာတာသူဌေးသမီးလှူဒါန်းသော နို့ဃနာဆွမ်းကို ခံယူရန် သပိတ်မရှိပေ။ ထိုကြောင့်သုဇာတာသူဌေးသမီးသည် အလောင်းတော်အရှင်မြတ်အား နို့ဃနာဆွမ်းကို တစ်သိန်းတန်ရွှေခွက်နှင့်တကွ ဆက်ကပ်လှူဒါန်းလေသည်။

အလောင်းတော်အရှင်မြတ်သည် နံနက်စောစော ဥရုဝေလတောမှ သေနာနိဂုံးရွာသို့ ကြွရောက်လာချိန်တွင် အသုံးပြုနေကျ သပိတ်တော်သည် တပါတည်းပါလာသည်။ သို့သော် သုဇာတာသူဌေးသမီး နို့ဃနာဆွမ်းလာကပ်ချိန်တွင် မည်သည့်အကြောင်းကြောင့်မှန်းမသိ၊ သပိတ်တော်သည် ပျောက်ခြင်းမလှ ပျောက်သွားလေသည်။ ထို သပိတ်တော်သည် အလောင်းတော်အရှင်မြတ် တောထွက်လာစဉ်က ဃဋိကာရဗြဟ္မာမင်း ဆက်ကပ်လှူဒါန်းသည့် မြေသပိတ်တော်ဖြစ်သည်။ ထိုဃဋိကာရဗြဟ္မာမင်း ဆက်ကပ်လှူဒါန်းသည့် မြေသပိတ်တော်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်စဉ်က အလောင်းတော်နှင့်အတူ ရှိနေခဲ့သော မြေသပိတ်တော်လည်းဖြစ်သည်။

ထိုနောက် အလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်းရှိ "သုပ္ပတိဋ္ဌိတ"မည်သော ရေချိုးဆိပ်သို့ကြွလာ၍ ရေချိုးလေသည်။ ထိုသုပ္ပတိဋ္ဌိတ ရေချိုးဆိပ်သည် များစွာသော ဘုရားအလောင်းတော်တို့ ဘုရားဖြစ်မည့်နေ့ဝယ်



ဆင်းသက်ရေချိုးတော်မူရာ ဆိပ်ကမ်းဖြစ်သည်။ ထိုရေချိုးဆိပ်ကမ်းအနီး သစ်ပင်ရိပ်၌ အလောင်းတော်အရှင်မြတ်သည် သုဇာတာသူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းကို ၄၉–လုပ်ဘုဉ်းပေးသည်။ ထိုဆွမ်း ၄၉–လုပ်သည်ပင် ဗောဓိမဏ္ဍိုင်ဝယ် မြတ်စွာဘုရားအတွက် (သတ္တသတ္တာဟ) ၄၉–ရက်စာ အာဟာရဖြစ်လေသည်။ ဘုရားဖြစ်ပြီး ၄၉–ရက်အတွင်း အခြားအစာအာဟာရ ဟူ၍ မရှိ။ ရေချိုးခြင်း၊ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း တို့သည်လည်းမရှိဘဲ ဈာန်ချမ်းသာ၊ ဖိုချမ်းသာတို့ဖြင့်သာ အချိန်ကို ကုန်လွန်စေတော်မူသည်။ သုဇာတာသူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းသည် အမြတ်ဆုံး ဆွမ်းတစ်ထပ်လည်း ဖြစ်သည်။

ထိုနောက် ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်၌ "ဘုရားဧကန် ဖြစ်မည်ဆိုပါက ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း" ဟူ၍ အဓိဋ္ဌာန်ပြုပြီး ရွှေခွက်ကိုမျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ဆန်တက်ပြီး ရေအောက်သို့နစ်မြုပ်သွားလေသည်။ အလောင်းတော်အရှင်မြတ်သည် ညနေချမ်းအချိန်တွင် နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော လမ်းအတိုင်း ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူလေရာ လမ်းတွင် မြက်ရိပ်သမား "သောတ္ထိယ"က မြက်ရှစ်ဆုပ်ကို လှူဒါန်း လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

## တောမောင်မိဈျှိုင် ဗန်းဗိုင်ဝယ်
## မနုသာ ဥဒါန်း

"ဘဝများစွာ သံသရာ၌ ငါသည် ကျင်လည် ပြေးသွားပြီး ခန္ဓာအိမ်ကိုဆောက်လုပ်သည့် လက်သမားကို ရှာလာခဲ့ သည်။ ထပ်ခါ ထပ်ခါ ပဋိသန္ဓေနေရခြင်းသည် ပင်ပန်းဆင်းရဲ လှပေသည်။ အို– တဏှာယောက်ျား လက်သမား၊ သင့်ကိုငါ ယခုတွေ့ပြီ။ သင်သည် တစ်ဖန် ငါ့ခန္ဓာအိမ်ကို ဆောက်လုပ်ရတော့မည် မဟုတ်ပေ။ သင်၏ ဒိုင်း၊ မြား စသည်အားလုံးသည် ကျိုးပျက် သွားလေပြီ။ ငါ၏ စိတ်သည် ငြိမ်းအေးသွားလေပြီ။ တဏှာအားလုံးတို့သည် ချုပ်ငြိမ်း သွားလေပြီ။"

မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်တော် တော်မူလာသော နေ့ဖြစ်သည်။ ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်မူခြင်းပင် အထက်ပါဥဒါန်းကို ကျူးရင့်တော်မူခြင်းဖြစ်သည်။ သို့သော် စိတ်ထဲက ကျူးရင့်ခြင်းသာဖြစ်သည်။ အပြင်သို့ အသံထွက်၍ ကျူး



ရင့်ခြင်းကား မဟုတ်ပေ။ စိတ်ထဲကသာ ကျူးရင့်သော ဥဒါန်းဖြစ်သောကြောင့် "**မနုသာ ဥဒါန်း**"ဟု အမည်တွင်ပါသည်။

အောင်မြင်သောသူတိုင်းသည် အဘယ်သူမဆို မိမိ၏အောင်မြင်မှုကို ဝမ်းသာပီတိ ဖြစ်ကြရမြဲ ဓမ္မတာပင်ဖြစ်သည်။ မိမိတို့၏ အောင်မြင်မှုသည် အောင်မြင်မှုရှိသလောက် ဝမ်းသာပီတိဖြစ်ကြရသည်။ စိတ်ထဲမှာ ကြည်နူးရွှင်ပြကြရသည်။ ထိုသို့ ဝမ်းသာပီတိဖြစ်မှု၊ စိတ်ထဲ့မှာ ကြည်နူးရွှင်ပြမှုတို့သည် အကြောင်းအရာပေါင်းများစွာတို့ ဝိုင်းရံခြံရံလျက် ရှိနေလေသည်။ အကြောင်းနှင့်အကျိုးသည် ဆက်စပ်လျက်တည်ရှိစမြဲပင်ဖြစ်သည်။ အကြောင်းကင်းသော အကျိုးတရားမည်သည်လည်း လောက၌ မရှိကောင်းပါချေ။ ပေးကမ်းလှူဒါန်းခြင်း၊ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်း၊ တပ်မက်မှုကင်းအောင် စောင့်စည်းခြင်း၊ အမှားအမှန်ကို ခွဲခြား၍သိနိုင်ခြင်း၊ ဇွဲလုံ့လရှိခြင်း၊ သည်းခံခြင်း၊ မှန်ကန်မှုရှိခြင်း၊ ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်း၊ မေတ္တာစိတ်ကိုမွေးမြူခြင်း၊ လျက်လျူရှုခြင်း တည်းဟူသော အကြောင်းအရာပေါင်းများစွာတို့ကိုပြုလုပ်ခဲ့ရသည်။

သို့မှသာ ထိုအကြောင်းအရာပေါင်းများစွာတို့၏ အကျိုးတရား ဖြစ်ပေါ်လာနိုင်သည်။ သို့မဟုတ်ပါက အောင်မြင်မှု အကျိုးတရားသည် ဝေးသည်ထက် ဝေးနေမည်သာဖြစ်သည်။

"ဗုဒ္ဓ"သည် ဘုရားအဖြစ်သို့ ရောက်လျှင်ရောက်ခြင်းပင်၊ သူ၏ပီတိအဟုန်သည် တစိမ့်စိမ့်ဖြစ်ပေါ်လာသည်။ ဘုရားဖြစ်ရန် အတိတ်က အကြောင်းအရာပေါင်းများစွာကို ပြုလုပ်ခဲ့သည့် အကျိုးတရားများသည် ယခု သဗ္ဗညုတ ဉာဏ်ကိုရ၍ ဗုဒ္ဓအဖြစ်သို့ရောက်ရှိအောင်မြင်အောင် ထောက်ပံ့ပေးလျက်ရှိသည်။ ဗုဒ္ဓအဖြစ်ကို ရရှိလာစေပါသည်။ ထိုအထောက်အပံ့ကြောင့်ဖြစ်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ပီတိအဟုန်သည်၊ ဘုရားဖြစ် လျှင်ဖြစ်ခြင်း တပွားပွားဖြစ်ပေါ်လျက် စိတ်ထဲတွင် **မနသာ ဥဒါန်းကို** ကျူးရင့် နေလေတော့သည်။

## သုမေဓာရှင်ရသေ့၏ ဈာနစိတ်ဝန်း

ဗုဒ္ဓသည် ဘုရားဖြစ်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရသော ဘဝပေါင်း များစွာတို့ရှိသည်။ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်ကပင် ဖြစ်သည်။ သုမေဓာရှင်ရသေ့၏ ဘဝသည် အစဆုံးသော ဘဝဖြစ်သည်။ သုမေဓာသည် ဗြာဟ္မဏလူမျိုး တစ်ဦးဖြစ်သည်။ မိဘနှစ်ဦးစလုံးပင်ဗြာဟ္မဏချည်းဖြစ်သည်။ သုမေဓါ၏ နေပြည်တော်သည် အမရဝတီဖြစ်သည်။ သုမေဓါ၏ မိဘနှစ်ပါးသည် သုမေဓာငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ကြသည်။ မိဘနှစ်ပါး ကွယ်လွန်သွားသည့်အခါ အမွေထိန်း ဘဏ္ဍာစိုးက ရှိရှိသမျှ အမွေပစ္စည်းများကို အမွေဆက်ခံသူ သုမေဓာအား လွှဲအပ်ပေးသည်။ သုမေဓာသည် မိဘနှစ်ပါးနှင့် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့ ပိုင်ဆိုင်ခဲ့သော ပစ္စည်းဥစ္စာတို့ကို ရလိုက်သည်။ အမွေရလိုက်သော ပစ္စည်းဥစ္စာများမှာ ကုဋေကဋာချီ၍ များပြားလေသည်။ တစ်သက်လုံး စားသုံး၍မကုန်နိုင်လောက်အောင် များပြားသည်။

ထိုမျှလောက်များပြားသော ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ထားသော သုမေဓါသည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပါး၍ မနေလိုပေ။ သူ့တွင် ထူးခြားသော အတွေးအမြင်များရှိသည်။ သူပိုင်ဆိုင်ထားသော ကုဋေကုဋာချီ၍ များပြားသော ပစ္စည်းဥစ္စာတို့သည် တကယ်တမ်းအားဖြင့် အားကိုးလောက်သောအရာများ မဟုတ်ကြသည်ကို သူသိမြင်ထားသည်။

သုမေဓာ၏ မိဘနှစ်ပါးနှင့်ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့သည် ပစ္စည်းဥစ္စာတို့ကို ရှာဖွေစုဆောင်းထားခဲ့ကြသည်။ သို့သော် သူတို့သည် သူတို့



၏ရှာဖွေထားသော ပစ္စည်းဥစ္စာတို့ကို တမလွန်ဘဝသို့ ဘယ်သူကမှယူဆောင်၍ မသွားနိုင်ကြချေ။ လက်ချည်းသာ တမလွန်ဘဝသို့ ပြန်သွားကြရသည်။ "ငါသုမေဓာ"သည်ကား ပစ္စည်းဥစ္စာတို့ကို တမလွန်ဘဝသို့ ပါအောင် အရယူသွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

သုမေဓာသည် သူပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာများကို အမရဝတီမင်းကြီးထံ သွားရောက်၍ အပ်နှင်းသည်။ သို့သော် သုမေဓါလာအပ်သော ပစ္စည်းဥစ္စာတို့ကို မင်းကြီးကလက်မခံ သုမေဓါ၏ဆန္ဒအတိုင်းသာ ဆောင်ရွက်ရန်ပြန်လည် လွှဲအပ်လိုက်သည်။ ထိုအခါ သုမေဓါသည်သူပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို အမရဝတီပြည်သူများအား လှူဒါန်းလိုက်လေသည်။

ထိုနောက် သုမေဓာသည် တောထွက်၍ ရသေ့ရဟန်းပြုလိုက်သည်။ ဟိမဝန္တာ၌ရှိ ဓမ္မိကတောင်ယံ သဒ်ိမ်းကျောင်း၌ ကေဇာအဖေါ်မမှီး တစ်ကိုယ်တည်း တရားကျင့်ကြံအားထုတ်သည်။ မကြာမြင့်မီ အချိန်ကာလအတွင်း၌ပင် လောကီဈာန် အဘိညာဏ်နှင့်ပြည့်စုံသော ရသေ့တစ်ပါး ဖြစ်လေတော့သည်။

ထိုစဉ်က လောကတွင် ဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူနေပြီး ဖြစ်သည်။ သို့သော် လောကတွင် ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေပြီဆိုသည့် အကြောင်းကို သုမေဓာရှင်ရသေ့ မသိရှာပေ။ တစ်ခုသောနေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါရဟန္တာ လေးသိန်းခြံရံလျက် ရမ္မာဝတီပြည်သို့ ဒေသစာရီကြွချီတော်မူလာသည်။

နောက်တစ်နေ့တွင် ရမ္မာဝတီပြည်သူပြည်သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားမှူးရှိသော သံဃာတော်များအား ဆွမ်းလောင်းလှူရန် စီစဉ်ကြသည်။ ဆွမ်းများကို ချက်ပြုတ်စီရင်ကြသည်၊ မဏ္ဍပ်များကို ဆောက်လုပ်ကြသည်၊ လမ်းများကို ပြုပြင်သန့်ရှင်းကြသည်။ ထိုစဉ်က သုမေဓာရှင်ရသေ့သည်

www.burmeseclassic.com

www.burmeseclassic.com



ဈာန်အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်သည်။ သုမေဓာရှင်ရသေ့ သည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်က ကြွတော်မူလာသည်။ ရမ္မာဝတီပြည်သူပြည်သားတို့၏ "အုပ်အုပ် ကျက်ကျက်" ဆောင်ရွက်ချက်များကို တွေ့မြင်ရသဖြင့် မြေပြင်သို့ဆင်း၍ အကျိုးအကြောင်းကိုမေးသည်။ ရမ္မာဝတီပြည်သူ ပြည်သားများက လောက၌ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်ပေါ်တော်မူနေပြီဖြစ်ကြောင်း၊ ဒီပင်္ကရာ မြတ်စွာဘုရားသည် နောက်ပါရဟန္တာ လေးသိန်းခြံရံလျက် ဤမြို့အတွင်းသို့ ဆွမ်းခံကြွတော်မူမည်ဖြစ်၍ လမ်းများပြုပြင်ပြင်ဆင်နေကြခြင်းဖြစ်ကြောင်း ပြန်လည်လျှောက်ထားကြသည်။

ထိုအခါ သုမေဓာရှင်ရသေ့က "ငါသည်လည်း လမ်းများပြုပြင်ပြင်ဆင်ရန်ပါဝင်လို၏" ဟုပြောဆိုရာ၊ ရမ္မာဝတီပြည်သူ ပြည်သားများက "ဤ ရသေ့သည် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသူဖြစ်သည်၊ သူ၏တန်ခိုး ဣဒ္ဓိပါဒ်နှင့်ပြုလုပ်ပါက ခဏချင်းပင်ပြီးနိုင်၏" ဟု ယူဆကာ လမ်းပြင်ဆင်ရန်ခက်ခဲသော ရွံ့ ဗွက်အိုင်တစ်ခုကို ပေးလိုက်ကြသည်။ သုမေဓာသည်မိမိအား ပေးအပ်သော တာဝန်ကို တန်ခိုးဣဒ္ဓိပါဒ်ကိုမသုံးဘဲမိမိ၏ လုပ်အားဖြင့်သာ အများနည်းတူ လုပ်ဆောင်ပြုပြင်သည်။ သို့သော် လမ်းလုပ်ဆောင်ပြုပြင်ပြင်ဆင်၍ မပြီးသေးမီ ဒီပင်္ကရာမြတ်စွာဘုရားနှင့်တကွ ရဟန္တာလေးသိန်းတို့ ကြွလာတော်မူနေလေပြီ။

သုမေဓာရှင်ရသေ့သည် လမ်းလုပ်ဆောင် ပြုပြင်ပြင်ဆင်၍ မပြီးသေးဘဲ ကျန်နေသည့်ကွက်လပ်၌ မိမိကိုယ်ကို အလျားမှောက်၍ တံတားသဖွယ်ခင်းပေးလိုက်သည်။ ဒီပင်္ကရာမြတ်စွာဘုရားနှင့် နောက်ပါ ရဟန္တာလေးသိန်းတို့အား မိမိကိုယ်ပေါ်မှ နင်းလျှောက်၍ ကြွတော်မူပါရန် လျှောက်ထားသည်။ ထိုအချိန်တွင် သုမေဓာရှင်ရသေ့၏စိတ်သည် ဘုရားဆုကို တောင်းတလျက်



ရှိသည်။ အနီးအနားတွင် ယသော်ဓရာအလောင်း သုမိတ္တာလည်း ဆုပန်လျက်ရှိသည်။ သုမေဓာရှင်ရသေ့၏စိတ်အကြံအကို သိတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် နောင်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအလွန်တွင် "ဂေါတမဗုဒ္ဓ"ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

## ပါရမီအတုန် ဝိုင်၌ အထျိုးပေးပြီ

"ဗုဒ္ဓ" သည်ဘုရားအဖြစ်သို့ ရောက်ရန်အတွက် ပါရမီတော်တို့ကို မနေမနား ဖြည့်ကျင့်ခဲ့ရသည်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာ အောင်ပင်ဖြစ်သည်။ သုမေဓာရှင်ရသေ့၏ ဘဝမှသည် နောက်ဆုံး ဝေဿန္တရာမင်းကြီးဘဝတိုင်အောင်ပင်ဖြစ်သည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင်ပင် ဖြည့်ကျင့်ခဲ့ရသည်။ ထိုမျှ များပြားလှသော ဘဝတို့၌"ဗုဒ္ဓ"အဖြစ်သို့ ရောက်ရှိရန်အတွက် ဦးခေါင်းတော်ကိုဖြတ်၍ လှူခဲ့ရသော ဘဝပေါင်းများမှာလည်း များစွာရှိခဲ့သည်။ မျက်လုံးတော် အစုံကိုထုတ်၍ လှူဒါန်းခဲ့ရသော ဘဝပေါင်းများမှာလည်း များစွာပင်ရှိသည်။ မိမိ၏ နှလုံးသားကိုထုတ်၍ လှူဒါန်းခဲ့ရသော ဘဝပေါင်းများမှာလည်း မရေမတွက်နိုင်လောက်အောင်ပင် များပြားခဲ့သည်။ ဇာလီမင်းသား ကဲ့သို့သော သားတော်များကိုလည်းကောင်း၊ တဏှာဇိန်မင်းသမီး ကဲ့သို့သော သမီးတော်များကိုလည်းကောင်း၊ မဒ္ဒီဒေဝီ ကဲ့သို့သော ဇနီးမယားများကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းခဲ့ရသော ဘဝမှာလည်း မရေမတွက်နိုင်လောက်အောင်ပင် များပြားလှပါသည်။

ထိုမျှများပြားလှသော ပါရမီ (၁၀)ပါး အပြား(၃၀)တို့ကို ဘုရားဖြစ်ရန်အတွက် ပါရမီတော်များကို ဖြည့်ကျင့်တော်ခဲ့ရာ ဘဝထိုထိုတို့၌ မနေမနား

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ကျင့်ခဲ့ရသည်။**"ပါရမီ"**ဟူသည် မြင့်မြတ်သူတို့၏ လုပ်ငန်းပင်ဖြစ်သည်။ မြင့်မြတ်သူများဟူသည်မှာ၊ ကိုယ်ကျိုးမဖက် အများကောင်းကျိုးကို ဆောင်ရွက်ကြသူများဖြစ်သည်။ မိမိအတွက် စည်းစိမ်ဥစ္စာရလိုမှုနှင့် ပတ်သက်၍ဖြစ်စေ၊ ရာထူးဂုဏ်သိန်အတွက်ဖြစ်စေ၊ ထင်ပေါ်ကျော်ဇောမှု အတွက်ဖြစ်စေ၊ အများအထင်ကြီးခံရရန်အတွက်ဖြစ်စေ၊ လောကကို မိမိဘဝအတွက် အသုံးမချဘဲ မိမိဘဝကိုသာ လောကကြီး တစ်ခုလုံးအတွက် အသုံးချသူများ ဖြစ်သည်။ ထိုကဲ့သို့သောသူကို မြင့်မြတ်သူဟူ၍ ခေါ်ဆိုရမည်ဖြစ်သည်။ မြင့်မြတ်သောသူတို့၏ လုပ်ဆောင်ချက် အမျိုးမျိုးကိုလည်း ပါရမီဟုပင်ခေါ်လေသည်။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရသည်။ထိုဖြည့် ကျင့်ခဲ့ရသော ပါရမီအဟုန်သည် ယခု ဗောဓိမဏ္ဍိုင်မှာ စုပုံ၍ အကျိုးပေးနေလေပြီ။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်လျှင်ရောက်ခြင်းမှာပင် နှလုံးသားထဲ၌ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ပီတိတရားဦးဆောင်သည့် မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဇော အစဉ်တို့ တသွင်သွင် ဖြစ်နေလေပြီ။

အိုးခွက်အတွင်းသို့ ထောပတ်ကိုဖြစ်စေ၊ ဆီကိုဖြစ်စေ လောင်းထည့်လိုက်သောအခါ ထိုအိုးခွက်တို့ပြည့်၍ ပိုလျှံသော ထောပတ်ဆီသည် အပြင်သို့ ပိုလျှံ၍ ထွက်လာသကဲ့သို့ ပွင့်တော်မူခါစ ဗုဒ္ဓ၏ နှလုံးသားထဲက ဖြစ်ပေါ်နေသော ပီတိအဟုန်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်များကိုဖြည့်ကျင့်ပြီးမှ ဗုဒ္ဓအဖြစ် ပွင့်ပေါ်တော်မူလာ၍၊ ထိုအောင်မြင်မှုတို့ကို ဝမ်းသာပီတိ တစိမ့်စိမ့်ဖြစ်ကာ**"အနေကဇာတိ သံသာရံ"** အစချီသော ဥဒါန်းဂါထာကို နှလုံးသားထဲက ကျူးရင့်နေလေတော့သည်။



အခန်း(၁၁)

## ဇမ္ဗူဒီပ မဇ္ဈိမ

ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းသည် နိမိတ်ထွန်းသော ကျွန်းတစ်ကျွန်းဖြစ်သည်။ ဤကျွန်း၏ အမှတ်တံဆိပ်မှာ သပြေပင်ဖြစ်ပြီး၊ ကျွန်းကြီးလေးကျွန်းတို့တွင် တောင်ကျွန်းတွင် တည်ရှိသည်။ ထို့ကြောင့် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းဟု အမည်တွင်ခြင်းဖြစ်သည်။ မဇ္ဈိမဒေသသည်လည်း ထူးဆန်းသောနေရာတစ်ခုပင်ဖြစ်သည်။ ဂေါ်တမ္ဗုဒ္ဓသဲစုမက ပွင့်တော်မူကြကုန်သော ဘုရားအဆူဆူတို့သည် မဇ္ဈိမဒေသ၌သာ ပွင့်ကြမြဲ ဓမ္မတာဖြစ်သည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်းကောင်း၊ အဂ္ဂသာဝက၊ အသီတိမဟာ သာဝကအရှင်မြတ်တို့သည်လည်းကောင်း၊ စကြာဝတေးမင်းသည်လည်းကောင်း၊ ဤမဇ္ဈိမဒေသ၌သာ ဖြစ်ထွန်းပေါ်ပေါက်တော်မူကြကုန်၏။ထို့ကြောင့် မဇ္ဈိမဒေသသည်လည်း ထူးဆန်းသော နေရာတစ်ခုဖြစ်လေသည်။

ဤမဇ္ဈိမဒေသ၏ တည်နေရာသည် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၏ အလယ်ဗဟို အရပ်ပင်ဖြစ်သည်။ နယ်နိမိတ် အပိုင်းအခြားသတ်မှတ် ထားချက်များမှာ–

www.burmeseclassic.com



( ၁) အရှေ့အရပ် ဂဇင်္ဂလ မည်သောနိဂုံး

(၂) အရှေ့တောင်အရပ် သလ္လာဝတီမြစ်

(၃) တောင်အရပ် သေတကဏ္ဏိကမည်သောနိဂုံး

(၄) အနောက်အရပ် ထူဏမည်သော ပုဏ္ဏားရွာ

(၅) မြောက်အရပ် ဥသိရဒ္ဓဇတောင်

ဤနယ်နိမိတ် ငါးရပ်ဖြင့် ပိုင်းခြားသပ်မှတ်ထားပြီး၊ အလျားယူဇနာ–သုံးရာ၊ အနံယူဇနာ–နှစ်ရာငါးဆယ်၊ အဝန်းယူဇနာ–ကိုးရာ အပိုင်းအခြားရှိသော အရပ်ပင်ဖြစ်သည်။

## ဇမ္ဗူဒီပါကျွန်း စတင်ဖြစ်ပေါ်ရာ နေရာ

ဤနေရာ၌ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း စတင်ဖြစ်ပေါ်လာပုံကိုလည်း လေ့လာမှတ်သားသင့်ပေသည်။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း စတင်ဖြစ် ပေါ်ရာအရပ်သည် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ၊ မဟာဗောဓိပင် ပေါက်ရာ ဗောဓိမဏ္ဍိုင်နေရာအရပ်ပင်ဖြစ်သည်။ မဟာဗောဓိပင်ပေါက်ရာ ဗောဓိမဏ္ဍိုင်နေရာ အရပ်သည် ဤဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၏ အစဦးဆုံး စတင်ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာရာ နေရာဖြစ်သည်။ အစဦးဆုံးသော မြေထွက် မြေဦး မြေအထူး အမြတ်လည်းဖြစ်သည်။

## ကြာငါးပွင့်အမှတ်အသား

ထိုမဟာဗောဓိပင် ပေါက်ရာအရပ်၌ ဤကမ္ဘာမြေကြီး စတင်ဖြစ်ထွန်း တည်ဦးခါစ၌ ပုဗ္ဗနိမိတ် အနေဖြင့် ပဒုမာကြာရုံတစ်ရုံ ပေါ်ပေါက်လာ၏။ ထိုပဒုမာကြာရုံမှာ ဤကျွန်း၏ ဘုရားပွင့်ခြင်း မပွင့်ခြင်းတို့၏ အတိတ်နိမိတ်



ပင်ဖြစ်သည်။ ပဒုမာကြာရုံတွင် ကြာပွင့် ပွင့်၍ ပါလာလျှင် ဘုရားပွင့်သော ကမ္ဘာဖြစ်သည်။ ပဒုမာကြာရုံတွင် ကြာပွင့် ပွင့်၍ ပါမလာလျှင် ဘုရားမပွင့်သော ကမ္ဘာဖြစ်သည်။ ကြာပွင့် ပွင့်ရာ၌လည်း အကယ်၍ ဘုရားတစ်ဆူသာ ပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာပွင့် တစ်ပွင့်သာပွင့်၍ ပါလာ၏။ ဘုရားနှစ်ဆူ ပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာပွင့် နှစ်ပွင့်။ ဘုရားသုံးဆူ ပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာပွင့် သုံးပွင့်။ ဘုရားလေး ဆူပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာပွင့် လေးပွင့်။ ဘုရားငါးဆူ ပွင့်မည့် ကမ္ဘာဖြစ်လျှင် ကြာပွင့်ငါးပွင့်တို့ ကြာရိုးတစ်ခုတည်း၌ပွင့်၍ ပါလာကြကုန်၏။

“ငါးဆူရှေ့ကြာ၊ နိမိတ်လာ၍၊ ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးခက်ဖူးငုံ၊ ပွင့်လတ်တုံက” အရှင်မဟာရဋ္ဌသာရ၏ ငါးဆူရှေ့ကြာကဗျာ ထဲမှ စာပိုဒ်အချို့ဖြစ်သည်။ ကျွန်ုပ်တို့နေသော ဤကမ္ဘာ၏ အစတွင် ကြာပင်တစ်ပင် တည်း၌ ကြာခက်ငါးခက်တို့ပါရှိပြီး ၄င်းကြာခက်ငါးခက်တို့၌ ကြာငါးပွင့်တို့ ပွင့်၍ ပါလာကြသည်။ ထိုကြာပွင့် ငါးပွင့်အမှတ်အသားသည် ဤကမ္ဘာ၌ ဘုရား ငါးဆူပွင့်မည့် နိမိတ်ပင်ဖြစ်သည်။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားလေးဆူ တို့သည် ဤကမ္ဘာ၌ ပွင့်ပေါ်တော်မူကြပြီးဖြစ်သည်။ အရိမေတ္တယျ ဘုရား တစ်ဆူသာပွင့်ရန် ကျန်ပါသေးသည်။ မဟာဗောဓိပင်ပေါက်ရာအရပ်၏ ထူး ခြားချက် နောက်တစ်ခုမှာ ကမ္ဘာတည်သောအခါ အစဦးဆုံးတည်၍ ကမ္ဘာ ပျက်သောအခါမှာလည်း နောက်ဆုံးမှသာ ပျက်မည်ဖြစ်သည်။ ထို့ကြောင့် ဇမ္ဗူ ဒီပါ လက်ျာတောင်ကျွန်းသည်အမှန်ပင် နိမိတ်ထွန်းသော ကျွန်းတစ်ကျွန်းဖြစ် သည်။ မဇ္ဈိမဒေသသည်လည်း အမှန်ပင် ထူးဆန်း သောနေရာတစ်ခုဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဓေဓေဗုဒ္ဓဘာရုံတို့ ဓေဓာဓိမြင်တော်ရှုခြင်း

ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်ရှိ ဗောဓိပင်ပျိုသည် နုပျိုလန်းဆန်း နေလေသည်။ ဗောဓိပင်ပျို၏ သက်တမ်းမှာ ၃၅–နှစ်အရွယ်ပင်ဖြစ်သည်။ ရာသီဥတုမှာ နွေမှမိုးသို့ကူးခါနီး မုတ်သုန်ရာသီဦးဖြစ်သည်။ မုတ်သုန်ရာသီ ဦးသည် သူ၏ လရာသီစက်ဝန်းတို့ ထုံးစံအတိုင်း အပေါ်မိုးစက်လေးများကို ဖိတ်ခေါ် ရွာသွန်းတတ်စမြဲပင်။ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာပြီး ခါစဆိုတော့။ ဗောဓိပင်ပျိုသည် ရွက်ဟောင်းကြွေပြီး ရွက်သစ်တို့ ဝေနေခါစ အချိန်ပင် ဖြစ်ပေသည်။ ထွက်ပြူစ အဖူး၊ အညွန့်၊ အကိုင်းများ၊ ရွက်လိပ်ပြေစ သန္တာညွန့်များ၊ မြစိမ်းရောင်ရွက်နုစိမ်းဖက်ဖက်များတို့ဖြင့် စိမ်းစိုဝေဆာနေပြီး လှချင်တိုင်းလှပနေလေသည်။

ဤမဟာဗောဓိပင်ပျိုသည် ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထမင်းသားနှင့် ဖွားဖက်တော်ဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားနှင့်အတူ ဖွားမြင်သော ဖွားဖက်တော်(၇)ဦး ရှိသည်။ ယသော်ဓရာမင်းသမီး၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကာဠုဒါယီအမတ်၊ ကဏ္ဍကမြင်း၊ မဟာဗောဓိပင်၊ ရွှေအိုးကြီးလေးလုံးတို့ပင်ဖြစ်သည်။ ယင်းဖွားဖက်တော်(၇)ဦးထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ဗောဓိပင်ပျိုသည် သူ့ဖွားဖက်တော် သိဒ္ဓတ္ထမင်း သားအလာကို မျှော်လင့်စောင့်ကြို နေလေသယောင်ပင်။ ရွက်နုစိမ်းဖားဖားတို့ဖြင့် အစွမ်းကုန် လန်းဆန်းစေပြီး ညှင်ညှင်သာသာ တိုက်ခတ်လာသည့် လေနုအေးတို့နှင့်ထိတွေ့တိုင်း၊ ယိမ်းနွဲ့လှုပ်ခါ၊ ကခုန်စွာဖြင့် သူ့ဖွားဖက်တော် ကို ကြိုဆိုနေသည့်အလား၊ ထင်မှတ်မှားရသည်။

အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိမဏ္ဍိုင်သို့ ကြွရောက်လာနေလေပြီ။ အလောင်းတော်အရှင်မြတ် ကြွလာရာ လမ်းတစ်လျှောက်တွင်

www.burmeseclassic.com



နတ်ဗြဟ္မာတို့သည် ပန်းများနှင့် အမွှေးနံ့သာများကို ဖြန့်ကြဲထားကြသည်။ မြေအပြင်သည် သန့်ရှင်းညီညာပြန့်ဖြူးနေသည်။ တောရိုင်း တိရိစ္ဆာန်များနှင့် တကွ ပတ်ဝန်းကျင်တစ်ခုလုံးသည် ငြိမ်သက်တိတ်ဆိတ်နေကြသည်။ အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိမဏ္ဍိုင်သို့ ရောက်ရှိနေလေပြီ။

အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိမဏ္ဍိုင်သို့ ကြွရောက်လာသောအခါ မဟာဗောဓိပင်၏ တောင်ဘက်အရပ်မှ ဝင်လေသည်။ ထိုအခါ မဟာဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိ သကဲ့သို့ ထင်ရ၍ ထိုအရပ်မှ မဝင်ခဲ့ပေ။ ထိုစဉ် အလောင်းတော်အရှင်မြတ်သည် ဗောဓိပင်ကို လက်ျာရစ်လှည့်ကာ အနောက်ဘက်အရပ်မှ ဝင်ပြန်သည်။ ထိုအခါ၌လည်း ဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိ သကဲ့သို့ ထင်ရပြန်၍ ထိုအရပ်မှ မဝင်ခဲ့ပေ။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် အနောက်ဘက်အရပ်မှ မဝင်တော့ဘဲ မြောက်ဘက်သို့ သွားပြန်သည်။ တစ်ဖန် မြောက်ဘက် အရပ်မှ ဝင်အံ့ဟု မဟာဗောဓိပင်ကို ကြည့်ပြန်သောအခါ မဟာဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိ သကဲ့သို့ ထင်ရပြန်သည်။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်ကို မြောက်ဘက်မှ မဝင်တော့ဘဲ အရှေ့ဘက်မှ ဝင်အံ့ဟု သွားပြန်သည်။ အရှေ့ဘက်အရပ်မှ ရပ်၍ မဟာဗောဓိပင်ကို ကြည့်ပြန်သောအခါ မြေကြီးသည် မတုန်မလှုပ် ကြံ့ကြံ့တည်၍ နေသည်ကို တွေ့ရသည်။

မဟာဗောဓိပင်၏ အရှေ့အရပ်ကား "အပရာဇိတ ပလ္လင်"တော် ပေါ်ပေါက်ရာအရပ် ဖြစ်သည်။ အလောင်းတော် အရှင်မြတ်သည် မဟာဗောဓိပင်ရင်းသို့ အရှေ့အရပ်မှဝင်၍ အပရာဇိတပလ္လင်တော် ပေါ်ပေါက်ရာအရပ်

www.burmeseclassic.com

www.burmeseclassic.com



တွင် "ဤအရပ်ကား ခပ်သိမ်းသော ဘုရားရှင်တို့၏ ကိလေသာတို့ကို ဖြိုဖျက်ရာ အောင်မြေအရပ် မှန်ပေသည်ဟု"သိရှိတော်မူကာ သေတ္တိယ လှူဒါန်းလိုက်သည့် မြက်ရှစ်ဆုပ်ကို အဖျားမှကိုင်၍ ကြဲဖြန့်လိုက်သည်။ ထိုအခါ မြက်ရှစ်ဆုတ်သည် မြက်၏အသွင်ကွယ်ပျောက်၍ တစ်စုံတစ်ယောက်သော ပန်းချီဆရာ၊ ပန်းပုဆရာမျှ ရေးထုခြင်းငှါမစွမ်းနိုင်သော အလွန်ဆန်းကြည်သည့် တစ်ဆယ့်လေးတောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာလေသည်။

ဤနေရာ ဤဒေသသည် ခပ်သိမ်းသော ဘုရားအဆူဆူတို့၏ ပလ္လင်တော် ပေါက်ရာအရပ်ဖြစ်သည်။ အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်၏ အရှေ့ဘက်အရပ်တွင် မဟာဗောဓိပင်ကို ကျောပေးကာ အရှေ့အရပ်သို့ မျက်နှာမူ၍ ထိုင်တော်မူလေသည်။ ထိုသို့ထိုင်ခြင်းကား ထူးခြားသော ထိုင်ခြင်းဖြစ်သည်။ ထိုသို့ထိုင်ခြင်းဖြင့် အလောင်းတော် အရှင်မြတ်သည် ပုထုဇဉ် အဖြစ်မှသည် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုင်ခြင်းဖြစ်သည်။

အလောင်းတော်အရှင်မြတ်သည် အပရာဇိတပလ္လင်တော်ထက်၌ အရှေ့ဘက်သို့ မျက်နှာမူကာ ထိုင်နေတော်မူပြီး

(၁) "အရေမျှ ကျန်လိုလျှင် ကျန်ပါစေ၊

(၂) အကြောမျှ ကျန်လိုလျှင် ကျန်ပါစေ၊

(၃) အရိုးမျှ ကျန်လိုလျှင် ကျန်ပါစေ၊

(၄) အသွေးအသားအားလုံး ခန်းခြောက်လျှင် ခန်းခြောက်ပါစေ၊

ငါသည် ဘုရားမဖြစ်သမျှ ဤနေရာမှ မထတော့"ဟု ဆုံးဖြတ်တော်မူကာ အပရာဇိတပလ္လင် တော်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်။



ထိုသို့ ထိုင်နေတော်မူပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ တော်မူနေလေသည်။

ထိုအချိန်၌ နေမဝင်သေးပေ။ တစ်နေ့တာလုံးကို အလင်းပေးခဲ့သော သူရိန်နေမင်းကြီးသည် တိမ်တောင် တိမ်လိပ်တို့ကို ကင်းစင်စေပြီး ယနေ့ ထူးထူးခြားခြားပို၍ တောက်ပြောင်လှပနေလေ သယောင်ပင်။ အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်၏အရင်း အပရာဇိတ ပလ္လင်ပေါ်၌ ထိုင်၍ အာနာပါန ကမ္မဋ္ဌာန်းကို စတုရဂိဝိရိယဖြင့် အစွမ်းကုန် ပွါးများအားထုတ်ကာ နေတော်မူလေသည်။

ထိုအချိန်တွင် သိကြားမင်းကြီးသည် **"ဝိဇယုတ္တရ ခရုသင်း"**ကို မှုတ်၍လည်းကောင်း၊ ပဉ္စသိခနတ်သားသည် **"ဗေလုဝ"** စောင်းကိုတီး၍လည်းကောင်း၊ သုယာမ နတ်မင်းသည် **"သားမြီးယပ်"**ကိုခတ်၍လည်းကောင်း၊ သန္တုသိတနတ်သားသည် **"ပတ္တမြားယပ်"**ကို ခတ်၍လည်းကောင်း၊ သဟမ္ပတိဗြဟ္မာမင်းသည် **"ထီးဖြူ"**ကို ဆောင်းမိုး၍လည်းကောင်း၊ ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်အပေါင်းခြံရံ၍လည်းကောင်း၊ စကြာဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာအပေါင်းတို့သည် ပန်းနံ့သာအမျိုးမျိုး တို့ဖြင့်လည်းကောင်း အသီးသီး ပူဇော်နေကြလေသည်။

ထိုအခါ ဝသဝတ္တီနတ်ပြည်မှမာရ်နတ်သည် သူ၏ရှေ့မှ ၁၂-ယူဇနာ၊ လက်ယာဘက်မှ ၁၂-ယူဇနာ၊ လက်ဝဲဘက်မှ ၁၂-ယူဇနာ၊ အထက်၌ ၉-ယူဇနာ၊ တောင်ဘက်၌ စကြာဝဠာအဆုံး တိုင်အောင်သော နတ်စစ်သည်တော်များနှင့် သူကိုယ်တိုင် ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံးပေါင်းတစ်ထောင်ကို ဖန်ဆင်းကာ အလောင်းတော်အရှင်မြတ်ကို လာရောက် တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာရ်နတ်နှင့် စစ်သည်တော်များသည်မဟာဗောဓိပင်၏ အနီးသို့ကား ကပ်ရောက်ခြင်းငှါ မစွမ်းနိုင်ကြပေ။ ထိုသို့ အလောင်းတော် အရှင်မြတ်ကို မာရ်နတ်လာရောက်တိုက်ခိုက်စဉ် စောစောကအလောင်းတော်အရှင်မြတ်အား ပူဇော်လျက်ရှိကြသော နတ်ပြဟ္မာတို့သည် တစ်ဦးတစ်ယောက်မျှ မနေဝံ့တော့ဘဲ ခြေဦးတည့်ရာ ထွက်ပြေးသွားကြသည်။ အလောင်းတော် အရှင်မြတ်တစ်ပါးတည်းသာလျှင် ကြောက်ရွံ့ခြင်း အလျှင်မရှိဘဲ အာနာပါန ကမ္မဋ္ဌာန်းကို ပွါးများနေတော် မူနေလေသည်။

မာရ်နတ်နှင့် စစ်သည်တော်များသည် အလောင်းတော်အရှင်မြတ်အား ညာသံပေးကာ အမျိုးမျိုးသောလက်နက်တို့ဖြင့် သောသောညံအောင် တိုက်ခိုက်နေကြသည်။ "သိဒ္ဓတ္ထမင်းသား သင်သည် ဤအပရာဇိတပလ္လင်မှ ချက်ချင်းဆင်းပေး၊ ဤအပရာဇိတပလ္လင်သည် ငါ၏ဥစ္စာဖြစ်သည်" ဟု ပြောဆိုသည်။ မာရ်နတ်၏ စစ်သည်တော်များလည်း လက်ကို ဆန့်တန်းကာ မြေပြိုသော အသံကဲ့သို့ ဆူညံလျက် သက်သေခံကြသည်။

ထိုအခါ အလောင်းတော်အရှင်မြတ်သည် အပရာဇိတ ပလ္လင်ထက်ကနေ၍ ရှေ့နောက်ဝဲယာ အရပ်မျက်နှာတို့ကို ကြည့်ရှုလတ်သော် အနီးအနား၌ တစ်စုံတစ်ယောက်သော နတ်ပြဟ္မာတို့ကိုမျှ မမြင်မတွေ့ရတော့။ မာရ်နတ်နှင့် စစ်သည်တော်များ ချီတက်တိုက်ခိုက်နေကြသည်ကိုသာ တွေ့မြင်ရလေသည်။ ထိုစဉ် အလောင်းတော်အရှင်မြတ်သည်ဤသို့စဉ်းစား၏။

"ဤမျှများပြားလှသော မာရ်နတ်နှင့် စစ်သည်တို့သည်ငါတစ်ဦးတစ်ယောက်တည်းကို ရည်ရွယ်ကာ တိုက်ခိုက်နေကြပါလား၊ ဤနေရာ၌ ငါ့မှာ အမေလည်းမရှိ၊ အဖေလည်းမရှိ၊ ညီအစ်ကိုယ်မောင်နှမလည်းမရှိ၊ ဆွေမျိုးလည်းမရှိ၊ ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါးတရားတို့သည်သာလျှင် ငါမွေးမြူအပ်သော ငါ့ပရိတ်သတ် အခြံအရံနှင့်တူ၏" ဟု နှလုံးသွင်း၍ ပါရမီဆယ်ပါးကို ဆင်ခြင်တော်မူကာ–



"မာရ်နတ် ငါသည် ဤအပရာဇိတပလ္လင်တော်ကို လိုလားတောင်းတသဖြင့် ဘဝများစွာ သံသရာ၌ မလှူခဲ့ဘူးသော ဒါနဟူ၍မရှိ၊ မစောင့်ထိန်းဘူးသော သီလဟူ၍မရှိ၊ မကျင့်ခဲ့ဘူးသော ဒုက္ကရအကျင့်ဟူ၍မရှိ။ မာရ်နတ် ဘဝများစွာသံသရာက ဖြည့်ဆည်းတော်မူခဲ့သော ပါရမီတော်များကို ထားလိုက်ပါဦး၊ ဝေဿန္တရာမင်းကြီး ဘဝတစ်ခုမှာပင် မဒ္ဒီမိဘုရားကို အထွတ်အထိပ် အရောက်ပြု၍ ခုနစ်ကြိမ်တိုင်တိုင် အလှူကြီးကိုပေးအပ်ခဲ့စဉ်က မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ။ မာရ်နတ် ငါသည် ဤအပရာဇိတ ပလ္လင်တော်ကို တကယ်ပိုင်ဆိုင်သူဖြစ်ကြောင်းကို သင့်ကို ငါ သက်သေပြမည်"ဟုဆိုကာ အလောင်းတော်အရှင်မြတ်သည် လက်ျာလက်တော်ကို သင်္ကန်းတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးသို့ ရှေးရှုကာ လက်ညှိုးညွှန်ပြတော်မူလေသည်။

ထိုအခါ မဟာပထဝီမြေကြီးသည် အလောင်းတော်အရှင်မြတ်၏ ပါရမီကို သက်သေခံ သောအနေအားဖြင့် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာမြည်ဟီးပြီး တုန်လှုပ်ကာ သက်သေခံပါသည်။ ထိုအခါ မာရ်နတ်နှင့်တကွ စစ်သည်ဗိုလ်ပါ အပေါင်းတို့သည် ခြေဦးတည့်ရာ ထွက်ပြေးသွားကြလေသည်။ မာရ်နတ်ကို အလောင်းတော်အရှင်မြတ် အနိုင်ရလိုက်ခြင်းမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင်ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်တို့၏ အာနုဘော်တော်တို့ကြောင့်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်အရှင်မြတ်သည် ဒေဝပုတ္တမာရ် (မာရ်နတ်)ကို နေမဝင်မီ အချိန်မှာပင်အောင်မြင်တော်မူလေသည်။ ထိုခဏမှာပင် မာရ်နတ်လာစဉ်က ရှောင်ပုန်းနေကြသော နတ်ပြဟ္မာများနှင့် နဂါး၊ ဂဠုန်တို့သည် လာရောက်၍ **“ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊”** အစရှိသော ဗုဒ္ဓအလောင်းတော်၏ ဘုန်းတော်ဘွဲ့ကို ကျူးရင့်သီဆိုကြလေသည်။ ဗောဓိပင်ပျိုပေါ်မှလည်း နတ်ပြဟ္မာများက ငြိမ်သက်စွာ တရားနာလုံးသွင်းနေသည့် ဘုရားအလောင်းတော်အပေါ်သို့ ပန်းမိုးများ ရွာချပေးကာ ပူဇော်နေကြလေသည်။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရရှိတော်မူခြင်း

[ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်နှင့် ထိုခန္ဓာအစဉ်မှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်တရား၊ အမည်အမျိုးစသော ပညတ်တရား၌တရားအစုကို “ပုဗ္ဗေနိဝါသ” ဟူ၍ ပါဠိလိုခေါ်ဆို၏၊ ထို ပုဗ္ဗေနိဝါသကို အောက်မေ့သော သတိနှင့်ယှည်သည့် အဘိညာဉ်အထူးကို **“ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်”** ဟူ၍ခေါ်ဆို၏။ ထိုကိုပင် ပဌမဝိဇ္ဇာဉာဏ်ဟူ၍ ခေါ်ဆိုသည်။ ထိုပဌမဝိဇ္ဇာဉာဏ်ကိုပင် ရှေးပညာရှင်တို့က “ပု”ဟူ၍ အာဒိသင်္ကေတနည်း ( အစအက္ခရာဖြင့် မှတ်သောနည်း) ဖြင့် ခေါ်ကြသည်။]

အလောင်းတော်အရှင်မြတ်သည် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပြီးနောက် အပရာဇိတပလ္လင်ထက်ဝယ် သီတင်းသုံးကာ ဈာန်သမာပတ် တရားများကို ဝင်စားနေသည်။ ထိုအခါ မာရ်နတ်လာတုန်း ရှောင်ပုန်းနေကြသော နတ်ပြဟ္မာတို့သည် ဗောဓိမဏ္ဍိုင်သို့ ပြန်ရောက်လာကာ အလောင်းတော်အရှင်မြတ်အား ယခင်အတိုင်း ပူဇော်မြဲပင် ပူဇော်နေကြလေသည်။



အလောင်းတော်အရှင်မြတ်သည် နတ်ပြဟ္မာတို့က အထူးထူးသော ပူဇော်ဖွယ်ရာတို့ဖြင့် ပူဇော်နေကြသော်လည်း ထိုပူဇော်မှုတို့ကို ငြိကပ်တွယ်တာ သာယာမှု အလျှင်းမပြု၊ နှလုံးသွင်းတော်မမူပဲ ဈာန်သမာပတ် တရားများကိုသာ ဝင်စားနေသဖြင့်လုံးလဝီရိယတော်မှာလည်း မဆုတ်မနစ် အလွန်ထက်သန်လျက်ရှိသည်။ သတိမှာလည်း အလွန်ပင် အားကောင်းလျက်ရှိပြီ ကိုယ်စိတ်နှစ်ပါး အေးငြိမ်းမှုဖြစ်ရကား ရူပါဝစရ ပဌမဈာန်ကိုတစ်ဖန်ထပ်၍ ရရှိဝင်စားတော်မူပြန်သည်။

ရူပါဝစရ ပဌမဈာန်ကို ရရှိဝင်စားတော်မူသော အလောင်းတော်အရှင်မြတ်၏ စိတ်သန္တာန်မှာ နီဝရဏတရားတို့သည် အလွန့်အလွန် ကင်းစင်လျက်ရှိသည်။ ဝတ္ထုကာမ ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းကြောင့် ပီတိသုခတရား တဖွားဖွားဖြစ်ပေါ်လျက်ရှိပေသည်။

တစ်ဖန် အလောင်းတော်အရှင်မြတ်သည် ရူပါဝစရ ဒုတိယဈာန်ကို ဝင်စားတော်မူပြန်သည်။ ထိုအခါ အလောင်းတော်အရှင်မြတ်၏ စိတ်အစဉ်မှာ ဝိတက် ဝိစာရတည်းဟူသော လှုပ်ရှားမှု၊ ချောက်ချားမှုများ ကင်းစင်ပြီး စိတ်တော်သည် အလွန်ပင် ကြည်လင်လျက်ရှိသည်။ သမာဓိမှာလည်း သူမတူအောင် တည်ကြည်လျက်ရှိသည်။ ထိုသမာဓိကြောင့်ပင် ပီတိသုခတရားတို့သည် တဖွားဖွား ဖြစ်ပွါးလျက်ရှိလေသည်။

တစ်ဖန် အလောင်းတော်အရှင်မြတ်သည် ရူပါဝစရ တတိယဈာန်ကို ဝင်စားတော်မူပြန်သည်။ ထိုအခါ အလောင်းတော်အရှင်မြတ်၏ စိတ်အစဉ်မှာ ပေါ်လွင်ထင်ရှားသည့် ပီတိတရားကွယ်ပျောက်၍ သုခဝေဒနာ သက်သက်ဖြင့် ချမ်းသာလျက်ရှိသည်။ ထိုသုခဝေဒနာ၌လည်း ငြိမ့်တွယ်မှုမရှိ၊ အညီအမျှ လျက်

www.burmeseclassic.com

www.burmeseclassic.com



လျှာရှုနိုင်သည့် ဈာနပေကျောခေါ် တဂြမဇ္ဈတ္တတာ စေတသိတ်နှင့် ပြည့်စုံ၍ သတိလည်း အလွန်တည်ကြည်၊ ပညာလည်း အထူးထက်မြက်လျက်ရှိသည်။

ထို့နောက်တစ်ဖန် အလောင်းတော် အရှင်မြတ်သည် ရူပါဝစရ စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်သည်။ ထိုအခါ စိတ်အစဉ်မှာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှု ချမ်းသာမှုကိုပယ်ပြီးဖြစ်ရကား လျစ်လျူရှုကာ အလယ်အလတ် ခံစားမှု ဥပေက္ခာဝေဒနာဖြင့်သာ တည်ငြိမ်စွာ အာရုံကိုခံစားလျက်ရှိသည်။ ဥပေက္ခာဝေဒနာနှင့် တတြမဇ္ဈတ္တတာ စေတသိတ်တို့၏ ကျေးဇူးပြုချက်ကြောင့် စတုတ္ထဈာန်၌ ပါရှိသည့် သတိစသော ယှဉ်ဖေါ်ယှဉ်ဖက် တရားတို့သည် လရောင်ပမာ လွန်စွာစင်ကြည်လင်လျက်ရှိလေသည်။

ယခုအခါ အလောင်းတော်အရှင်မြတ်၏ စိတ်အစဉ်မှာ စတုတ္ထဈာန် သမာဓိကြောင့် သမာဓိအင်အား အလွန်ပင် ကြီးမားနေရကား၊ ဖေါ်ပြပါ အချက် (၈) ချက်နှင့် ပြည့်စုံလျက် ရှိနေပါသည်–

(၁) အလောင်းတော်၏ စိတ်တော်အစဉ်သည် စတုတ္ထဈာန် သမာဓိကြောင့် အလွန်တည်ကြည်လျက်ရှိခြင်း၊

(၂) နီဝရဏတရားတို့မှ ကင်းကွာသဖြင့် ရေ့နောက် ဝန်းကျင် စင်ကြယ်လျက် ရှိခြင်း၊

(၃) စိတ်ကို ချောက်ချားစေတက်သော ဝိတတ်အစရှိသော ရှန်းရင်းသော ဈာန်အင်္ဂါတို့ကို လွန်မြောက်လာပြီးဖြစ်သဖြင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်လုမတတ် သန့်ရှင်းကြည်လင်နေခြင်း၊

(၄) ဈာန်ရခြင်းကိုအကြောင်းပြု၍ ဖြစ်ပေါ်တက်သော မာန၊ မာယာ၊ သာဌေယျ စသည်တို့မရှိခြင်းကြောင့် အညစ်အကြေးတို့မှ ကင်းစင်လျက် ရှိခြင်း၊



(၅) အဘိဇ္ဈာ အစရှိသော စိတ်ညစ်ညူးကြောင်း ဥပက္ကိလေသ တရားတို့မှလည်း ကင်းလျက် ရှိခြင်း၊

(၆) ဝသီဘော်ငါးဖြာ လေ့လာနိုင်နင်းပြီးဖြစ်သောကြောင့် စိတ်အစဉ် သိမ်မွေ့နူးညံ့လျက် ရှိခြင်း၊

(၇) ဣဒ္ဓိတန်ခိုးအမျိုးမျိုးတို့၏ အခြေခံအဖြစ်သို့ ရောက်နေသဖြင့် အလိုတော်ရှိရာ တရားနှင့်ဆိုင်သော အမှုတို့ကိုပြုလုပ်ရန် ကောင်းမွန် လွယ်ကူလျက် ရှိခြင်း၊

(၈) စိတ်တော်သည် ပွါးများခြင်းဘာဝနာမှု ပြည့်စုံ လုံလောက်နေသဖြင့် မိမိပွါးများအပ်သော အာရုံပေါ်မှ မပြောင်းမရွှ မတုန်မလှုပ် ကြံ့ခိုင် တည်ကြည်လျက် ရှိခြင်း၊

ဤသို့သော ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အလောင်းတော်၏ စိတ်အစဉ်သည် အဘိညာဏ်၏ အာရုံသို့ညွတ်တော်မူလိုက်လျှင် အလွယ်နှင့်ပင် အဘိညာဏ်ဇော ဖြစ်ပေါ်လာနိုင်အောင် စိတ်အစဉ် ကောင်းမွန်သန့်ရှင်းလျက်ရှိသည်။ ညဉ့်ဦးယံအချိန်၌ အလောင်းတော်၏ စိတ်အစဉ်သည် ရှေး၌ ဖြစ်ခဲ့ဘူးသော အတိတ်ဘဝများကို အောက်မေ့သိမြင်နိုင်သော ပုဗ္ဗေနိဝါသ အဘိညာဏ် ဖြစ်ပေါ်လာရန် စိတ်တော်ကို ညွှတ်တော်မူ လိုက်လေသည်။ ထိုအခါ အလွယ်တကူပင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် အသိဉာဏ်ထူးသည် ချက်ချင်းဖြစ်ပေါ်လာလေသည်။

ထိုအဘိညာဏ်ထူးဖြင့် လွန်ခဲ့သော အတိက်ဘဝမှစ၍ သုမေဓာရှင် ရသေ့ ဘဝတိုင်အောင်လည်းကောင်း၊ ထိုထက်ရှေးကျသော ဘဝများစွာကမ္ဘာများစွာတို့ တိုင်အောင်လည်းကောင်း၊ ထိုထိုဘဝတို့၌ ပြုလုပ်ခဲ့သမျှ ဖြစ်ခဲ့သမျှ၊

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံခဲ့သမျှ အကြောင်းအရာ အလုံးစုံကိုလည်းကောင်း မြင်တော်မူလေသည်။ တစ်ဖန် ရှေးသို့ဆက်လက် ဆင်ခြင်တော်မူလေရာ လက်ရှိသိဒ္ဓတ္ထမင်းသား ဘဝအဖြစ်သို့မရောက်မီ သေတကေတုနတ်သား ဘဝတိုင်အောင် ထိုထိုဘဝတို့၌ ပြုလုပ်ခဲ့သမျှ၊ ဖြစ်ခဲ့သမျှ၊ ရရှိတွေ့ကြုံခဲ့သမျှ အကြောင်းအရာ အလုံးစုံကိုတို့ သိမြင်တော်မူလေသည်။

ထိုသို့တွေ့မြင်ရာ၌ ထိုထိုသို့သော ဘဝသံသရာ အဆက်ဆက်တို့၌ ရုပ်နာမ်နှစ်ပါးတို့ ဖြစ်ပျက်နေသည်ကိုသာ တွေ့ရသည်။ ပဋိသန္ဓေတည် ခါစအခါ၊ အသက်ရှင်ဆဲအခါနှင့် သေဆုံးသည့် အခါတို့၌ ရုပ်နာမ်နှစ်ပါးသာလျှင် ဖြစ်ပျက်နေသည်ကိုတွေ့ရသည်။ အမှန်အားဖြင့် အလုံးစုံသော ဘုံဌာန၊ အလုံးစုံသော ကာလတို့၌ ရုပ်နာမ်နှစ်ပါးတို့သည် ရှေးနောက်မပြတ် သန္တာန်စပ်ကာ ဆီမီးအလျှံ ကဲ့သို့လည်းကောင်း၊ မြစ်ရေအယဉ် ကဲ့သို့လည်းကောင်း ဖြစ်ပျက်နေကြသည်။ တစ်ဖန် အကြောင်းအကျိုးအဆက်ဆက် ရုပ်နာမ်အဆက်ဆက်တို့သည် ဆက်ကာဆက်ကာ ဒွါရခြောက်ပါးတို့၌ ရူပါရုံကိုမြင်ခြင်း၊ သဒ္ဒါရုံကိုကြားခြင်းစသော မိမိဆိုင်ရာ ကိစ္စများကို ပြီးစေကြ၊ ပြုလုပ်ကြသည်ကို တွေ့ရသည်၊ ဤသို့အားဖြင့် ကိုယ်လက်လှုပ်ရှားမှု၊ နှုတ်လှုပ်ရှားမှုစသော မိမိ၏အလိုဆန္ဒကိုသူတစ်ပါးတို့အား သိစေသောအမူအရာထူးများ ဖြစ်ပေါ်ကြသည်။

တကယ်စင်စစ် ပုဂ္ဂိုလ်၊ သတ္တဝါ ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ဟူ၍ လားလားမျှ မရှိ။ ပုဂ္ဂိုလ်သတ္တဝါကို ဖန်ဆင်းပြုလုပ်တတ်သော တန်ခိုးရှင်နတ်ဘုရား ပြဟ္မာဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိ ဟူ၍ ထိုးထွင်း သိမြင်ကာ လောကုတ္တရာမဂ်ဖိုလ်သို့ ရောက်ဖို့ရန် ဇောန်စိတ်ချရသည့် အသိဉာဏ်ထူးကိုလည်း ရရှိတော်မူလေသည်။

ထိုအသိဉာဏ်ထူးဖြင့်–



(၁) ရုပ်သည် အတ္တတည်း ဟူ၍ လည်းကောင်း၊
(၂) အတ္တသည် ရုပ်ရှိ၏ ဟူ၍လည်းကောင်း၊
(၃) အတ္တ၌ ရုပ်သည် တည်ရှိ၏ ဟူ၍ လည်းကောင်း၊
(၄) အတ္တသည် ရုပ်၌ တည်ရှိ၏ ဟူ၍ လည်းကောင်း၊

ရူပက္ခန္ဓာနှင့်စပ်၍ ဖြစ်သော အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) လေးပါး။ ထို့အတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့နှင့် စပ်၍ဖြစ်သော အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ခန္ဓာတစ်ပါးလျှင် လေးပါးစီအားဖြင့် အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ပေါင်း ၂၀–ကို အလောင်းတော် အရှင်မြတ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာန်ပြီး ဖြစ်လေပြီ။ ထို့အတူ အတိတ်အစွန်း၌ဖြစ်သော မောဟကိုလည်း ပယ်ခွာန်ပြီး ဖြစ်လေပြီ။ ဤသို့အားဖြင့် အလောင်းတော်အရှင်မြတ်သည် ရှေးရှေးက မိမိဘဝများကိုသိမြင်သည့် **“ပုဗ္ဗေနိဝါသာနုဿတိဉာဏ်”** ကို ညဉ့်ဦးယံအချိန်မှာ ရရှိတော်မူလေတော့သည်။

## ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိတော်မူခြင်း

ထိုနေ့ ညဉ့်သန်းခေါင်ယံ အချိန်သည် ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံနေလေသည်။ လောကသုံးပါးတို့၌ ရှိကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့အတွက် အထူးခြားဆုံးနှင့် အဆန်းပြားဆုံး အချိန်အခါ ဖြစ်သည်။ ထို အထူးခြားဆုံးနှင့် အဆန်းပြားဆုံး အချိန်အခါသည် ထိုနေ့ညဉ့်သန်းခေါင်ယံအချိန်အား ကျက်သရေ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံစေလေသော အချိန်အခါကောင်း ဖြစ်လေသည်။ ကဆုန် လပြည့်ညဉ့်၏ လမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး မြူငါးမျိုးတို့ ကင်းစင်နေပြီး သာချင်တိုင်းသာ ပချင်တိုင်းပကာ ဤကမ္ဘာလောကတ်ကြီးအား အေးမြသော အလင်းဓာတ်တို့ဖြင့် လွှမ်းခြုံပေးထားလေသည်။

အလောင်းတော်အရှင်မြတ်သည် အပရာဇိတပလ္လင် တော်ပေါ်တွင် အာနာပါနကမ္မဋ္ဌာန်းကို ဆက်လက်ပွားများအား ထုတ်နေသည်။ ဗုဒ္ဓနိဝါသာနုဿတိဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ၂၀–နှင့်တကွ အတိတ်အစွန့်၌ဖြစ်သော မောဟကိုလည်း ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်စွန့်ပြီး ဖြစ်ရကား အာနာပါန စတုတ္ထဈာန်ကို အခြေခံသော သူ၏စိတ်အစဉ်ကို နတ်မျက်စိကဲ့သို့ မြင်စွမ်းနိုင်သော **"ဒိဗ္ဗစက္ခု အဘိညာဏ်"** ဆီသို့ ညွှတ်လိုက်လေသည်။ ထိုအခါ ဒိဗ္ဗစက္ခု အဘိညာဏ်ထူးသည် အလွယ်တကူဖြစ်ပေါ်လာ ပြန်သည်။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ထူးသည် စကြာဝဠာ ကုဋေတစ်သိန်းနှင့် သုံးဆယ်တစ်ဘုံ အသီးသီးမှာ နေထိုင်ကြသော သတ္တဝါအားလုံးတို့ကို တွေ့မြင်တော်မူသည်။ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် သေဆဲသတ္တဝါ၊ ဖြစ်ဆဲ သတ္တဝါတို့ကိုလည်း သိမြင်နိုင်သည်။ ဤကဲ့သို့ သိမြင်နိုင်သော ဉာဏ်အထူးကို **"စုတူပပါတဉာဏ်"**ဟုခေါ်သည်။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အောက်အပါယ်ဘုံသား သတ္တဝါများတို့ ဆင်းရဲဒုက္ခခံစားနေရသည်ကို မြင်တော်မူပြီးလျှင် "ဒီအပါယ်ဘုံသားများဟာ ဘယ်လိုကံကိုပြုလုပ်ခဲ့ကြလို့ ဒါလောက် ကြောက်မက်ဖွယ်ကောင်းတဲ့ ဆင်းရဲဒုက္ခကို ခံစားကြရသလဲ"ဟု ဆင်ခြင်တော် မူလေသည်။ ထိုအခါ ထိုသတ္တဝါများ၏ အကုသိုလ်ကံ အသီးသီးကိုသိမြင်သော **"ယထာကမ္မူပဂ အဘိညာဏ်"**ခေါ် အသိညာဏ်ထူး ဖြစ်ပေါ်လာလေသည်။



ထို့အတူ လူ့ရပ် နတ်ရွာ ဗြဟ္မာဘုံသား လူနတ်ဗြဟ္မာ သတ္တဝါအများတို့ ကြီးမားသော ချမ်းသာသုခကို အဆင့်ဆင့် မြင့်ကာမြင့်ကာ ခံစားနေရသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြင်တော်မူပြီးလျှင် "ဒီလူနတ် ဗြဟ္မာတွေဟာ ဘယ်လိုကံကို ပြုခဲ့ကြလို့ ဒါလောက် အဆင့်ဆင့် ကြီးကျယ်ခန်းနားတဲ့ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများကို ခံစားနေကြရသလဲ" ဟု ဆင်ခြင်တော်မူလေသည်။ ထိုအခါ ထိုထို သတ္တဝါတို့၏ ကုသိုလ်ကံ အသီးသီးကို သိမြင်တော်မူသော **"ယထာကမ္မူပဂ အဘိညာဏ်ထူး"** ဖြစ်ပေါ်လာလေသည်။

အလောင်းတော်အရှင်မြတ်သည် ထိုနေ့ညဥ့် သန်းခေါင်ယံ၌ **"ဒိဗ္ဗစက္ခုဉာဏ်"**ကိုရရှိတော်မူလေသည်။ ထိုဒိဗ္ဗစက္ခုဉာဏ်ဖြင့် အလောင်းတော်အရှင်မြတ်၏ သန္တာန်၌ "သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဖုံးလွှမ်းတက်သော အဝိဇ္ဇာမောဟဓာတ် ကင်းပြတ်လေသည်။ ထိုဒိဗ္ဗစက္ခုဉာဏ်လျှင် အခြေခံရှိသော ယထာကမ္မူပဂ အဘိညာဏ်ဖြင့် သတ္တဝါတို့၏ ရှေးအတိက်ကံကို သိမြင်တော်မူရကား ကင်္ခါယုံမှား ၁၆– ပါးတို့ကိုလည်း ပယ်ရှားပြီးဖြစ်လေသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့လည်း အလောင်းတော်အရှင်မြတ် ဆိုက်ရောက် တော်မူလေပြီ။

မှတ်ချက်။ "ဒိဗ္ဗစက္ခုဉာဏ်"ကို "စုတူပပါတဉာဏ်" ဟုလည်း ခေါ်သည်။ ထိုဒိဗ္ဗစက္ခုဉာဏ်နှင့်ပြည့်စုံလျှင် "ယထာကမ္မူပကဉာဏ်၊ အနာဂတံသဉာဏ်"တို့နှင့် လည်းပြည့်စုံသည်။

မှတ်ချက်။ ။ ကင်္ခါယုံမှား ၁၆– ပါးတို့ကား–

(၁) ငါသည် အတိက်ကာလ၌ ဖြစ်ခဲ့လေသလော။

www.burmeseclassic.com

www.burmeseclassic.com



(၂) ငါသည် အတိက်ကာလ၌ မဖြစ်ခဲ့လေသလော။
(၃) ငါသည် အတိက်ကာလ၌ အဘယ်သို့သောသူ ဖြစ်ခဲ့သနည်း။
(၄) ငါသည် အတိက်ကာလ၌ အဘယ်သို့ မဖြစ်ခဲ့သနည်း။
(၅) ငါသည် အတိက်ကာလ၌ အဘယ်သူ ဖြစ်ပြီးနောက် အဘယ်သူ ဖြစ်ခဲ့သနည်း။
(၆) ငါသည် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့လော။
(၇) ငါသည် အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော။
(၈) ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။
(၉) ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။
(၁၀) ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ပြီးနောက် အဘယ်သူ ဖြစ်လတ္တံ့နည်း။
(၁၁) ငါသည် ဟုတ်ပါလေ၏လော။
(၁၂) ငါသည် မဟုတ်လေသလော။
(၁၃) ငါ ဘယ်သူဖြစ်သနည်း။
(၁၄) ငါ အဘယ်သို့ ဖြစ်သနည်း။
(၁၅) ငါသည် အဘယ်မှ လာသနည်း။
(၁၆) ငါ အဘယ်သို့ သွားလတ္တံ့နည်း။

## အာသဝက္ခယဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း

အလောင်းတော်အရှင်မြတ်သည် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့ ညဉ့်၏ မိုးသောက်ယံအချိန်တွင် သူ၏စိတ်အစဉ်ကို အာသဝတရားများကို



ကုန်ခန်းစေတတ်သော အသိဉာဏ်ထူးဖြစ်သော အာသဝက္ခယဉာဏ်၊ (ဝါ) အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ်လာအောင် စိတ်ညွှတ်တော်မူလေသည်။

အလောင်းတော်အရှင်မြတ်သည် ယခုအခါ ပရမတ္ထတရားများကို သိပြီးဖြစ်သည်။ ရုပ်နာမ် ခန္ဓာများကို မြင်တော်မူပြီးဖြစ်သည်။ သက်ရှိ သက်မဲ့ အားလုံးသော အရာဝတ္ထုဟူသမျှတို့သည် ပရမတ္ထတရားမှတစ်ပါး အခြားဘာမျှ မရှိကြောင်းကိုလည်း သဘောပေါက်ထားပြီး ဖြစ်သည်။

အလောင်းတော်အရှင်မြတ်သည် ပရမတ္ထတရား အစုများကို ဝိပဿနာဉာဏ်ဖြင့် ရှုပွါးလေသောအခါ "ပဋိစ္စသမုပ္ပါဒ်" သဘောကိုသာ တွေ့ရသည်။ ပဋိစ္စသမုပ္ပါဒ်ဟူသည်မှာ သတ္တဝါတို့၏ အကြောင်းအကျိုးဆက် အနေဖြင့် ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်နေသော ခန္ဓာအစဉ်ပင်ဖြစ်သည်။ ယင်းပဋိစ္စသမုပ္ပါဒ်တရားတို့တွင်–

(၁) အဝိဇ္ဇာနှင့်သင်္ခါရသည် အတိတ်အကြောင်းတရားများ ဖြစ်သည်။
(၂) ဝိညာဏ်၊ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တို့သည် ပစ္စုပ္ပန် အကျိုးတရားများဖြစ်သည်။
(၃) တဏှာ ဥပါဒါန် ကမ္မဘဝသည် ပစ္စုပ္ပန်အကြောင်း တရားများ ဖြစ်သည်။
(၄) ဇာတိဇရာမရဏသည် အနာဂတ်အကျိုး တရားများဖြစ်သည်။

အလောင်းတော် အရှင်မြတ်သည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါး တည်းဟူသော ပရမတ္ထသဘာဝဓမ္မတရားကိုယ်များကို ကောင်းစွာ သိမြင်တော်မူလေပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကုဋေသုံးသန်းခြောက်သိန်း
## မဟာဝဇီရ ဝိပဿနာဉာဏ်တော်

ထိုနောက် အလောင်းတော်အရှင်မြတ်သည် မဟာဝဇီရ ဝိပဿနာ အမည်ရသော အလွန်ကြီးကျယ်သည့် ဝိပဿနာရှုပွါးနည်းကိုရှုပွါးတော်မူပါသည်။ အာဏာခေတ်ဟုခေါ်သော စကြာဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း၌ ရှိကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အခြေခံ ပရမတ္ထတရားများကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်တော် မူသောအခါ၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ဟူသည့်ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး၊ အကြောင်းတရား အစုအပေါင်းသည်သာလျှင် တကယ်တမ်းရှိသော ပရမတ္ထ အရှိတရားများဖြစ်ပြီး ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတို့မှာ တကယ်တမ်းမရှိဘဲ အထင်များသာဖြစ်ကြောင်းကို အလောင်းတော်အရှင်မြတ် တွေ့မြင်တော် မူလေသည်။

အမှန်အားဖြင့် ယင်း ပဋိစ္စသမုပ္ပါဒ်တရား ၁၂-ပါးမှတပါး ပုဂ္ဂိုလ်ဟူ၍လည်းမရှိ။ သတ္တဝါဟူ၍လည်းမရှိ။ လောကဟူ၍လည်းမရှိ။ တကယ်တမ်း အနှစ်သာရ အနေအားဖြင့် "ရုပ်နှင့်နာမ်"ဟူ၍ နှစ်မျိုးသာရှိသည်။ ယင်း ရုပ်နာမ်နှစ်မျိုးကိုပင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ-၁၂-မျိုးအနေဖြင့် အကြောင်း အကျိုး ဆက်စပ်လျက်ရှိကြသည်။

ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် စကြာဝဠာကုဋေ တစ်သိန်းအတွင်း၌ ရှိကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်လေသောအခါ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မတွေ့ရတော့ဘဲ တစ်ဦးစီ၊ တစ်ဦးစီ၌ ပရမတ္ထသဘာဝ တရားများအနေဖြင့် အဝိဇ္ဇာ၊ သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ -၁၂-ပါးကိုသာ တွေ့ရလေသည်။



ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါ-၁၂-ပါးတို့ကို အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊ သင်္ခါရပေါင်း ကုဋေတစ်သိန်းစသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ-၁၂-တို့ကို တစ်ပါးလျှင်ကုဋေတစ်သိန်းစီ ရှုမှတ်ပွါးများလေသည်။ တစ်ဖန် ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါ-၁၂-ပါးတို့ကိုပင်လျှင် တစ်ပါးလျှင် "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"အားဖြင့် လက္ခဏာတင်၍ ရှုမှတ်ပွါးများသောအခါ စုစုပေါင်း ဝိပဿနာဉာဏ်ပေါင်း **"ကုဋေသုံးသန်းခြောက်သိန်း"**တို့ကို ရှုမှတ်ပွါးများပြီး ဖြစ်လေသည်။ ယင်း ဝိပဿနာဉာဏ်တော်များကို **"မဟာဝဇီရ ဝိပဿနာဉာဏ်တော်"**များဟူ၍ ခေါ်ပါသည်။

ဘုရားအလောင်းတော်တိုင်းပင် ဘုရားဖြစ်ခါနီး အချိန်၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ၊ ပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူကြမြဲ ဓမ္မတာဖြစ်သည်။ အလောင်းတော် အရှင်မြတ်သည် ရှေးဘုရားများကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ကို ရှေး၌ဆိုခဲ့သည့်အတိုင်း ဆင်ခြင်တော်မူလေသည်။ ထိုအခါ ဇာတိခေတ် စကြာဝဠာတိုက်ပေါင်း လောကဓာတ် တစ်သောင်းလုံး တုန်လှုပ်လေတော့သည်။

### အာနာပါနစတုတ္ထဈာန်သမာဓိ

အလောင်းတော်အရှင်မြတ်သည် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို သုံးသပ် ဆင်ခြင်တော်မူသောအခါ အာနာပါန စတုတ္ထဈာန်သမာဓိကို ထူထောင်ပြီးမှသုံးသပ်ဆင်ခြင်တော်မူ ခြင်းဖြစ်သည်။ အာနာပါန စတုတ္ထဈာန်သမာဓိသည် မှန်းတည့်နေ၏ အလင်းရောင်သဖွယ် ဖြစ်သည်။ မွန်းတည့်နေ၏ အလင်းရောင်သည် ပကတိမျက်စိဖြင့် အရာဝတ္ထုတို့ကို ကြည့်သည့်အခါ ပြတ်သားထင်ရှားစွာမြင်ရသည်၊ တစ်စုံတစ်ရာ ယုံမှားဖွယ်ရာဟူ၍ တစိုးတစိမျှ မရှိ။ ထိုနည်းအတူပင် အာနာပါန စတုတ္ထဈာန်သမာဓိ၏ အလင်းရောင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်ခန္ဓာများကို ဝိပဿနာဉာဏ်စဉ် မျက်စိဖြင့် ကောင်းစွာကြည့်လေသော အခါ–

(၁) သမ္မသနဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်သောဉာဏ်။

(၂) ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ ဖြစ်၊ ပျက်ကို သိသောဉာဏ် ။

(၃) ဘင်္ဂဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ အပျက်ကို သိသောဉာဏ်။

(၄) ဘယဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ ကြောက်စရာ "ဘေး" ဟု မြင်သောဉာဏ် ။

(၅) အာဒီနဝဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ အပြစ်မြင်သောဉာဏ်။

(၆) နိဗ္ဗိဒါဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ ငြီးငွေ့ဖွယ်ဟု မြင်သောဉာဏ်။

(၇) မုဉ္စိတုကမျတာဉာဏ် = ရုပ်နာမ်တို့မှ လွတ်မြောက်လိုသောဉာဏ်။

(၈) ပဋိသင်္ခါဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံရှုသောဉာဏ်။

(၉) သင်္ခါရုပေက္ခာဉာဏ် = ရုပ်နာမ်တို့ အပေါ်၌ လျစ်လျူရှုသောဉာဏ်။

(၁၀) အနုလောမဉာဏ် = ရှေး ဝိပဿနာနှင့် နောက် ဗောဓိပက္ခိယ တရားများအား လျော်သောဉာဏ်။

မိမိခန္ဓာကိုယ်တွင်း၌ ပေါ်တိုင်းပေါ်တိုင်း လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း သတိပဋ္ဌာန်တရားအရ ရှုမှတ်နေခြင်းကို ဝိပဿနာဉာဏ်စဉ် ၁၀–ပါးထဲတွင် အဦးဆုံးဖြစ်သော သမ္မသနဉာဏ်စဉ် ပေါ်နေသည်ဟုဆိုသည်။

ထို သမ္မသနဉာဏ် ရင့်သန်ပြီးနောက် တိုး၍တိုး၍ အားထုတ်သည့် အခါ မိမိသန္တာန်၌ ထင်မြင်ထားပြီးဖြစ်သော ရုပ်တရား၊ နာမ်တရားတို့သည်



မဖြစ်ခင်က အဆင်သင့်ဖြစ်ရန် စုဆောင်းသိမ်းဆည်းထားခြင်းလည်းမရှိ၊ ချုပ်သည့်အခါ အရပ်တစ်ပါးသို့သွား၍ စုပုံနေသည်လည်းမဟုတ်၊ အကြောင်းကြောင့် ရုတ်တရက် ဖြစ်ပေါ်ပြီးနောက် မကြာခင်ချုပ်ပျောက်ကုန်၏။ ထို့ကြောင့် ဖြစ်နေသော ရုပ်နာမ်၌ အဟောင်းမရှိ၊ အသစ်ချည်းသာ ဖြစ်လေသည်။

အလောင်းတော်အရှင်မြတ်သည် ပစ္ဆိမယာမ်၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ရပ်၌ ဉာဏ်တော်ကို သက်စေပြီး ကလာပသမ္မသနဉာဏ် မှစ၍ အနစ္စာနုပဿနာ၊ ဒုက္ခာ နုပဿနာ၊ အနတ္တာနုပဿနာ စသောအနုပဿနာ တရား ၇–ပါးကို အခြေပြုကာ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုမြင်သည့် ဥဒယဗ္ဗယ ဉာဏ်ကို ဖြစ်စေတော် မူလေသည်။ ထို ဥဒယဗ္ဗယဉာဏ်ကိုရစဉ် အလောင်းတော်အရှင်မြတ်အား **အရောင်အလင်း** အစရှိသော ဝိပဿနုပက္ကိလေသခေါ် ဝိပဿနာ ညစ်ညူးကြောင်း တရားတို့ ဖြစ်ပေါ်လာလေသည်။

(၁) အရောင်အလင်း (ဩဘာသ)၊

(၂) နှစ်သက်ခြင်း (ပီတိ)၊

(၃) ကိုက်စိတ်နှစ်ပါး ငြိမ်းအေးခြင်း (ပဿဒ္ဓိ)၊

(၄) ယုံကြည်မှု (သဒ္ဓါ)၊

(၅) နောက်မဆုတ်ဘဲ ရဲဝံ့စွာ ဆောင်ရွက်မှု (ဝီရိယ)၊

(၆) ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု (သုခ)၊

(၇) သိမြင်မှု (ပညာ)၊

(၈) မှတ်သားမှု (သတိ)၊

(၉) ဖြောင့်မတ်စွာဆင်ခြင်မှုနှင့် မှတ်သိမှု (ဥပေက္ခာ)၊

(၁၀) နှစ်သက်မှု (နိကန္တိ)

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ထူးခြားသော တရား(၁၀)မျိုးတို့ ဖြစ်တတ်ကြောင်း ကျမ်းဂန်များ၌ လာရှိသည်။ ထိုအခါ သာမန်လူတို့၏ မွေ့လျော်မှုထက် လွန်ကဲသော မွေ့လျော်မှု (အနုမာသီရတိ) ကို ခံစားရသည်ဟု ဆိုပါသည်။

အလောင်းတော်အရှင်မြတ်၏ ကိုယ်တော်မှထွက်သော အရောင်အလင်းမှာ တစ်ပါးသော သူတို့၏ အရောင်အလင်းနှင့် မတူပေ။ အလွန် ထက်မြက်သော မဟာဝဇီရ ဝိသုနာဉာဏ်တော်မြတ်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ –၁၂– ပါးကို ရုပ်နာမ်အဖြစ် ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုပွါးခြင်းဖြစ်သည်။

ထိုသို့ရှုပွါးစဉ် အလောင်းတော်အရှင်မြတ်၏ သန္တာန်၌ ဝီရိယအားလည်း အလွန်အားကြီးသည်။ သတိလည်း အလွန်ထင်ရှားသည်။ စိတ်လည်း အလွန်တည်ကြည်လျက်ရှိသည်။ ထို့ကြောင့် ပညာလည်း အလွန်ထက်မြက်နေသည်။ သဒ္ဓါတရားလည်း အားကောင်းနေသည်။ ကိုယ်စိတ်ချမ်းသာခြင်း "သုခ"တရား။ ငြိမ်းအေးခြင်း "ပဿဒ္ဓိ" တရားတို့တဖွားဖွား ဖြစ်ပေါ်လျက်ရှိသည်။ ခပ်သိမ်းသော သင်္ခါရတရားတို့၌ လျစ်လျူရှုတတ်သော ဝိပဿနုပေက္ခာခေါ်သည့် တတြမဇ္ဈတ္တတာ စေတသိက်လည်း အလွန်အားကောင်းလျက်ရှိနေသည်။ ထိုကဲ့သို့ သုခ၊ ပဿဒ္ဓိစသော တရားတို့ ထောက်ပံ့သော စိတ်အစဉ်ရှိသော အလောင်းတော် အရှင်မြတ်၏ သန္တာန်၌–

(၁) မွေးညှင်းရွှင်ပြ ကြက်သီးထစေနိုင်သော – ခုဒ္ဒိကာပီတိ။

(၂) ခဏခဏ လျှက်စစ်ပြတ်သကဲ့သို့ ဖြစ်ပေါ်သော – ခဏိကာပီတိ။

(၃) သမုဒ္ဒရာကမ်းကို လှိုင်းတံပိုး ရိုက်ခတ်သည့်ပမာ ခန္ဓာကိုယ် အတွင်းသို့ ချဉ်းနင်းသက်ဝင်သက်ဝင်၍ ပျက်ပျက်သွားသော – ဩက္ကန္တိကာ ပီတိ။



(၄) ထိုထက်အားကြီးစွာ ခန္ဓာကိုယ်ကို ကောင်းကင်သို့ပျံတက်စေနိုင်လောက်အောင် ပမာဏကြီးမားသော – ဥဗ္ဗေဂါ ပီတိ။

(၅) ဝါဂွမ်းနကို ဆီစိမ်ဘိသကဲ့သို့ တစ်ကိုယ်လုံးအပြည့် နှံ့၍ တည်သော – ဖရဏာပီတိ။

ဤပီတိ ငါးမျိုးတို့သည် တဖွားဖွား ဖြစ်ပေါ်လျက်ရှိ၏။ထိုပီတိ အဟုန်ကြောင့် နှလုံးတော်၊ သွေးတော်၊ မျက်စိ၊ နား၊ နှာ စသော ဣန္ဒြေတော် တို့သည်လည်း အလွန်ကြည်လင် လေသည်။ ထို့ကြောင့် အလောင်းတော်အရှင်မြတ် ကိုယ်ပေါ်မှ အရောင်အလင်းတို့ ဖြာထွက်ကုန်လျက် အောက်မြေထု၊ ရေထု၊ လေထုတို့ကို ပျံ့နှံ့သွားသည်။ အထက်အရပ်တို့၌လည်း ဘဝဂ်တိုင်အောင်ပျံ့နှံ့သွားသည်။ အရပ် (၁၀) မျက်နှာလုံးနှင့် စကြာဝဠာ တိုက်တစ်သောင်း ထွန်းလင်းစေလျက် အနန္တ စကြာဝဠာအနှံ့ ပျံ့နှံ့သွားကြလေသည်။

အလောင်းတော်အရှင်မြတ်သည် ထိုသို့ ဝိပဿနာ ညစ်ညူးကြောင်း တရားများ ဖြစ်ပေါ်လာသည့်အခါ၊ ထိုဝိပဿနာ ညစ်ညူးကြောင်းတရားများကို နှစ်သက်နေမှုသည် မဂ်ဖိုလ်ရကြောင်းလမ်းမဟုတ်ဟု သိမြင်တော် မူပြီးလျှင် မိမိ၏ စိတ်တော်အစဉ်ကို ဝိပဿနာ အာရုံသို့သာ ရှေးရှုညွှတ်စေတော်မူပြီး ဥဒယဗ္ဗယဉာဏ်ကိုပင် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်ရှုမှတ်နေသည်။ ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း နှစ်မျိုးစလုံးကို ထင်ရှားအောင်ရှု၍ အလွန်ထင်ရှား လာသည့်အခါ အဖြစ်အပျက်တို့က အလွန်လျှင်မြန်ရကား အဖြစ်ကို အာရုံမပြုမိတော့ဘဲ အပျက်ချည်းကိုသာ မြင်နေရသော **ဘင်္ဂဉာဏ်** ဖြစ်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘင်္ဂဉာဏ် ဖြစ်ပေါ်ပြီး မကြာခင် ရုပ်နာမ်တို့အပေါ် အပြစ်မြင်ပြီး ကြောက်စရာအဖြစ် ထင်မြင်သော **ဘယဉာဏ်**လည်း ပေါ်လာပါတော့သည်။ ဘယဉာဏ် ပေါ်လာပြီးနောက် ရုပ်နာမ်တို့အပေါ် ငြီးငွေ့သော **နိဗ္ဗိဒါဉာဏ်** ပေါ်လာသည်။ ထို့နောက် ထိုရုပ်နာမ်တို့မှ လွတ်မြောက်လိုသော **မုဉ္စိတုကမျတာဉာဏ်** လည်း ဆက်တိုက်ပေါ်လာပါတော့သည်။ ထို့နောက် ယင်းရုပ်နာမ် သင်္ခါရတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယာဉ်တင်၍ ထပ်မံရှုပွါးလျှင် မကြာမတင်ပင် **ပဋိသင်္ခါဉာဏ်** လည်း ဆင့်ကာပေါ်လာတော့သည်။

ပဋိသင်္ခါဉာဏ်ဖြင့် ရုပ်နာမ် သင်္ခါရတို့ကို စွန့်လွှတ်ပြီးနောက် ယင်းရုပ်နာမ် သင်္ခါရတို့ကို ဘယ၊ အာဒီနဝ (ဘေး၊ အပြစ်) စသည်ဖြင့် မရှုတော့ဘဲ လျစ်လျူရှုနိုင်သော **သင်္ခါရုပေက္ခာဉာဏ်** ပေါ်လာတော့သည်။

သင်္ခါရုပေက္ခာဉာဏ်ဖြင့် ရုပ်နာမ် သင်္ခါရတို့ကို လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုဖန်များလတ်သော် ရုပ်နာမ် သင်္ခါရတို့၌ အာရုံမပြုတော့ဘဲ သင်္ခါရတို့မှ တွန့်ဆုတ်လျက် သင်္ခါရလွတ်ကင်းရာ နိဗ္ဗာန်ကိုသာ စိတ်ညွတ်နေလေတော့သည်။

အလောင်းတော်အရှင်မြတ်သည် ရုပ်၊ နာမ် ခန္ဓာများကို ဉာဏ်မျက်စိဖြင့်ကြည့်၍ အထက်အထက်ဖြစ်သော ဝိပဿနာဉာဏ်စဉ်များသို့ အလွယ်တကူ တက်ရောက်တော်မူခဲ့လေပြီ။ ထိုသို့တက် ရောက်ရာ၌ နောက်ဆုံးဖြစ်သော အနုလောမဉာဏ် အရောက်တွင်ကား ခရီးဝေးမှပြန်လာ၍ မိမိအိမ်သို့ဝင်အံ့ဟူ၍ တံစက်မြိတ်အတွင်း ဝင်မိသော ယောက်ျားသည် တံခါးဟင်းလင်းပွင့်နေသော အိမ်အတွင်း၌ တံခါးခုံရှေ့ ရပ်နားမှု အလျှင်းမပြုပဲ အိမ်တွင်းသို့



သာ တောက်လျှောက်ဝင်ရောက်လေဘိသကဲ့သို့။ ထိုယောက်ျား ဥပမာအတူသာလျှင် အလောင်းတော် အရှင်မြတ်သည် ဥဒယဗ္ဗယဉာဏ် အစရှိသော ဝိပဿနာဉာဏ်စဉ်ရှစ်ပါး အဆင့်ဆင့်ကို တက်ရောက်တော် မူခဲ့ရာ နိဗ္ဗာန်မြို့နန်း အဝင်ဝတံခါးခုံနှင့်တူသော သစ္စာနုလောမဉာဏ် အရောက်တွင် ရပ်တန့်တော်မမူပဲ မဂ္ဂဝီထိစိတ်အစဉ်တွင် အပါအဝင်ဖြစ်သည့် ပရိကံ၊ ဥပစာ၊ အနုလုံအမည်ရှိသော သစ္စာနုလောမဉာဏ် သုံးပါးတို့ဖြင့်သစ္စာလေးပါး အမှန်တရားကို ဖုံးလွှမ်းကာကွယ်တတ်သည့် အဝိဇ္ဇာ မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ရှားပြီးလတ်သော် တိမ်စင်သော ကောင်းကင်၌ လဝန်းကို ထင်ထင်ရှားရှား မြင်ရသည့်ပမာ ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော အလင်းဓာတ်ကြီးကို လင်းလင်းထင်ထင် မျက်မှောက်ပြု၍ သိမြင်တော်မူလေသည်။

## ဂေါတြဘူစိတ်တူသည်

ဂေါတြဘူစိတ်ဟူသည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးသော စိတ်ဖြစ်သည်။ ဂေါတြဘူစိတ် ဖြစ်သောအခါ အရိယာအနွယ်သို့ မရောက်သေးသော်လည်း ရောက်တော့မည် ဖြစ်သဖြင့် သမီပူပစာအားဖြင့် ရောက်သည်ဟု ဆိုရတော့သည်။ စပ်ကူး မတ်ကူး သဘောရှိသော ဉာဏ်ပင်ဖြစ်သည်။ အာရမ္မဏိကသဘောအရ လောကီဖြစ်သည်။ အာရုံသဘောအရ လောကုတ္တရာဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် လောကီဉာဏ် ဂေါတြဘူသည် လောကုတ္တရာအာရုံ နိဗ္ဗာန်ကို အာရုံပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်စဉ်၌ ထည့်သွင်းရေတွက်ခြင်း မပြုကြပါချေ။ ဝိပဿနာဉာဏ်ဟူသည်မှာ သင်္ခါရအာရုံတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြင်းအရာ အားဖြင့် သိသောဉာဏ်မျိုးသာ ဖြစ်ပါသည်။ နိဗ္ဗာန်ကိုသိသော ဉာဏ်မျိုးမဟုတ်။ ဂေါတြဘုကား သင်္ခါရကိုမသိ၊ နိဗ္ဗာန်ကိုသာ သိသည်။ ထို့ကြောင့် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်စဉ်၌ မထည့်သွင်းခြင်း ဖြစ်ပါသည်။

## မဂ်စိတ်ပေါ်လာပုံနှင့် သစ္စာလေး တပြိုင်နက် ထိုးထွင်း၍ သိပုံ

ဂေါတြဘုစိတ် ချုပ်ပြီးနောက် ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေတတ်သော မဂ်စိတ်ပေါ်လာတော့သည်။ ဆီမီးတိုင်သည် တပြိုင်နက် တစ်ချက်တည်းမှာပင်–

(၁) မီးစာကို လောင်ခြင်း၊
(၂) အမှောင်ကို ပယ်ဖျောက်ခြင်း၊
(၃) အလင်းရောင်ကို ဆောင်ခြင်း၊
(၄) ဆီကိုကုန်စေခြင်း

ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ဖြစ်စေသကဲ့သို့ မဂ်ဉာဏ်သည်လည်း စိတ္တက္ခဏ တစ်ချက်တည်းမှာပင်–

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊
သမုဒယသစ္စာကို ပယ်ခြင်း၊ **နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း**
နိရောဓသစ္စာကို ပွါးများခြင်း၊ **မဂ္ဂသစ္စာကို ပွါးများခြင်း**
မဂ္ဂသစ္စာကို မျက်မှောက်ပြုခြင်း

ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေနိုင်သည်။



## ပစ္စဝေက္ခဏာ (၅) ဝီထိ ဖြစ်ပုံ

သောတာပတ္တိမဂ်စိတ် တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ထို၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ဇော သုံးကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်စိတ်များဖြစ်တော့သည်။ ထိုအခါ အလောင်းတော်အရှင်မြတ်၏ သန္တာန်၌ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော ကိလေသာသုံးရပ်တို့ အမြစ်ပြုတ်ပယ်အပ်ပြီး ဖြစ်လေတော့သည်။

ထို့နောက် အလောင်းတော်အရှင်မြတ်သည် သောတာပတ္တိမဂ် ဖိုလ်ကို ရပြီးသောအခါ–

(၁) ငါသည် ဤမဂ်ဖြင့် နိဗ္ဗာန်ကို ရပြီဟု မဂ်ကို ဆင်ခြင်သောဝီထိ၊
(၂) မဂ်အကျိုးကို ခံစားရပြီဟု ဖိုလ်ကို ဆင်ခြင်သောဝီထိ၊
(၃) ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရပြီဟု နိဗ္ဗာန်ကို ဆင်ခြင်သောဝီထိ၊
(၄) ဤမျှသော ကိလေသာကို ပယ်ပြီးပြီဟု ပဟီန ကိလေသာတို့ကို ဆင်ခြင်သောဝီထိ၊
(၅) ဤမျှသော ကိလေသာတို့ကို မပယ်ရသေး၊ ကျန်သေးသည်ဟု သေသကိလေသာတို့ကို ဆင်ခြင်သောဝီထိ၊

ဤပစ္စက္ခဏာ ဉာဏ်တော်ငါးပါးကို ဆင်ခြင်တော် မူပြီးသောအခါ အလောင်းတော်အရှင်မြတ်သည် တစ်ဖန်ထပ်၍ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်စဉ်များကို ပွါးများအားထုတ်တော်မူပြန်သော် မကြာမီပင် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူလေသည်။ ထိုသကဒါဂါမိမဂ်ဖြင့် ရှန်းရင်းကြမ်းတမ်းသော ကာမရာဂ ကိလေသာ၊ ဗျာပါဒကိလေသာတို့ကို အမြစ်ပြုတ် ပယ်တော်မူသည်။

သကဒါဂါမိမဂ်၌လည်း ပစ္စဝေက္ခဏာ ၅–ဝီထိကို ဆင်ခြင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်ထပ်၍ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာ ဉာဏ်စဉ်များကို ပွါးများအားထုတ်တော်မူပြန်သော် မကြာမီပင် အနာဂါမိမဂ်ဖိုလ်သို့ ရောက်တော်မူလေသည်။ ထိုအနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂ ကိလေသာနှင့်ဗျာပါဒကိလေသာတို့ကို အမြစ်ပြုတ်ပယ်တော်မူသည်။

အနာဂါမိမဂ်၌လည်း ပစ္စဝေက္ခဏာ ၅-ဝီထိကို ဆင်ခြင်ပြန်သည်။

အလောင်းတော်အရှင်မြတ်သည် တစ်ဖန်ထပ်၍ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာ ဉာဏ်စဉ်များကို ပွါးများအားထုတ်တော်မူပြန်သည်။

ထိုအခါ ရုပ်နာမ် ခန္ဓာများကို ထင်ထင် ရှားရှားမြင်ရသည်။ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကိုမြင်ရသည်။ ဖြစ်ပျက်ကို မြင်သောအခါ အနိစ္စသဘောကိုလည်းကောင်း၊ ဒုက္ခသဘောကိုလည်းကောင်း၊ အနတ္တသဘောကို လည်းကောင်း ထင်ထင်ရှားရှားပင်မြင်ရသည်။ ထို့နောက် ဖြစ်ပျက် အားလုံးတို့၏ကုန်ဆုံးရာအမှန် **နိဗ္ဗာန်**ကို မြင်ရသည်။

အလောင်းတော် အရှင်မြတ်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ညဉ့်၏ ပစ္ဆိမယံ၌ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်တော်မူလေပြီ။ ထိုအခါ အာသဝေါတရားများသည် ကုန်ခန်းသွားလေပြီ။

အရဟတ္တမဂ်ဉာဏ်ကို **"အာသဝက္ခယဉာဏ်"**ဟုလည်းခေါ်သည်။ အာသဝတရားများသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ မြေအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သောတရားဖြစ်သည်။ ထိုအာသဝတရားများ ကုန်ခန်းသွားအောင် အရဟတ္တမဂ်ဉာဏ်ကသာ အကြွင်းအကျန်မရှိ ပယ်သတ်နိုင်လေသည်။

အမှန်အားဖြင့် အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက် မာရ်ငါးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော **ကိလေသမာရ်** ခေါ်သည့် တစ်ထောင်



ငါးရာ ကိလေသာတို့ကို အကုန်အစင်အောင်မြင်တော်မူသည်။ ကိလေသာနှင့်ဖက်တွဲရမှ ဘဝအကျိုးကို ပေးစွမ်းနိုင်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည်လည်း ကိလေသာအကုန်တွင် ဘဝအသစ် အသစ်တို့ တစ်ဖန်ဖြစ်စေရန်အကုန်လုံး မျိုးပျက်၍ ကုန်ခန်းသွားလေ၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို **အဘိသင်္ခါရမာရ်** ဟုခေါ်သည်။

ရူပကာယ၊ နာမကာယ ခန္ဓာတော်ကြီးသည် **ခန္ဓမာရ်** မည်၏။ ပရိနိဗ္ဗာန် စုတိတော်သည် **မစ္စုမာရ်** မည်၏။

အလောင်းတော်အရှင်မြတ်သည် အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့်တပြိုင်နက် အာသဝတရားများ ကုန်ခန်းသွားလေပြီ။ သိစရာမှန်သမျှ အကုန်အစင်သိမြင်နိုင်သော **"သဗ္ဗညုတဉာဏ်တော်"** ဖြစ်ပေါ်လာလေပြီ။ သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့်တပြိုင်နက် **"သုံးလောကထွတ်ထား သဗ္ဗညုတမြတ်စွာဘုရား"** ဖြစ်တော်မူလေပြီ။

ထိုအချိန်တွင် အရှေ့လောကဓာတ်ဆီမှ နေအရုဏ်အရောင်လည်း တက်လေတော့သည်။ မြတ်စွာဘုရားသည်လည်း သက်တော် ၃၅-နှစ်တင်းတင်းပြည့်သောနေ့လည်း ဖြစ်လေသည်။

မှတ်ချက်။ ။အရဟတ္တမဂ်ဖိုလ်ကို ရပြီးသောအခါ ပစ္စဝေက္ခဏာ (၄) ဝီထိသာရသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့၌ ရသော ပစ္စဝေက္ခဏာ (၅) ဝီထိစီတွင် အမှတ်စဉ် (၅) ဝီထိကို ကြည်၍ (၄) ဝီထိသာရသည်။ စုစုပေါင်း ပစ္စဝေက္ခဏာဝီထိ (၁၉) ဝီထိဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

## ဗုဒ္ဓမြတ်စွာ ပွင့်ပေါ် တော်မူလေပြီ

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့၏ အရုဏ်တက်ချိန်သည် လောကအား စကားအပြောဆုံးသော နေ့တစ်နေ့ဖြစ်သည်။ ဤလောကဥ္စ အထူးခြားဆုံးသော အချိန်အခါလည်းဟုတ်၏။ အထူးခြားဆုံးသော နေအရုဏ်အရောင်တို့နှင့်အတူ ဖြာထွက်လာသည့် ဗုဒ္ဓတည်းဟူသော နေမင်းကြီးအလင်းရောင် ပွင့်ပေါ်ဖြာထွက်လာသော နေ့လည်းဖြစ်သည်။ ထိုနေအရုဏ် အရောင်သည် ဖြာထွက်ရုံ သက်သက် မဟုတ်ဘဲ အေးမြသော၊ ငြိမ်းချမ်းသော၊ သာယာသော အလင်းရောင် ဓမ္မဓာတ်တို့ကိုလည်း သယ်ဆောင်လာသည်။ ထိုအလင်းရောင်ဓမ္မဓာတ်တို့သည် တွေ့ထိ ဆက်စပ်သူအားလုံးတို့အား အေးမြသော၊ ငြိမ်းချမ်းသော၊ သာယာသော အလင်းရောင် ဓမ္မဓာတ်တို့ကို ရိုက်ခတ်ထင်ဟပ်စေသည်။ နေအရုဏ် အရောင်သည် အရှေ့လောက ဓာတ်ဆီမှ စကြာဝဠာ တိုက်တစ်သောင်းလုံးကို ရိုက်ညောင်း



တုန်ခက် ပဲ့တင့်ထပ်စေလျက် လင်းရောင်ခြည်ဦးတို့ ဖြာသန်းယှက်ဖြာ ထိုးကျနေလေပြီ။

ထိုနေ့က စကြာဝဠာတိုက်တစ်သောင်းလုံးသည် လှချင်တိုင်း လှပနေလေသည်။ ဤလောကဥ္စ အထူးခြားဆုံးသော အချိန်အခါတို့ထက် သာ၍ထူးခြားသော အချိန်အခါ ပင်ဖြစ်သည်။ ထိုနေ့သည် ကမ္ဘာမြေပြင်ပေါ်တွင် လူသုံးပါးတို့၏ "အတုမဲ့"ဖြစ်သော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာသော နေ့ထူးနေ့မြတ်ပင်ဖြစ်လေသည်။

### ပွင့်ပေါ် တော်မူခါစ မြတ်ဗုဒ္ဓအား စကြာဝဠာတိုက်တစ်သောင်းလုံးက ထူးထူးခြားခြား ကြိုဆို ပူဇော်

စကြာဝဠာ တိုက်တစ်သောင်းလုံးက အတုမဲ့ဗုဒ္ဓအား အထူးခြားဆုံး ကြိုဆို ကြသည်။ အကောင်းဆုံး အလှတန်ဆာ ဆင်ယင်ပူဇော်ကြလေသည်။ ဗုဒ္ဓပွင့်တော်မူလာသည့်နေ့သည် များစွာသော အံ့သြဖွယ်ရာများတို့ဖြင့် ပြည့်နှက်နေ၏။ လှပခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း အငြိမ်းဓာတ်တို့ဖြင့် စကြာဝဠာ တိုက်တစ်သောင်းလုံးကို ရိုက်ညောင်းတုန်ခက် ပဲ့တင့်ထပ်စေသည်။ လူသုံးပါးတို့၏ ဘုရားစင်စစ် လောကမှာ ပွင့်တော်မူနေပြီးဖြစ်ကြောင်း သိစေခြင်းပင်ဖြစ်သည်။

စကြာဝဠာတိုက်တစ်သောင်းလုံး သည်လည်း အထူးထူးသော တန်ဆာကို ဆင်ယင်၍ ပွင့်ပေါ်တော်မူခါစမြတ် ဗုဒ္ဓကို ပူဇော်ကြသည်။

"အရှေ့ဖျား စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော အလွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျားစကြာဝဠာ အနားရေး၌

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြန်ဟပ်လျက် တည်ရှိကုန်၏။ ထို့အတူ အနောက်ဖျား စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန် ကုက္ကားတို့၏အရောင်များသည် အရှေ့ဖျား စကြာဝဠာအနားရေး၌ ရောင်ပြန်ဟပ်လျက် တည်ရှိကုန်၏။ တောင်အရပ်ဖျား စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် မြောက်အရပ်ဖျား စကြာဝဠာအနားရေး၌ ရောင်ပြန်ဟပ်လျက် တည်ရှိကုန်၏။ မြောက်အရပ်ဖျား စကြာဝဠာအနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း တောင်အရပ်ဖျား စကြာဝဠာ အနားရေး၌ ရောင်ပြန်ဟပ်လျက်တည်ရှိကုန်၏။ မြေအပြင်၌ စိုက်ထောင်အပ်သော တံခွန် ကုက္ကားတို့၏အရောင်များသည်လည်း ဗြဟ္မာပြည်ကို ခိုက်လျက်တည်ကုန်၏။ ဗြဟ္မာပြည်၌ ဖွဲ့ယှက်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း မြေအပြင်ကို ခိုက်လျက်တည်ကုန်၏။''

စကြာဝဠာပေါင်း တိုက်တစ်သောင်းတို့၌ အပွင့် ပွင့်သောသစ်ပင်၊ ပန်းမာလ် မျိုးစုံတို့သည်လည်း အခါရာသီမဟုတ်ဘဲ တပြိုင်တည်းပွင့်၍ ဗုဒ္ဓကို ပူဇော်ကြကုန်၏။ အသီးသီးသော သစ်ပင်မျိုးစုံတို့သည်လည်း အခါရာသီ မဟုတ် တပြိုင်နက်တည်း အခိုင်လိုက်၊ အပြွတ်လိုက် သီး၍ ဗုဒ္ဓကိုပူဇော်ကြကုန်၏။ ပင်စည်ပန်း၊ အခက်ပန်း၊ နွယ်ပန်း စသော ပန်းပေါင်းစုံတို့သည်လည်း အဆန်းတကြယ်ပွင့်ကာ ဗုဒ္ဓကို ပူဇော်ကြကုန်၏။ ကောင်းကင်မှလည်း အပင်ကို မမြင်ရဘဲ ပန်းခိုင်များ တွဲလျားကျ လျက်ရှိကုန်၏။ အောက်မြေအလွှာမှလည်း ပဒုမာကြာပန်းတို့သည် အဆန်းတကြယ် ပွင့်ပေါ်လာကာ ပွင့်တော်မူခါစ မြတ်ဗုဒ္ဓကို ပူဇော်ကြကုန်၏။



## ဘုရားပွင့်တော်မူမှ ထူးကဲသော နိမိတ်ကြီးများ

ထိုမှတစ်ပါး ဗုဒ္ဓပွင့်တော်မူသောအချိန်၌ မဖြစ်ဘူးမြဲ၊ ထူးကဲသော နိမိတ်ကြီး (၃၂) ပါးတို့သည်လည်း ထင်ရှားစွာဖြစ်ပေါ်လာ၏။

ဗုဒ္ဓမြတ်စွာပွင့်ပေါ်တော်မူလာသော အချိန်တွင် –

ဤလောကဓာတ် စကြာဝဠာတိုက်တစ်သောင်းလုံးသည် တုန်လှုပ်၏။ ဤလောကဓာတ် စကြာဝဠာ တိုက်တစ်သောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့သည် စကြာဝဠာ တစ်ခုတည်း၌ ပေါင်းဆုံစည်းဝေးကြကုန်၏။ ပွင့်ပေါ်ခါစ မြတ်ဗုဒ္ဓအား ရှေဦးစွာ နတ် ဗြဟ္မာတို့ ပူဇော်ကြ၏။ လူတို့ပူဇော်ကြ၏။ စောင်း၊ ညှင်းများ မတီးခတ်ရဘဲ အလိုအလျောက် မြည်ကြ၏။ စည်ကြီး၊ စည်ငယ်တို့သည် မတီးခတ်ရဘဲ အလိုအလျောက် မြည်ကြ၏။ လူတို့အား သွင်းနှောင် တုတ်ချည်အပ်ကုန်သော နှောင်အိမ် နှောင်ကြိုးတို့သည် အပိုင်းပိုင်း ပြတ်ကုန်၏။ အနာရောဂါ စွဲကပ်လျက်ရှိသော လူအများတို့သည် ရောဂါခပ်သိမ်းတို့ ပျောက်ငြိမ်းကြကုန်၏။ အမိဝမ်းတွင်းပါ မျက်စိကွယ်ခဲ့ကြသော သူတို့သည် မျက်စိအလင်း ပြန်မြင်ကြရ၏။ အမိဝမ်းတွင်းပါ နားပင်းခဲ့သော သူတို့သည် အသံကို ပြန်လည်ကြားကြရ၏။ ခြေ ဆွံ့သဖြင့် မသွားနိုင်ကုန်သော သူတို့သည် ခြေ သန်စွမ်းလာကာ သွားနိုင်ကြ၏။ အမိဝမ်းတွင်းပါ စကား မပြောနိုင်သူတို့သည် စကားပြော ဆိုတတ်ကြ၏။ ကြောက်မက်ဖွယ်ရာ သောအန္တရာယ် ကျရောက်နေကြသော သူတို့သည် အသက်အန္တရာယ်မှ လွတ်မြောက် ချမ်းသာရကြ၏။ ရတနာ အမျိုးမျိုးတို့ အရောင်မျိုးစုံ တောက်ပကြ၏။ ရန်သူဖြစ်သောသတ္တဝါတို့ အချင်းချင်းချစ်ခင်ကြ၏။ ငရဲမီး ငြိမ်းအေး၏။ မှောင်အတိကျနေသော လောကန္တရိက် ငရဲတို့၌ အရောင်အလင်းသည် ထင်လင်းစွာ ဖြစ်ပေါ်၏။ စီးမြဲဖြစ်သော မြစ်ရေအယဉ်သည် မစီးတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်၏။ မဟာသမုဒ္ဒရာရေသည် ချိုမြိန်သော အရသာရှိ၏။ အေးချမ်းသော လေပြေ လေညှင်းတို့ တိုက်ခတ်၏။ ကောင်းကင်၊ သစ်ပင်၊ တောင်ထိပ်စသည်တို့၌ ရောက်ရှိနေသောငှက်တို့သည် မြေပြင်သို့ သက်ဆင်းလာကြ၏။ လမင်းသည် ရှေးရှေးအခါများထက် ထွန်းလင်းသာယာ တင့်တယ်၏။ နေမင်းသည် မပူမအေး အညစ်အကြေးကင်းပြီး ကောင်းသော ဥတုနှင့်ပြည့်စုံ၏။ နတ်တို့သည် မိမိတို့၏ ဗိမာန်ရှေ့မှောက် တံခါးပေါက် အဝ၌ ရပ်တည် ကြကုန်လျက် လက်ခမောင်းခတ်ခြင်း၊ လေချွန်ခြင်း၊ ပုဆိုး အဝတ်တို့ကို ပစ်မြှောက်ခြင်း စသည်ဖြင့် ကြီးစွာပျော်မြူးကြ၏။ လေးကျွန်အလုံး နှံ့စပ်သောမိုးကြီး သည်းထန်စွာ ရွာသွန်း၏။ လူအပေါင်းတို့ ဆာလောင်ခြင်းကင်းကြ၏။ ရောဂါခြင်းကင်းကြ၏။ ပိတ်ထားသော တံခါးရွက်များ အလိုအလျောက်ပွင့်လပ်ကြ၏။ အပွင့်ပွင့်သောသစ်ပင်၊ အသီးသီးသောသစ်ပင်တို့သည် အပွင့်ရော အသီးပါ ပွင့်ကြ သီးကြ၏။ ဤလောကဓာတ် စကြာဝဠာ တိုက်တစ်သောင်းလုံး တံခွန် အောင်လံများ အပြည့်ဖုံးလျက်ရှိကြ၏။ ထိုမှတစ်ပါးလည်း ဆန်းကြယ်သော ပန်းမိုး၊ အလွန် ရနံ့ကောင်းသော ပန်းမိုးတို့ ရွာသွန်းကြ၏။ မြေအပြင်မှ အလွန် ကြည်လင်သောရေများ စိမ့်၍ထွက်၏။ တွင်းအောင်းတိရစ္ဆာန်တို့ မိမိတို့နေရာမှ ထွက်ကြကုန်၏။ လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်ခြင်း။ မြေအပြင်၌ မြူမထခြင်း။ မကောင်းသော အနံ့တို့ကင်းခြင်း။ နတ်၌ဖြစ်သော နံ့သာနံ့တို့ ကြိုင်လှိုင်ခြင်း။ ရူပဗြဟ္မာတို့ကို လူတို့က ပကတိမျက်စိဖြင့် လင်းလင်း ထင်ထင် မြင်ရခြင်း။ သတ္တဝါတို့၏ စုတေမှု၊ ပဋိသန္ဓေနေမှုတို့ မရှိခြင်း။ အစရှိသော ဗုဒ္ဓနိမိတ် ထူးတို့သည် ဗုဒ္ဓပွင့်ပေါ်တော် မူခါစအချိန်၌ ထင်ရှားစွာ ဖြစ်ပေါ်ကြကုန်လေသည်။



ဗုဒ္ဓသည် ဘုရားအဖြစ်တို့ ရောက်တော်မူပြီးနောက် "ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရ လေပြီတကား၊ ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်ကို ရအပ်လေပြီတကား၊ ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပ အပ်ခဲ့လေပြီတကား၊ ငါသည် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ကို တရားဟော၍ ဘဝသုံးပါး တည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်း ငှါလည်း စွမ်းနိုင်သူဖြစ်၏" ဟူ၍ စဉ်းစား ဆင်ခြင်တော်မူလေသည်။

ထိုသို့ စဉ်းစားဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန့်စွာ့လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်ခြင်းပီတိတရား ထပ်တလဲလဲ ဖြစ်ပေါ်လာလေသည်။ မြတ်စွာဘုရားသည် ထိုသို့ ထပ်တလဲလဲ ဖြစ်ပေါ်သော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညုတ မြတ်စွာဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ ဓမ္မတာ ဖြစ်သည့် "**အနေကဇာတိ သံသာရံ**" အစချီသော ဥဒါန်းဂါထာတော်ကို စိတ်ထဲက ကျူးရင့်တော်မူလေတော့သည်။

(၁) **အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။**

(၂) **ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။**
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။**

www.burmeseclassic.com

www.burmeseclassic.com



## သတ္တဋ္ဌာန စံနေတော်မူခြင်း

### (၁)ပထမ ပလ္လင်္ကသတ္တာဟ

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအ ဖြစ်သို့ ရောက်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် (၁) ရက်နေ့တွင် "ငါသည် ဤအပရာဇိတပလ္လင်ကို ရဖို့ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီ (၁၀) ပါး၊ အပြား (၃၀) တို့ကို မနေမနား ဖြည့်ကျင့်ခဲ့ရသည်။ ငါ၏ ခန္ဓာကိုယ်၊ သား၊ သမီး၊ ဇနီးတို့ကိုလည်း ပေးလှူခဲ့ရပြီ။ ဤပလ္လင်သည် မာရ်ငါးပါးကို တစမကျန် အောင်မြင်သော ပလ္လင်ဖြစ်သည်။" စသည်ဖြင့် ဥဒါန်းကျူးရင့် အထူးပင်ရွှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်ရကား ထိုအပရာဇိတပလ္လင် ပေါ်ထက်တွင် ခုနစ်ရက်ပတ်လုံး သီတင်းသုံး နေထိုင်တော် မူလေသည်။

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် ၁–ရက်နေ့ တစ်နေ့ပတ်လုံး ကုဋေအသိန်းမက များပြားလှသော အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်ကို ဝင်စားတော်မူသည်။ ကဆုန်လပြည့်ကျော် ၁–ရက်နေ့ ညဉ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် သံသရာဝဋ်ဒုက္ခ၏ ဖြစ်စဉ်တည်းဟူသော **အနုလောမ** အစဉ်အားဖြင့်လည်းကောင်း၊ အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ စသည်ဖြင့် သံသရာဝဋ်ဒုက္ခ၏ ချုပ်စဉ်တည်းဟူသော **ပဋိလောမ** အစဉ် အားဖြင့်လည်းကောင်း နှလုံးသွင်း ဆင်ခြင်တော်မူလေသည်။ ထိုအခါ မြတ်စွာဘုရား၏ နှလုံးသား၌ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရား ဦးဆောင်သည့် မဟာကြိယာသောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဇောအစဉ်တို့ တသွင်သွင် ဖြစ်၍နေလေသည်။

အိုးခွက်အတွင်းသို့ ထောပတ်ကိုဖြစ်စေ၊ ဆီကိုဖြစ်စေ လောင်းထည့်သောအခါ ထိုအိုးခွက်တို့ပြည့်၍ ပိုလျှံသော ထောပတ်ဆီသည် အပြင်သို့ လျှံ၍



ထွက်လာသကဲ့သို့ မြတ်စွာဘုရား၏ နှလုံးအိမ်၌ တရားသဘောသို့ တိုး၍ တိုး၍ သိမြင်မှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ပီတိအဟုန်သည် အပြင်သို့လျှံ၍ ထွက်လာသည့်ပမာ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေသည်–

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**
**ယတော ပဇာနာတိ သဟေတုဓမ္မံ။**

ထိုနောက် မဇ္ဈိမယံ၌–

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**
**ယတော ခယံ ပစ္စယာနံ အဝေဒိ။**

ထိုနောက် ပစ္ဆိမယံ၌လည်း–

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊**
**သူရိယောဝ ဩဘာသယမန္တလိက္ခံ။**

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် (၁) ရက် နေ့ ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်ကာ ယဒါဟဝေ စသည့် ဥဒါန်းသုံးဂါထာကို ကျူးရင့်တော်မူပြီး ကဆုန်လပြည့်ကျော် ၂– ရက်မှ ၇–ရက်နေ့ထိ အပရာဇိတပလ္လင်တော်မှာ သီတင်းသုံးကာ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော် မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂) ဒုတိယ အနိမိသ သတ္တာဟ

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ခုနစ်ရက်ပတ်လုံး အပရာဇိတပလ္လင်တော်မှာ သီတင်းသုံးကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလေသည်။ ထိုအခါ အချို့သော ပုထုဇဉ်နတ်ဗြဟ္မာများက “ မြတ်စွာဘုရားသည် ယခုထက်တိုင် ပလ္လင်တော်မှ ထတော်မမူသေး၊ ယခု ရရှိပြီးသော ဂုဏ်ကျေးဇူးမှတစ်ပါး အခြား ဘုရားဖြစ်အောင်ပြုနိုင်သည့် ဂုဏ်ကျေးဇူးတို့ ရှိများရှိလေသေးသလားဟု” ယုံမှားမှု ဖြစ်ပေါ်ကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ရှစ်ရက်မြောက်နေ့၌ အရဟတ္တဖိုလ် သမာပတ်မှ ထတော်မူ၍ နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ရှားတော် မူအံ့သောငှါ ကောင်းကင်သို့ ပျံတက်၍ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

ထိုနောက် ကောင်းကင်မှ သက်ဆင်း၍ အပရာဇိတ ပလ္လင်တော်မှ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တည်ကာ “ ငါသည် ဤအပရာဇိတပလ္လင်တော်၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရအပ်လေပြီ တကား”ဟု စဉ်းစားဆင်ခြင်တော်မူကာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဆည်းပူးခဲ့သော ပါရမီတော်တို့၏ အကျိုးဖြစ်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရာ အပရာဇိတ ပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော် မမှိတ်ဘဲ ခုနစ်ရက်မျှ စူးစူးစိုက်စိုက် ကြည့်ရှုလျက် အနိမိသ သတ္တာဟ စံတော်မူလေသည်။

## (၃) တတိယ စင်္ကမ သတ္တာဟ

မြတ်စွာဘုရားသည် အပရာဇိတပလ္လင်တော်နှင့် အနိမိသတို့၏ အကြား အရှေ့အနောက်အလျားရှိသော နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သည့် ရတနာစင်္ကြံ၌ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားပြီး လူးလားတုံခေါက် စင်္ကြံလျှောက်လျက် ခုနစ်ရက်တိုင်တိုင် စင်္ကမသတ္တာဟမည်၍ စံနေတော်မူသည်။



## (၄) စတုတ္ထ ရတနာဃရ သတ္တာဟ

မြတ်စွာဘုရားသည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့် အရပ်တွင် နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော **ရတနာဃရ** ရွှေအိမ်၌ ခုနစ်ရက်တိတိ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူစဉ် **အဘိဓမ္မာပိဋကတ်** တရားတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူလေသည်။

ထိုသို့ သုံးသပ်ဆင်ခြင်တော်မူသောအခါ အောက်ဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ သဗ္ဗညုတရွှေဉာဏ်တော်ကကျယ်ဝန်း တရားနည်းက ကျဉ်းသဖြင့် ရွှေဉာဏ်တော် မကွန့်မြူးလောက်သေးရကား ရောင်ခြည်တော်ခြောက်ပါးတို့ မကွန်းမြူးကြသေးဘဲ ခုနစ်ဆင့်မြောက်ဖြစ်သည့် အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ မဟာသမုဒ္ဒရာအတွင်း၌ မြူးကွန့်ခွင့်ကိုရသော ယူဇနာ ထစ်ထောင်ရှိသည့် တိမင်္ဂလင်းကြီးပမာ သဗ္ဗညုတ ရွှေဉာဏ်တော်သည် မြူးကွန့်ခွင့်ကို ရတော်မူလေသည်။

ပဋ္ဌာန်းကျမ်း၌ အလွန်သိမ်မွေ့ နူးညံ့နက်နဲသော တရားအချက်တို့ကို သုံးသပ်ဆင်ခြင်တော်မူလတ်သောအခါ မြတ်စွာဘုရား၏ သန္တာန်၌ အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ပီတိတရား ဖြစ်ပွါးလာလေသည်။ ပီတိတရား ဖြစ်ပွါးသောကြောင့် သွေးတော်ကြည်လင်လာသည်။ သွေးတော်ကြည်လင်လာခြင်းကြောင့် အရေတော် ကြည်လင်လေသည်။ အရေတော် ကြည်လင်ခြင်းကြောင့် ကိုယ်တော်၏ အရှေ့ပိုင်း နောက်ပိုင်း လက်ျာနံပါးတော် လက်ဝဲနံပါးတော် ခြေ

www.burmeseclassic.com

www.burmeseclassic.com



ဖမိုးတော် ဦးခေါင်းတော်တို့မှ အိမ်လုံး၊ တောင်လုံးခန့် ပမာဏရှိသော ညို၊ ရွှေ၊ ဖြူ၊ နီ၊ မောင်ရီ၊ ပြိုးပြက် တခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် မြေထု၊ ရေထု၊ လေထုကို ထွင်းဖေါက်ထွက်ပေါ် ကွန့်မြူးကြ၍ အနန္တစကြာဝဠာသို့ပင်မက ကာမာဝစရ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်နှစ်ဆယ်ကို ကျော်လွန်လျှက် ပျံတက် မြူးကွန့် ပြေးသွားကြလေသည်။

ပဋ္ဌာန်းတရားတော်သည် ကောင်းကင်ကဲ့သို့ နည်းပေါင်းအနန္တ နှင့်ပြည့်စုံသည်။ မြေကြီးအထုပမာ ပြန့်ကျယ်လှသည်။ သမုဒ္ဒရာရေထုပမာ နက်နဲလှသည်။ ထိုသို့ ခက်ခဲနက်နဲ လှစွာသော ပဋ္ဌာန်းတရားတော်မြတ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ခုနစ်ရက်ပတ်လုံး ဤရတနာဃရ သတ္တာဟ နေရာ၌ ဆင်ခြင်သုံးသပ်တော်မူခဲ့လေသည်။

## (၅) ပဉ္စမ အဇပါလ သတ္တာဟ

မြတ်စွာဘုရားသည် မဟာဗောဓိပင်မှ အရှေ့ အရပ်၌ရှိသော အဇပါလခေါ် ဆိတ်ကျောင်းညောင်ပင်ရင်း၌ ပဉ္စမသတ္တာဟအဖြစ် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားကာ သီတင်းသုံး တော်မူခဲ့သည်။ ထို အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးအမည်အားဖြင့် မထင်ရှားသည့် တဟုန်းဟုန်းဖြင့် မာန်မူတက်သော (ဟုံဟက်) မည်သော ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံသို့ ချည်းကပ်၍–

"အရှင်ဂေါတမ လောက၌ အဘယ်မျှသောတရားရှိသူကို ဗြဟ္မဏ ဟု ခေါ်ပါသနည်း" ဟူ၍ မေးလျှောက်၏။ ထိုအခါ မြတ်စွာလုရားက–

(၁) "မကောင်းမှုကို အပပြုပြီးသူဖြစ်ခြင်း၊

(၂) ထို့ကြောင့် တဟုန်းဟုန်းမာန်မူမှုမှ ကင်းစင်ခြင်း၊



(၃) ကိလေသာ ကင်းစင်ခြင်း၊

(၄) သီလသံဝရဖြင့် စိတ်နှလုံးကို စောင့်သုံးထိန်း ချုပ်ပြီးဖြစ်ခြင်း၊

(၅) အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်ခြင်း၊

(၆) မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ပြီး ဖြစ်ခြင်း၊

(၇) ဥဿဒငါးမျိုးတို့ မဖြစ်ခြင်း၊"

ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသူကို ဗြဟ္မဏ ခေါ်ဆိုကြောင်း မိန့်တော်မူ လေသည်။

မှတ်ချက်။ **။ဥဿဒငါးမျိုး။** ။ ရာဂတရား ဖြစ်ပွါးထူပေါခြင်း–ရာဂုဿဒ။ ဒေါသတရား ဖြစ်ပွါး ထူပေါခြင်း –ဒေါသုဿဒ။ မောဟတရား ဖြစ်ပွါးထူပွါးခြင်း –မောဟုဿဒ။ မာနတရား ဖြစ်ပွါးထူပွါးခြင်း –မာနုဿဒ။ ဒိဋ္ဌိတရား ဖြစ်ပွါး ထူပေါခြင်း –ဒိဋ္ဌုဿဒ။

## မာရ်နတ်နှင့် သမီးများ

မြတ်စွာဘုရားသည် အဇပါလညောင်ပင်ရင်း၌ စံနေတော်မူစဉ်က မာရ်နတ်ရောက်လာ၏။ မာရ်နတ်သည် ခုနစ်နှစ်ကြာ မြတ်စွာဘုရား နောက်သို့ တကောက်ကောက် လိုက်ပါခဲ့သော်လည်း အပြစ်တင်ရန် မြူမျှ လောက်ပင် မရရှိခဲ့ရကား ဘုရားထံမှောက် သွားရောက်ပြီးလျှင်–

" အို ရဟန်းဂေါတမ သောကတရား လွှမ်းမိုးနှိပ်စက် အပ်သည်ဖြစ်၍ ဤ တောတောင်အရပ်၌ ကြံမှိုင်း၍ နေဘိသလော၊ သင်သည် အရာအထောင်သော ဥစ္စာကို ရှုံးခဲ့လေသလော၊ သို့မဟုတ် အရာအထောင်သော ဥစ္စာကို တောင်းတကာ ကြံမှိုင်၍နေဘိသလော၊ သို့မဟုတ် မြို့ရွာအတွင်း ကြီးမားသော အကုသိုလ်မှုကို ပြုလုပ်ခဲ့မိသဖြင့် သူတစ်ပါးတို့၏ မျက်နှာကို မကြည့်ဝံ့၍ ဤတောထဲ၌ လာရောက်ကာ ကြံမှိုင်နေဘိသလား၊ အဘယ်ကြောင့် လူအ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် မိတ်ဆွေဖွဲ့မှုကို မပြုဘိသနည်း။ သင့်မှာ တစ်စုံတစ်ယောက်နှင့်မျှ မိတ်ဆွေဖွဲ့၍ မရှိပါလား။''ဟူ၍ မြတ်စွာဘုရားကို ဂါထာဖြင့် ပြောကြားလေသည်။

ထိုအခါ မြတ်စွာဘုရားက ''အို–မာရ်နတ် ငါဘုရားသည် သောက၏ အကြောင်းရင်းတရားမှန်သမျှကို တူးဖြိုဖျက်ဆီးပြီးလျှင် အကုသိုလ်ဟူ၍ မြူမျှ မရှိဘဲ စိုးရိမ်ခြင်း အလျှင်းကင်းမဲ့လျက် ချာန်နှစ်ပါးကို ဝင်စားကာသာ ငါနေ၏။ ငါဘုရားသည် ဘဝတဏှာကို အကြွင်းမဲ့ဖြတ်တောက်ပြီးလျှင် တွယ်တာတပ်မက်ခြင်း အလျှင်းမရှိဘဲ ဈာန်နှစ်ပါးကို ဝင်စားလျက်သာ ချမ်းသာစွာနေ၏။ သင်ထင်သည့်အတိုင်း ဥစ္စာရှုံးသဖြင့် သောကရောက်ကာ ဥစ္စာကို လိုချင်သဖြင့် လောဘကပ်ကာ ငါကြံမှိုင်နေသည်မဟုတ်''ဟု ဖြေကြားသောအခါ မာရ်နတ်က တစ်ဖန်ထပ်၍–

'' အို ရဟန်းဂေါတမ လောက၌ အကြင်လူ အကြင်ရဟန်း တို့သည် ရွှေ ငွေ စသော အသုံးအဆောင် သင်္ကန်းစသော ပစ္စည်းလေးရပ်တို့၌ ငါ့ဥစ္စာ ဟု စွဲလန်းပြောဆိုကြကုန်၏၊ ထိုလူ ထိုရဟန်း ထိုရွှေငွေစသည်၊ ထိုသင်္ကန်းစသည်တို့၌ သင်၏စိတ် ငြိကပ်တွယ်တာနေလျှင် သင်သည် ငါ၏နယ်ပယ် ဘဝသုံးပါးမှ ဘယ်နည်းနှင့်မျှ လွတ်နိုင်မည်မဟုတ်'' ပြောဆိုပြန်သည်။ ထိုအခါ မြတ်စွာဘုရားက–

'' အို မာရ်နတ် ငါဘုရားမှာ ရွှေငွေစသော အသုံးအဆောင်၊ သင်္ကန်း စသော ပစ္စည်းလေးရပ်တို့၌ ငါ့ဥစ္စာဟူ၍ တွယ်တာတပ်မက်ခြင်း အလျှင်းမရှိ၊ ငါဘုရားကား အခြားသူများကဲ့သို့ ငါ၊ ငါ့ဥစ္စာဟူ၍ ပြောဆိုသည်မဟုတ်၊ အို မာရ်နတ် ငါဘုရားကိုသင်သည် ဤသို့ထူးချွန် ပုဂ္ဂိုလ်မွန်ဟူ၍ မှတ်ယူဘိလော့၊ ဘဝသုံးပါးကို ငါဘုရား စွန့်ပယ်ပြီးဖြစ်ရကား သင်၏ နယ်ပယ်ဖြစ်သည့် ဘဝ



သုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသကိုးပါး တို့၌ ငါဘုရား၏ သွားရာလမ်းကြောင်းကို သင်မြင်ရလိမ့်မည်မဟုတ်'' ဟု မိန့်တော်မူသောအခါ မာရ်နတ်မင်းသည် တစ်ဖန်ထပ်၍–

''အို ရဟန်းဂေါတမ အကယ်၍သင်သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဘေးကင်းရာလမ်းကြောင်းကို သိသည်ဖြစ်အံ့၊ သင်တစ်ဦးတည်း သွားပါတော့လော၊ အဘယ်ကြောင့် သူတစ်ပါးကို ဟောဖော်ချေချွတ် လိုရသေးသနည်း''– ဟု ပြောဆိုအညွန့် တက်ပြန်လေသည်။ ထိုအခါ မြတ်စွာဘုရားက–

''အို မာရ်နတ် သင်သည် မည်သို့ပင် ဟန့်တားစေကာမူ ငါဘုရား သည် ဘဝ၏ တစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းလိုကြသူ နတ်လူပြဟ္မာ သတ္တဝါတို့က သေခြင်းမှ ကင်းလွတ်ရာ နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်း ကို မေးလျှောက်ကြသည်ရှိသော် ထိုနတ်လူပြဟ္မာ သတ္တဝါတို့အား နိဗ္ဗာန် ရောက်ကြောင်း မှန်ကန်သော တရားလမ်းကြောင်းကို ဖြေကြား ဟောပြအံ့ သည်သာ ဖြစ်၏''–ဟု မိန့်ဆိုတော်မူလေရာ မာရ်နတ်မင်းသည် ရှာသူသား ငယ်တို့ ရိုက်ချိုးသဖြင့် လက်မကျိုးသော ပုဇွန်ပမာ ကြံရာမရ ဖြစ်ရှိပြီးလျှင် လက်လျှော့ညှိုးချုံးအရှုံးပေးသော နှစ်ဂါထာကို ရွက်ဆိုလေသည်။ မာရ်နတ် ရွက်ဆိုပြောကြားသော လိုရင်းမှာကား–

'' ဂေါတမမြတ်စွာဘုရား ဥပမာ– အိအိရွှဲရွှဲ အသားအဆီခဲကြီး၌ မွှမွှရွှရွှ နူးညံ့လှသော အသားဆီကို ရကုန်ငြားအံ့၊ အကြောအခြင်အားလုံး ချိုဆိမ့်သော အရသာဖြင့် သာယာမူးမေ့စေအပ်သော အရသာသည် အကယ် ၍ ဖြစ်ငြားအံ့၊ ဤသို့သောအကြံဖြင့် ကျီးမိုက်သည် အဆီခဲ သွေးအဆင်းရှိ သော ကျောက် (ခဲ) လုံးကို ဝိုင်းပတ်၍ နှုတ်သီးဖြင့် ထိုးဆိတ်လေ၏၊ ထိုကျီး

www.burmeseclassic.com



သည် ကျောက်လုံး၌ သာယာကောင်းမြတ်သော အရသာမဖြစ်ဘဲ ရှောင်ခွာ ဆုတ်ဖဲလေရသကဲ့သို့ ကျွန်ုပ်သည် ဘုရားရှင်ကို နှောက်ယှက်ထိပါး စော်ကား ချုပ်ချယ် အလိုပါမှု ဘာတစ်ခုမျှ မပြုနိုင်ဘဲ နှလုံးကွဲမျှ အသဲနာကြွင် ပူဆွေးရပါ တော့၏။'' ဟုဆိုကာ လက်လျှော့ အရှုံးပေးလေသည်။

ထိုနောက်မာရ်နတ်သည် အလွန်ပင် စိတ်နှလုံး မသာမယာဖြစ်၍ မြတ်စွာဘုရားနှင့် မနီးမဝေးသော လမ်းမကြီး၌ ကြံတွေးငေးမှိုင် တစ်ယောက် တည်း ဆောက်ကြောင့်ထိုင်ပြီး တစ်ဆယ့်ခြောက်ကြောင်းသော အရေးတို့ကို ရေးခြစ်ဆွေးငင်ကာ နေလေ၏။ ၁၆ ကြောင်းသော အရေးတို့ကား–

"ငါသည် သိဒ္ဓတ္ထမင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ဒါနပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့မိချေ။ ထို့ကြောင့်ပင် သိဒ္ဓတ္ထမင်းသားနှင့် တန်းတူညီမျှ သူ ငါမဖြစ်နိုင်'' ဟု စိတ်ကူးလျက် ပဌမအကြောင်း အရေးကို ရေးခြစ်ဆွဲငင် လေ၏။ ထို့အတူ သီလပါရမီစသော ပါရမီ (၁၀) ပါးလုံး အရေးတို့ကို ရေးခြစ် ဆွဲငင်လေသည်။ ထို့အတူပင် သူတစ်ပါးတို့နှင့် မဆက်ဆံသော ဣန္ဒြိယာ ပရောပရိယတ္တိဉာဏ်၊ အာသာယာ နုသယဉာဏ်၊ မဟာကရုဏာ သမ္မာပတ္တိ ဉာဏ်၊ ယမက ပါဋိဟာရိယဉာဏ်၊ အနာဝရဏဉာဏ်၊ သဗ္ဗညုတဉာဏ်တို့၏ တစ်ဆယ့် ခြောက်ခုသော အရေးတို့ကိုလည်း ရေးခြစ်ဆွဲငင် နေလေသည်။

## မာရ်နတ်သမီးတို့ လာရောက်ဖြားယောင်းခြင်း

တဏှာ၊ အရတိ၊ ရဂါ အမည်ရှိသော မာရ်နတ်သမီးတော် သုံးယောက် တို့သည် သူတို့၏ ဘခင်ကိုမတွေ့၍ လိုက်ရှာကြသည်။ ထိုစဉ် သူတို့၏ဘခင် သည် သစ်ပင်ကြီးရင်း၌ မြေကြီးကို ဒုက်နှင့်ရေးခြစ် နေသည်ကိုတွေ့ရ၍ အကြောင်းစုံကို သွား၍မေးကြသည်။ "ဘခင် ဘာကြောင့် ကြံမှိုင်၍နေပါ



သနည်း'' မာရ်နတ်မင်းက "ချစ်သမီးတို့ ဤရဟန်းကြီးဂေါတမသည် ငါတို့နိုင်ငံ ဘုံသုံးတန်မှ တော်လှန်လွတ်မြောက် သွားခဲ့လေပြီ။ ခုနစ်နှစ်ကြာ အပြစ်၊ အပေါက်တို့ကို တကောက်ကောက် လိုက်လံကြည့်ရှုပါသော်လည်း ထိုရဟန်း ကြီးဂေါတမ၏ အမှုယွင်းဖေါက် အပြစ်တင်ရန် အခွင့်အပေါက်ကို အဏုမြူ လောက်မျှ ရှာကြံမတွေ့ရချေ။ ထို့ကြောင့် ဘခင်ငါ နှလုံးမသာမယာ ကြံမှိုင်း ညှိုးငယ်နေရပါ၏'' ပြောသည်။ ထိုအခါ မာရ်နတ်သမီးသုံးယောက်တို့က သူတို့၏ ဘခင် မာရ်နတ်မင်းကို နှစ်သိမ့်စကားဆိုပြီး မြတ်စွာဘုရားထံသို့ ရောက်လာကာ မြတ်စွာဘုရားကို ကာမဂုဏ်ဖြင့် ဖြားယောင်းကြသည်။

ထိုအခါ မြတ်စွာဘုရားက "နတ်သမီးတို ဖဲ့သွားကြကုန်လော့၊ သင်တို့သည် အဘယ်အကျိုးကိုမြင်၍ ဖြားယောင်းသွေးဆောင်မှုကို ပြုလုပ် ကြကုန်ဘိသနည်း။ ဤအမှုမျိုးကို ရာဂ၊ ဒေါသ၊ မောဟ မကင်းကြသော သူတို့ မျက်မှောက်၌ ပြုလုပ်ခြင်းသာ လျှောက်ပတ်သည်။ ငါဘုရားသည်ကား ရာဂ၊ ဒေါသ၊ မောဟတရားများ အကြွင်းမဲ့ ပယ်အပ်ပြီးပြီ'' ဟုမိန့်ဆိုတော်မူလေ သည်။

## ထရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးသည့်နောက် သတ္တသတ္တာဟ (လေးဆယ်ကိုးရက်) လွန်မြောက်၍ ရက်ပေါင်းငါးဆယ်အရောက် (ဝါဆို လဆန်း ၆ ရက်၊ ကြာသပတေးနေ့ နံနက်အရောက်) တွင် လင်းလွန်းပင်ရင်း၌ သည် တစ်ဖန် အဇပါလညောင်ပင်ရင်းဆီသို့ ကြွရောက်ကာ တစ်ပါးတည်း သီတင်းသုံးစံနေတော်မူစဉ် ဤသို့ စိတ်အကြံစဉ် ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ငါဘုရား ထိုးထွင်း၍ သိမြင်အပ်သော သစ္စာလေးပါး တရားအစုသည် နက်နဲလှ၏၊ မြင်နိုင်ခဲလှ၏၊ လွန်စွာ သိနိုင်ခဲလှ၏၊ ငြိမ်းချမ်းလှ၏၊ မွန်မြတ်လှ၏၊ သိမ်မွေ့လှ၏၊ အကျင့်မှန်ကို ကျင့်ကြံကုန်သော ပညာရှိတို့သာ သိမြင်အပ်သော တရားဖြစ်၏။

ဤလောက၌ ဖြစ်ကြကုန်သော သတ္တဝါအပေါင်းတို့၏ သန္တာန်၌ ငါးပါးအာရုံ ကာမဂုဏ်တရားတို့သည် အထူးပင် ထူပြောလျက်ရှိကြ၏။ ငါဘုရား သိအပ်သော တရားတော်သည်ကား အလွန်နက်နဲ၏။ ထို့ကြောင့် တရားဟောသော်လည်း တရားကို မမြင်နိုင်ကုန်ရာ၊ ပင်ပန်းရုံသာရှိမည်"ဟု တရားမဟောလိုသောအကြံဖြစ်၏။ ထိုအကြံကို သဟမ္ပတိဗြဟ္မာမင်းကြီး သိ၍ "နဿတိ ဝတ ဘော လောကော" ဟူသောစကားဖြင့် ကြွေးကြော်လျက် နတ်ဗြဟ္မာ အပေါင်းတို့ကိုခေါ်၍ မြတ်စွာဘုရားထံလာပြီး လက်အုပ်ချီမိုး ရှိခိုးလျက်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူပါလော့။ ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်းပါးကုန်သော သတ္တဝါတို့သည် များစွာရှိကြပါကုန်၏။

ထိုသတ္တဝါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မကြားနာကြကုန်သည်ရှိသော် မိမိတို့ ရသင့်ရထိုက်သော မဂ်ဖိုလ်တရားထူးမှ ဆုတ်ယုတ် ဆုံးရှုံးကြပါလိမ့်မည်။ မြတ်စွာဘုရား ဟောကြားမည့် တရားတော်ကို သိမြင်နားလည်နိုင်သော သူတို့သည်လည်း ထင်ရှား ဖြစ်ပေါ်ကြပါကုန်လိမ့်မည်" လျှောက်ဆို တောင်းပန်လေသည်။



### (၆) ဆဋ္ဌမ မုစလိန္ဒ သတ္တာဟ

မြတ်စွာဘုရားသည် အဇပါလဆိတ်ကျောင်းညောင်ပင် ရင်းမှ ဖဲခွါ၍ မဟာဗောဓိပင်၏ အရှေ့တောင်ရှိ မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းသို့ကြွရောက် သီတင်းသုံးတော်မူစဉ် အခါမဲ့မိုးကြီး (မိုးရာသီမရောက်မီ ရွာသော မိုးကြီး) ခုရက်ပတ်လုံး ရွာသွန်းဖြိုးလေသည်။

ဤအခါမဲ့မိုးကြီးကား စကြာမင်းပေါ်ထွန်းသောအခါ၊ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါ ဤအခါ နှစ်ပါး၌သာ ရွာသွန်းလေသည်။ မုစလိန္ဒာ နဂါးမင်းသည် မိမိ၏ အခွေဖြင့် ၇ ပတ်ရံကာပြီး မိုး လေ တို့ မညှင်းဆဲနိုင်ရန် အပေါ်မှ ပါးပျဉ်းဖြင့် အုပ်မိုးကာ ပူဇော်လေသည်။ ခုနစ်ရက်စေ့၍ မိုးစဲသော အခါမှ နဂါးမင်းသည် လူယောင်ဖန်ဆင်းလျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရှိခိုး၍ နေလေသော် "သုခေါ ဝိဝေကော တုဋ္ဌဿ" စသော ဥဒါန်းစကားဖြင့်–

"လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးသော ရဟန္တာသည် လွန်စွာချမ်းသာ၏၊ ထိုအတူ သတ္တဝါအပေါင်းတို့၌ တိုက်ခိုက်ထိပါးတတ်သော ဒေါသ၏ ကင်းခြင်းသည် အလွန်ချမ်းသာ၏၊ ကာမဂုဏ်ငါးပါးတို့၌ လိုက်စားကပ်ငြိတတ်သော ရာဂ၏ ကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏၊ ငါဟူသော မာန်ယစ်ခြင်းကိုခွါ၍ သတ္တဝါတို့အား မညှင်းဆဲဘဲ သည်းခံခြင်းသည်လည်း အလွန်ချမ်းသာ၏" ဟောတော်မူ၏။

### (၇) သတ္တမ ရာဇာယတန သတ္တာဟ

မြတ်စွာဘုရားသည် ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက်လွန်မြောက် သတ္တမ သတ္တဟသို့ရောက်သော အခါ ကျည်းပင်ရင်းမှ ဖဲခွါခဲ့ပြီးလျှင် မဟာဗောဓိပင်၏ တောင်မျက်နှာ ရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ယတန (လင်လွန်းပင်ရင်း)သို့ ကြွရောက်တော်မူ၍ ထို လင်လွန်းပင်ရင်း၌ အရဟတ္တဖိုလ် ချမ်းသာကိုပင် ခံစားတော်မူကာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ စံနေတော်မူ၏။

ဤသို့အားဖြင့် မြတ်စွာဘုရားသည် ခုနစ်ရက် ခုနစ်လီ=လေးဆယ်ကိုးရက် ပြည့်ခဲ့လေပြီ၊ ဤ လေးဆယ်ကိုးရက်အတွင်း ခံတွင်းတော် ဆေးခြင်း၊ မျက်နှာတော် သစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ (ကျင်ကြီး ကျင်ငယ်စွန့်ခြင်း)၊ ရေချိုးတော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော် မူခြင်း၊ ရေသုံးဆောင်တော်မူခြင်း၊ လျောင်းစက်တော်မူခြင်း၊ ကိစ္စများ အလျှင်းပင် မရှိပေ။ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေသည်။

ဤသို့အားဖြင့် လေးဆယ်ကိုးရက် ပြည့်မြောက်သော ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် မြတ်စွာဘုရားသည် မျက်နှာသစ်လိုသော စိတ်အကြံ ဖြစ်တော်မူသည်ကို သိကြားမင်းကြီးသိ၍ ဆေးကြဖုသီးကို ဆက်ကပ်သည်။ ထိုဆေးကြဖုသီးကို ဘုဉ်းပေးပြီးလျှင်ပြီးခြင်း မြတ်စွာဘုရားအား သရီရဝ လဥ္စနကိစ္စ (ကိုယ်လက်သုတ်သင်ခြင်းခေါ်သည့် ကျင်ကြီး ကျင်ငယ်စွန့်ခြင်းကိစ္စ) ဖြစ်လေသည်။ ထိုနောက် မြတ်စွာဘုရားအား မျက်နှာသစ်ရန် သိကြားမင်းကြီးက ဆက်ကပ်သောကွမ်းရိုးဒန်ပူကိုလည်းကောင်း၊ အနောတတ် အိုင်မှရေကိုလည်းကောင်း ခံယူသည်။ ထိုသိကြားမင်းကြီးက ဆက်ကပ်သော ကွမ်းရိုးဒန်ပူကို ဝါးတော်မူပြီးလျှင် အနောတတ်ရေဖြင့် ခံတွင်းတော်ဆေးခြင်း၊ မျက်နှာသစ်ခြင်း အမှုကို ပြုတော်မူလေသည်။

ထိုစဉ် ရာမညတိုင်း ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းငါးရာတို့နှင့် ကုန်သွယ်ခြင်းငှါ မဇ္ဈိမဒေသသို့ လာကြ၏။ မြတ်စွာဘုရား သီတင်းသုံတော်မူရာ လင်လွန်းပင်၏



အနီးသို့ ရောက်လတ်သော် မိမိတို့ မိတ်ဆွေဖြစ်ဘူးခဲ့သော သစ်ပင်စောင့်နတ်က လှည်းကို မသွားနိုင်အောင် ရပ်တန့်၍ ကိုယ်ထင်ပြကာ–

"အမောင်တို့ မြတ်စွာဘုရားသည် ဘုရားဖြစ်၍ မကြာသေးမီ လေးဆယ်ကိုးရက် ကာလပတ်လုံး ဆွမ်းစသော အစာအာဟာရ သုံးဆောင်တော်မမူဘဲ အရဟတ္တဖိုလ်ချမ်းသာကိုသာ ခံစားတော်မူလျက် ယခု လင်လွန်းပင်အောက်တွင် သီတင်းသုံးလျက်ရှိနေသည်။ အမောင်တို့သည် မြတ်စွာဘုရားကို ဆွမ်းအစာအာဟာရဖြင့် မြတ်နိုးကော်ရော် ပူဇော်ကြကုန်လော့၊ ယင်းသို့ မြတ်နိုးကော်ရော် ပူဇော်ခြင်းသည် အမောင်တို့အဖို့ နေ့ရက်ရှည်ကြာ စီးပွါးချမ်းသာဖြစ်လိမ့်"ဟု ပြောဆိုလေ၏။

ထိုစကားကို ကုန်သည်ညီနောင်တို့ကြား၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အသင့်ပါလာသော မုံ့ကြွက်ကျစ် (ဝါ) ပျားမုံ့ဆုပ်တို့ကိုဆက်ကပ်ကြသည်။ ထိုအခါက မြတ်စွာဘုရားတွင် ကုန်သည်ညီနောင်တို့ လှူဒါန်းသော မုံ့ကြွက်ကျစ် (ဝါ) ပျားမုံ့ဆုပ်တို့ အလှူခံရန် သပိတ်မရှိပေ။

## နတ်မင်းကြီးလေးပါး သပိတ်တော်တင်လှူခြင်း

တောထွက်လာစဉ်က ဃဋိကာရဗြဟ္မာမင်းကြီး လှူဒါန်းသော မြေသပိတ်တော်သည် ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာကျင့်စဉ်ကလည်း အလောင်းတော်နှင့်အတူ ရှိနေခဲ့သည်။ သုဇာတာ၏ နို့ဃနာဆွမ်းကို ခံယူမည့်နေ့ကမှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရသည်။ထို့ကြောင့် မြတ်စွာဘုရားသည် "ရှေးရှေး နောင်တော် ဘုရားတို့သည် အဘယ်အရာဖြင့် အလှူခံပါသနည်း"ဟု ကြံစဉ်တော်မူ၏။ ထိုစိတ်အကြံကို သိသော နတ်မင်းကြီးလေးပါး

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဣန္ဒနီလာ ကျောက်ညိုသပိတ် လေးလုံးတို့ကို မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြသည်။

မြတ်စွာဘုရားသည် ထိုဣန္ဒနီလာ ကျောက်ညိုသပိတ်လေးလုံးတို့ကို အလှူမခံဘဲ ပယ်မြစ်တော်မူသည်။ တစ်ဖန် နတ်မင်းကြီး လေးပါးတို့သည် ပဲနောက် အဆင်းရှိသော ပကတိ ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းကြပြန်သည်။ မြတ်စွာဘုရားသည် ပကတိ ကျောက်သပိတ် လေးလုံးတို့ကို အလှူခံပြီးလျှင် နတ်မင်းကြီးလေးယောက်ကို သနားချီးမြှောက်သောအားဖြင့် ထိုကျောက်သပိတ်လေးလုံးတို့ကို ထပ်လျက် "သပိတ်တစ်လုံးတည်းဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူလေသည်။ ထိုအခါ သပိတ်တော်သည် အနားလေးရစ်ရှိသော သပိတ်တော်ဖြစ်သွားသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ သပိတ်တော်၌ အနားရစ် လေးရစ်ရှိသည်။ မြတ်စွာဘုရားသည် ထိုသပိတ်ဖြင့်ပင်လျှင် ကုန်သည်ညီနောင်တို့ လှူဒါန်းသော မုံ့ကို ခံယူကာ သုံးဆောင်ဘုဉ်းပေးသည်။ ထို့နောက် ကုန်သည်ညီနောင်တို့သည် သာသနာတော်၌ ပဌမဆုံးသော ဒွေဝါစိက သရဏဂုံကို တည်စေပြီး ဆံတော်ရှစ်ဆူကိုလည်း ပေးသနား ချီးမြှင့်လိုက်လေသည်။

ဤသို့အားဖြင့် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် **"မဟာဗောဓိမဏ္ဍိုင် ခန်းဝါပိုင်ဝယ်"** **"သတ္တသတ္တာဟ"** ၄၉ ကြာအောင် ဝမ်းမြောက် ရွှင်ပြုံးသီတင်းသုံး နေထိုင်တော်မူခဲ့လေသည်တည်း။





## အခန်း(၁၃)

## ဂယာအနား ဗုဒ္ဓနေရာတော် ထမိုင်းရှုပ်ထွေးများ

### ဗုဒ္ဓဂယာ

"ဗုဒ္ဓဂယာ" ဟူသော အမည်သည် ဟိန္ဒူလူမျိုးတို့ခေါ်သော အမည်သာဖြစ်ပါသည်။ ဟိန္ဒူလူမျိုးတို့သည် သေလွန်လေပြီးသော သူများကို ရည်စူး၍ "မတကဘတ္တ"ခေါ် နှစ်ပတ်လည် ဆွမ်းတို့ကို လှူဒါန်း၍ အမျှပေးဝေသောအခါ ဗုဒ္ဓဂယာအနီးရှိ ဂယာမြို့ (ဗိဿနိုး နတ်ကွန်း) ၌တစ်ကြိမ်၊ ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက်၌တစ်ကြိမ် အားဖြင့် နှစ်ကြိမ်နှစ်ခါ ပေးလှူ အမျှပေးဝေမှ သေလွန်သူတို့ ပြိတ္တာဘဝမှ လွတ်မြောက်သည်ဟု အယူရှိကြသည်။ ထို့ကြောင့် ဟိန္ဒူလူမျိုးတို့သည် အဆိုပါ အမျှဝေရာဌာန နှစ်ခုတို့တွင် ဗုဒ္ဓဂယာကို ဂယာဌာနမှ ခွဲခြားသိလွယ်စေရန် ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိပင်ဌာနကို " ဗုဒ္ဓဂယာ" ဟု ခေါ်ကြလေသည်။

### ဗောဓိဗောဓိ စေတီတော်

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်မှာ မဟာဗောဓိပင်၏ အရှေ့မျက်နှာ၌ တည်ရှိပြီး ဖိနပ်တော် ၄၈ ပေ၊ ဉာဏ်တော်အမြင့် ၁၇၀ ပေမြင့်သည့်

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီး တစ်ဆူဖြစ်သည်။ ထို မဟာဗောဓိ စေတီတော်၏ ပဌမဆုံး အလှူရှင်မှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်သည်ဟု ဆိုကြသည်။ ယခု တွေ့မြင်နေရသော မဟာဗောဓိစေတီတော်မှာ အေဒီ ၇ ရာစု တရုတ်ရဟန်းတော် ဟူယင်ဆန်ရောက်လာစဉ်က ဖူးတွေ့ခဲ့ရသည့် ပုံအတိုင်းပင်ဖြစ်သည်။

စေတီတော်ကြီးသည် လေးဒေါင့်စပ်စပ်ပုံဖြစ်ပြီး ပင်မစေတီကိုယ်ထည်ကြီးမှာ အလယ်မှ အပေါ်ဘက်သို့ ခပ်လျှော့လျှော့ မြင့်တက်သွားသည်။ စေတီတော်၏ လည်ပင်း (ဖောင်းရစ်) ကို ပွတ်လုံးပုံ ဖေါ်ထားသည်။ ထို့အပြင် ဓမ္မစကြာအထိမ်းအမှတ် ဘီးကြီးအထက်၌ ဓာတ်တော်ကြုတ်ပုံနှင့် ထိပ်ဆုံးတွင် ကျောက်သားဖြင့် ထုလုပ်ထားသော လင်ဗန်းထီးတော်ကို တင်လှူပူဇော်ထားသည်။ စေတီတော်၏ ပထမပစ္စယံ အစွန်းလေးဒေါင့်တွင် စေတီရံ လေးဆူရှိသည်။ ထိုစေတီရံ လေးဆူမှာ စေတီတော်ကြီးနှင့် တစ်ပုံစံတည်းဖြစ်သည်။ ဤအရံစေတီငယ် လေးဆူသည် စေတီတော် မူလတည်ဆောက်စဉ်က ပါရှိခဲ့သော အစိတ်အပိုင်းများ မဟုတ်ဘဲ နောက်မှ ဖြည့်စွက်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပင်မအဆောက်အအုံမှ ထွက်နေသည့် ဆင်ဝင်အမိုးမှာ နောက်မှထည့် သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။ ဆင်ဝင်အမိုးမှ ကျောက်တိုင်လေးခု၊ တံခါးဘောင်များ၊ လှေကားထစ်များနှင့် ကြမ်းခင်းတို့မှတစ်ပါး စေတီတော် တစ်ခုလုံးကို အုတ်ဖြင့် တည်ဆောက်ထားသည်။

မဟာဗောဓိစေတီတော်ကြီး၏ နံရံကပ် လိုဏ်မုခ်တို့၌ ဘုရားရုပ်ထုတော်များ ထားရှိပြီး စေတီတော်ကြီး၏ အဆောက်အအုံ လေးမျက်နှာ နံရံတွင် ပုလဲကုန်းပုံများ၊ မင်းညီမင်းသားများ ပုံများ၊ ဈာန်ပျံရသေ့များ၏ ပုံတော်များ၊ ဗုဒ္ဓဆင်းတုတော်၏ ပုံတော်များဖြင့် ဆန်းကြယ်စွာ ထုလုပ်ပူဇော်ထားသည်။



စေတီတော်ကြီး၏ ပင်မဝင်ပေါက် တစ်ဘက်တစ်ချက်တွင် အခန်းငယ်ကဲ့သို့ ကလိုင်ပေါက် နံရံကပ်လိုဏ်မုခ် နှစ်ခုရှိပြီး လက်ဝဲဘက်၌ အဝလောကိတေသွာရ ဗောဓိသတ္တရုပ်ထု၊ လက်ျာဘက် ကလိုဏ်ပေါက်၌ရှိသော ဗုဒ္ဓဆင်းတုတော်မှာ အထူးသပ္ပါယ်သည်။ အရိမေတ္တေယ ဗောဓိသတ္တရုပ်ထုဖြစ်သည်။

မဟာဗောဓိစေတီတော်ကြီး၏ ပင်မဝင်ပေါက်မှ အခန်းအတွင်းထဲသို့ တည့်တည့်ဝင်သွားပါက အခန်း၏ အဆုံးတွင် ပင်မဘုရားဆောင်နေရာကို တွေ့ရသည်။ ဤပင်မဘုရားဆောင်နေရာကို ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတ (ဗောဓိ) ဉာဏ်ကို ရရှိသော နေရာတည့်တည့်၌ တည်ဆောက်ထားခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်သည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတ (ဗောဓိ) ဉာဏ်ကို ရရှိသော ပလ္လင်တော် နေရာသည် မဟာဗောဓိပင်နှင့် တစ်လံအကွာတွင် တည်ရှိသောကြောင့်ဖြစ်သည်။ မူလစေတီဒါယကာ အသောကမင်းကြီးသည် စေတီတော်ကြီးကို တည်ရာ၌ ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတ (ဗောဓိ) ဉာဏ်ကို ရရှိသော ပလ္လင်တော်နေရာကို ခြုံငုံ၍ တည်ထားခဲ့ဟန်တူသည်။ ဤနေရာကို ဘုရားရှင်တို့၏ အောင်မြေပလ္လင် (သဗ္ဗဗုဒ္ဓါနံ ပလ္လင်္ကံ)၊ ဤကမ္ဘာမြေ၏ စတင်ပေါ်ပေါက်ရာ ဇဟိုချက် (ပုထုဝိနာဘိ) စသည်ဖြင့် အမျိုးမျိုး ခေါ်ကြသည်။

## မဟာဗောဓိစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်

မဟာဗောဓိစေတီတော်အတွင်းရှိ ပလ္လင်တော်ပေါ်တွင် ရွှေရောင်ဝင်းလျက် မဟာပုရိသ ယောကျ်ားမြတ် လက္ခဏာနှင့် ပြည့်စုံပြီး အလွန်သပ္ပါယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြင်နိုင်ပါသည်။ ရှေးအခါက ဤ

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်တော် နေရာတွင် ရွှေသားပကတိဖြင့် သွန်းလုပ်ထားသော ဘုရားဆင်းတုတော်တစ်ဆူကို သီရိဓမ္မာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။ သို့သော် သီရိဓမ္မာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည့် ဘုရားဆင်းတုတော်ကို ခရစ်နှစ် (၅၀၀) ခန့်က မိစ္ဆာအယူရှိသူများ ခိုးဝှက်ဖျက်ဆီးပစ်ခဲ့ကြသည်။ တစ်ဖန် အမည်မသိရသော ဒါယကာတစ်ယောက်က ကျောက်ညိုဆင်းတုတော်တစ်ဆူကို ခရစ်နှစ် (၆၀၀) ကျော်က အစားထိုးပူဇော်ခဲ့ကြောင်း တရုပ်ရဟန်းတော် ဟူယင်ဆန်၏ မှတ်တမ်းအရ သိရသည်။

ခရစ်နှစ် ၈၀၀ နှင့် ၉၀၀ အကြားတွင် အမည်မသိရသော ဒါယကာတစ်ယောက်က လှူဒါန်းထားသော ကျောက်ညိုဆင်းတုတော် ပျောက်ဆုံး (ဖျက်ဆီးပစ်ခြင်းခံရ) သွားသည်။ ယနေ့ခေတ် ဘုရားဖူး သူတော်စင်များ ဖူးတွေ့နေရသည့် မဟာဗောဓိ စေတီတော်အတွင်းရှိ ဆင်းတုတော်ကို မဟန့်၏ နန်းတော်ထဲ၌ တွေ့ရှိခဲ့ပြီး ဗိုလ်ချုပ်ကန်နင်ဟမ်၏ တောင်းပန်မှုကြောင့် လက်ရှိနေရာ စေတီတော်အတွင်းသို့ ရွှေ့ပြောင်း ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

## မဟာဗောဓိပင်

မဟာဗောဓိစေတီတော်ကြီး၏ အနောက်ဘက်တွင် မဟာဗောဓိပင်ရှိသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဤမဟာဗောဓိပင်အောက်၌ပင် "သမ္မာသမ္ဗုဒ္ဓ"ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ မဟာဗောဓိပင်ကို "သမ္မာသမ္ဗောဓိပင်"ဟုခေါ်ကြသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဤမဟာဗောဓိပင်ရင်းရှိ အပရာဇိတ ရွှေပလ္လင်ထက်မှာ ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ၇ရက်ပတ်လုံး ဖလသမာပတ်ကို



ဝင်စားကာ သီတင်းသုံးခဲ့သည်။ ထို့အပြင် ဤနေရာဌာနသည် အဆူဆူသော ဘုရားရှင်တို့၏ ပွင့်တော်မူရာ အောင်မြေဌာနဖြစ်သောကြောင့် "အဝိဇဟိတ" ဌာနတစ်ခုလည်းဖြစ်သည်။ ထို့အပြင် သံဝေဇနိယ လေးဌာနတို့တွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယခုလက်ရှိ ဗောဓိပင်ကို ၁၉ ရာစုတွင် အင်္ဂလိပ်ကျောက်စာဝန် ကင်နန်ဟမ် စိုက်ပျိုးခဲ့ပြီး မူလဗောဓိပင်၏ သားစဉ်မြေးဆက်ဖြစ်ဖွယ်ရှိသည်။ ကန်နင်ဟမ်က ၁၈၉၂–ခုနှစ်တွင် ဤသို့ရေးသားခဲ့သည်။ " ၁၈၆၂–ခုနှစ်၊ ဒီဇင်ဘာလတွင် ကျွန်ုပ်သည် ဤဗောဓိပင်ကြီး အလွန်ဆွေးမြေ့ အိုမင်းနေသည်ကိုတွေ့ခဲ့ရသည်။ အနောက်ဘက်သို့ခက်မ (ကိုင်းကွဲ) သုံးခုနှင့် အကိုင်းကြီးတစ်ခုသည် စိမ်းလန်းဆဲဖြစ်သည်။ သို့ရာတွင် အခြားအကိုင်းများမှာ အခွံအခေါက် မရှိတော့ဘဲ ခြောက်သယောင်ဖြစ်နေပြီး ဖြစ်သည်။ ကျွန်ုပ်သည် ၁၈၇၁–ခုနှစ်တွင် တစ်ကြိမ်တွေ့ရပြီး၊ တစ်ဖန် ၁၈၇၅–ခုနှစ်တွင် တစ်ကြိမ်တွေ့ရပြန်သောအခါ ဗောဓိပင်ကြီးသည် လုံး၀ ဆွေးမြေ့အိုမင်းနေပြီးဖြစ်သည်။ မကြာမီ ၁၈၇၆ ခုနှစ်မှာပင် တစ်ခုတည်း ကြွင်းကျန်နေသည့် သစ်ပင်၏ အစိတ်အပိုင်းသည် လေမုန်းတိုင်း တိုက်ခတ်စဉ် အနောက်ဘက်သို့ ကျိုးကျသွားသည်။ ဤသို့ဖြင့် ဗောဓိပင်အိုကြီးမှာ သေဆုံးသွားခဲ့သည်။ သို့ရာတွင် အစေ့ပေါင်းများစွာ စုဆောင်းထားပြီးဖြစ်၍ လက်ရှိဗောဓိပင်ပေါ်ပေါက်လာရေးအတွက် လဲကျသွားသည့် ပင်အိုကြီးနေရာတွင် အစားထိုး စိုက်ပျိုးရန် ဗောဓိပင်ပျိုများ အဆင့်ဆင့် တည်ရှိပြီး ဖြစ်သည်။"

www.burmeseclassic.com

www.burmeseclassic.com



## ဗောဓိပင်ကို စုတ်ဖြတ်ခဲ့သူများ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က မဟာဗောဓိပင်သည် ပေပေါင်း တစ်ရာမကမြင့်သည်။ ဗုဒ္ဓဘာသာ မဟုတ်သူတို့ အကြိမ်ကြိမ်ခုတ်ဖြတ် ဖျက်ဆီးခဲ့ကြသော်လည်း ယနေ့တိုင် ပေ ၄၀၊ ၅၀ ခန့် မြင့်သေးသည်။

ဒဏ္ဍာရီအဆိုအရ အသောကမင်းသည် ဗုဒ္ဓဘာသာမဖြစ်မီက ဤမဟာဗောဓိပင်ကို ခုတ်လှဲခဲ့သော်လည်း အံ့သြဖွယ်ကောင်းစွာ တစ်ဖန်ချက်ချင်း ပေါက်ရောက်ကြီးထွားလာခဲ့သည်ဟုအဆိုရှိသည်။ ထိုအံ့သြဖွယ်ရာကို မြင်တွေ့ရသော အသောကမင်းကြီးသည် ကြောက်ရွံ့ထိပ်လန့်ခြင်းနှင့် မိမိပြစ်မှုအတွက် နောင်တပူပန်ခြင်း ဖြစ်လေသည်။ ထို့နောက် သူကိုယ်တိုင် အမွှေးနံ့သာရည်တို့ဖြင့် ရောနှောအပ်သော နို့ရည်ဖြင့် ပထမအပင်၏ အမြစ်ကို ဆေးကြော သွန်းလောင်းကာ ထူးမြတ်သော စေတနာ၊ သဒ္ဓါတရားဖြင့် ဗောဓိပင် ပြန်လည်ရှင်သန်လာအောင် ပူဇော်ခဲ့လေသည်။

အစဉ်အလာ အဆိုများအရ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးနောက် အသောကမင်းကြီးသည် မဟာဗောဓိပင်အား အလွန်ပင် ကြည်ညိုသွားခဲ့ကာ နန်းတော်သို့ပြန်ရန်ပင် သတိမရဘဲရှိနေခဲ့သည်ဆို၏။ အသောကမင်းကြီး၏ မိဖုရား တိဿရက္ခိတာသည် မင်းကြီးနန်းတော်သို့ ရက်ပေါင်းများစွာ ပြန်မလာ၍ မနာလိုဖြစ်ပြီး မဟာဗောဓိပင်ကြီးအား အမြစ်ပါမကျန် ခုတ်ဖြတ်ရန် စေတမန်၊ မှူးမတ်တို့အား အမိန့်ပေး ခုတ်ဖြတ်စေ၏။ စေတမန်၊ မှူးမတ်တို့ကလည်း မိဘုရားကြီး၏ အမိန့်တော်အတိုင်း မဟာဗောဓိပင်အား ခုတ်ဖြတ်ဖျက်ဆီးပစ်ကြလေသည်။

ထိုသတင်းကို ကြားသိရသော အသောကမင်းကြီးသည် ယခင်အတိုင်း မဟာဗောဓိပင်၏ အမြစ်ကိုဆေးကြောပြီး နို့ရည်တို့ဖြင့် သွန်းလောင်း



ပူဇော်လေရာ ချက်ချင်းပင် အပင်သစ်တစ်ပင် ပေါက်လာလေသည်။ ထိုအခြင်းအရာကိုမြင်သော အသောကမင်းကြီးသည် နောင်အခါ ရန်သူတို့ မဖျက်ဆီးနိုင်စေခြင်းငှါ မဟာဗောဓိပင်ကို ၁၀ ပေကျော်ခန့်မြင့်သော အုတ်တံတိုင်းတို့ ဝိုင်းရံတည်ဆောက် ကာရံထားခဲ့လေသည်။

ထို့နောက် ဘင်္ဂေါပြည်နယ် အလယ်ပိုင်း မူရှိဒါဗာဒ်မြို့အနီး ကန္နသုဝဏ္ဏမြို့မှ ဟိန္ဒူဘုရင် "သာသင်္က"မင်းသည် တစ်ကြိမ် မဟာဗောဓိပင်ကြီးအား ခုတ်ဖြတ်၍ အမြစ်ပါမကျန်တူးပြီး မီးရှို့ပစ်လေသည်။ မဂဓတိုင်းကို အစိုးရသော မောရိယနွယ်ဝင် "ပူရာဏဗာရမာ" မင်းက ထပ်မံ၍ မူလမဟာဗောဓိပင်မှ မျိုးစေ့ဖြင့် ပျိုးထောင်ပေး ခဲ့လေသည်။ ထိုနောက် ဘုရင် "သသင်္က" ကပင် နောက်ထပ်တစ်ကြိမ် မဟာဗောဓိပင်ကို ဖျက်ဆီးပစ်၍ မဂဓဘုရင် "ပူရာဏ ဗာရမာ"ကဘဲ နောက်ထပ်တစ်ကြိမ် ပြန်လည်စိုက်ပျိုးပြီးနောက် ရန်သူတို့ မဖျက်ဆီးနိုင်ရန် ကျောက်လက်ရန်းကြီးဖြင့် ကာရံထားခဲ့လေသည်။

ခရစ်နှစ် ၁၁၉၃-ခုနှစ်၊ မတ်လ၌ မဂိုလ်မင်း၏ စစ်ဗိုလ်မှူးကြီး "မိုဟာမက်ဂိုရီ"ဦးဆောင်သည့် စစ်ဗိုလ်၊ စစ်သား (၂၀၀၀) ခန့်လောက်တို့သည် ဗုဒ္ဓဂယာသို့ ရောက်လာကာ မဟာဗောဓိပင်နှင့်တကွ စေတီတော်၊ ဘုန်းတော်ကြီးကျောင်းများတို့ကို မီးရှို့ ဖျက်ဆီးပစ်ခဲ့သည်။

## ဗောဓိဗောဓိပင် မျိုးပွါးများ

ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိပင်မှ မဟာဗောဓိပင် မျိုးပွါးများသည် မြန်မာနိုင်ငံ အပါအဝင် ဗုဒ္ဓဘာသာ နိုင်ငံများ၌ ပျံ့နှံ့လျှက်ရှိသည်။ ထိုအထဲတွင် သမိုင်းရာဇဝင် အထောက်အထား ခိုင်လုံစွာဖြင့် ဗောဓိပင် မျိုးပွါးများကို စိုက်ပျိုးပူဇော်ခဲ့ကြသည်လည်း ရှိသည်။ ထို မဟာဗောဓိပင်များမှာ-

www.burmeseclassic.com

www.burmeseclassic.com



## အာနန္ဒာဗောဓိ

အာနန္ဒာဗောဓိသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကတည်းကပင် အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခဲ့သော ဗောဓိပင်ဖြစ်သည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ဝါတွင်း ၃-မျှသာ သီတင်းသုံးတော်မူ၍ ဝါကျွတ်သောအခါ ၉-လတို့ပတ်လုံး မြို့ရွာ အသီးသီးသို့ ဒေသစာရီလှည့်လည် ကြွချီတော်မူသည်။ သာဝတ္ထိ မြို့သူမြို့သားတို့သည် ဘုရားရှင်အား ဖူးမျှော်ရန် ဇေတဝန်ကျောင်းတော်သို့ လာသောအခါ ပန်းနံ့သာများကို ယူဆောင်လာလေ့ရှိကြသည်။ မြတ်စွာဘုရား ဒေသစာရီကြွချိန်၌ မဖူးမျှော်ရသဖြင့် ပူဇော်ရန် ယူဆောင်လာသော ပန်းနံ့သာများကို ဇေတဝန်ကျောင်းအဝတွင် စွန့်ပစ်ခဲ့ကြပြီး စိတ်နှလုံး မသာယာစွာဖြင့် ပြန်သွားကြရလေသည်။ ထိုအကြောင်းကို အရှင်အာနန္ဒာသည် မြတ်စွာဘုရား လျှောက်ထားလေရာ မြတ်စွာဘုရားကိုယ်စား ဗောဓိပင်ကို ပူဇော်ကြရန် မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူသည်။ အရှင်အာနန္ဒာသည် ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ မျိုးစေ့ကို ယူဆောင်ပေးပါရန် အရှင်မောဂ္ဂလာန်အား လျှောက်ထား၏။ အရှင်မောဂ္ဂလာန်သည် အဘိဉာဏ်တန်ခိုးဖြင့် ဗုဒ္ဓဂယာသို့ ကြွတော်မူ၍ မဟာဗောဓိပင်မှ မျိုးစေ့ကို အရှင်အာနန္ဒာအား ယူဆောင်ပေးသည်။

အရှင်အာနန္ဒာသည် ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ မျိုးစေ့ကို စိုက်ပျိုးရန် ကောသလမင်းကြီးလက်သို့အပ်၏။ "ဘုရင်မျိုးနွယ် မည်သည် အစဉ်အဆက် အရှည်တည်တံ့ရန်ခက်၏။ ကုန်သည်မျိုးနွယ်ကား အရှည်တည်တံ့နိုင်၍ ဗောဓိပင်ကို အစဉ်အဆက် စောင့်ရှောက်ခြင်းငှာ ဖြစ်နိုင်၏" ဟု ကြံရွယ်ကာ ကောသလမင်းကြီးသည် ဗောဓိမျိုးစေ့ကို အနာထပိဏ်သူဌေးကြီး၏ လက်သို့အပ်နှင်းသည်။ အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းပေါက်ဝ၌ ဗောဓိမျိုးစေ့ကို စိုက်ပျိုးလေသည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် စိုက်ပျိုးသောကြောင့် အာနန္ဒာဗောဓိ ဟုခေါ်သည်။



ဤနေရာ၌ စာဖတ်ပရိတ်သတ်များအနေဖြင့် ယခုလက်ရှိ အာနန္ဒာဗောဓိသည် မူလကစိုက်ပျိုးခဲ့သည့် ဗောဓိပင် ဟုတ်၊ မဟုတ်နှင့် ပတ်သတ်၍ စဉ်းစားသင့်ပေသည်။

ဇေတဝန်ကျောင်းတော်သည် နှစ်ပေါင်း တစ်ထောင်နီးပါးမျှ တောကြီးမျက်မည်းအဖြစ် လူသူလေးပါးကင်းမဲ့စွာ စွန့်ပစ်ခံထားခဲ့ရသည်။ အာနန္ဒာဗောဓိသည် မည်သည့်နေရာတွင် အမှန်တကယ်တည်ရှိသည်ဟု ဖေါ်ညွှန်ပြမည့် အစောင့်အရှောက်ပုဂ္ဂိုလ် မရှိခြင်းနှင့် တိကျခိုင်မာသော ရှေးဟောင်းသုတေသန အထောက်အထား မရှိခြင်းတို့ကြောင့် ယခုလက်ရှိ အာနန္ဒာဗောဓိပင်အား မူလအာနန္ဒာဗောဓိအဖြစ် ဖေါ်ပြကြသည်မှာ အတော်အတန် သံသယဖြစ်ဖွယ် ရှိနေပါသည်။ ဇာတက အဋ္ဌကထာတွင် အာနန္ဒာဗောဓိပင်ကို ဇေတဝန်ကျောင်းတိုက်၏ အဝင်ဝတွင် စိုက်ပျိုးထားခဲ့ကြောင်း ပြဆိုထားသည်။ သုတေသီများ သုတေသနပြုသင့်သည်။

## သီရိလင်္ကာရှိ ဗောဓိပင်

အသောကမင်းကြီး၏ သမီးတော် သံဃမိတ္တာသည်လည်း ဗုဒ္ဓဂယာရှိ (ပင်မ) မဟာဗောဓိပင်ကြီးမှ အကိုင်းတစ်ကိုင်း (တောင်ကိုင်း) ကို သီရိလင်္ကာသို့ ပင့်ဆောင်သွားခဲ့သည်။ ဤအကြောင်းအရာအတွက် သမိုင်းအထောက်အထားများ ခိုင်လုံစွာရှိသည်။ အဆိုပါ ဗောဓိကိုင်းမှ ရှင်သန်ပေါက်ပွားခဲ့သည့် ဗောဓိပင်သည် သီရိလင်္ကာနိုင်ငံ၏ ရှေးဟောင်းမြို့တော် အနုရာဓပူရတွင်

www.burmeseclassic.com

www.burmeseclassic.com



ယနေ့တိုင် တည်ရှိဆဲဖြစ်ပြီး ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသစ်ပင်တစ်ပင်အဖြစ် မှတ်တမ်းတင်ခံထားရသည်။

## အပရာဇိတပလ္လင်တော်

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့ ညနေချမ်းအချိန်တွင် မြတ်စွာဘုရား အလောင်းတော်သည် ဗောဓိမဏ္ဍိုင်သို့ ကြွလာခဲ့သည်။ လမ်းတွင် မြက်ရိပ်သမား သောတ္ထိယနှင့်တွေ့၍ မြက်ရှစ်ဆုတ်ကို လှူဒါန်းလိုက်သည်။ ဗောဓိမဏ္ဍိုင်သို့ ရောက်သောအခါ သောတ္ထိယ လှူဒါန်းလိုက်သော မြက်ရှစ်ဆုတ်ကို မဟာဗောဓိပင်၏ အရှေ့အရပ်တွင် အဖျားမှကိုင်၍ ကြဲဖြန်းလိုက်သည်။ ထိုခဏ၌ မြက်ရှစ်ဆုတ်သည် မြက်၏အသွင် ကွယ်ပျောက်၍ တစ်စုံတစ်ယောက်သော ပန်းချီဆရာ၊ ပန်းပုဆရာတို့ ရေးထုခြင်ငှာ မတတ်သာအောင် အလွန်ဆန်းကြယ်သည့် တစ်ဆယ့်လေးတောင် ပမာဏရှိသော ရတနာပလ္လင်ကြီးဖြစ်ကာ အလွန်အံ့ဩဖွယ်ကောင်းသော ပုံသဏ္ဌာန်ဖြင့် တည်ရှိနေလေသည်။

မြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်တော်မူရာ အပရာဇိတ ပလ္လင်တော် နေရာနှင့်ပတ်သတ်၍ လူတော်တော်များများ၏ မေးမြန်းခြင်းကို ခံရဖူးသည်။ "အပရာဇိတ ပလ္လင်တော်နေရာ ဘယ်မှာလဲ"ဟူ၍ ပင်ဖြစ်သည်။

ဘုရားရှင်၏ ဘုန်းတော်၊ တန်ခိုးတော်တို့ကို ကြည်ညိုကြ၍ သာမန်ပလ္လင်အဖြစ်ကို မလိုလား၊ ထူးခြားသော ပလ္လင်အဖြစ်ကို အလိုရှိကြသော အချို့သော သုတေသီများက စိန်ရတနာအတိပြီးသော ပလ္လင်အဖြစ် ကြံခဲ့ကြ၏။ ရေးသားဖော်ပြခဲ့ကြ၏။ "စုဒ္ဒသ ဟတ္ထော"ဟူသော ပါဠိကိုလည်း အမြင့်ဖြစ်သည်၊ အပြန့်ဖြစ်သည်ဟု အမျိုးမျိုးပင် ဆုံးဖြတ်ကြ၏။



ဗုဒ္ဓမတညကျမ်းပြုအရာ လိမ္မာတော်မူကြကုန်သော အဋ္ဌကထာဆရာကြီးများသည်လည်း ဘုရားကို အလွန်ကြည်ညိုကြသည်သာ။ အကယ်၍သာ အပရာဇိတ ပလ္လင်တော်သည် အချို့သော သုတေသီများ ကြံခဲ့ကြ ရေးသားဖော်ပြခဲ့ကြသလို စိန်ရတနာအတိပြီးသော ပလ္လင်အဖြစ်သာ တကယ်ဖြစ်ခဲ့ပါက အဋ္ဌကထာဆရာကြီးများက တခမ်းတနား ဝေဝေဆာဆာ ဖွင့်ပြကြမည်မှာ သေချာပါသည်။ သို့သော် အဋ္ဌကထာဆရာကြီးများက ထိုသို့ကား မဖွင့်ကြ။ ပကတိ အတိုင်းပင် ရိုးရိုး ရှင်းရှင်း ဖွင့်ပြထားကြသည်။

"ဗောဓိသတ္တော တဏ္ဍ စုဒ္ဒသ ဟတ္ထေ တိဏသန္ထရေ တိသန္ဓိ ပလ္လင်္ကံ အာဘုဇိတွာ (ပ) နိသီဒိ"(ဗုဒ္ဓဝံသ အဋ္ဌကထာ နှာ–၃၃၇)။

ဘုရားအလောင်းတော်သည် ၁၄–တောင်ရှိသော မြက်အခင်း၌ သုံးပါးသော အစပ်ရှိသော တင်ပျဉ်ကို ဖွဲ့ခွေ၍ (ပ) ထိုင်နေခဲ့၏။

ထိုအခင်းကိုသာ ပန်းချီဆရာ အရေးအကြောင်း ဆွဲထားသလိုဖြစ်နေကြောင်းဖြင့် ဖွဲ့ထားပါသည်။ ထို့အတူ ဇာတကဋ္ဌ (ပ) ၈၃ ၌လည်း အလွမ်ကျွမ်းကျင်သော ပန်းချီ၊ ပန်းပုတို့ မရေးမထုနိုင်လောက်သော ပုံဟန်မျိုးဖြင့် ထိုမြက်များ တည်နေကြောင်း မိန့်ဆိုခဲ့သည်။ အဋ္ဌသာလိနီ နိဒါနကထာ (၇) ၌လည်း "တိဏာနိ သဏ္ဌရိတွာ"ဟု သာမညသာ လာခဲ့သည်။

အပရာဇိတပလ္လင်တော် ပေါ်ပေါက်သော နေရာသည် မဟာဗောဓိပင်၏ အရှေ့အရပ်၊ မဟာဗောဓိပင်နှင့် တစ်လံအကွာတွင်ဖြစ်သည်။ထိုအပရာဇိတ ပလ္လင်တော်သည် ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက် မကြာမီကွယ်ပျောက်သွားသည်ဟု ကျမ်းဂန်တို့၌ ဖော်ပြကြသည်။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူပြီးနောက် ရွှေအိုးကြီးများ မရှိတော သကဲ့သို့ ဖြစ်သည်ဟု ယူဆနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ အပရာဇိတပလ္လင်တော် ပေါ်ပေါက်ခဲ့သည်ဟု ယူဆနိုင်သော နေရာသည် မဟာဗောဓိ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွါးတော် သီတင်းသုံးလျှက်ရှိသော ပလ္လင်တော်နေရာ ဖြစ်ဖွယ်ရှိသည်ဟု ယူဆနိုင်ပါသည်။

အသောကမင်းကြီးသည် မဟာဗောဓိစေတီတော်ကိုတည်ရာ၌ ပလ္လင်တော်နေရာကို ငုံ၍ တည်ထားခဲ့ဟန်တူသည်။ အဘယ်ကြောင့် ဤကဲ့သို့ ပြောဆိုရသလဲဟူမူ မဟာဗောဓိစေတီတော်ကို ခေတ်အဆက်ဆက် တိုးချဲ့မွမ်းမံ ပြင်ဆင်ထားကြသည့် အထောက်အထားရှိသည်။ ထိုသို့ တိုးချဲ့မွမ်းမံ ပြင်ဆင်ထားကြရာ၌ စေတီတော်သည် မူလတည်ခဲ့သူ၏ ပုံစံထက် ဉာဏ်တော်ပို၍ကြီးလာခြင်း သည်လည်း အကြောင်းတစ်ချက်ဖြစ်သည်။

ဒုတိယအချက်မှာ ရုက္ခဗေဒ သဘောအရ ပြောဆိုခြင်းသာဖြစ်သည်။ မဟာဗောဓိပင်သည် မူလက ယခုလက်ရှိနေရာမှ အရှေ့ဘက်သို့ တိုးကပ်၍ အနည်းငယ် အကွာအဝေးတွင် ရှိခဲ့သည်ဟု ယူဆရသည်။ မဟာဗောဓိ စေတီတော်ကိုတည်ဆောက်သည့်အခါ အရှေ့ဘက်မျက်နှာတွင် စေတီကြီးတည်ရှိနေသောကြောင့် မဟာဗောဓိပင်သည် အနည်းငယ် အနောက်ဘက်သို့ ရွှေ့လျော့သွားသည်ဟု ယူဆရမည်ဖြစ်သည်။

ထိုအပြင် မဟာဗောဓိပင်ကို အဆက်ဆက်ပြန်လည် စိုက်ပျိုးလာကြရာ နောက်ထပ် စိုက်ပျိုးသူသည် မဟာဗောဓိပင်ကို မဟာဗောဓိစေတီတော် နံရံနှင့်ပူးကပ်၍ စိုက်ပျိုးကြမည် မဟုတ်ဘဲ အနည်းငယ်နောက်သို့ ဆုတ်ကာ ဆုတ်ကာ စိုက်ပျိုးကြမည်သာဖြစ်သည်။ ထို့ကြောင့် အပရာဇိတပလ္လင်တော် ပေါ်ပေါက်ရာနေရာသည် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွါးတော် သီတင်းသုံးလျှက်ရှိသော ပလ္လင်တော်နေရာ ဖြစ်ဖွယ်ရှိသည်ဟု ယူဆနိုင်ပါသည်။



ဤအယူအဆများသည် စာရေးသူကိုယ်တိုင်၏ အကြိမ်ကြိမ်အခါခါ သုတေသနပြုထားခြင်းမှ ထွက်ပေါ်လာသော ရလာဒ်မျှသာဖြစ်သည်။

## ဒုတိယသတ္တာဟ အနိမိသစေတီ

မဟာဗောဓိစေတီတော် ပင်မဝင်ပေါက်၏ ညာဘက်ကုန်းမြင့်ထိပ်တွင် လုံးပတ်တော် တစ်ခုတည်းနှင့် စေတီတစ်ဆူရှိသည်။ ယင်းသည် မဟာဗောဓိစေတီတော် ပထမပစ္စယံတွင်တွေ့ရသော စေတီတော် တစ်ဆူနှင့် ဆင်တူသည်။ ဉာဏ်တော်အမြင့် ၃၅ ပေရှိပြီး စေတီ၏ အရှေ့ဘက်တွင် လိုဏ်မုခ်ရှိသည်။ အထဲတွင် ဘုရားအလောင်းရုပ်တုရှိသည်။ စေတီ၏ အလှူရှင်အမည်ကိုကား မသိရပေ။ ဤစေတီတော်နေရာမှ မြတ်စွာဘုရားရှင်သည် ရပ်တော်မူလျက် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို ခုနစ်ရက်ပတ်လုံး မမှိတ်သော မျက်လုံးအစုံဖြင့် တစိမ့်စိမ့် ရှုစားတော်မူခဲ့သည်။

## တတိယသတ္တာဟ ရတနာစင်္ကြံတော်

စေတီတော်ကြီးမြောက်ဘက်၌ အရှေ့အနောက် အလျား ၆၀ ပေ၊ အနံလေးပေ၊ အမြင့် ၃ ပေရှိသော စင်္ကြံလမ်းတစ်ခုကို ရတနာစင်္ကြံ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည်။ ယင်းအုတ်ခုံပေါ်၌ ခြေတော်ရာအဖြစ် ကြာပွင့် ၁၉ ပွင့် ထုလုပ်ထားသည်။ ရတနာစင်္ကြံ၏ မြောက်ဘက်၌ ကပ်လျက် အရှေ့အနောက်တန်းလျက်ရှိသော တိုင်ငုတ်များမှာ ယခင်ကစင်္ကြံ အမိုးတော်၏ တိုင်ငုတ်များ ဖြစ်ကြသည်။ ဤစင်္ကြံလမ်းနေရာတွင် မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ရက်သတ္တ နှစ်ပတ်အကြာတွင် ၇ ရက်ပတ်လုံး ဖလသမာပတ်ကိုဝင်စားကာ စင်္ကြံကြွနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထသတ္တာဟ ရတနာဃရစေတီ

စေတီတော်ကြီး၏ မြောက်ဘက် ပေ ၃၀၀ ခန့်အကွာတွင် တည်ရှိသည်။ အမိုးမရှိ၊ အုတ်နံရံမျှသာ ကျန်ရှိသည့် အုတ်တိုက်ငယ်တစ်ခုဖြစ်သည်။ ၁၄- ပေ×၁၁-ကျယ်သည်။ အဝင်တံခါးပေါက်သည် မြောက်ဘက်၌ ပါရှိပြီး အထဲတွင် ဗောဓိသတ္တရုပ်ထုရှိသည်။

## ပဉ္စမသတ္တာဟ ဆိတ်ကျောင်းညောင်ပင်

ယခုအခါ ဆိတ်ကျောင်းညောင်ပင် မရှိတော့ချေ။ ထိုနေရာ အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင် တစ်ခုရှိသည်။ ကျောက်တိုင်မှာ ကျိုးနေပြီး ၁၂ ပေခန့်သာ မြင့်တော့သည်။ စေတီတော်၏ အရှေ့မုခ်တည့်တည့် ပေ ၂၀၀ ခန့် အကွာတွင် တည်ရှိသည်။ အရှေ့မုခ် လှေကားအဆင်း အလယ်တည့်တည့်တွင် ဖြစ်သည်။ အချို့က နေရဉ္ဇရာမြစ် အရှေ့ဘက်ကမ်းရှိ ဟိန္ဒူဘုရားကျောင်းဝိုင်းကို ဆိတ်ကျောင်း ညောင်ပင် နေရာဟု ဆိုကြသည်။

## ဆဋ္ဌမသတ္တာဟ မုစလိန္ဒရေကန်

ကျည်းပင်ကို ပါဠိလို မုစလိန္ဒဟု ခေါ်သည်။ မဟာဗောဓိစေတီတော်၏ တောင်ဘက် ဆင်ဝင်အမိုးအနီးရှိ ရေကန်ကို မုစလိန္ဒအိုင်ဟု ဆိုကြသည်။ သို့သော် တိကျခိုင်မာသော အထောက်အထားကား မရှိချေ။ စေတီတော်ကြီး၏ အရှေ့တောင်ထောင့် တံတိုင်းအပြင်ဘက်၌ရှိသော ရေကန်ငယ်မှာ ရှေးခေတ်က အနီးအနားရှိ ရဟန်းတော်များ သုံးစွဲရန် တူးဖော်ထားသော ရေကန်ဟု ဆိုကြသည်။ သို့ရာတွင် အချို့က ထိုရေကန်ငယ်ကိုပင် မုစလိန္ဒအိုင် ဟု ဆိုကြသည်။



## ရာဇာယတန(လင်လွန်းပင်)

လင်လွန်းပင်ကို ရာဇာယတနဟု ခေါ်သည်။ ထိုနေရာတွင် အထိမ်း အမှတ်အဖြစ် အုတ်တိုက်ငယ်တစ်ခု ရှိသည်။ အုတ်ခုံ ၄ ပေခန့် မြင့်၍ အုတ်နံရံမှာ ၃ ပေခန့် မြင့်သည်။ ၅ ပေခန့် ကျယ်ဝန်း၍ အမိုးမရှိချေ။ ထို အုတ်တိုက်ငယ်၏ အရှေ့ဘက်၌ကပ်လျက် လင်လွန်းပင်တစ်ပင်ကို မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီးလှအောင် စိုက်ပျိုးထားခဲ့သည်ကို တွေ့ရသည်။

## ကျောက်လက်ရန်းများ

ကျောက်လက်ရန်းများကို စေတီရင်ပြင် ပတ်လည်၌ ကာရံထားသည်။ အသောကမင်းကြီး၏ ကောင်းမှုတော်ဟု ဆိုကြသည်။ အချို့ကမူ သုင်္ဂခေတ် လက်ရာများဟု ဆိုကြသည်။ ကြာပွင့်များနှင့် ငါးရာငါးဆယ် ဇာတ်တော်များကို ထုလုပ်ထားသည်။ အမြင့် ၈ ပေရှိပြီး ဒေါင်တန်း ၄ တန်းစီပါရှိသည်။ ယခုတွေ့မြင်နေရသော ကျောက်လက်ရန်းများသည် အစားထိုး ပြုပြင်ထားသည်ကများသည်။ မူလအလှူရှင် အသောကမင်းကြီး၏ကောင်းမှုတော် ကျောက်လက်ရန်းများသည် ပြတိုက်ထဲတွင် အပိုင်းအစအဖြစ်ဖြင့်သာ တွေ့မြင် နိုင်သည်။

## စေတီငယ်များ

မဟာဗောဓိစေတီတော်ကြီးအတွင်း၌ ကျောက်နက်ဖြင့် ထုက်လုပ်ထား၍ ချောမွတ် ပြောင်လက်နေသည့် စေတီငယ်များကို တွေ့နိုင်ပါသည်။ ဘုရားဒကာ ခံယူလိုသူများ လှူဒါန်းခဲ့ပုံရသည်။ အချို့သော စေတီငယ်များမှာ ရောဂါဝေဒနာ ပျောက်ကင်းရန် လှူဒါန်းခဲ့ကြသည်ဟုဆိုသည်။ မဟာဗောဓိ

www.burmeseclassic.com



စေတီတော်ကြီး၏ အရှေ့တောင်ထောင့်ရှိ စေတီကြီး ၂ ဆူမှာ ရဟန္တာ ဓာတ်တော် ဌာပနာသည့် စေတီများ ဖြစ်နိုင်သည်။

## ပဉ္စပဏ္ဏာဝဘုရားကျောင်း

ရင်ပြင်တော်ပေါ်၌ စေတီတော်ကြီးနှင့် ကပ်လျက် အရှေ့တောင်ထောင့်ရှိ ဘုရားကျောင်းကို "ပဉ္စပဏ္ဏာဝဘုရားကျောင်း" ဟု ခေါ်ကြသည်။ အရှေ့ အနောက်တန်း၍ဆောက်ထားပြီး အကန့်နှစ်ကန့် ခွဲထားသည်။ အတွင်း၌ ဗောဓိသတ္တ (ဘုရာအလောင်း) ရုပ်တုများရှိသည်။ အလှူရှင်အမည်ကို မသိရပေ။

## ဂူ

ရင်ပြင်တော်ပေါ်၌ ပဉ္စပဏ္ဏာဝ ဘုရားကျောင်း နှင့် လှူသွားလမ်း ကလေးခြားပြီး မျက်နှာချင်းဆိုင် တည်ရှိနေသည့် ဂူတစ်ခုရှိသည်။ အဆိုပါဂူသည် မဟာဗောဓိစေတီတော်ကြီးကို အပိုင်စီး အုပ်ချုပ်ခဲ့သော ဟိန္ဒူဘုန်းကြီး မဟန့် အဆက်အနွယ်မှ ဒုတိယမဟန့် (ကျိုက်တညဂီးရ်)၏ သင်္ချိုင်းဂူဖြစ်သည်။

## ဘုန်းကြီးကျောင်းအုတ်ခုံ

စေတီတော်ကြီး၏ အနောက်တောင်ထောင့်၌ ရှိသည်။ အပေါ်ပိုင်း လုံးဝမရှိတော့ပဲ အုတ်ခုံမျှသာ ကြွင်းကျန်သည်။ အေဒီ ၃ ရာစုက သီဟိုဠ်ဘုရင် မေဃဝဏ္ဏ၏ ကောင်းမှုတော်ဖြစ်သည်။ စေတီတော်ကြီး၏ တောင်ဘက်တွင်



ဘုန်းတော်ကြီးကျောင်းများနေရာ အုတ်ခုံများကို တွေ့မြင်နိုင်ပါသည်။ ရှေးခေတ်က ဤစေတီတော်ကြီး ပတ်လည်တွင် ဘုန်းကြီးကျောင်းတိုက်ကြီးများ တည်ရှိခဲ့သည်။

## သီပေါမင်းဇရပ်နှင့် မင်းတုန်းမင်းဇရပ်

စေတီတော်ကြီး၏ အနောက်ဘက်၌ သီပေါမင်းကောင်းမှု ဇရပ်တစ်ဆောင် ရှိခဲ့သည်။ ယခုအခါ ဇရပ်မှာ ပြိုပျက်သွား၍ သက်ဆိုင်ရာက ဖယ်ရှားလိုက်သဖြင့် မြေကွက်မျှသာ ကျန်တော့သည်။

မဟန့်နန်းတော်၏ တောင်ဘက် ပေ ၆၀၀ အကွာတွင် မင်းတုန်းမင်း၏ ဇရပ်တစ်ဆောင်ရှိသေးသည်။ ၁၈၇၄–ခုနှစ်က ဆောက်လုပ်ခဲ့သည်။ နှစ်ထပ်တိုက်ကြီးဖြစ်သည်။ ယခုအခါ ထိုဇရပ်ကြီးကိုဖျက်၍ မူလအုတ်ခုံပေါ်တွင် တထပ်တိုက် အသစ်တစ်လုံး ဆောက်လုပ်ထားသည်။ ဇရပ်၏ နံသားတွင် ကျောက်စာတိုင်နှစ်ခုရှိသည်။ ကျောက်စတိုင်များမှာ မြန်မာဆန်ဆန် စေတီပုံ အုတ်ပြာသာဒ်ငယ်များ ဖြစ်ကြသည်။

## မဟန့်နန်းတော်

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မြောက်ဘက် ကိုက် ၂၀၀–ခန့် အကွာတွင် ဟိန္ဒူဘုန်းကြီး မဟန့်၏ နန်းတော်ကြီးရှိသည်။ မြင့်မားသော အုတ်တံတိုင်းကြီးမှာ တောင်မြောက် ကိုက် ၆၀၀–ခန့်၊ အရှေ့အနောက် ကိုက် ၁၀၀–ခန့် ရှိသည်။ နေရဉ္ဇရာမြစ်နှင့် မော်တော်ကားလမ်းအကြားတွင် တည်ရှိသည်။ နှစ်ထပ်တိုက် တန်းလျားရှည်ကြီးကို အုတ်တံတိုင်းအတွင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်၌ ဆောက်လုပ်ထားသည်။ ရဲတိုက်ကြီးတစ်ခုနှင့် အသွင်တူသည်။ အထဲတွင် မဟာန့်ပိုင်နွားများကို မွေးမြူထားသည်။

## နေရဥ္စရာမြစ်

နေရဥ္စရာမြစ်သည် ဗုဒ္ဓဂယာ ပတ်ဝန်းကျင်တွင် ထင်ပေါ်ပြီး ဆွဲဆောင်မှုကောင်းသော မြစ်တစ်စင်း ဖြစ်သည်။ ဒေသခံများက "ဖလဂူမြစ်"ဟု ခေါ်ကြသည်။ မဟာဗောဓိစေတီတော်၏ အရှေ့ဘက် ကိုက် ၃၀၀–ခန့် အကွာတွင် တည်ရှိပြီး တောင်မှမြောက်သို့ စီးဆင်းလျက်ရှိသောမြစ်ဖြစ်သည်။ အလယ်၌ သောင်ထွန်းနေပြီး အရှေ့အနောက် မိုင်ဝက်ခန့်သာ ကျယ်သည်။ မိုးရာသီတွင်ရေစီးဆင်းမှုများသော်လည်း ဆောင်းနှင့်နွေတွင် ရေမရှိသလောက်ပေ။ နေရဥ္စရာမြစ်သည် ဂယာမြို့အနီးသို့ ရောက်သောအခါ မိုဟာနီမြစ်နှင့် ပေါင်းဆုံ၍ ဂင်္ဂါမြစ်အတွင်း စီးဝင်သွားသည်။

အဋ္ဌကထာကျမ်း (ဉဒါန ဋ္ဌ၊ ၂၄) ၌ နေရဥ္စရာဟူသော အမည်သည် အပြာရောင် (နီလ) နှင့် ရေ (ဇလ) က ဆင်းသက်လာသော အမည်ဖြစ်ကြောင်း ဖွင့်ဆိုကြသည်။ အပြာရောင် ကြည်လင်အေးမြသော ရေစီးဆင်းနေသောကြောင့် နေရဥ္စရာအမည်ရကြောင်းလည်း ဖော်ပြကြသည်။

## သုဇာတာအိမ်နေရာ

မဟာဗောဓိစေတီတော်ကြီး၏ မြောက်ဘက် ၂–ဖာလုံခန့် အကွာတွင်တည်ရှိပြီး နေရဥ္စရာမြစ် အရှေ့ဘက်ကမ်းကို ဖြတ်ကူး၍ အရှေ့ဘက်သို့ မိုင်ဝက်ခန့်သွားလျှင် "ဘကရောရ်ရွာ"ဦး၌ အုတ်ပုံကြီးတစ်ခုကို တွေ့ရသည်။



ယင်းအုတ်ပုံကြီးကို သုဇာတာအိမ်နေရာဟု ဆိုကြသည်။ ထိုအိမ်ရာမှာ စေတီတစ်ဆူ ကျိုးပျက်သွားသည့် ပုံသဏ္ဌာန် ဖြစ်နေပါသည်။ အသောကမင်းကြီးသည် သုဇာတာသူဌေးသမီး အိမ်ရာအဖြစ် နောင်လာနောက်သားတို့အား အမှတ်ရစိမ့်သောငှာ စေတီတော်တည်ထားခဲ့သည်ဟု ယူဆနိုင်ပါသည်။ ထိုရွာမှ အရှေ့ဘက်သို့ မိုင်ဝက်ခန့်ဆက်သွားလျှင် လယ်ကွက်များအကြား၌ ဟိန္ဒူဘုရားကျောင်းတစ်ခုရှိသည်။ ထိုဘုရားကျောင်းကိုလည်း သုဇာတာအိမ်ရာဟု အချို့က ဆိုကြသည်။ အချို့ကမူ ထိုဟိန္ဒူဘုရားကျောင်းကို ဆိတ်ကျောင်းသော်ပင်နေရာ (အဇပါလ )ဟု ဆိုကြသည်။

## သုဇာတာသူဌေးသမီး ယနာနို့ဆွမ်း ကပ်သည့်နေရာ

အထက်ဖော်ပြပါ ဟိန္ဒူဘုရားကျောင်း၏ အရှေ့မြောက်ဘက်ရှိ နေရာတွင် သုဇာတာသူဌေးသမီး ဘုရားအလောင်းတော်အား "ယနာနို့ဆွမ်း" ကပ်သည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးများက ကြီးကြပ်၍ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ပူဇော်ထားသည်။

## ဘုရားအလောင်း ဆွမ်းဘုဉ်းပေးသည့်နေရာ

သုဇာတာသူဌေးသမီး အိမ်နေရာမှ အရှေ့ဘက်သို့ မြောင်းငယ်တစ်ခုကိုဖြတ်၍ ကိုက် ၂၀၀–ခန့် သွားသည့်အခါ ဉနဲပင်တစ်ပင်၏ အရင်း၌ အုတ်ကျိုး အုတ်ပဲ့များကို တွေ့ရပါလိမ့်မည်။ ထိုနေရာတွင် မြတ်စွာဘုရားအလောင်း သုဇာတာသူဌေးသမီး လှူဒါန်းသော " ယနာနို့ဆွမ်း" ကို ၄၉–လုပ် ဘုဉ်းပေးသည့်နေရာဟု သတ်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေခွက်မျှောရာဌာန

ဆွမ်းဘုဉ်းပေးသောနေရာမှ အရှေ့ဘက် ပိုက် ၁၀၀–အကွာတွင် နေရဉ္ဇရာမြစ် စီးဆင်းနေသည်။ ထိုအနီးရှိ နေရဉ္ဇရာမြစ် အတွင်းမှာပင် ဘုရားအလောင်းတော်သည် ဆွမ်းမဘုဉ်းပေးမည် ရေသုံးသပ် (ရေချိုး) တော်မူခဲ့သည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ရွှေခွက်ကို အဓိဋ္ဌာန်ဖြင့် မျှော့ခဲ့သည့် နေရာလည်း ဖြစ်သည်။

## ဥရုဝေလကဿပရသေ့ သင်္ချိုင်းကျောင်း

မြတ်စွာဘုရားအလောင်းတော် ရွှေခွက်မျှောရာ အရပ်မှ ၁–ဖာလုံခန့် ဝေးကွာသော အရပ်တွင် ဥရုဝေလကဿပရသေ့ နေခဲ့သော သင်္ချိုင်းကျောင်းရှိသည်။ ယခုအခါ ဥရုဝေလကဿပရသေ့ မီးတင်းကုတ် နေရာ၌ နဂါးရုပ်တစ်ခုရှိနေသေးသည်။ ၄င်းနေရာတွင်ပင် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ အပါအဝင် သူ၏တပည့် ရသေ့များကို ချေချွတ်တော်မူခဲ့သည်။ သင်္ချိုင်းကျောင်း၏ မြောက်ဘက်တွင် သဲပုံတန်းကြီးကို တွေ့မြင်နိုင်ပါသည်။ ဥရုဝေလကဿပရသေ့ကြီး၏ တပည့်များသည် အပြစ်တစ်ခုကိုပြုမိတိုင် ထိုမိမိပြုခဲ့သော အပြစ်ကို ဝန်ခံသောအနေအားဖြင့် သဲတစ်ပြည်စီ စုပုံရသည်။ ဤသို့အားဖြင့် မိမိပြုမိသော အပြစ်ကိုဝံခံတိုင်း သဲပုံကြသောကြောင့် သဲပုံတန်းကြီး ဖြစ်နေခဲ့ခြင်းဖြစ်သည်။ ထို ဥရုဝေလတောအုပ်မှာ သုံးလလောက် အချိန်ယူကာ ကဿပညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်ခဲ့ရလေသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ပထမဝါကို တရားဦးဟောတော်မူရာ မိဂဒါဝုန်တော၌ ဝါဆိုခဲ့သည်။ ပထမဝါကျွတ်တော်မူသည့်နေ့၌ ဥရုဝေလကဿပရသေ့ ညီနောင်ရှင်တစ်ထောင်တို့



ရှိရာ ဥရုဝေလတောအုပ်သို့ ကြွရောက်လာခဲ့သည်။ ဥရုဝေလကဿပရသေ့ ညီနောင် ရှင်တစ်ထောင်တို့၏ အဓိက ကျင့်စဉ်သည် မီးကိုပူဇော်သည့် "ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်" အကျင့်ပင်ဖြစ်သည်။

ထိုအကျင့်သည် လူတို့ပျက်ရည်ပြုစရာ အကျင့်တစ်ခုဟု ထင်ကောင်းထင်နိုင်သော်လည်း ထိုခေတ် အခါက တိုင်းပြည်အုပ်ချုပ်သူ အပါအဝင် လူအများ၏ အထူးလေးစားခြင်းခံရသော အကျင့်ဖြစ်သည်။

မဂဓတိုင်း၏ ရာသီဥတုသည် အေးသည့်ရာသီ၌ နိုက်နိုက်တုန်အောင်အေးပြီး ပူပြင်းသည့် ရာသီအချိန်တွင်လည်း အပြင်သို့ မထွက်ဝံ့လောက်အောင် အပူချိန်မြင့်မား ပြင်းထန်လွန်းလှပါသည်။ ထိုကဲ့သို့သော ရာသီဥတုရှိသော ဒေသ၌ သူတို့သည် ငါးပါးအာရုံ ကာမဂုဏ်သို့ စိတ်မရောက်အောင် အေးသည့်အချိန်၌ ရေထဲမှာ စိမ်နေကြသည်။ ပူပြင်းသည့် အချိန်မှာလည်း မီးလှုံနေကြသည်။ အားလပ်သည့်အချိန်၌ တုံးခုန်နေသည်။ ဇယ်ခတ်နေကြသည်။ စိတ်ထဲ၌ ကာမဂုဏ်စိတ် ဖြစ်ပေါ်ခွင့်မရအောင် စိတ်ကို အလွတ်မထားဘဲ ကျင့်ခြင်းပင်ဖြစ်သည်။

မြတ်စွာဘုရားသည် မိဂဒါဝုန်တောမှ ကြွလာပြီး ဥရုဝေလကဿပရသေ့ကြီးထံ တစ်ည တည်းခိုခွင့်တောင်းရာ အလွန်အဆိပ်ပြင်းသည့် နဂါးကြီးတစ်ကောင်နေသော မီးတင်းကုတ်အတွင်း၌ တည်းခိုခွင့်ပြုသည်။ ဘုရားနှင့်နဂါး တစ်ညလုံး တန်ခိုးပြိုင်ကြရာ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် နဂါးမင်း အဆိပ်ကင်းမဲ့၍ သပိတ်အတွင်း ထည့်သွင်းယူဆောင် ပြသသည်။ ကဿပအမျိုးရှိသည့် ရသေ့များက မျက်ဝါးထင်ထင် မြင်တွေ့ရ၍ အထူးပင် တအံ့တဩ ဖြစ်ကြရသည်။ သို့သော် ကဿပရသေ့ကြီးက–

www.burmeseclassic.com

www.burmeseclassic.com



" ရဟန်းကြီးက တန်ခိုးကတော့ အံ့မခန်းကြီးပါတယ်၊ ဒါပေမဲ့ ငါတို့လို အာသဝက္ခယခန်းသူတွေတော့ မဟုတ်သေးဘူး"ဟုသာ မှတ်ထင်နေသည်။

မြတ်စွာဘုရားသည် ကဿပအမျိုးရှိသည့် ရသေ့များအား ထင်သာမြင်သာရှိသော တန်ခိုးပြာဋိဟာကြီး ၁၆-ကြိမ်အပါအဝင် စုစုပေါင်း တန်ခိုးပြာဋိဟာ ၃၅၁၆-ကြိမ် တိတိကို ပြသခဲ့ရသည်။ ရသေ့ငါးရာတို့ ရေချိုးပြီးနောက် မီးလှုံရန်အတွက် ထင်းခွဲခြင်း၊ မီးညှိခြင်း၊ မီးငြိမ်းခြင်းတို့ကို တန်ခိုးတော်ဖြင့် ကူညီဖန်တီးပေးတော်မူခဲ့သည်။ သို့သော် သူတို့၏ အထင်မှားမှုကို မစွန့်လွှတ်နိုင်ဘဲ သူတို့ကို သူတို့ အာသဝက္ခယခန်းသူတွေ အဖြစ်သာထင်နေကြသည်။ နောက်ဆုံးတော့ မြတ်စွာဘုရားက-

" အို ကဿပ၊ သင်ဟာ အာသဝက္ခယခန်းတဲ့ ရဟန္တာလည်း မဟုတ်။ အရဟတ္တမဂ်ကို ဆိုက်ရောက်သူလည်း မဟုတ်။ သင့်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ဖို့အတွက် အကျင့်မှန်လည်း မြူမှုန်မျှလောက်ပင် မရှိသေးဘူး" ဟု ရှင်းရှင်းကြီး မိန့်ကြားလိုက်သည်။ ထိုအခါ အထိတ်တလန့်ဖြစ်ပြီး သံဝေဂရကာ မြတ်စွာဘုရားထံမှာ ရဟန်းပြုခွင့်တောင်းသည်။

မြတ်စွာဘုရား ပွင့်တော်မမူမီကတည်းက ကဿပရသေ့ ညီနောင်ရှင်တစ်ထောင်တို့သည် ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းအနီး၌ နေထိုင်လျက် ရှိကြသည်။ ဥရုဝေလကဿပရသေ့ကြီးသည် ရသေ့ငါးရာတို့၏ အကြီးအမှူး ဖြစ်သည်။ မြစ်၏ အထက်အညာဆုံးအရပ်မှာနေသည်။ ညီအလတ် နဒီကဿပသည် ရသေ့သုံးရာတို့ကို ဦးဆောင်ပြီး မြစ်၏ အလယ်အရပ် ဆိပ်ကမ်း၌ နေထိုင်သည်။ ညီအငယ်ဆုံး ဂယာကဿပသည် ရသေ့နှစ်ရာတို့နှင့်



အောက်ဆုံးမြစ်ဆိပ်တွင်နေသည်။ အားလုံး ညီနောင်သုံးယောက်ဦးဆောင်၍ ရသေ့ပေါင်း တစ်ထောင်ရှိသည်။

နောင်တော်ကြီးဖြစ်သူ ဥရုဝေလကဿပရသေ့ကြီး ရှင်ရဟန်းအဖြစ်ကို တောင်းခံလာသည့် အခါတွင် မြတ်စွာဘုရားရှင်က-

" အို ကဿပ သင်ဟာ ရသေ့ငါးရာတို့ရဲ့ အကြီးအမှူး ရှေ့ဆောင်ဦးစီး ပါမောက္ခကြီး ဖြစ်တယ်။ အဲဒီတပည့်ငါးရာတို့ကိုလည်း ခွင့်ပန်စကားပြောကြားပါ။ ဒါမှသာ အဲဒီတပည့်ငါးရာတို့ဟာလည်း သူတို့ ဆန္ဒရှိရာတွေကို ရွေးချယ်ပြုလုပ်ခွင့် ရကြလိမ့်မယ်" ဟု မိန့်ကြားတော်မူသည်။

မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဥရုဝေလကဿပရသေ့ကြီးသည် တပည့်ငါးရာတို့၏ နေရာသို့ သွားရောက်လျက်-

"အို ဆရာတို့ ကျွန်ုပ်ဟာ ရဟန်းကြီးထံမှာ တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်သုံးဖို့ ဆုံးဖြတ်လက်ခံပြီးပါပြီ။ အရှင်တို့လည်း မိမိသဘောနှစ်ခြိုက်ရာကို ပြုတော်မူကြပါကုန်"ဟု ပြန်ကြား ပြောဆိုလေသည်။ ထိုအခါ ရသေ့ငါးရာတို့သည်-

"အို အရှင်ဆရာကြီး ကျွန်ုပ်တို့ဟာ နဂါးမင်းကို ဆုံးမတဲ့ အချိန်ကတည်းက ရဟန်းကြီးအပေါ်မှာ ကြည်ညိုရင် ရှိနေကြတာပါ။ အရှင်ဆရာကြီး ရဟန်းကြီးထံမှာ တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်သုံးမယ်ဆိုရင် ကျွန်ုပ်တို့ငါးရာလုံးကလည်း အလားတူ ကျင့်သုံးကြပါမယ်" ဟု ပြန်လေပြော ဆိုကြသည်။

ဥရုဝေလကဿပရသေ့ကြီးနှင့် တပည့်ငါးရာတို့သည် ဆံပင်များ၊ ဆံကျစ်ဝန်းများ၊ မီးဆုံ၊ ကရား၊ အပ်စသော ရသေ့ပရိက္ခရာများ၊ ထမ်းပိုးများ၊ မီးမွှေးယောက်မစသည့် မီးပူဇော်ဖွယ် အသုံးအဆောင်များကို နေရဉ္ဇရာမြစ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မျှောလိုက်ကြပြီး မြတ်စွာဘုရားထံမှာ ရှင်ရဟန်းအဖြစ် တောင်းခံကြသည်။ မြတ်စွာဘုရားသည် လက်တော်ကို ဆန့်တန်းပြီး "ဧထ ဘိက္ခဝေါ" စသည့် စကားဖြင့် မိန့်ကြားတော် မူလိုက်သည်နှင့် တပြိုင်နက် ရသေ့အားလုံးတို့သည် ဣဒ္ဓိမယ (ဘုန်းတံခိုးကြောင့်ပြီးသော) ပရိက္ခရာရှစ်သွယ် အပြည့်အစုံတို့ကို စနစ်တကျ ကိုယ်ဆင်မြန်းပြီး ဝါတော် ၆၀-ရ မထေရ်ကြီးများပမာ ရဟန်း ပြုပြီးသား ဖြစ်သွားသည်။

ဥရုဝေလကဿပရသေ့ကြီးနှင့် တပည့်ငါးရာတို့ မျှော့လိုက်သော ရသေ့ပရိက္ခရာတို့ကို အောက်အကြေ ဆိပ်ကမ်း၍နေသော ညီအလတ် နဒီကဿပရသေ့တို့ တွေ့မြင်ကြသည့်အခါ အကြောင်းစုံကို သိလို၍ စုံစမ်းရန် လိုက်လာကြသည်။ ထိုရသေ့တို့သည်လည်း မြတ်စွာဘုရားထံသို့ရောက်၍ အလားတူ ဧဟိဘိက္ခု ရဟန်းအဖြစ် ရကြပြန်သည်။

အောက်အကြေဆိပ်ကမ်း၌နေသော ညီအငယ် ဂယာကဿပနှင့် ရသေ့များသည် နောင်တော်များနှင့် ရသေ့များ၏ ပရိက္ခရာများကို တွေ့မြင်ရ၍ အကြောင်းထူးကို စုံစမ်းရန် လိုက်လာကြပြီး ရှေးနည်းအတူ ရဟန်းအဖြစ်ကို ရရှိသွားကြသည်။ စုစုပေါင်း **"ရသေ့ညီနောင် ရှင်တစ်ထောင်"** တို့ ရဟန်းဖြစ်သွား ကြပြီးဖြစ်သည်။

## အာဒိတ္တ ပရိယာယ ဓမ္မဒေသနာ

မြတ်စွာဘုရားသည် ရဟန်းဖြစ်သွားပြီးဖြစ်သော ရသေ့ညီနောင် ရှင်တစ်ထောင်တို့နှင့်အတူ ဂယာရွာ၊ (ယခု ဂယာမြို့) အနီး၌ရှိသည့် ဂယာသီသ (ဆင်ဦးခေါင်းနှင့်တူသည့်) တောင်ပေါ် ကျောက်ဖျာကြီး ရှိရာအရပ်သို့ ကြွသွားတော်မူပြီး သီတင်းသုံးနေထိုင်ကြသည်။



ထိုဂယာသီသတောင်ပေါ်၌ ရဟန်းတစ်ထောင်တို့အတွက် ဟောသင့်သည့်တရားကို ဆင်ခြင်သုံးသပ် တော်မူသည့်အခါ "ဒီရဟန်းတွေဟာ ရသေ့ဘဝတုန်း ညဥ့်တိုင်း၊ နံနက်တိုင်း မီးကိုလုပ်ကျွေး ပူဇော်လေ့ရှိခဲ့ကြတယ်၊ သူတို့တွေရဲ့ အလိုအဇ္ဈာသယနဲ့ သင့်လျော်မယ့် "အာဒိတ္တ ပရိယာယ" သုတ္တန်ကို ဟောကြားတော်မူသော် ထိုရဟန်းတစ်ထောင်တို့ အရဟတ္တဖိုလ်ထိ ဆိုက်ရောက်ကြလိမ့်မယ်" လို ဆုံးဖြတ်ချက်ချတော်မူပြီးလျှင်-

ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဖဿပစ္စယာ ဝေဒနာ တစ်ဆယ့်ရှစ်ပါး၊ ( ဝေဒနာခြောက်ပါးကို သုခ၊ ဒုက္ခ ဥပေက္ခာနှင့်ပွား)၊ ဤတရား အလုံးစုံတို့ကို ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး၊ ဤတစ်ဆယ့်တစ်ပါးသော မီးတို့၏ တညီးညီးတပြောင်ပြောင် တောက်လောင်နေပုံကို ထင်ရှားပြသည့် "အာဒိတ္တ ပရိယာယ ဓမ္မဒေသနာ" တော်ကို ဟောတော်မူသည့်အခါ ရဟန်း တစ်ထောင်တို့အားလုံး မဂ်ဉာဏ်လေးဆင့် အစဉ်အတိုင်း တက်မြင့်၍ အာသဝက္ခယ ရဟန္တာအရှင်မြတ်များ ဖြစ်သွားကြပါလေတော့သည်တည်း။

## ဗုဒ္ဓသက်သေတော်တာ ဥရုဝေလတော

ဗုဒ္ဓဂယာရှိ ဥရုဝေလတောသည် မြတ်စွာဘုရားအလောင်းတော် ဘုရားအဖြစ်သို့ မရောက်မီ ၆-နှစ်ကြာအောင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခဲ့သည့်နေရာဖြစ်သည်။ ဤနေရာ ဤဒေသသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးမှ ဘုရားဖူးပရိတ်သတ်များ၊ သုတေသီများ ဖူးမျှော်လေ့လာကာ လာရောက်မစဲ တသဲသဲ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား အလောင်းတော်သည် သက်တော် ၂၉ နှစ်အရွယ်မှာ တောထွက်လာပြီး အနော်မာသောင်ယံမှာ ကိုယ်တိုင်ရဟန်းပြုခဲ့သည်။ ထို့နောက် ဆရာပေါင်းစုံတို့၏ အထံမှာ အကျင့်တရားနှင့်ပတ်သတ်၍ နည်းခံကာ တရားရှာရင်း ဤဥရုဝေလတောသို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော် ဥရုဝေလတောသို့ ရောက်ခါစ ဥရုဝေလတောနှင့် ပတ်သတ်သည့် ထိုခေတ် ပတ်ဝန်းကျင်အခြေအနေများကို ဗုဒ္ဓစာပေကျမ်းဂန်များ၌ ဤသို့ဖေါ်ပြထားကြသည်။

"ကောင်းမှုကုသိုလ်ကို ရှာမှီးသူအဖြစ် အတုမည့် အနှိုင်းမဲ့ ငြိမ်းချမ်းမှုလမ်းစဉ်ကို ရှာဖွေလျက် မဂဓနိုင်ငံတော်တစ်လွှား လှည့်လည်လာစဉ် ငါဘုရားသည် စစ်တပ်မြို့တော်ဟောင်းဖြစ်သည့် ဥရုဝေလရွာသို့ ရောက်လာခဲ့သည်။

ဥရုဝေလာတွင် ပြေပြစ်သည့် မြေပြန့်လွင်ပြင်၊ နှစ်သက်ဖွယ်တောအုပ်၊ အနီးတွင် ဆွမ်းခံရွာနှင့် လှပသည့် မြစ်ဆိပ်၊ ကြည်လင်စွာ စီးဆင်းနေသည့် နေရဉ္ဇရာမြစ်တို့ကို တွေ့မြင်မိသည်။

ဤသို့ဖြင့် ငါဘုရားသည် "ဤနေရာကား အရွယ်နှင့်ပြည့်စုံသူ လူငယ်တစ်ယောက်အဖို့ လွတ်မြောက်မှုအတွက် ကြိုးစားရန် ကောင်းမြတ်သည့် နေရာအမှန်ဖြစ်၏" ဟု ဆင်ခြင်မိသည်။ သို့ဖြင့် ငါဘုရားသည် "ဤနေရာကား ငြိမ်းချမ်းမှုကို ရှာဖွေရန် နေရာကောင်း အမှန်ဖြစ်၏" ဟု ဆုံးဖြတ်ပြီး ဥရုဝေလာတွင် အခြေချခဲ့ပေသည်။" (မ၁၊ ၂၂၃)။

ထို့အပြင် ဤဥရုဝေလတော၌ အလောင်းတော်အရှင်မြတ်သည် ၆-နှစ်ကြာအောင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့စဉ်က အစာအာဟာရ စားသုံးရန်အတွက် အလိုလိုကြွေကျနေသည့် သစ်သီးကြီးငယ်တို့ကို တောတောင်အနှံ့ လိုက်ရှာ၍ ကောက်ယူ စားသုံးခဲ့ကြောင်းပါရှိသည်။



တစ်ဖန် အစာအာဟာရ စားသုံးရန်အတွက် အလိုလိုကြွေကျနေသည့် သစ်သီး ကြီးငယ်တို့ကို တောတောင်အနှံ့ လိုက်ရှာ၍ ကောက်ယူ စားသုံးခြင်း မပြုတော့ဘဲ မိမိတရားအားထုတ်နေရာ သစ်ပင်နှင့် အနီးအနားတစ်ဝိုက်မှ သဘာဝအလျောက် ကြွေကျနေသည့် သစ်သီး ကြီးငယ်တို့ကိုသာ ကောက်ယူစားသုံးခဲ့ကြောင်း ပါရှိသည်။

ဤဖေါ်ပြချက်တို့သည်မြတ်စွာဘုရားအလောင်းတော် တောထွက်လာစဉ်က ထိုခေတ် ဥရုဝေလတော၏ ပတ်ဝန်းကျင် အကြောင်းတို့ကို မီးမောင်းထိုးပြနေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဘဂ္ဂတိုင်း၊ သံသုမာဂီရိ၌ ဗောဓိမင်းသားအား ပြောကြားခဲ့သော ဒေသနာအရ သိရခြင်းဖြစ်သည်။

## ရှုဖွယ်ကောင်း ဥရုဝေလ

ဥရုဝေလတောင်ကို အဝေးမှကြည့်ပါက ကျောက်ဆောင်ကျောက်သားတို့ အတိပြီးသော ကျောက်တောင်ကြီးတစ်တောင် ဖြစ်နေသည်ကို တွေ့မြင်နိုင်ပါသည်။ တောင်၏အောက်ခြေတွင် သက်ဆိုင်ရာက စိုက်ပျိုးထားသော မဲဇလီပင်၊ တမာပင်နှင့် အခြားသော သစ်ပင်တို့ကို တွေ့ရသည်။ တောင်၏ အထက်ပိုင်းတွင် သစ်ပင်များ လုံးဝပေါက်ရောက်ခြင်း မရှိဘဲ ကျောက်သားအတိဖြစ်ကာ တောင်ကတုံး ဖြစ်နေလေသည်။

စာရေးသူသည် မဟာဗောဓိမ္မရိပ်သာဆရာတော်၏ ချီးမြှင့်မှုကြောင့် အခါအားလျော်စွာ မြန်မာဘုရားဖူး ပရိတ်သတ်များကို ဦးဆောင်ကာ ဥရုဝေလတောင်သို့ သွားရောက်၍ ရှင်းပြရသည်။

ဥရုဝေလတောင်အကြောင်းနှင့်ပတ်သတ်၍ ရှင်းပြရာတွင် မြတ်စွာဘုရား အလောင်းတော်ဘဝတုန်းက ၆-နှစ်ကြာအောင် ဒုက္ကရစရိယာ အကျင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ကျင့်ခဲ့ပုံ၊ သဘာဝအလျောက် အလိုလိုကြွေကျသည့် သစ်သီး ကြီးငယ်များကို ကောက်ယူစားသုံးခဲ့ပုံများကို ပြောပြသည်။

ထိုအခါ ဘုရားဖူးများထဲမှ တစ်ဦးစ တစ်ယောက်စသော သူတို့က စောဒကတက် သည်ကို ကြုံတွေ့ရဖူးသည်။ "အရှင်ဘုရား သစ်ပင်လဲ မရှိတဲ့နဲ့ ဘယ်သစ်ပင်က သစ်သီးကို ကောက်ယူ စားသုံးရမှာလဲဘုရား"ဟူ ၍ပင် ဖြစ်သည်။

ထိုအခါ စာရေးသူက အကျိုးသင့် အကြောင်းသင့် ရှင်းပြသည်။ ဥရုဝေလတောင်သို့ အလောင်းတော်အရှင်မြတ် တောထွက်လာသည့်အချိန်မှသည် ယနေ့အချိန်အထိ နှစ်ပေါင်း သုံးထောင်နီးပါး ရှိနေပြီးဖြစ်ကြောင်း။ ထိုနှစ်ပေါင်း သုံးထောင်နီးပါးတို့တွင် သဘာဝဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် မြေဆီမြေလွှာများ ခန်းခြောက်ပြီး ယခုကဲ့သို့ တောင်ကတုံး ဖြစ်သွားနိုင်ကြောင်း ပြောပြသည်။ သို့သော် ထိုရှင်းပြချက်ကို အချို့က လက်ခံ ချင်ဟန်မတူကြပေ။ အမှန်ကို ဝန်ခံရသော် စာရေးသူ ကိုယ်တိုင်ပင် မိမိရှင်းပြချက်ကို အားမလိုအားမရ ဖြစ်မိသည်။

ထို့ကြောင့် စာရေးသူသည် ဥရုဝေလတောင်နှင့် ပတ်သတ်သည့် အကြောင်းအရာတို့ကို တွေ့ပါက သတိထား၍ လေ့လာမှတ်သားသည်။ ဥရုဝေလတောင်သို့ လူကိုယ်တိုင် ရောက်တိုင်းလည်း စနစ်တကျ လေ့လာမှတ်သားသည်။ လက်လှမ်းမီရာ အချို့သော သက်ကြီးရွယ်အိုများကိုလည်း မေးစမ်းကြည့်သည်။

တစ်နေ့တွင် ဥရုဝေလတောင်နှင့် ပတ်သတ်သည့် အဖြေတစ်ခု ဒေသခံတစ်ဦးဆီမှ ရေးတေးတေး ပေါ်လာသည်။ ထိုအဖြေသည် စာရေးသူကိုယ်တိုင် သဘောတွေ့သည့် အဖြေပင်ဖြစ်သည်။ စာဖတ်ပရိတ်သတ်များလည်း စာရေးသူနှင့်ထပ်တူထပ်မျှ သဘောကျကောင်း ကျနိုင်ပါသည်။ ထိုအဖြေမှာ–



ဤဥရုဝေလတောင်သည် မြတ်စွာဘုရားအလောင်းတော် တောထွက်တော်မူလာစဉ်က သစ်ပင်၊ ပန်းမာလ်တို့ဖြင့် စိမ်းစိုဝေဆာနေသော သာမောဘွယ်ရာ တောဝနာတစ်ခု အမှန်ပင် ဖြစ်ခဲ့လိမ့်မယ်ဟု ယုံကြည်ရပါသည်။ သို့သော် ဤဥရုဝေလတောင်သည် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် လွန်ခဲ့သော အေဒီ ၁၇၊ ၁၈–ရာစုခန့်က မီးတောင်ဖြစ်ပေါ် ခဲ့ပြီး ထိုမီးတောင်၏ အချိန်ပြင်းစွာ ပေါက်ကွဲမှုကြောင့် ချော်ရည်များ စီးဆင်းကာ တောတစ်တောလုံး ပြုန်းတီးသွားခဲ့ပြီး ယခုကဲ့သို့ တောင်ကတုံးအဖြစ် တွေ့မြင်နေရခြင်း ဖြစ်ကြောင်း သိရှိရသည်။

ယခု ဥရုဝေလတောင်၌ တွေ့မြင်နေရသည့် ကျောက်ဆောင်များ၊ ကျောက်တုံးကြီးများ၊ ကျောက်တုံးအပိုင်းအစများကို သေသေချာချာ ကြည့်ရှုပါက အလွန်ပြင်းထန်သော အပူချိန်ဖြင့် လောင်ကျွမ်းထားကြောင်း သိသာနိုင်ပါသည်။ ကျောက်ဆောင်များ၊ ကျောက်တုံးကြီးများ၊ ကျောက်ချပ်အပိုင်းအစအနများတို့၌ အလွန်ပြင်းထန်သော မီးအပူချိန်၏ ထင်ဟပ်မှုတို့ကြောင့် မီးမြိုက်ထားသကဲ့သို့ အနက်ရောင်သန်းနေသည့် အကွက်များက သက်သေ ခံနေပါသည်။

ထိုကြောင့် ဥရုဝေလတောင်သည် ပိဋကတ်တော်တို့၌ ဖော်ပြပါရှိသည့်အတိုင်း မြတ်စွာဘုရားအလောင်းတော် တောထွက်လာစဉ်က တကယ်ပင် သစ်ပင်၊ ပန်းမာလ်တို့ဖြင့် စိမ်းစိုလန်းဆန်းနေသည့် သာမောဖွယ်ရာ တောဝနာတစ်ခု အမှန်ပင် ဖြစ်ခဲ့သည်ဟု ယူဆရသည်။

ဆက်လက်၍ ဥရုဝေလတောင်နှင့် ပတ်သတ်ပြီး ဥပမာတစ်ခု တင်ပြလိုပါသေးသည်။ ဗုဒ္ဓဂယာ ရာသီဥတုသည် မြန်မာနိုင်ငံ အလယ်ပိုင်း အညာဒေသ ရာသီဥတုနှင့် ထပ်တူထပ်မျှနီးပါး တူနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာတွင် နွေရာသီ၌ အပူချိန် ၂၈–စင်တီဂရိတ်ဒီဂရီမှ ၄၇– စင်တီဂရိတ် ဒီဂရီအထိ ပူတတ်သည်။ ဆောင်းရာသီ၌ စင်တီဂရိတ်ဒီဂရီမှ ၄–စင်တီဂရိတ် ဒီဂရီအထိ အေးတတ်သည်။ မိုးရာသီတွင်မူ မိုးအရွာနည်းသည်။ သဘာဝ ပေါက်ရောက်ကြသော သစ်ပင်တို့မှာ တမာပင်၊ မဲဇလီပင် တို့အပေါက်များ သည်။ ထိုအရာအားလုံးတို့သည် အညာဒေသနှင့် ထပ်တူနီးပါမျှ တူနေသည် ကိုတွေ့ရသည်။

တစ်ဖန် ဗုဒ္ဓဂယာရှိ နေရဉ္ဇရာမြစ်သည် မိုးတွင်းကာလ၌ ရေရှိသော်လည်း ဆောင်းရာသီနှင့်နွေရာသီတို့တွင်မူ ရေမရှိဘဲ ခမ်းခြောက်နေတတ်သည်။ ထို့အတူပင် အညာဒေသရှိ ဒေါင်းသေချောင်းသည်လည်း နေရဉ္ဇရာမြစ်နှင့် ထပ်တူထပ်မျှနီးပါး တူနေပြန်သည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ "ပုပ္ပါးတောင်"သည် ထူးဆန်းသော တောင်တစ်တောင်ဖြစ်သည်။ ထိုတောင်သည် အပူပိုင်းဒေသ၌ တည်ရှိလျက်ရှိသော်လည်း တစ်တောင်လုံး သစ်ပင်ကြီးငယ်တို့ဖြင့် စိမ်းစိုဝေဆာလျက်ရှိသည်။ ထိုတောင်၌ ရသေ့၊ ရဟန်း ယောဂီ သူတော်သူမြတ်တို့ ချည်းကပ်၍ အကျင့်တရား ကျင့်ကြံနေကြရာ နေရာတစ်ခုလည်း ဖြစ်သည်။

ဗုဒ္ဓဂယာရှိ ဥရုဝေလတောင်သည် မြတ်စွာဘုရားအလောင်းတော် တောထွက်လာစဉ်က သစ်ပင်၊ ပန်းမာလ်တို့ဖြင့် စိမ်းစိုဝေဆာနေပြီး သူတော်ကောင်းတရားကို အားထုတ်ရန် သင့်တော်သော နေရာတစ်ခုအဖြစ်သည့်အတွက် ၆–နှစ်ကြာအောင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့ခြင်းဖြစ်ကြောင်း မြတ်စွာဘုရား၏ စကားတော်အရ သိရှိရသည်။

မြတ်စွာဘုရားအလောင်းတော် တောထွက်လာစဉ်က ဗုဒ္ဓဂယာရှိ ဥရုဝေလတောင်သည် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ "ပုပ္ပါးတောင်"ကဲ့သို့ သစ်ပင်



ကြီးငယ်တို့ဖြင့် စိမ်းစိုဝေဆာနေသော တောဝနာတစ်ခု ဖြစ်ခဲ့သည်ဟုဆိုလျှင် အဘယ်သူသည် ငြင်းဆိုဝံ့ပါမည်နည်း။

## ဒုက္ကရစရိယာကျင့်ရာ လိုဏ်ဂူ

ဥရုဝေလတောင်သည် မြောက်ဘက်နှင့် တောင်ဘက်သို့ ခြောက်ကီလိုမီတာခန့် ရှည်လျားသည့် တောင်ထွက်ကွင်းဆက်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တောင်ပေါ်သို့ ပေ ၁၀၀၀–ခန့် တက်သွားပါက တောင်ခါးပန်းတွင် မြတ်စွာဘုရား အလောင်းတော် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခဲ့သည်ဆိုသည့် လိုဏ်ဂူကိုတွေ့ရသည်။ လိုဏ်ဂူသည် အလျား ၁၀–ပေခန့်၊ အနံ ၆–ပေခန့် ကျယ်ဝန်းပြီး အထဲတွင် ဒုက္ကရစရိယာကျင့်နေပုံ ဗုဒ္ဓဆင်းတုတော် တစ်ဆူရှိသည်။ လိုဏ်ဂူ ရှေ့မျက်နှာစာက ဒေသဝန်းကျင်တစ်ခွင်ကို လှမ်းကြည့်ပါက လှပခမ်းနားသည့် ရှုမျှော်ခင်းကို တွေ့မြင်ကြရမည်ဖြစ်သည်။

## ဂယာသီသတောင်

ဂယာသီသတောင်သည် ဂယာမြို့အဝင်ဝနားတွင် တည်ရှိသော တောင်ဖြစ်သည်။ ထိုတောင်ကို အဝေးမှလှမ်းကြည့်ပါက ဆင်၏ဦးခေါင်းနှင့် တူနေပါသည်။ ထို့ကြောင့် ဂယာသီသတောင် ( ဆင်၏ဦးခေါင်းနှင့် တူသော တောင်) ဟု ခေါ်တွင်သည်။ ဤဂယာသီသတောင်ကိုပင် အစွဲပြု၍ ဤမြို့ကိုလည်း ဂယာမြို့ဟု ခေါ်တွင်လာခြင်း ဖြစ်ဟန်တူသည်။

ယနေ့ခေတ် ဂယာသီသတောင်၏ တောင်ထိပ်တွင် ဆက်သွယ်ရေး မိုက်ကရိုဝေ့ဗ်စင်ကြီးကို တပ်ဆင်ထားပြီး အဝေးမှပင် အထင်အရှား တွေ့မြင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဂယာသီသတောင်သို့ မြတ်စွာဘုရားသည် ရဟန်းဖြစ်ခါစ ကဿပညီနောင် ရှင်တစ်ထောင်တို့နှင့်အတူ ကြွရောက်၍ သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ထို ကဿပညီနောင် ရှင်တစ်ထောင်တို့အားလည်း "အာဒိတ္တ ပရိယာယသုတ္တန်" ကို ဤဂယာသီသတောင်၌ပင် ဟောကြား တော်မူလေရာ ရဟန်းတစ်ထောင်လုံး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားခဲ့ ကြသည့် နေရာဖြစ်သည်။

ထို့အပြင် ဤဂယာသီသတောင်၌ ရှင်ဒေဝဒတ်အား အဇာတသတ် မင်းက ကျောင်းဆောက်လှူဒါန်းခဲ့သည့် နေရာလည်းဖြစ်သည်။

ရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲပြီး ရဟန်းပြုခါစ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့ကို ခေါ်ဆောင်ကာ ဤဂယာသီသတောင်၌ နေထိုင်တော်မူခဲ့ သည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ရဟန်းပြုခါစ ဝဇ္ဇီတိုင်းသား ထိုရဟန်းငါးရာတို့အား လာရောက်ခေါ်ဆောင်ကြစဉ် ရှင်ဒေဝဒတ်သည် ထို ရဟန်းငါးရာတို့အား ဤဂယာသီသတောင်၌ပင် တရားဟောနေသည့် အချိန် ဖြစ်သည်။

ဤတောင်သည် ဗုဒ္ဓနှင့် ပတ်သတ်ခဲ့သည့် သမိုင်းဝင်နေရာ တစ်ခုဖြစ် ပါသည်။ သို့သော် မြန်မာဘုရားဖူး ပရိတ်သတ်များ သွားရောက်ဖူး မျှော်ကြ သည်ကို မတွေ့ရပေ။ ဒေသပြင် ဗုဒ္ဓဘာသာနိုင်ငံများက ဘုရားဖူး အဖွဲ့များသွား ရောက်ကြသည် တွေ့မြင်ရပါသည်။

အရှင်ဝံသပါလ

၁၀၊ ၈၊ ၂၀၁၁ ။



## ကျမ်းကိုးစာရင်း


၁။ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ၊ စတုတ္ထတွဲ) ---မင်းကွန်းတိပိဋကဆရာတော်

၂။ ဇိနတ္ထပကာသနီကျမ်း-------------ကျိုးသဲလေးထပ်ဆရာတော်

၃။ ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီး----ကျိုးသဲလေးထပ်ဆရာတော်

၄။ ဗုဒ္ဓလောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်--- ဦးရွှေအောင်

၅။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်------ ဦးရွှေအောင်

၆။ မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ--- မောင်အုံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)

၇။ သင်္ဂြိုဟ်ဘာသာဋီကာ--------------အရှင်ဇနကာဘိဝံသ

၈။ ဗုဒ္ဓဝင်အမေးအဖြေ---------------အရှင်ဇနကာဘိဝံသ

၉။ ဗုဒ္ဓဂယာခရီးသွားမှတ်တမ်း အမိဋ္ဌာန်ကျင့်စဉ်--- သတ္တမမြောက်အောင်ကျော်စံထားဆရာတော်

၁၀။ မဟာဗောဓိပုပ္ဖတ္တိကထာကျမ်း---------မိဂဒါဝုန် အရှင်ကိတ္တိမာ

၁၁။ ဥတ္တမပုရိသဒီပနီ--------------- လယ်တီဆရာတော်

၁၂။ ဖူးမျှော်စုံလင် မဇ္ဈိမတစ်ခွင်---------မဇ္ဈိမဂုဏ်ရည်ဘုရားဖူးအဖွဲ့

၁၃။ မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ----အရှင်ကေလာသ (မြန်မာပြန်)

၁၄။ မဟာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့သွားရာလမ်း--- ဓမ္မဘောရီဆရာတော်

၁၅။ အယူသီးမှု နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့်---ခင်မောင်သန်း (စိတ်ပညာ)


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ၊ ဒုတိယတွဲ)---အရှင်သံဝရာဘိဝံသ

၁၇။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်---
သာသနာတော်ထွန်းကားပြန့်ပွါးရေးဦးစီးဌာန

၁၈။ ၃၇-မင်းနှင့် တိုင်းရင်းသားရိုးရာနတ်များ---စည်သူမြိုင် (သုတေသန)

၁၉။ မဟာဗောဓိမွေ့ရိပ်သာဓမ္မရသ မဂ္ဂဇင်း (အမှတ်-၂၊-၃)

BURMESE CLASSIC .com



# အရှင်ဝံသပါလ

၏

စာပေအမှတ် (၃)

# တရားဦးဒေသနာ

နှင့်

# မိဝဒါဝုန် သမိုင်းရှုပ်ကြွင်းများ

မကြာမီထွက်ပေါ်လာမည်

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်

- မြတ်စွာဘုရားပွင့်တော်မမူမီက လူသားတို့ ကိုးကွယ်မှုအဆင့်ဆင့် ပြောင်းလဲလာခဲ့ပုံများကိုလည်းကောင်း။

- ဗုဒ္ဓကောလဟာလဖြစ်ပေါ်လာခဲ့ပုံများ၊ ထိုဗုဒ္ဓကောလဟာလနောက်ပိုင်း ဂိုဏ်းအမျိုးမျိုး၊ ဝါဒအဖုံဖုံတို့ပေါ်ပေါက်လာပြီး၊ ဘဝလွတ်မြောက်မှုအတွက် ရှာမှီကြသူများ၊ တိတ္ထိဆရာကြီးများနှင့် သူတို့၏ဝါဒလမ်းစဉ်များကိုလည်းကောင်း။

- သိဒ္ဓတ္ထမင်းသားကို ဖွားမြင်လာပုံ၊ တောထွက်တော်မူလာပုံ၊ ဆရာပေါင်းစုံ ထံမှာနည်းခံခဲ့ပုံနှင့် ဥရုဝေလတောမှာ ဒုက္ကရစရိယာ ကျင့်ခဲ့ပုံတို့ကို လည်းကောင်း။

- မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိမဏ္ဍိုင်မှာ ဘုရားအဖြစ်သို့ရောက်ရှိတော်မူပုံနှင့် ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟ စံနေတော်မူပုံတို့ကိုလည်းကောင်း။

- ဗုဒ္ဓဂယာနှင့် ဂယာဝန်းကျင်ရှိ ဗုဒ္ဓနေရာတော်သမိုင်းရုပ်ကြွင်းများကို လည်းကောင်း။

- ပိဋကတ်တော်အမြင် သမိုင်းသုတေသီတို့အမြင်တို့ဖြင့် ဝေဝေဆာဆာ၊ ခရေစေ့တွင်းကျ ရေးပြထားသဖြင့် မဖြစ်မနေ ဖတ်သင့်၊ ဆောင်ထားသင့် သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

www.burmeseclassic.com